


www.burmeseclassic.com
ရင်မြွတ်နိုး
ချစ်သူလေးရဲ့နန်းတော်
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအားဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
★ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
★ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ရှင်မြတ်နိုး

## ချစ်သူလေးရဲ့နန်းတော်

www.burmeseclassic.com

www.burmeseclassic.com


စာမူခွင့်ပြုချက်အမှတ် - ၅၀၀၇၅၁၀၇၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၉၄၁၀၈၁၁

အဖုံးဒီဇိုင်း - L လင်း

ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြ-၀၃၇၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဆက်
၆၇၊ စကားဝါလမ်း
အုတ်ကျင်းမြို့နယ်၊ ရန်ကုန်။

အတွင်းဖလင် - ဦးထွန်းဆိုင်

စာအုပ်ချုပ် - ကိုသန်းဌွေး

ပုံနှိပ်ခြင်း - ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ။
ပထမအကြိမ်။

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀ ကျပ်

၈၉၅ - ၈၃

ရှင်မြတ်နိုး
ချစ်သူလေးရဲ့နန်းတော်/ ရှင်မြတ်နိုး ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၁
၂၈၈ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) ချစ်သူလေးရဲ့နန်းတော်


## အခန်း (၁)

"ဟာ...မကြည့်ချင်ပါဘူး စိန်စိန်ရာ"

"အေး...သူ့ဟာမကြည့်ချင်ရင် ငါ့ဟာကြည့်"

"အငွေ့ဟာလည်း မကြည့်ချင်ဘူး"

"ဟဲ့...ညည်းဟာက ဘယ်လိုတုံး၊ ဟိုဟာမကြည့်ချင် ဒီဟာမမြင်ချင်နဲ့"

"စိန်စိန်နော်...လူကိုလာမအော်နဲ့၊ သူ့ဟာမကြည့်တာနဲ့ ပဲ"

"အောင်မာ...ကြည့်စမ်း အငွေ ငါ့ကိုများ ဒင်းက မျက်စောင်းတောင်ချိတ်လိုက်သေးတာ၊ ငါ ထုထည့်လိုက်မယ်နော်"

ပြောရင်း ခေါင်းပေါ် လက်ကြီးကတဝဲဝဲမို့ မြားကစိန်စိန်

www.burmeseclassic.com



နှင့်ဝေးရာ မွေ့ယာတစ်ဖက်စွန်းဆီ ပစ်လှချသည်။ ခိုန်စိန်ကပါ ဒေါ်နှင့်မောနှင့် မွေ့ယာအစွန်းဆီဝင်ထိုင်တော့…

"ကဲပါ စိန်စိန်ရယ်၊ နှင်ဟာလေ အဲဒီဒေါ်သကို အမြဲ ရှေ့တန်းတင်လွန်းလို့ အများတွေမှုးပေါင်းနည်းတာမဟုတ်ဘူး၊ ဒါကို နောင်တကမရချင်သေးဘူး"

အငွေက တဗျစ်တောက်တောက်ပြောရင်း မြားနဲ့စိန်စိန့် ကြားက ကွက်လပ်လေးကိုပဲ ရအောင်ဝင်ထိုင်ချသည်။ ထိုင်ချင် လွန်းလို့တော့မဟုတ်။ တော်ကြာ ဒေါ်သကုမ္ဘာရရဲ့လက်ချက်မှာ မြား အထိနာနေမှာစိုး၍ဖြစ်သည်။ မြားဟာ နေမလောင် မိုးမခ ခံခဲ့ရသည့် သူမတို့ရဲ့ တစ်ဦးတည်းသောတူမလေး။ နို့နှစ်ရောင် ပေါက်နေသော အသားအရေမှာ မျက်နှာဟာ ဘဲဥပုံလေးလို သွယ်သွယ်လေး။ မျက်လုံးက ပြူးပြူးမှာ နှာတံလေးက စင်းနေ အောင်ချွန်သည်။ နှုတ်ခမ်းပါးနားတွေဟာ ဘာအပူပင်သောကမှ မထင်ခဲ့ရ၍ သဘာဝအတိုင်း သွေးရောင်လွှမ်းသည်။ ပခုံးကျော်ရုံ ဆံပင်လေးအား လှိုင်းတွန့်ပုံဖော်ပြီး ရွှေရောင်ဆိုးထားတာမို့ သူမတို့ ရဲ့မြားကို ဒီအတိုင်း ငြိမ်ငြိမ်တောင့်တောင့်လေးရပ်ခိုင်းထားကြည့် လျှင် ဘိုမရုပ်လေးနှင့် မှားမှာမလွဲ။ ကိုယ်လုံးက သွယ်ပေမယ့် ပြည့်တာမို့ မိန်းမတို့ရှိအပ်သော ကောက်ကြောင်းက မိသည်။





ဒီလိုအလှတရားတွေ စုဝေးနေသည့် သူမတို့မြားဟာ မျိုးရိုးစဉ်ဆက် ပိုင်ဆိုင်သော အမွေတွေရဲ့ တစ်ဦးတည်းသော ဆက်ခံသူဖြစ်လေ ရာ…

"မြား…ဒီမှာကြည့်စမ်း အငွေ့ကို"

လေချိုသွေး၍ သူမကခေါ်တော့ မြားက မျက်ဝန်းစုံမှိတ် ထားရင်းကနေ

"အငွေ့ကိုပဲကြည့်မှာနော်…အငွေပြတဲ့ဟာကြီးတော့ မကြည့်ချင်ဘူး၊ ရွံစရာကြီး"

"ဟဲ့…ဟဲ့ ဘာကိုပြောတာလဲမြားရယ်၊ လူကြား မကောင်း သူကြားမကောင်း"

BURMESE CLASSIC .com

အငွေက အလန့်တကြားထအော်သည်။ စိန်စိန့်ထံမှ အောင်နိုင်သောရယ်သံကြီးက အဟီးခနဲ ထွက်လာ၏။ မြားကတော့ တင်းထားသောရုပ်လည်း တစ်ပတ်မညို။ စိတ်လည်းမလျှော့ဘဲ

"အငွေပြတဲ့ပုံကိုပြောတာ"

"ဟဲ့…အဲဒီလိုရှင်းရှင်းလင်းလင်းပြောပါလား၊ ရွံစရာကြီး ကပါသေး"

"ရွံစရာပေါ့၊ ကြည့်ပါဦး မုတ်ဆိတ်ပါးသိုင်းမွေးတွေနဲ့ ကဒါဖီနဲ့တူတယ်၊ မကြိုက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကဒါဗီ...ဟဲ့ အဲဒါဘယ်သူလဲ၊ ငါကြားတော့ကြားဖူးပါတယ်"

အရေးထဲ စိန်စိန်က ထဖောက်ပြန်သည်။ အဒေါ်အပျိုကြီးနှစ်ယောက်ကို မြားက စိတ်ပေါက်ပေါက်နှင့် မျက်စောင်းပိတ်ထိုးရင်း ဝက်ဝံရုပ်ကြီး ရင်ခွင်ထဲမွေ့ကာ ကိုယ်ကို တစောင်းလှည့်လဲ့သည်။ ပြီးမှ...

"ကဒါဗီလေ...လစ်ဗျားကိုအုပ်ချုပ်တဲ့သူ"

"ဩော်...သိပြီ...သိပြီ၊ ဟို တိုက်ပွဲဖြစ်နေတဲ့နိုင်ငံမဟုတ်လား"

အငွေကထပြောပြီးမှ သူ့လက်ထဲကိုင်ထားတဲ့ မာတ်ပုံကိုကြည့်ကာ...

"ဩော်...ဒါဆို ကဒါဗီက ဘယ်ဆိုးလို့တုံးဟဲ့၊ ခန့်ချောကြီးပဲ"

တဲ့။ မြားက ရင်ဘတ်ဖိပြီး ဝေါ့အံ့နဲ့လုပ်ပြမှ အငွေနှုတ်ဆိတ်သွားတာ။ အငွေပြီးတော့ တစ်စခန်းထလာသူက စိန်စိန်။

"ဒါဆို မြား ဒီမှာကြည့်စမ်း စိန်စိန့်လူကရော"

အတင်းကြီး မျက်နှာရှေ့ရောက်လာ၍ မျက်လုံးဖွင့်ကြည့်လိုက်ရသည်။ မြင်ရသောပုံကြောင့် မြားတို့ ခုနစ်ရက်ထမင်းမစား





နိုင်မှာ ကျိန်းသေသည်။ ဒါကိုပဲ စိန်စိန်က မျှော်လင့်တကြီးနဲ့...

"ဘယ့်နှယ်လဲဟင် မြား၊ သူက မြန်မာဆန်ဆန်လေးပါဟဲ့၊ အညာဆီအညာသွေးအပြည့်ပါတယ်၊ အသားလေးနည်းနည်းမည်းပြီး ရုပ်ကလေး သိပ်မချောတာကလွဲရင်"

"သွားပြီပေါ့ စိန်စိန်ရယ်၊ အဲဒါတွေ တစ်ခုမှမကောင်းတာ ဘယ်နေရာသွားသုံးရတော့မလဲ၊ စိန်စိန်လူက ဘီသိက်ဆရာလိုလို၊ ဗေဒင်ဆရာလိုလိုနဲ့ တိုက်ပုံကဝတ်ထားသေး၊ ဒီကြားထဲ ရွှေဆွဲကြိုးကြီးက ဝင်းဝင်းပြောင်ပြောင်နဲ့ လွယ်အိတ်စုတ်က လွယ်ထားတော့"

"ဟဲ့...အဲဒါအထင်မသေးနဲ့နော်၊ အနေစုတ်ပေမဲ့ ရွှေထုပ်တဲ့မြပဝါဟဲ့၊ အဲဒီလွယ်အိတ်ထဲမှာ အနည်းဆုံး သိန်းလေးငါးဆယ်ထည့်ထားတာမျိုး"

"အို...ဒီလိုပြောကြေးဆိုရင် ဒီမှာ အငွေ့ရှာလာတဲ့လူကလည်း အတာချီကော့စ်ကိုင်ထားတာနော်၊ အထဲမှာ FEC တို့၊ ဒေါ်လာတို့ချည်းပဲ၊ သူ့လုပ်ငန်းလည်းကြည့်ဦးလေ မြားရဲ့၊ သူက ခရီးသွားအေဂျင်စီထောင်ထားတာ"

တစ်ယောက်နဲ့တစ်ယောက် အနိုင်မခံဘဲ ကြွားနေပုံက ကိုယ်ပိုင်ပစ္စည်းတွေလိုလိုနဲ့ မြားမှာ နားတွေဆူ၊ ဦးနှောက်တွေပူ



www.burmeseclassic.com

www.burmeseclassic.com



လာရကာ ထိုင်ရာမှထထိုင်လိုက်ရင်း…

“ကဲ…စိန်စိန်နဲ့အငွေ”

“အေး…ပြောလေ၊ ဘယ်နေ့ချိန်းပေးရမလဲ”

“မြား…အကဲခတ်ချင်တဲ့နေ့ သူကအဆင်သင့်ပဲ”

ရောဂါမသေးလှသော အဒေါ်နှစ်ယောက်အား မြားမှာ စိတ်ပျက်စွာ စိုက်ကြည့်ရင်း…

“ကျစ်…ချိန်းဖို့ပြောတာမဟုတ်ဘူး၊ စိတ်မဝင်စားဘူးလို့ ပြောမှာ”

“ဟဲ့…ညည်း ဘယ်လိုဖြစ်နေတာလဲမြား၊ အဒေါ်တွေက ရှေ့ရေးနောက်ရေးတွေးပြီး စီမံတာကို”

“စိန်စိန်ကရော ဘာလို့ လူကို ယောကျ်ားပေးစားချင်နေတာလဲ”

“ဒါ…ပေးစားတာလား၊ သင့်တော်တာတွေ့ရင် စပ်ဟပ်ထားရမှာပေါ့”

“သြော်…အဲဒီလိုပဲ လုပ်လို့ရသလား၊ ဒီရုပ်နဲ့ဒီလူ သင့်တော်တယ်ဆိုပြီး တံဆိပ်ရိုက်ရအောင် မြားက ကုန်ပစ္စည်း မဟုတ်ဘူး”

“ကုန်ပစ္စည်းမှာတောင် ဈေးကောင်းရအောင် ငါတို့ကလုပ်





ပေးတာ”

“ကဲ…ကဲ တော်ကြပါတော့၊ တော်ပါတော့ဟဲ့”

ဒီလိုပါပဲ။ စိန်စိန်က ဒေါသရှေ့ဆောင်ရင် ပြုံးပြုံးပြဲပြဲ။ တူမက တစ်ခွန်းမခံ ပြုံးတူးပြဲတဲနှင့်။ ကြားထဲမှ သူမကသာ နောက်ဆုံးတော့ ဖျန်ဖြေရေးသမားလုပ်ရကာ ရန်ပွဲကို အဆုံးသတ်ရစမြဲ။

“မြားရယ်…အဒေါ်တွေက ကောင်းစေချင်လို့စီမံပေး တာ အခု စိန်စိန်နဲ့အငွေတို့ ပြတဲ့လူတွေဆို ဆွေစဉ်မျိုးဆက် ချမ်းသာတဲ့သူတွေ၊ လုပ်ငန်းကြီးတွေကို အုပ်ချုပ်စီမံနိုင်တဲ့သူတွေချည်းပဲ”

“ဟွန်း…အငွေတို့ကျတော့ ယောကျ်ားမယူဘဲ မြားကြမှ”

“အယ်…ဒါက မြားဟာ အငွေတို့ရဲ့ တစ်ဦးတည်းသော မျိုးဆက်လေ၊ မြားမှ အိမ်ထောင်မပြုရင် အငွေတို့မျိုးဆက်လည်း ပြတ်သွားတော့မှာပေါ့”

“သြော်…ဒါဖြင့် မြားက မျိုးဆက်ပြန့်ပွားရေးကြီးပေါ့”

“အေး…ဟုတ်တယ်”

ယောင်ပြီး ခေါင်းညိတ်ပြီးမှ အငွေ မှားမှန်းသိသည်။ မြားကတော့ မွေ့ယာပေါ်က ဝုန်းခနဲကျုံးထသည်။ ရင်ခွင်၌ပွေ့ထား



www.burmeseclassic.com

www.burmeseclassic.com



သော မွေးပွဲဝက်ဝံရုပ်ကြီးအား ပစ်တင်ရင်းက...

"တော်ပြီ...ဘာမျိုးဆက်မှလည်း မပြန့်ပွားပေးနိုင်ဘူး၊ အငွေတို့ပေးစားတဲ့လူတွေလည်း မယူနိုင်ဘူး၊ မြားကာ ဒီခေတ်ထဲမှာ စီးမျောတဲ့သူ၊ ခေတ်အသွင်နဲ့ အလန်းစားဒီဇိုင်းမှ သဘောကျတာ၊ ဒီလိုပုံတုံးကြီးကို ရင်ဘတ်ထဲမငြိဘူး"

အပြတ်အသတ်ပြောပြီး ရေချိုးခန်းဆီ ထွက်သွားတဲ့ တူမချောကိုကြည့်ရင်း စိန်စိန်က မဲ့ကာရွဲ့ကာနှင့်...

"ဟွန်း...သူကငြင်းသွားတယ်၊ ဖေဒင်ဆရာက သေချာပြောလိုက်တာ အငွေရဲ့၊ သူနဲ့မြားက ဓာတာရော နေ့နံရော အကုန်ကိုက်တာတဲ့"

"အမယ်...ငါလည်းဒီအတိုင်းပဲပေါ့၊ ဒီလူက စီးပွားရေးနယ်ပယ်မှာ အောင်မြင်ရုံမကဘူး သူ့ဝါသနာက ဓာတ်ပုံရိုက်တာဆိုတော့ ငါတို့ဓာတ်ပုံရိုက်ချင်ရင် သူ့ကို ပို့(စ်)ကောင်းကောင်းပေးပြီး ရိုက်ခိုင်းရုံ"

"အငွေ"

"ဟေ"

စကားမဆုံးခင် စိန်စိန်က ဖြတ်အော်၍ထူးရင်းမှ သတိရသွားသည်။ ဒါပေမဲ့ မရတော့။ စိန်စိန်ရဲ့ သူခိုးဖမ်းမျက်ဝန်းထဲ





သူမကလည်စင်းပေးရင်း...

"နင်က ဒီလူကို ဓာတ်ပုံရိုက်တာ ဝါသနာပါတယ်ဆိုတာနဲ့ပဲ မြားနဲ့ပစ်ခတ်ပြီး သဘောတူတာပေါ့ ဟုတ်လားအငွေ၊ နင့်မှာ ဒီရောဂါက မပျောက်သေးဘူးလားဟင်"

"မပျောက်သေးဘူးဟေ့၊ နင်ရောဘာထူးလို့လဲ၊ ဗေဒင်ရူးရောဂါက ကျွမ်းနေပြီမဟုတ်လား"

"ဟဲ့...ဒါကတော့"

"ဘာလဲ...ကယ်တင်ရှင်နဲ့ ထပ်တွေ့ချင်လို့"

"အငွေ...နင် တော်နော်၊ နင်ကရော ဓာတ်ပုံဆရာဆိုတာနဲ့ ဖျတ်ဖျတ်လူးနေတာများ"

"စိန်စိန်...နင် တော်နော်"

အငွေက ငိုသံကြီးနဲ့အော်သည်။

"အေး...ငါ တော်ရင် နင်လည်းရပ်"

စိန်စိန်ကပြောပြီး ဒမ္ဗယာစပ်မှ ထသွားကာ အခန်းထဲမှ ထွက်သွားပြီ။ ဒီရတနာစံအိမ်ကြီးမှာ အတိတ်ကို တစ်ခါသုံးစက္ကူလို လုံးခြေထားပစ်ချင်သည့်အခါ ဒေါ်စိန်ထုပ်နှင့် ဒေါ်ငွေထုပ်တို့၏ ဘူမချော ပတ္တမြားဓာတ် ရှေ့အနာဂတ်ရေးက မတွေးဝံ့စရာ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"တီ…တီ…တီ…တီ"

"ဟဲ့…ဟဲ့ ဘယ်လိုဖြစ်နေတာလဲ၊ ဒါ"

ကားမောင်းသူနေရာ၌ ထိုင်နေသော စိန်စိန်က နောက်ခန်းကနေ သူမတို့နှစ်ယောက်အကြား ထွက်လာတဲ့လက်ခုံဖြူဖြူကို ဖျတ်ခနဲရိုက်ရင်း အော်သည်။ ဒါလည်း နောက်ခန်းကနေ ကိုယ်ကြီးကိုင်းပြီး ဟွန်းတီးနေသောမြားဟာ နောက်တစ်ချက်မတွန့်သွားဘဲ

"ပိတ်နေတာတွေ ဖယ်အောင်ပေါ့"

"ဟယ်…ဒီကလေးမ စွတ်ပါလား၊ ဟိုမှာ အိမ်ပြောင်းနေတယ်လေ"

ကြားထဲက မနေနိုင်တော့ဘဲ အငွေကပါ ဝင်ပြောလည်း





မြားက ဟွန်းခလုတ်ကို အားရအောင်သံရှည်ဆွဲနှိပ်ပြီးမှ…

"ဒါဆို…သူအိမ်ပြောင်းပြီးတဲ့အထိ မြားက ထိုင်စောင့်နေရမလား၊ ပြော ဟိုမှာကြည့်ဦး ကားကြီးတွေက တကယ့်ဟဲဗီးကြီးတွေနဲ့ ဒီလောက်လမ်းကျဉ်းလေးထဲ တန်းစီပြီးဝင်လာမှတော့ သူများခြံရှေ့ပိတ်ပြီပေါ့"

မြားက ခြံနှစ်ခြံရှေ့ တံတိုင်းသဖွယ် ပိတ်ရပ်ထားသည့် ကွန်တိန်နာကားကြီးတွေကို လက်ညှိုးတထိုးထိုးနဲ့ အော်သည်။ ဟုတ်တော့လည်းဟုတ်သည်။ ဒါမျိုးကားတစ်စီး ရပ်ရင်ဘဲ ခြံပေါက်တစ်ပေါက် ပိတ်သွားတာမျိုး။ အခုကလေးစီးဆိုတော့ သူမတို့ရတနာစံအိမ်တင်မက ဟိုဘက်ခြံရဲ့ဝင်ပေါက်နားအထိ သွားပိတ်နေတာမျိုး။ စိန်စိန်က ကားတွေကို အကြည့်ဝေ့ရင်း ဝတ်စုံဆင်တူနှင့် ပစ္စည်းတွေသယ်ချနေသော အလုပ်သမားတွေကိုပါ မြင်ဖြစ်အောင်မြင်ကာ…

"သူတို့လည်း လူအင်အားသုံးပြီးလုပ်နေတာပဲ၊ ခဏစောင့်ပေါ့"

ကူရှင်မှာ ကျောမှီကပ်ရင်းက…

"လိုက်မဲမနေစမ်းနဲ့မြား၊ အဆိုတော်ကောင်လေးရဲ့ လက်မှတ်မရတာနဲ့ပဲ တွေ့ကရာကို ဒေါသကြီးမနေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မရတာ စိန်စိန်တို့ကြောင့်"

အိခနဲ ကူရှင်ပေါ်ပစ်ထိုင်ချပြီးပြောတော့ အဒေါ်တွေရဲ့ မျက်နှာနှစ်ခုက နောက်ခန်းဆီလှည့်လာတာ တစ်ပြိုင်တည်း။

"အလိုတော်"

မြားက လက်ပိုက်ကာကျောမှီရင်း…

"ဟုတ်တယ်လေ…မြား ကျောင်းဆင်းချိန်ဆို တစ်ခါတည်းတန်းသွားရင် မှီတာပဲ၊ အဲဒီရှော့ပင်း(န်)စင်တာနဲ့ မြားကျောင်းနဲ့ ဘာမှဝေးတာလည်းမဟုတ်၊ အခုတော့ အဒွေတို့နောက်ကျလို့"

"ဩော်…ငါတို့ကလည်း လမ်းပေါ်အလေလိုက်နေတာ မဟုတ်ဘူးလေ၊ အရေးကြီးတဲ့ ကမ်စတမ်မာလာမယ်ဆိုလို့ စောင့်ရသေးတာ၊ လာတော့လည်း သူကြိုက်တဲ့ဒီဇိုင်းအပ်မယ်ဆိုလို့ ရွေးရချယ်ရနဲ့ နောက်ကျသွားတာမျိုးလေ"

"အဲဒီလိုအလုပ်များမယ်ဆိုလည်း မြားကို ကားတစ်စီးဝယ်ပေးပါဆိုတော့ အဒွေတို့က"

"တိတ်စမ်း"

စိန်စိန်က ပိတ်အော်၍ တိတ်လိုက်ရပေမယ့် မကျေနပ်ခြင်းများက နှုတ်ခမ်းဖျားမှ ပွစိပွစိနဲ့ ရေရွတ်တုံး။ ဒါကို နောက်ကြည့်မှန်ကမြင်နေရတာ အားမရ၍ ဒေါ်စိန်ထုပ်က နောက်ခန်းကို ချာခနဲ လှည့်ထိုင်သည်။ ပြီးမှ အားပါးတရရှုပ်ကောက်ချိတ်နေသည့်





တူမချောအား စေ့စေ့ကြည့်ရင်း…

"ညည်းကို ကားတစ်စီးသာဝယ်ပေးလို့ကတော့ ဟွန်းစွန် လေထဲရောက်သွားမှ ရစ်ဘီးနဲ့ထိန်းလို့ရဦးမှာ၊ ညည်းကို ဒီလောက်အကြိုအပို့နဲ့ ကြပ်မတ်နေတာတောင်မှ ကော်ဖီဆိုင်ရောက်သွားရတာနဲ့"

"အသက်ဆယ့်ရှစ်နှစ် UFL ကျောင်းသူက ကော်ဖီဆိုင်ထိုင်တာ သေလောက်တဲ့အပြစ်ကြီးလား စိန်စိန်"

"ဟဲ့…ဒီကောင်မလေး"

အဒွေက ဝင်ဟန့်သည်။

"အေး…သေလောက်တဲ့အပြစ်ကြီးတော့ မဟုတ်ဘူး၊ အဲဒီနောက်ဆက်တွဲက ကမ္ဘာပျက်သွားနိုင်တယ်"

"စိန်စိန်ကျမှ အထူးအဆန်း၊ ကော်ဖီသောက်ရုံနဲ့ အဖျက်သမားဖြစ်သွားရမဲ့ပုံ"

"မြား"

ဒေါ်စိန်ထုပ်က ဒေါသနဲ့အော်သည်။ ထို့နောက် မြားကို စူးစူးရဲရဲကြည့်ကာ…

"တစ်ခွန်းမခံ ပြန်ပြောနေတယ်ဟုတ်လား၊ အခု ရထားပြီးသား အခွင့်အရေးပါ ပြန်သိမ်းမှာနော်၊ မယုံမရှိနဲ့၊ ဟွန်း အခန်းထဲ ထည့်ပိတ်ထားဖို့က ဒီအိမ်မှာ ငါ့သဘောတစ်ခုထဲ"



www.burmeseclassic.com

www.burmeseclassic.com



"သိပါတယ်၊ ကြွားမနေပါနဲ့၊ စိန်စိန့်အာဏာကြီးမှန်းတော်ပြီ ထစ်ခနဲရှိ ဒါနဲ့ပဲကိုင်ပေါက်ခံနေရတာ၊ အဲဒီလွှတ်လပ်ခွင့်တွေကို မမက်မောအောင်လေ့ကျင့်ထားမှ၊ နို့မို့ နိုင်ကွက်က ဒါပဲ"

မြားက စုပုပ်ဆောင့်အောင့်ပြီး ကားပေါ်ကဆင်းကာ တံခါးဆောင့်ပိတ်လိုက်တာများ တစ်နေရာတည်းကွက်ပြီး ငလျှင်လှုပ်သွားတဲ့အတိုင်း။ လက်ဆောင်ရလာတဲ့ ပိုစတာရယ်၊ အခွေရယ်ကို ရင်မှာပိုက်ပြီး ဘေးအိတ်ကို စလွယ်သိုင်းကာ ကွန်တိန်နာတွေများမှ ဖြတ်လျှောက်သည်။ ရင်ထဲတနုံ့နုံ့နဲ့ တိုးပွားလာသော ဒေါသတွေက တွေ့ရာလူအပေါ် ဖောက်ခွဲရန်အသင့်ရှိခဲ့ရာ…

"ဒီမှာ"

"ဗျာ"

သူမကိုကျောခိုင်းပြီး ပစ္စည်းတွေသယ်ရန် ညွှန်ကြားနေသူက မြားခေါ်သံရရချင်း ဖျတ်ခနဲ လှည့်ကြည့်တာ ပျာပျာသလဲ။ ဒေါသမီးကြောင့် စူးရဲနေသည့် မြားမျက်ဝန်းတွေနဲ့ အကြည့်ချင်းဆုံမှ ချက်ချင်းမျက်နှာက အပြုံးကျိုးသွားကာ…

"ကျွန်တော် ဘာကူညီပေးရမလဲခင်ဗျာ"

"ဒီကားတွေကို မိနစ်ပိုင်းအတွင်းရှင်းပေး"

"အာ…အဲဒါကလေ ညီမရဲ့၊ ဟိုးအရှေ့ကကားဆီက ပစ္စည်းတွေတောင်မကုန်သေး"





"အဲဒါဆိုလည်း ဘာလို့ကူညီပေးရမလဲဆိုပြီး လာမေးနေသေးလဲ၊ လျှာအရိုးမရှိတိုင်း ပြောနေတာ၊ ဟိုမှာတွေ့လား"

ကျန်ရစ်ခဲ့သောကားကို လက်ညှိုးထိုးပြရင်း…

"ရှင့်ကြောင့် လမ်းပိတ်ကုန်ပြီ၊ မြင်လား"

"သြော်…ဟုတ် မြင်ပါတယ်ခင်ဗျ"

"ဟွန်း…ယဉ်ကျေးမှုကိုမရှိတဲ့လူ၊ ကိုယ်အဆင်ပြေဖို့ဘဖို့တည်းကြည့်တဲ့လူ၊ အဲဒါကြောင့် ရပ်ကိုက ဘာနဲ့တူမှန်းမသိဘူး"

အရပ်ချင်း မညီ၍ ခြေဖျားထောက်ထောက်ပြီး ရန်တွေ့ရ အားမရ။ တွန်းချိုက်ပစ်တိုက်သွားပုံက သူ့ကို ယိုင်သွားစေသည်။ ဆို့နောက် ဆံပင်တွေ ဝဲခနဲခါပြီး မျက်စောင်းတောင် အဆစ်ထိုးသွားသေး။ သူက ဆံပင်တွေကို လက်နှစ်ဖက်နဲ့စုံဖွရင်း…

"မလွယ်ပါလား"

လို့ ငြီးငြူကာ ရပ်ထားဆဲ မာ့(ခ်)တူးငွေစိမ်းရောင်လေးဆီ လျှောက်လာတာ လမ်းပိတ်မိတဲ့အတွက် တောင်းပန်ရန်ပါ။ အခြေအနေ ပြောင်းဆန်မသွားအောင်တော့ သူ ဆုတောင်းရမှာသွားတာဝန်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

"နင်ကလည်း စိန်စိန်ရယ် စွတ်ရွတ်အော်တာများ"

"အေး…အော်ရတာ မရိုက်ရက်လို့ဟော့၊ ပြောသွားတ

များ ကြည့်ပါလား တစ်စက်ကလေးမှမခံဘူး၊ အကြောက်အလ

လည်းမရှိ၊ အုပ်ထိန်းတာ ဒီနှစ်ယောက်ပါဆိုမှ ဒီနှစ်ယောက်စလ

မကြောက်လို့ကတော့ ပြီးရောပဲ၊ နင်တောင် ကြိုးတုပ်ပြီး ဟိုကလ

ချင်တာလုပ်သွားမှာ"

"ဟဲ့…အဲဒါ ငယ်ငယ်ကတည်းက ပုံမသွင်းခဲ့လို့ပေ

အရိုးရင့်မှ ကြိုးစားလည်း အလကားပဲ"

"အဲဒါ…နင်မြှောက်စားခဲ့တာလေ အငွေရဲ့"

"ဩော်…နင်ရောမပါတာလား၊ မရိုက်ရက်ဘဲ လက်ဖြ





အရွယ်ရွယ်နဲ့ ဆူပြီးမိနစ်မဆိုင်းဘူး ပြန်ချော့ဖို့ခြေလှမ်းပြင်နေတာ
နင်"

"ဒါကတော့ သူ့ခမျာမိဘမဲ့လေ"

"အေး…ငါလည်းဒီလိုပေါ့"

တပြန်တလှန် အပြစ်တွေပြော၊ ပြန်ဖြေရှင်းနှင့် လုပ်နေရာမှ

"ဒေါက်…ဒေါက်"

ဘေးကားမှန်ကို ခေါက်တဲ့အသံကြားမှ ပတ်ဝန်းကျင်ကို

သတိထားမိတဲ့အပြင် ငွေထုပ်က သူမဘက်ကို မျက်နှာမူထားတာ

မို့

"ဟဲ့…အိမ်ပြောင်းနေတဲ့ကောင်လေးနဲ့တူတယ်၊ မှန်ချပေး

လိုက်"

ကားမှန်ကိုချရင်း ကိုယ်ကို ဒီဘက်လှည့်မှ မြားနှင့်ရွယ်တူ

ကောင်လေးကို ဒေါ်စိန်ထုပ်က မျက်ခုံးတွန့်ကာ အကဲခတ်သည်။

ဘားမောင်းတိုင်း တပ်လေ့ရှိသော မျက်မှန်အမည်းကြီးအား ချွတ်ရန်

ပြင်ပြီးမှ မချွတ်ဘဲ ဒီတိုင်းထားတော့ ကိုယ်က သူ့ကို ကောင်း

ကောင်းအကဲခတ်လို့ရတာပေါ့လို့ တစ်ခါတည်း တွေးမိ၏။

ကောင်လေးကတော့ တောင်းပန်ပြုံးနှင့် ကိုယ်ကိုကိုင်းရင်း…

"မမတို့က ဟိုဘက်ခြံကနဲ့တူတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး…ဟုတ်တယ်"

တိုပြတ်ပြတ်အဖြေကြောင့် ကောင်လေးက ရုတ်တရက် ဘာပြောရမှန်းမသိ။ အို့တို့အမ်းတန်းဖြစ်သွားကာ…

"တောင်းပန်ပါတယ်ခင်ဗျာ၊ ကျွန်တော့်ကြောင့် စိတ်အနှောင့်အယှက်ဖြစ်သွားရင်"

"မင်းကြောင့် မဖြစ်ပါဘူး၊ ပိတ်ရပ်ထားတဲ့ကားတွေကြောင့် ဖြစ်ရတာ"

"ဘယ်လိုကြီးလဲဟ၊ စကားပြောတာတောင် မပြေမပြစ်နဲ့" လို့ သူက စိတ်ထဲမှညည်းရင်း…

"ဟုတ်ပါတယ်ခင်ဗျာ၊ အဲဒီ့အတွက်ပဲ လာတောင်းပန်တာပါ၊ ကျွန်တော်တို့က ကြာဦးမှာဆိုတော့လေ မမတို့ဆင်းပြီး အိမ်ထဲဝင်နှင့်ပါလား၊ ကားတန်းပြီးမှပဲ မမတို့ကားကို ကျွန်တော် အိမ်တိုင်ရာရောက်"

"အို…မလိုပါဘူး"

အနီရဲရဲဝတ်စုံနှင့် တစ်ယောက်က ဝင်ပြောသည်။

"ရတယ်…မင်းတို့ကိစ္စ မင်းတို့လုပ်ပါ၊ ပြီးမှ တို့ကားကို ဒရိုင်ဘာနဲ့လာယူခိုင်းမယ်၊ စိန်စိန် မှန်တွေတင်ပြီး လော့(ခ်)ချထားနဲ့"

မိုး : မိုး : ၈၁၉၀



"OK"

အတိုင်အဖောက်ညီရာ၌ စကားတင်မက အကြည့်ပါ တစ်ထပ်တည်း။ သူ့ကိုများ ကြည့်သွားတာ သူနိုးကြမ်းပိုးလိုလို။ သူ မကျေမနပ်ဖြစ်တာတွေ၊ အောင့်သက်သက်ဖြစ်တာတွေကို အိုဗာ ဟောတီးတန်း မမတွေကတော့ ဂရုစိုက်ပုံမရ။ လက်ကိုင်အိတ်တွေ အသီးသီးချိတ်ပြီး ကားအောက်ဆင်းမှ အလှတရားတွေက ထင်သာမြင်သာ။ တစ်ယောက်က အပြာရင့်ရောင် ရင်ဖုံးနှင့် ထဘီကို အဖျားနားမှာ ပန်းပွင့်တွေထိုးကာ မျက်မှန်အမည်းတပ် ဆံထုံးနဲ့မို့ မြန်မာဆန်ဆန်။ နောက်တစ်ယောက်က အနီရဲရဲဆွဲသားစကဒ်နှင့် အနီရောင်ဘလောက်(စ်)အင်္ကျီကိုမှ ပခုံးကျော်ဆံပင်တွေက အခွေအလိပ်များစွာကို နားအပေါ်မှာ ကျောက်စီအနီရောင်ကလစ်နှင့် ထိုးညှပ်တင်ထားပုံက ဣန္ဒြေဆန်ဆန်နှင့်။ ခွာမြင့်ဖိနပ်သံတွေက စည်းချက်ညီညီ။

"သူကပဲ ငါတို့ကားသော့ပေးတဲ့"

"အေးလေ…မောင်းမပြေးဘူးပဲထား ကားထဲက တစ်ခုခု ဖြုတ်ခိုးရင် ဘာတတ်နိုင်မလဲ အငွေရဲ့"

"ဟုတ်ပ…ငါတို့ပစ္စည်းတွေ အသုံးအဆောင်တွေက ဘာတစ်ခုမှ အလကားရထားတာမရှိဘူးလေ"

မိုး : မိုး : ၈၁၆၀

www.burmeseclassic.com

www.burmeseclassic.com



"ကာယအားနဲ့ မပင်ပန်းတောင် ဉာဏအားတော့ ကုန်တာပဲဟဲ့၊ အပ်တိုတစ်ချောင်းတောင် အပျောက်မခံနိုင်ဘူး"

ညီအစ်မနှစ်ယောက်က စောစောကရှိခဲ့သော မပြေလည်မှုတွေ ပျောက်သွားကာ အခုတော့ မဟာမိတ်လို၊ တစ်အုပ်စုတည်း ဖြစ်သွား၏။ ကွန်တိန်နာကားကြီးတွေနား ဖြတ်လျှောက်သွားရင်း အငွေက အကြည့်တစ်ချက်ဝေ့ကာ…

"ဟဲ့…ပစ္စည်းတွေကတော့ မနည်းမနောပဲနော်"

"အင်း…ငါကြည့်သလောက် အိမ်ရာပြောင်းရွှေ့ရေး အကျိုးဆောင်တွေတောင် ငှားပြီးပြောင်းတာမျိုး၊ ပြီးတော့ ပစ္စည်းတွေကလည်း အားလုံးပက်ကင်ပဲ၊ မိသားစုများများနဲ့ ကိန်းခန်းကြီးမဲ့ဟာမျိုး"

"ငါတို့သတိထားရမှာက ဒီဖယ်မလီထဲမှာ မြားနဲ့ရွယ်တူကောင်လေးတွေမပါပါစေနဲ့ပဲ"

"အေး…ပါခဲ့ရင်လည်း သိပ်ဂရုစိုက်မပြနဲ့သိလား၊ မြားရဲ့ ဝင်ပေါက်ထွက်ပေါက်တွေသာ အကုန်ပိတ်ထားလိုက်၊ အဓိကက မြားကို ငါတို့မျက်ခြေမပြတ်ရင် ရပြီ"

"ဟူး…မြားတစ်ယောက်နဲ့တော့ တကယ့်ကို အသက်ဝဝမရှူရဲတဲ့အဖြစ်ပါလားနော်"





ဒေါ်ငွေထုပ်က ခေါင်းမော့ပြီး ပင့်သက်ရှိုက်ရင်း အော်သည်။ ထိုအချိန်မှာပင် အနားက အစ်မဖြစ်သူ ဒေါ်စိန်ထုပ်ထံမှ ဟားခနဲ အော်သံနှင့် ခြေလှမ်းပါတုန့်သွားတာ ခံစားမိတာကြောင့်

"ဘာဖြစ်တာလဲ စိန်စိန်"

မျက်မှန်ချွတ်ရင်း စိန်စိန်က ရှေ့တူရူဆီ မေးငေါ့ပြသည့် နေရာကို အငွေကကြည့်တော့…

"ဟင်"

မချိမဆန့် အာမေဋိတ်ထွက်သွားရသည်။ သူမတို့ရဲ့ ယုံကြည်စိတ်ချရသော ခြံစောင့်လုံးလုံးဟာ ပါးစပ်မှာ ငွေမှင်ရောင်တိပ်ကြီး အပိတ်ခံထားရကာ လက်ကောက်ဝတ်တွေကို ခြံတိုင်နဲ့ ပူးပြီး တိပ်နဲ့ချည်ထားသေးသည်။ စိန်စိန်တို့နှစ်ယောက်က အပြေးအလွှားခြေလှမ်းတွေနှင့် လုံးလုံးအနားရောက်သွားကာ…

"ဟဲ့…ဒါ ဘယ်လိုဖြစ်တာလဲ၊ ငါ့အိမ်ကို အနုကြမ်းဝင်စီးတာလား"

"ဩော်…အငွေရယ် မေးနေရသေးလား၊ ဆက်စမ်း အခု 119 ကို၊ ကုန်တော့မှာပေါ့ ငါ့ပစ္စည်းတွေ"

"အေး…အေး ငါခေါ်နေပါပြီ"

"အူး…ဝူး…ဝူး…အူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့…ဘာခေါင်းခါတာလဲ၊ နင်ပါကြိုက်ရပါလား၊ မိလုံး ပြောစမ်း"

လက်မြန်သော စိန်စိန်ကမေးရင်းနဲ့ ဖိုးခနဲဖတ်ခနဲ မိလုံးကို ပါ ရိုက်ပစ်တာ လက်မောင်းတွေ လက်ဖျံတွေဆီ။

"အူး…ဝူး"

"ဟဲ့…ဖြုတ်ခိုင်းနေတာစိန်စိန်ရဲ့"

"အေး…အေး ဟုတ်ပါရဲ့၊ ဒါတွေခွာပေးမှ ငါသိချင်တာ မေးလို့ရမှာ၊ ခွာလိုက် အငွေ"

ဒီတော့မှ အငွေက လုံးလုံးပါးစပ်မှာကပ်ထားသော တိပ် ကို ဗြိခနဲဆွဲခွာသည်။

"အား…အ နာလိုက်တာမမလေးရယ်"

"နာတာတွေဘာတွေ လုပ်မနေနဲ့၊ ပြောစမ်း ငါ့အိမ်ကို ဘယ်သူခိုးပြတိုက်သွားတာလဲ၊ မှန်မှန်ပြောနော် အလုံး"

"ပြော…ပြောပါ့မယ် မမကြီးရဲ့၊ ခိုးပြမဟုတ်ပါဘူး မြား…မြားပါ"

"ဘာ"

ရင်ဘတ်ဖိပြီး ဘာအော်တော့လည်း ပြိုင်တူ။ အလုံးက ခေါင်းကိုထပ်ခါထပ်ခါညိတ်ပြရင်း…





"မြားလေ…ဒီထဲတစ်ယောက်တည်းဝင်လာတော့ အလုံး က မေးမိပါတယ်၊ တစ်ယောက်တည်းလား၊ မမကြီးတို့သွားကြို တာ မတွေ့ဘူးလားဆိုတာကို အဲဒါ အလုံးကို စကားများတယ် ဆိုပြီးတော့ အခုလိုလုပ်သွား"

"အမယ်လေး…တော်သေးတာပေါ့၊ ငါ့အိမ် ခိုးပြဝင် တယ်ထင်တာ"

စိန်စိန်က ပင့်သက်မှုတ်ရင်း ပြောတော့ အငွေက သူမကို မျက်စောင်းရွယ်ကာ…

"နင်ကလည်းလေ ဒီလောက်လေးအလုပ်ခံရတာကို ငိုကြီးချက်မနဲ့၊ နင့်ယောကျ်ား အရက်မူးပြီး နင့်ကိုရိုက်တာလောက် မဆိုးဘူးမဟုတ်လား"

"အဲဒါတော့ဟုတ်တယ် မမလေးရဲ့၊ အရိုက်ခံရတုံးက အလုံးက ကိုယ်လုံးသေးသေးလေးမို့ပါ၊ အဟား ဒီကိုယ်လုံးလောက် ရှိလို့ကတော့ အဲဒီကောင်ကို တွန်းလှဲပြီး အပေါ်ကတက်ဖိတာနဲ့"

"ကဲ…တော်စမ်းပါ၊ နားညည်းတယ်၊ အငွေ့ လာ"

ညီမဖြစ်သူကို လက်ဆွဲပြီး ခေါ်သွားတဲ့ မမကြီးကို အလုံး က သတိလက်လွတ်ငေးနေပြီးမှ…

"မမကြီး…ဟာ ဒီမှာ လက်တွေကို ဖြည်ပေးသွားဦး



www.burmeseclassic.com

www.burmeseclassic.com



လေ၊ ဒီလိုကြီးမထားခဲ့နဲ့လေ မမလေး''

လှမ်းအော်လည်း အချည်းအနှီးပင်။ မမလေးတို့က ပေါ်တီကိုအောက်မှ လှမ်းအော်တာက…

''အိမ်ထဲရောက်မှ အေးမာကို လွှတ်လိုက်မယ်''

''အဲ…အေးမာကိုမလွှတ်နဲ့၊ လာလို့မရဘူး မမကြီးရဲ့''

ဧည့်ခန်းဆောင်တောင်မဝင်ရသေး အထဲကအော်တဲ့အသံကြောင့် ညီအစ်မနှစ်ယောက် ဒိုင်းခနဲ အကြည့်ချင်းဆုံသည်။ ထို့နောက် ခြေလှမ်းတွေကို ဧည့်ခန်းထဲ မောင်းသွင်းလိုက်တာ အပြေးအလွှား။ တွေ့ပါပြီ။ ဒါ သူမတို့ရဲ့အိမ်တော်ထိန်း အေးမာ။ ဧည့်ခန်းရဲ့ဘေးဘက်၌ အရောင်တူ၊ အရွယ်အစားတူ ထောင်ထားသော ရေမကြွေပြားကြီးဟာ လူတစ်ဖက်စာလောက်ရှိပြီး အမြင့်က လူတစ်ရပ်ကျော်သည်။ ဖြစ်ချင်တော့ အေးမာက ထိုပန်းအိုးကြီးနဲ့ ပူးတွဲပြီး ခါးလည်မှပလတ်စတစ်ကြိုးများနှင့် ချည်နှောင်ခံထားရခြင်းဖြစ်သည်။ ဒါကိုတွေ့သည်နှင့် အငွေ့မှာ သွေးပျက်ခမန်းကြောက်လန့်ချောက်ချားသွားရကာ…

''ဟဲ့…မလှုပ်နဲ့ မလှုပ်နဲ့ အေးမာ၊ အမလေး ကြံကြီးစည်ရာတွေ ကိုယ်ကျိုးတော့နည်းကုန်တော့မှာပဲ၊ အဲဒါ ငါ့ဈေးကြီးပေးဝယ်ထားတဲ့ ပန်းအိုးဟဲ့၊ တစ်လုံးသာကွဲလို့ကတော့





နောက်တစ်လုံးပါပစ်ရမဲ့ကိန်းဆိုက်မှာ''

''အေးမာသိပါတယ် မမလေးရဲ့၊ အဲဒါ မြား မြားလုပ်သွားတာ''

ငွေထုပ်က ဆွေ့ဆွေ့ခုန်ကာ ရင်ဘတ်စည်တီးဖြစ်နေသလောက် စိန်ထုပ်က ဓားတစ်ချောင်းရှာပြီး ကြိုးတွေကို ဖြတ်ပေးတာ မြန်မြန်ဆန်ဆန်။ မတော်တာဆ အိုးကြီးသာကွဲသွားလို့က သူ့ညီမလည်း မြန်မြန်ဆန်ဆန် နှလုံးကွဲ၍ သေသွားနိုင်သည်။ ဒီအိုးကြီးကို တွေ့စကတည်းက အရှုးအမူးလည်းလိုချင် ဈေးကကြီးလွန်း၍…

''အိမ်အလှဆင်တာဆိုပေမဲ့ ဒီလောက်ဈေးကြီးပေးဝယ်ရမှာ နှမြောစရာကြီး၊ ငွေအိပ်တယ် စိန်စိန်ရဲ့၊ ဒီလိုလုပ်မယ်ဟာ နင်တစ်အိုး၊ ငါတစ်အိုးဝယ်မယ်၊ ဘယ်လိုလဲ ဒီအိမ်မှာ နင်လည်းနေတာပဲလေ၊ ဒီအိမ်ရဲ့ ပြင်ဆင်စရိတ်တစ်ဝက်တော့ နင်လည်းခံသင့်တာပေါ့''

ဆိုပြီး ဆွယ်တရားဟောသလိုလို၊ ခြိမ်းခြောက်သလိုလိုနဲ့ ပန်းအိုးဝယ်ဖို့ပါတနာ ရှာခဲ့သေးတာ။ စိန်ထုပ်ကလည်း ခေသူမှမဟုတ်။ စီးပွားရေးလောကမှာ ရှစ်စပ်ကျင်ကျင်လည်ခဲ့သူမို့…

''တော်ပါ…စိတ်မဝင်စားဘူး၊ နင့်ဟာက ဝယ်ပြီးပြန်



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ရောင်းလို့လည်းမရ၊ နှစ်နဲ့ချီပြီးထားလည်း တန်ဖိုးတက်လာမှာမဟုတ်တော့ ငါစိတ်မဝင်စားဘူး''

လို့ ငြင်းတုန်းက မျက်စောင်းကြီးတစ္ဆယ်ရွယ်နဲ့…

''ဟွန်း…နေရာတကာ စီးပွားရေးတွက်တွက်လို့ နင်ယောက်ျားမရတာ''

''သြော်…ပြောရှာတယ်၊ နင်လည်း အရာရာမှာ ကပ်စီးကျလွန်းလို့ အပျိုကြီးဖြစ်နေတာများ''

ရန်တစ်ပွဲလောက်ဖြစ်လိုက်ရပြီး အဲဒီပန်းအိုးကိစ္စက ရတနာစံအိမ်ထဲ အတော်ကြီး ငြိမ်သက်သွားပြီးမှ တစ်ရက်မှာတော့ အငွေ့ဟာ ဆိုင်ကဝန်ထမ်းကြိုပို့သော လိုက်(တ်)အေ့(စ်)ကို ဖုန်းဆက်ခေါ်ပြီး ပန်းအိုးကြီးနှစ်လုံးအား ဝယ်လိုက်သည်။ သူမကိုတွေ့တော့ မလုံမလဲနှင့် ရယ်ပြရင်း…

''အဟင်း…ငါ့ရှေ့မှာ နိုင်ငံခြားသားက မဆစ်ဘဲဝယ်နေတာတွေ့တာနဲ့လေ၊ ငါအတင်းဝင်ဝယ်ခဲ့တာ၊ အရင်ဈေးထက်နည်းနည်းတောင်ပိုများသွားတယ်''

တဲ့။ ရာဇဝင်နှင့်ချီပြီး အိမ်ရောက်လာသော ဒီပန်းအိုးကို စိန်ထုပ်အထိခိုက်မခံတာ ထိုသို့သော အကြောင်းရင်းများကြောင့်ဟု ဆိုလျှင်…





''ကဲ…ပြောစမ်းပါဦး ဒီအိမ်ကလူတွေ ဘာတွေဖြစ်နေကြတာလဲ၊ ခြံဝကကိစ္စကထားတော့၊ မြား ရှော့ပင်(န်)မောကနေ အဲဒီတိပ်ခွေအကြီးကြီးဝယ်လာတာ ဟိုအဆိုတော်ကောင်လေးရဲ့ ဝေါ(ရ်)ရှိကိုကပ်ဖို့ နင့်ကိုယ်ကကြိုးကျတော့''

နေရာတိုင်း၌ စုံစမ်းစစ်ဆေးမှုကို ဝါသနာထုံသော စိန်ထုပ်က လက်ကိုင်အိတ်လည်း မချအား။ ထိုင်လည်းမထိုင်နိုင်ဘဲ ဆိုဖာလက်တန်းပေါ် တင်ပါးမှေးတင်ရင်း မေးသည်။

''ဟို…ဒီကြိုးက အေးမာကြိုးပါ မမကြီးရဲ့၊ အေးမာက စတိုခန်းရှင်းနေတာ အထဲက ကဒ်ထူပုံးတွေ၊ သတင်းစာတွေကို အကုန်စုစည်းပြီး အခန်းထောင့်ပုံထားမလို့ ကြိုးယူပြီးအလာ မြားနဲ့တွေ့တယ်၊ အဲဒါ ဘာကူသယ်ရမလဲ မမကြီးတို့ကားသံလည်း မကြားဘူးလို့ပြောမိတာနဲ့ ဒီကြိုးခွေတောင်းပြီး အေးမာကို ပန်းအိုးကို မနိုင်းပြီး အခုလို''

''အင်း…ဖြစ်ရမယ်''

အေးမာစကားမဆုံးခင် ငွေထုပ်က မှတ်ချက်ချရင်း…

''ငါမပြောဘူးလား စိန်စိန်၊ မြားက သူမကျေနပ်တာရှိရင် မွှေတော့မှာ တစ်အိမ်လုံးလိုလို''

''အေး…တစ်အိမ်လုံး မွှေတာကိစ္စမရှိဘူးနော်၊ အဲ့ကိုယ်သူ ပြန်မမွှေဖို့ အရေးကြီးတာ''



www.burmeseclassic.com

www.burmeseclassic.com



"ဒါ…ဆို"

အပျိုကြီးနှစ်ယောက်မှာ ဆတ်ခနဲ မတ်တပ်ရပ်ပြီး ထဘီတွေ စကဒ်တွေမကော ဒုန်းစိုင်းပြေးတက်တာက ကျွန်းဝါရောင် လှေကားကွေ့ကွေ့ကြီးတွေဆီ။ အပေါ်ရောက်တော့လည်း အသက်ရဲရဲမရှူရဲ။ အမောမဖြေအားဘဲ မြားရဲ့အခန်းဆီ တစ်ခါထပ်ပြီး ဒုန်းစိုင်းရပြန်သည်။ နှစ်ယောက်စလုံး တိတ်ဆိတ်နေသော မြား အခန်းရှေ့မှာ ငါးမိနစ်လောက်ငြိမ်ရပ်နေပြီးမှ…

"ဒေါက်…ဒေါက် မြားရေ မြား၊ အဒွေ့ကို တံခါးလာဖွင့်"

"ဘာလုပ်မှာလဲ‥ပြော×××မင်း မကြိုက်ရင်လာမရှုပ်နဲ့တော့××× ငါတို့က ရှေ့ဆက်လျှောက်ဖို့ဖွဲ့နဲ့ပေါ့×××နောက် တစ်ခေါက်လောက် နည်းနည်းအော်"

ဝုန်းခနဲထွက်လာတဲ့ DJ တီးလုံးသံနဲ့ အော်သံဟစ်သံကြီးက တံခါးနား နားကပ်ထောင်နေတဲ့ အဒေါ်နှစ်ယောက်ကို အလန့်တကြား ဖြစ်သွားစေသည်။

"အောင်မလေး…ဒါ ဘယ့်နှယ်ဟာကြီးတုံး၊ နားတွေကို အူထွက်သွားတာပဲ"

စိန်ထုပ်က နားပိတ်ပြီး သူမကိုအော်မေးသည်။ တံခါးတစ်ချပ်ခြားထားတာတောင် အထဲကတီးလုံးနှင့် အော်သံက





တစ်အိမ်လုံးကို သိမ့်သိမ့်တုန်ဟီးစေသည်လေ။ ငွေထုပ်က အစ်မဖြစ်သူလက်ကို ဆွဲကာ အခန်းနှင့်ဝေးရာသို့ခေါ်ရင်း…

"အဲဒါ…အခုဝယ်လာတဲ့ Hip Hop အခွေဟဲ့"

"ဘာ…Hip Hop၊ ငါဖြင့်မသိပေါင်၊ နားထဲဟော့ပေါ့လိုလို၊ ဟော့ဒေါ့လိုလိုပဲကြားတယ်၊ ဖွင့်ကြည့်တော့လည်း ရန်ဖြစ်နေတာလား၊ စကားအမြန်ပြောနေတာလားပဲ"

"အေး…သွားမဝေဖန်နဲ့၊ နင့်တူမက အဲဒီ Hip Hop ကို သဘောကျတာ ပေါက်ကွဲခွင့်ရလို့တဲ့၊ ထားလိုက်ဟယ် သူ့ကိုယ်သူပြန်မမွေ့ရင်ပြီးရော"

"အေး…အေး ပြီးရော"

အခန်းဝက ခြေသံတွေ စကားပြောသံတွေ ပျောက်သွားမှ မြားက တံခါးဝနား ကပ်ထောင်ခြင်းကို အဆုံးသတ်သည်။ ထို့နောက် ဆူညံစွာထွက်ပေါ်နေသော သီချင်းသံ။ မြူးကြွတဲ့တီးလုံးနဲ့အတူ စင်ပေါ်စင်အောက် လွတ်လပ်စွာ ကခုန်နေသော လူတွေအား တီဗီဖန်သားပြင်မှာငေးရင်း…

မြား စိတ်တွေတောင်ပံတပ်ပြီး ရောက်ရာပေါက်ရာ သွတ်ပစ်တော့မယ်။ ဒီလောကကြီးထဲ လွတ်လပ်စွာပျံသန်းပါရစေ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"တွေလား…အဲဒါတွေကြောင့် ငါ ကိုရီးယားကားတွေ မကြည့်ချင်တာ၊ ယောက်ျားလေးဘက်က မကြိုက်ပါဘူးဆိုမှ သူက ဖျတ်ဖျတ်လူး၊ ဣန္ဒြေကို တစ်စက်မှမရှိဘူး"

စိန်ထုပ်ကပြောရင်းဆိုရင်းပင် ရီမုတ်ကရစ်သည့်ခလုတ်အား နှိပ်ချသည်။

"ဟယ်…စိန်စိန်တို့ကတော့လုပ်ပြီ"

"ဘာလဲ…နင်က အဲဒီအခန်းတွေကို အရသာခံပြီး ကြည့်ချင်သေးလို့လား"

"ကြည့်စရာလားဟဲ့၊ ဒီမှာ မြားကိုသင်ခန်းစာပေးမလို့"

သင်ခန်းစာဆိုတော့ အလယ်ဆိုဖာမှာထိုင်ကာ အလုံးခွံ့





သော လက်ဖက်တစ်ဇွန်းစားလိုက်၊ ဒီဘက်က အေးမာခွာပေးသော နေကြာစေ့တွေ ပါးစပ်ထဲပစ်သွင်းလိုက်နဲ့ ဇိမ်ကျနေသော မြားက ခေါင်းထောင်သွားပြီး…

"လာပြီ…အငွေတို့ဟာလေ စကားပြောရင် မြားနဲ့ကို ခလွတ်ကင်းဘူး တကယ်"

လို့ပြောရင်းက

"ဟား…စိန်စိန် ရစ်တာကျော်သွားပြီ၊ play ကိုနှိပ်"

"ဟဲ့…အော်လိုက်တာအရမ်းပဲ၊ နှိပ်ပါ့မယ်၊ တကတည်း ငါတောင်လန့်သွားတယ်"

"လန့်မှာပေါ့၊ ဒေးမိဒေးရာဒေးနေတာလေ၊ ဒီမယ် မြား"

"ပြောလေ အငွေ"

"ဟဲ့…ငါ့ကိုကြည့်"

"ကျစ် နားထောင်တာပဲအငွေရာ၊ ကြည့်မှဖြစ်မှာလား"

မြားက ပလုတ်ပလောင်းသံနှင့် ထအော်သည်။ ဒီလိုအချိန်မှာ ဒီအသံတွေက နေ့တိုင်းလိုလို ကြားရစမြဲမို့ အလုံးနှင့်အေးမာတို့ အတွက်တော့ မထူးဆန်းတော့ချေ။ တစ်နေ့လုံး ပန်းတိမ်ဖိုနှင့် ဆိုင်ကို ကူးလိုက်သန်းလိုက် မြားရဲ့ဖယ်ရီလုပ်လိုက်နှင့် ချာချာလည် နေသော အရှင်သခင်သုံးပါးက ဒီအချိန်မှာ ဖိုခနောက်ဆိုင် ဖွဲ့ဆုံ



www.burmeseclassic.com

www.burmeseclassic.com



ခြင်းပင်။ ဥပမာ- စားပြီးချိန်တွင် မြား အာသီသရှိသော အခွေ တွေကြည့်၊ ဝေဖန်ရေးလုပ် အငြင်းပွားသော ဒီတူအရီးသုံးယောက်မှာ ဘယ်သူကမှ တပည့်မရှိ။ အကုန်ဆရာကြီးတွေချည်း။ သူက အာဏာပြ၊ ဟိုက ဝါအရအုပ်ချုပ်၊ ကျန်တစ်ယောက်က သမ္မာနှင့် ကြီးကြပ်ရင်း လူစုခွဲရတာမျိုးလည်းရှိသည်။ အတူနေတော့လည်း မတည့်၊ မတည့်ပဲလည်း ကျောခိုင်းနေနိုင်တာမဟုတ်တဲ့သူတွေ။ အခုလည်း အငွေက တစ်ယောက်ထိုင်ဆိုဖာမှာထကာ မြားထံ တစ်လှမ်းချင်း နွဲ့နွဲ့လေးလျှောက်လာ၏။ ပြောကြစတမ်းဆို ဒီအိမ်ရဲ့ အရှင်သခင်တွေဟာ အလှကိုယ်စီနှင့် ထင်ရှားကြတာပင်။ မမကြီး ကျတော့ အမြဲတမ်းချည်သား၊ ပိုးသားတွေကို ရင်ဖုံးနှင့်ထဘီရှည် ချုပ်ဝတ်ကာ နောက်တွဲဆံထုံးလေးနှင့်။ ထူပြည့်သောနှုတ်ခမ်းတွေ ပေါ် အရောင်ဖျော့တင်သည်မရှိဘဲ ဆိုးလိုက်သမျှ နီညိုရောင်၊ ကော်ဖီရောင်တွေချည်း တခြားလူတွေအတွက် ရင့်ရော်သော အရောင်တွေဟာ မမကြီးအတွက်တော့ တော်ဝင်ဆန်ကုန်တာချည်း ပင်။

"မြားအမေ မရှိတော့တဲ့နောက်ပိုင်း ငါက ဒီရတနာမှာ အကြီးဆုံး၊ အစ်မကြီး အမိရာတဲ့၊ ကလေးတွေနဲ့ရောပြီး ကလက်လို့ ဖြစ်ပါ့မလား"





ဆိုပြီး အမြဲခန့်ခန့်ထည်ထည်နေသလောက် မြားအပေါ် တည်တည်ကြီးနှင့် အချစ်သည်းသူ။ မမလေးကျတော့ ခြေဖျား တိုက်စကဒ်တွေ၊ ခါးရှည်ဆွဲသားအင်္ကျီတွေကို ဝတ်လိုက်မှ အရောင် ဆောက်တာတွေချည်းပင်။ နှုတ်ခမ်းနီကအစ အနီရဲရဲ၊ ပြီးတော့ ခြေပြာသေးသည်။

"အင်္ကျီတွေ အရောင်တောက်တော့ အဟွန်း... အဟောင်းမလွယ်ဘူးပေါ့၊ မဟောင်းတော့ အကြာကြီးခံတယ်၊ အကြာကြီးခံတော့ ခဏခဏမဝယ်ရဘူးပေါ့၊ မဝယ်ရတော့ အကုန် အကျသက်သာတာပေါ့ဟယ်"

တဲ့လေ။ သူ့အတွက် ဘယ်လောက်ကပ်စေးနဲ့ပါစေ မြား အတွက်ဆိုရင်တော့ နှမြောတသကြီးစွာနဲ့ ဝယ်တော့ဝယ်ပေးသား ပင်။ ပြီးရင်လည်း ပြောတာ တဖျစ်တောက်တောက်။

"နင့်ဟာတွေက အလျှော်အဖွပ်ခံမယ်မထင်ဘူး မြား၊ သော်ကြယ်တွေ စီးကွင့်(န်)တွေက"

"အဲဒါတွေက အမိကဆွဲဆောင်တာ အငွေရဲ့"

"အေးလေ...ဆွဲဆောင်တာတွေ၊ ပြုတ်ထွက်ကုန်ရင်"

"ချောင်ထိုးထားမှာပေါ့"

တဲ့။ အဒေါ်နဲ့တူမက အဲဒီလို။ မမကြီးကျတော့ တစ်မျိုး။



www.burmeseclassic.com

www.burmeseclassic.com



"စကာဒ်အတိုနဲ့အရှည်မှာ အရှည်က ဈေးသေ ၁င်ပိုသက်သတာ၊ အတိုမဝယ်နဲ့၊ ဈေးလည်းကြီး အစကမပြည့်နဲ့ အရှည်ဆိုရင်အတိုဝတ်ချင်ရင် ဖြတ်ဝတ်။ တစ်ထည်စာနဲ့ နှစ်ထည်ဝတ်လို့ရတယ်"

တဲ့လေ။ အလုံးတို့ကတော့ ဒီသုံးယောက်ကြားထဲ ပြေးပြေးလွှားလွှားနဲ့ပင် ပျော်နေရတာပင်။ အခုလည်း အငွေက သူမတို့အနားထွက်လာပြီး····

"တွေ့တယ်မဟုတ်လား မြား၊ ယောကျ်ားဆိုတာ သူတို့နောက်အရမ်းလိုက် သူတို့မတောင်းခင်ကတည်းက ပေးချင်နေတဲ့မိန်းကလေးဆိုရင် ခွာချင်တာမျိုး၊ မိန်းမတွေရဲ့စိတ်ကို ပြောင်းပြန်စီးပစ်"

"ဘယ်လိုပြောင်းပြန်လဲ အငွေရဲ့၊ အိုက်တင်ပေးရမှာလား"

"အိုက်တင်ပေ့ါ၊ ဒါပေမဲ့ အိုဗာမဟုတ်ဘူးပေါ့၊ စိတ်ထဲရှိတာဝှက်ထားပြီး တောင်းသလောက်မပေးနဲ့၊ မေးသလောက် မဖြေနဲ့၊ ရယ်ချင်ရင်တောင် ပြုံးရုံပဲပြုံး၊ ဒါမှ အဲဒီယောကျ်ားတွေက"

"နင်···မြားကို ရည်းစားထားနည်း သင်ပေးနေတာလားအငွေ"





နှစ်ယောက်ထိုင်ဆိုဖာပေါ် ခပ်လျောလျောမှီထိုင်နေရာမှဆတ်ခနဲထထိုင်ပြီးမေးတဲ့ စိန်စိန့်ပါ ပါလာသောအခါ စကားဝိုင်းက ထုံးစံအတိုင်း ပွက်လောရိုက်နေသည်။

"ဟဲ့···ငါက ယောကျ်ားတွေနဲ့ ဆက်ဆံတတ်အောင်"

"တော်စမ်းပါ···သူဆက်ဆံရမှာက ငါတို့စစ်ဆေးပြီးအောင်မှတ်ပေးမဲ့ ယောကျ်ားမျိုးပဲ၊ ဒီမှာ မြား ယောကျ်ားဆိုတဲ့သတ္တဝါက"

"ဘယ်တော့မှမယုံရဘူး၊ အိုင်တွေ့လို့ ခြေမဆေးတောင်ခြေဖျားလေးတော့ ခတ်သွားချင်တဲ့လူချည်းပဲ၊ လစ်ရင်ဦးမယ်၊ ခချောင်ရင်တောင်းမယ်ဆိုတဲ့အထဲ ယောကျ်ားကထိပ်ဆုံး၊ ဒါကြောင့်ရည်းစားထားဖို့ စိတ်မကူးနဲ့၊ ရည်းစားထားစရာ၊ ချစ်စရာမလိုဘူး၊ အဲဒါတွေရဲ့နိဂုံးက အိမ်ထောင်ပြုတာပဲ၊ ချစ်တိုင်းမညားမဲ့အတူတူ ဝါးတွေလက်တွေအန္တမ်းမခံနဲ့၊ ယောကျ်ားပဲ တန်းယူ၊ အဲဒီယောကျ်ားကို စိန်စိန်ရှာပေးမယ်၊ ကဲ ဒါပဲမဟုတ်လား"

တရစပ်ပြောပြီး ဖျတ်ခနဲထရပ်တော့ ပခုံးချိတ်ရှဲ ဂါဝန်ပန်းနုရောင်က ဝေါခနဲအသံပေးပြီး ခြေဖျားအထိ ဖြာဆင်းသွားသည်။ ညမီးရောင်အောက်မှာ အမို့အဝှမ်းတွေနှင့် ကောက်ကြောင်းမီလှသော မြားဟာ ရွှေရောင်ဆံပင်အလိပ်တွေကို လက်နဲ့သိမ်းပြီး ရင်ညွှန့်



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ပေါ် ဆွဲချတဲ့အခါ အကာအကွယ်လွတ်သွားတဲ့ ပခုံးသား မွတ်မွတ်ဟာ ရွှေရောင်ဝင်းနေ၏။ အဒေါ်နှစ်ယောက်စလုံးက တူမ ချောရဲ့အလှမှာ မှင်သက်မိတုံးမှာပဲ…

“ဒါ စိန်စိန်ပြောနေကျစကားတွေ၊ နားထဲဘယ်လောက် ဝင်နေလဲဆိုတာ အခုမြားရွတ်ပြတာ တစ်လုံးမှမလွဲဘူးမဟုတ်လား”

အတန်ကြာ နှုတ်ဆိတ်နေပြီးမှ စိန်စိန်က နှုတ်ခမ်းပြည့် ပြည့်တွေကို ဖွင့်ကာ အားပါးတရပြုံးလိုက်ရင်း…

“ကြည့်စမ်း…မြား၊ သိပ်တော်လာပြီပဲ၊ ကောင်းတယ် မြား အဲဒီလိုစကားတွေ နားထဲစွဲနေမှ မြားအနာဂတ် လှပလာမှာ၊ စိန်စိန်နဲ့ အငွေ့ကို ယုံစမ်းပါ၊ မြားအနာဂတ်အတွက် အလှဆုံးဖြစ် အောင် ပြင်ပေးနိုင်မှာ ဒီနှစ်ယောက်ပဲဆိုတာ”

မြားက ခေါင်းညိတ်ပြုံးပြရင်း ဧည့်ခန်းကို ကျောခိုင်းကာ နှုတ်ခမ်းအစွန်းတွေ ကော့တက်သွားအောင် တိုးတိုးလေးရွတ်မိတာ က

“နားထဲစွဲတာနဲ့ ရင်ဘတ်ကလက်ခံဖို့ လွယ်တာမှမဟုတ် တာ စိန်စိန်ရယ်”

◆ ◆ ◆



## အခန်း (၅)

“အား…ဂူး…ဟူး”

“ဝေး…ဂူးဟူး”

“Welcome”

ဆူဆူညံညံအော်သံတွေဟာ စုဝေးနေသော ရတနာစံအိမ် ရဲ့ စကားပိုင်းကိုရော အိမ်ခန်းထဲဝင်ရန် ခြေလှမ်းပြင်နေသော မြားကို ရော တုန့်ခနဲဆွဲလိုက်သလို အားလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ ယောခနဲ ဟားခနဲအော်သံတွေဟာ ကားစက်သံတွေနဲ့အတူ သူမတို့ စံအိမ်ကြီးနားအထိ နီးကပ်လာတာကိုး။

“ဟဲ့…ဟဲ့…ဒါ ဘာအသံတွေလဲ”

“အချိန်ကိုကြည့်စမ်း…ညကိုးနာရီရှိပြီ၊ ငါတို့ အိမ်ယာ



www.burmeseclassic.com

www.burmeseclassic.com



ထဲ ဒီအချိန်မှာ ဒီလိုအသံတွေမှ မကြားဖူးတာ၊ အလုံး မီးတွေဝိတ်စမ်း မြန်မြန်''

စိန်စိန်က အော်ဟစ်အမိန့်ပေးသည်။ သူမတို့ပတ်ဝန်းကျင်တစ်ခွင်မှာတော့ ကမ္ဘာပျက်မတတ် ဆူညံဆဲ။ လီဗာကိုဖိနင်းသံတွေ၊ ကတ္တရာလမ်းနှင့် ကားဘီး အရှိန်ပြင်းစွာထိတွေ့သံတွေ၊ ဘရိတ်ကိုဆောင့်နင်း၍ ထွက်ပေါ်လာသောအသံတွေ ကြားထဲမှာ ရယ်သံတွေ၊ အော်သံတွေကြားနေရဆဲ။ မြားက ညှော်ခန်းအလယ်တောင့်တောင့်လေးရပ်နေရာမှ ဂါဝန်ရှည်ကြီးရဲ့အဖျားစကို ဖျတ်ခနဲဆွဲမပြီး ပြတင်းပေါက်ဆီပြေးသည်။ ရိပ်ခနဲမြင်သော အငွေက

''ဟဲ့…ဟဲ့ ဟိုကလေးမ ဒါဘယ်ကိုပြေးတာလဲ၊ လာစမ်း လူရိုပ်လူယောင်မပြနဲ့၊ မတော် မသမာသူတွေဖြစ်နေမှဖြင့်''

''မသမာသူတွေက အဲဒီလိုအော်ဟစ်ပြီး လာမလား အငွေရဲ့''

မြားက လှည့်လည်းပြော ပြတင်းပေါက်၌ ကာထားသောခန်းဆီးစကို မျက်နှာတစ်ခုစာ အသာလေးလှပ်ကြည့်သည်။

''ဟဲ့…ဘာတွေလဲဟင် မြား''

မြားရဲ့နောက်မှာ ပခုံးကိုကိုင်ရင်း အရင်ဆုံးရောက်လာတာ အေးမာ။

''သိဘူးလေ…မှောင်နေတဲ့ဟာ၊ ကားတွေအများကြီးပဲ၊ ဟိုဘက်ခြံထဲဝင်တာ တွေ့လား''

''အေး…တွေ့တယ်၊ ဂျစ်ကားတစ်စီး၊ နှစ်ခန်းတွဲကားအမြင့်ကြီးတစ်စီး၊ ဟယ်…ပြိုင်ကားတစ်စီး၊ မမကြီးစီးတဲ့ကားမျိုးရောပဲ''

''ကားတွေက များလှချည်လား''

နောက်တစ်သံနဲ့အတူ ထပ်ရောက်လာတာ စိန်စိန်။ စိန်စိန့်နောက်မှာ အငွေက ဖုန်းကြီးတကားကားနဲ့ ထပ်ရောက်လာကာ

''ငါ ဖုန်းတော့အဆင်သင့်ကိုင်ထားမှာ စိန်စိန်၊ ဘာဗရုတ်သုတ်ခတွေမှန်းမသိဘူးဟေ့၊ အရေးအကြောင်းဆို 199 ကိုခေါ်ရအောင်''

''ဗရုတ်သုတ်ခတော့ ဖြစ်မယ်မထင်ဘူး အငွေ''

အသံက ဟိုးအောက်ဆုံး မြားထံမှ။ မြားက စကားလည်းပြော အကြည့်ကိုလည်း တစ်ဖက်ခြံမှမလွှဲဘဲ…

''ကြည့်ပါလား၊ တန်းစီဝင်လာတဲ့ကားက ခြောက်စီး၊ အကုန်မော်ဒယ်(လ်)မြင့်တာချည်းပဲ''

''ဟော…ဟော ဆင်းလာကြပြီဟဲ့''

စိန်စိန်က အရေးတကြီးအသံနှင့် ထအော်သည်။





www.burmeseclassic.com

www.burmeseclassic.com



ဟုတ်သည်။ အမှောင်ထဲ ရှေ့ကားတစ်စီးသာ မီးထွန်းထားပြီး နောက်ကားတွေက မှောင်အတိချထားကာ ဆင်းလာပုံက သစ်ပင်က အရွက်ကလေးတွေ ကြွေကျလာသလို တဖြုတ်ဖြုတ်နှင့်။

"လူတွေကလည်း မနည်းမနောပါလား၊ အဲဒါတွေအကုန် ဒီအိမ်ထဲနေမှာလားမသိဘူး စိန်စိန်၊ လူကောင်းတွေရောဟုတ်ရဲ့လားမသိဘူးနော်၊ ဟဲ့…နိုင်ငံခြားဇာတ်ကားတွေကလို ဂိုဏ်းစတားတွေများ ဖြစ်နေသလား"

"ဖြစ်ဖြစ်ပေါ့ဟဲ့၊ ဒါ မင်းမဲ့နိုင်ငံမှမဟုတ်တာ"

"အလုံးတော့ လူတွေလိုက်ရေကြည့်တာ အပေါ်း နှစ်ဆယ်တောင်ကျော်သွားတယ်"

"ဟော…အထဲကို လူတစ်ယောက်ဝင်သွားပြီ တွေ့လားမကြီး"

ကြည့်နေကျချင်းအတူတူကို အေးမာက မျက်နှာလိုအားရ စိန်စိန်ထံ သတင်းပို့သည်။ မြားကတော့ တစ်ဖက်ခြံက လူထူးလူဆန်းတွေကို စိတ်ဝင်စားလွန်း၍ မျက်တောင်လည်းမခတ်၊ အသက်လည်းမရှူဘဲ မှန်ပြတင်းမှာ မျက်နှာကြီးကပ်ကာ စိုက်ကြည့်နေတာ မမှိတ်မသုန်။ လူတွေအားလုံးဟာ ဝိုးတဝါးမီးရောင်ထဲမှာပင် ယောကျ်ားလေးတွေချည်းဖြစ်ဖို့များသည်။ အားလုံးက ခေါင်းစွပ်





ဆွယ်တာကြီးတွေ ဝတ်ထားကြတာလည်း ရှိသည်။ တချို့က ဦးထုပ်တွေ ဆောင်းထားကြတာလည်းတွေ့ရ၏။ ထူးခြားတာက အသက်ကြီးကြီးလူကြီးပုံစံတွေ တစ်ယောက်မှမပါ။ ထို့ကြောင့် သို့လော သို့လောနှင့် အားလုံးစိတ်ထဲ တွေးနေစဉ်မှာပင် ဖျတ်ခနဲ ဝင်းထိန်သွားသော မီးမောင်းကြီးနှစ်ခု။

"အမေ့"

"အောင်မလေး"

"ဟယ်"

မြားကလွဲ၍ ကျန်လေးယောက်စလုံး အာမေဋိတ်တွေ အသီးသီးထွက်ကုန်တာ အလန့်တကြား။ အမှောင်ထုထဲ မီးရောင်က ရုးရှစွာပေါ်လာတာနဲ့ တစ်ပြိုင်နက်…

"ဝေး….ဟေး…ဟေး"

ဆိုသော အော်သံတွေကြားမှာ အစိမ်းရောင်ခေါင်းစွပ်ဆွယ်တာ ဝတ်ထားသော ကောင်လေးက ဖျတ်ခနဲ ကားဘောနက်ပေါ် ခုန်တက်သည်။ မီးဆလိုက်က သူရှိရာသို့ တည့်မတ်စွာစိုက်ဆင်းထားသဖြင့် အဝါရောင်ဦးထုပ်ဆောင်ကာ Skinney ဂျင်းအနက်နှင့် ဝေါ့ကင်းရှူးအဖြူရောင်ဝတ်ထားသော သူ့နောက်ကျောအား ထင်ထင်ရှားရှား။



www.burmeseclassic.com

www.burmeseclassic.com



"ဟေး...ဘော်ဒါတို့"

သူက လက်နှစ်ဖက်ကို ကောင်းကင်မှာဆန့်ထုတ်ပြီး အော်ရင်း...

"စံနှစ်ရဲ့ဂေဟာက ကြိုဆိုပါတယ်ခင်ဗျာ"

"ဝေး...ဟေး...ဟေး"

အော်သံတွေကြားထဲမှာ မြားဟာ နားကြားများလွဲသွားသလားရယ်လို့ တအံ့တသြကြီးဖြစ်လို့။ ပီပီသသကြားလိုက်တာက

"မြား...မြားရေ အဲဒါ နင်ကြိုက်တဲ့အဆိုတော်လေ၊ စံနှစ် စံနှစ်လေ"

အပေါ်က အေးမာက မြားပခုံးကိုတို့ရင်း အသံကျယ်ကြီးနဲ့ အော်တုန်းမှာပဲ ကျောခိုင်းထားသောသူက ဖျတ်ခနဲ ဒီဘက်အလှည့် မြားနှင့် မျက်နှာချင်းဆိုင်တည့်တည့်မှာ။ "အိုး...သူ" မျက်လုံးချင်းဆုံသွားသလား။ သူ မြားကိုမြင်သွားသလား မြား မသိ။ မြားသိတာက ရင်တွေတစ်ချက်ချင်း ဆောင့်ခုန်နေတာက ရင်ဘတ်ထဲ အပြင်းစားငလျင်တစ်ခုလို။ မျက်လုံးတွေပြာတက်သွားတာက ရိုင်းစိုင်းလွန်းတဲ့ရင်ခုန်သံကြောင့်လား၊ ဝမ်းသာစိတ်ကြောင့်လား မရေရာသည့်ကြားမှာ သူမရှုးသွပ်စွာ ကြည်ဖြူခဲ့ရသောအနုပညာရှင် စံနှစ်တဲ့လား။ ဆေးနေရင်းမှာပင် ဖျတ်ခနဲ မြင်ကွင်း





ကွယ်သွားမှ သတိကဝင်သည်။ မော့ကြည့်တော့ စိန်စိန်က လိုက်ကာကို အဆုံးထိပိတ်ကာပြီးဖြစ်၏။

"မြား...ထစမ်း အခန်းထဲသွားတော့၊ အိပ်ဖို့လုပ်"

အငွေ့မျက်နှာက အခုတော့ သိလိုစိတ်များနှင့် အရောင်တောက်ပနေတော့ ခက်ထန်ခြင်းနှင့် ဒေါသကြားမှာ မဦးညွှတ်သောတောက်ကြောင်းများဖြင့် မြားကတော့ အမိန့်ကို ခေါင်းငုံ့နာခံတတ်သည့်ဗီဇက မွေးကတည်းက မပါခဲ့သည့်အတိုင်း...

"အငွေ...အဲဒါလေ မြားကြိုက်တဲ့ Hip Hop အဆိုတော်လေ၊ ဟိုတစ်နေ့ကပဲ သူ့အခွေဝယ်လာတာ၊ အခု သူက မြားတို့ရဲ့ အိမ်ဘေး"

"တော်စမ်း မြား၊ အိမ်ရှိရင် အိမ်နီးချင်းရှိမှာပဲ၊ အဲဒါ ထူးဆန်းလား"

"တခြားလူက မထူးဆန်းပေမဲ့ သူကမြားကြိုက်တဲ့"

"အဲဒီကြိုက်တာကြီးကို ဘာလို့ ခဏခဏထည့်ပြောနေရတာလဲ၊ စိန်စိန်နားမထောင်ချင်ဘူး၊ သွား အိပ်ခန်းထဲကို၊ အိပ်တော့၊ အငွေ မြားကို အိပ်ခန်းထဲပို့ပြီး နင် အဲဒီမှာပဲ စာရင်းလုပ်လေ"

"ဟင်...မြားအခန်းထဲမှာ"

အိပ်ခန်းဆီသွားရန်ပြင်နေသော မြားက ခြေလှမ်းတုံ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပခုံးမှာ မေးဖျားစွန်းကပ်တဲ့အထိ နောက်လှည့်မေးသည်။ စိန်စိန်က ပြတင်းပေါက်ဆီ ဖျတ်ခနဲ အကြည့်ဝေ့ပြီးမှ မြားကို လှည့်ကြည့်တဲ့ မျက်ဝန်းတွေက အေးစက်စက်။

"အေးလေ…စာကြည့်ခန်းထဲ ကုပ်နေရတာ ငြီးငွေ့လို့ အပြောင်းအလဲပေါ့"

"ဟွန့်…စိန်စိန့်အပြောင်းအလဲက ချက်ချင်းကြီးပဲ"

ခြေတစ်ချက်ဆောင့်ပြီး မြားက နှုတ်ခမ်းစူပြောတာကို စိန်ထုပ်က မမိုတ်မသုန်ကြည့်ပြီးမှ…

"နောက်ထပ်ပြောင်းလဲဖို့တွေ အများကြီးရှိသေးတယ်၊ အဲဒါကို ခေါင်းထဲထည့်ထား မြား"

တဲ့လေ။ မကျေမနပ်နှင့် မြားက အခန်းဆီတက်ခဲ့ရပေမဲ့ ရင်ခုန်သံက တစ်ပတ်မညှိုးခဲ့။ ထိုညက မြားအခန်းထဲမှာ ခေါင်းချင်းဆိုင်ရင်း စာရင်းတွေလုပ်နေသော အဒေါ်တွေကို စိတ်ကောက်ပြီး တစ်ဖက်လှည့်နေခဲ့ပေမယ့် နှလုံးသားထဲ ရင်ခုန်သံတွေ တိုင်းခန်းလှည့်နေတာ ကဲ ဘယ်သူသိမလဲ။

သူဟာ မြား အင်မတန်သဘောကျနှစ်ခြိုက်သော အဆိုတော်တစ်ဦးလေ။ ထို့ကြောင့် သူ အနီးနားမှာရှိတာကို မြားပျော်သည်။ ပြီးတော့ ကျေနပ်သည်။ ရင်ခုန်သည်။





ထို့ကြောင့် ဒီညက မစဲတဲ့ရင်ခုန်သံတွေနဲ့ နှစ်သက်စဖွယ် ည။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"ဟဲ့…ဒါ ဘယ်လဲ"

စားပွဲခုံမှ ခြေလှမ်းနှစ်လှမ်းပင် မပြည့်သေး ပခုံးပေါ်က ကျော်ပြီး ကျောနောက်ရှိ ခရေစေ့သိုင်းထားတဲ့ ဆောင်းဘီကြီးကို လှမ်းဆွဲမေးတော့ မြားခြေလှမ်းတွေက ရောက်တဲ့နေရာမှာ တုံ့ခနဲ ရပ်ရသည်။ မြားက လှမ်းဆွဲထားသော အငွေ့လက်မှ လွတ်ရာ လွတ်ကြောင်း ကိုယ်ကိုတွန့်လိမ်ပြီး ရုန်းကြည့်ပေမယ့် အချည်းနှီး။ အငွေ့က လည်ဆွဲတွေ၊ နားကပ်တွေရဲ့ ဒီဇိုင်းမျိုးစုံပါသော ကတ်တလောက်ကို ကြည့်ရင်းက…

"မေးနေတယ်လေ၊ ဒါကဘယ်လဲလို့"

"ဘယ်သွားရမှာလဲ အငွေ့ရဲ့၊ ကိုယ့်ခြံထဲပဲ ဟိုလျှောက်





ဒီလျှောက်ပေါ့"

"ဘယ်မှမလျှောက်နဲ့၊ ထိုင်နေ ဒီမှာပဲ"

စိန်စိန်က နီလာတွေ စိန်တွေထည့်ထားသည့် ဖန်းလေးထဲ ဇာဂနာလေးနှင့် ကျောက်မျိုးစုံ နေရာချပြရင်းက ပြောသည်။ စိန်စိန့်အမိန့်ရတာနှင့် အငွေ့က သူမကျောနောက်မှ ကြိုးကို ဆွဲတာ တင်းခနဲ။ မြားက နှစ်ဖက်ခွဲစည်းထားသော ဆံပင်တွေ ခါသွားအောင် ခြေဆောင့်ရင်း…

"တကယ့်အကျယ်ချုပ်ပဲ၊ ကိုယ့်ခြံထဲကိုယ်နေပြီး သွားချင်ရာသွားခွင့်မရတဲ့ဘဝ၊ ဒီမှာထိုင်နေရတာ ဘယ်လောက်ကြာနေပြီလဲ၊ စိန်စိန်တို့အလုပ်စကတည်းက"

"ဘာဖြစ်လဲ အဲဒါ၊ စိတ်ကောက်စရာမှမဟုတ်တာ၊ အင်တာနက်ထဲဝင်ချင်ဝင်၊ ဒါမှမဟုတ် ဂျာနယ်ဖတ်၊ စားချင်တာရှိရင် အေးမာကိုခေါ်လုပ်ခိုင်းလေ"

"အဲဒါတွေက ရိုးသွားပြီဥစ္စာ၊ အိမ်ထဲဝင်ပြီး အခွေသွားကြည့်မယ်"

ချက်ချင်းချပစ်လိုက်သော ဆုံးဖြတ်ချက်နောက်မှာ ခြေထောက်တွေက လှစ်လှစ်ပါအောင်လှမ်းရန် ပါမစ်ကျပြီးသား။ သို့ပေမဲ့…



www.burmeseclassic.com

www.burmeseclassic.com



"ငါ့မျက်စိအောက်မှာပဲနေစမ်းပါ မြားရယ်၊ ဒီဟာလေး ဒီဖိုင်းဖော်ပြီးရင် စိန်စိန်တို့လည်း အိမ်ထဲဝင်မှာ၊ အဲဒီကျမှ အတူတူ ဝင် ဟုတ်ပြီလား၊ လာ စိန်စိန်တူမလေးက လိမ္မာပြီးသား၊ လာ"

ပြောရုံအားမရဘဲ စိန်ထုပ်က အားနေသောလက်တစ်ဖက် ဖြင့် မြားလက်ကောက်ဝတ်ကို လှမ်းဆွဲကာ လွတ်နေသော ကျောက် ဖြူခုံမှာ ထိုင်ခိုင်းသည်။ မတတ်သာလွန်း၍ မြားက ထိုင်ချလိုက်ရ သေမယ့် သိပ်ကျေနပ်ပုံတော့မပေါ်။ နှုတ်ခမ်းတွေလုံးနေအောင် မကျေ မနပ်နှင့် ရေရွတ်နေတာက…

"ဘာတွေဖြစ်နေမှန်း လိုက်လို့မမီတော့ဘူး၊ ကျောင်းဖွင့် ရက်ကျတော့လည်း အခါတိုင်းလို အိမ်ကိုအစောကြီးပြန်မပို့ဘူး၊ သူတို့နဲ့အတူ ဆိုင်လိုက်ရသေးတယ်၊ ညမှောင်မှ အိမ်ပြန်ရောက် တယ်၊ ဟွန့်…အခု ကျောင်းပိတ်ရက်ကျတော့လည်း ခြံထဲမှာ တောင် စိတ်လွတ်ကိုယ်လွတ် မနေရတဲ့ဘဝ"

ဟတ်(ဖ်)ရှူးလိမ္မော်ရောင်စီးထားသော ဖိနပ်ထိပ်ဦးဖြင့် မြက်ပင်တွေကိုဖိနင်းရင်း ရင်ဖွင့်နေတဲ့မြားကို ကြည့်ပြီး မသက် မသာနှင့် သက်ပြင်းချမိတာ အငွေ့ပါ။ ခရမ်းရင့်ရောင် တီရှပ်ပေါ် လိမ္မော်ရောင် ဒူးကျကြိုးသိုင်းဘောင်းဘီလေးနှင့် မြားဟာ သူမတို့ မျက်စိအောက်မှာတော့ တကယ့်ပီဘိကလေး။ ကြည်စင်တဲ့မျက်ဝန်း





တွေက မာယာများတဲ့ လောကကြီးအကြောင်း ဘာမှမသိဘူးလို့ ဖန်ခံနေသယောင်။ ကလေးဆန်တဲ့အပြုအမူတွေဟာ လှည့်စားတတ် တဲ့ ယောကျ်ားတွေအတွက် ပြောတိုင်းယုံမဲ့ အနေအထား။

"ဒီအရွယ်က ပြုံးလွယ်ငိုလွယ်တဲ့အရွယ်၊ ပိုဆိုးတာက မြားဟာ မမရွှေရဲ့သွေး အပြည့်ပါတာပဲ၊ အချစ်ကို အရူးအမူး ကိုးကွယ်ချင်တာမျိုး"

စိန်စိန် သုံးသပ်ပြကတည်းက အငွေ့ဟာ သွေးပျက် တုန်လှုပ်ခဲ့တာပင်။ အချစ်ကြီးသော မမရွှေရဲ့အဖြစ်ဆိုးပုံရိပ်လွှာဟာ ပြန်တွေးတိုင်း မနေ့တစ်နေ့ကလို ပူနွေးစွာ သူမတို့ကို ခြောက်လှန့် ဆဲ။

"တစ်ခါမှ ဒဏ်ရာမထင်ဖူးတဲ့ နှလုံးသားက တစ်ကြိမ် တစ်ခါလောက် ဒဏ်ရာရခဲ့ရင် နာလန်မထူနိုင်တော့ဘူး အငွေ့၊ ငါတို့မြားကို အဲဒီယုံကြည်စရာမကောင်းတဲ့အရာတွေနဲ့ မထိတွေ့စေ ချင်ဘူး"

"ဒါဆို…ငါတို့ဘာလုပ်ကြမလဲ စိန်စိန်"

တုန်လှုပ်စွာ သူမကမေးတော့ စိန်စိန်က…

"ကာကွယ်ရမှာပေါ့ အငွေ့၊ အတတ်နိုင်ဆုံး အဖြစ်နိုင်ဆုံး အခြေအနေအထိ"



www.burmeseclassic.com

www.burmeseclassic.com



လို့ ဆွေးနွေးခဲ့ကြသည်။ ပိုဆိုးတာက ပေစ်ဖက်ခြံကို ရောက်လာသောသူသည် နှုတ်ခမ်းနီမလေးရွှေရဲ့ အသည်းစွဲ။ သူမှာ အောင်မြင်ကျော်ကြားခြင်း အရှိန်အဝါ၊ နှယ်ပိုမျှစ်ခြင်းတွေနဲ့အတူ ဆယ်ကျော်သက်တို့ရဲ့ အိပ်မက်ကို ဖမ်းဆုပ်နိုင်သူ။ ထိုသူကို မြားက သိပ်သဘောကျသည်။

"သူ့တာသားတွေက ဟတ်(ထ်)ကိုထိတယ်၊ ပြီးတော့ သူ့အချစ်က အရမ်းလေးနက်တယ်"

ပြောခဲ့တုံးက အငွေရော စိန်စိန်ကပါ ပေါ့ပေါ့တန်တန် သဘောထားခဲ့ကြသည်။

"သူ့အချစ်လေးနက်မှန်း ညည်းက ဘယ်လိုလုပ်သိတုံး မြား ပြောစမ်း"

ဆိုတော့

"သူ့သီချင်းတွေ နားထောင်ရင်သိတယ်"

တဲ့။ စိန်စိန်မှာ အဲဒီတုံးက လက်စုံခါကာ...

"အောင်မလေးဟယ်...ဘာတွေမှန်းမသိ ပတွတ်ပတွတ်နဲ့အော်နေတာ ရန်ဖြစ်နေတဲ့အတိုင်းပဲ၊ ဘယ့်နှယ်လုပ်နားထောင်ရမှာလဲ"

လို့ပြောတော့ မြားက နှုတ်ခမ်းစွန်းတွေ ကော့တက်အောင်





ပြုံးရင်း ရင်ခွင်ထဲက မွေးပွအရုပ်ကြီးကို တင်းနေအောင်ဆွဲဖက်ကာ

"ဟွန့်...စိန်စိန်က နားနဲ့နားထောင်တာကိုး၊ ရင်ဘတ်နဲ့နားထောင်မှ သူ့ရင်ထဲက သယံဇာတအကြောင်းသိမှာပေ့ါ"

ထိုမျှအထိ ရင်ဘတ်ထဲက ခံစားချက်ကို အလေးထားသော တူမချောအနားသို့ ဒီအဆိုတော်ကောင်လေး ရောက်လာခြင်းဟာ ကောင်းသောနိမိတ်ပုံတော့ မဖြစ်နိုင်ချေ။

"အဆိုးဆုံးက သူဟာ (celebrity)ဆယ်လီဘရစ်တီဖြစ်နေတာပဲ၊ သူနဲ့ပတ်သက်လို့ ငါတို့မြားမှာ အကောင်းဆုံးဆိုတာဘာမှဖြစ်လာနိုင်စရာမရှိဘူး၊ ပြီးတော့ အဲဒီကောင်လေးက ရည်းစားတွေလျှောက်ထားပြီး သူ့သီချင်းအတွက် ကုန်ကြမ်းရှာတာမျိုးတဲ့"

ကြားရသမျှ နားဝမှာ စိတ်မချမ်းသာစရာတွေချည်း ဖြစ်နေတော့လည်း အငွေဟာ တိတ်တခိုး ပင့်သက်တွေချရင်း စိန်စိန်ကို လှမ်းကြည့်သည်။ ညီအစ်မနှစ်ယောက်ရဲ့ ဆုံစည်းသွားသော အကြည့်တွေထဲမှာ အဓိပ္ပာယ်အမျိုးမျိုးနှင့်ဖြစ်ပြီး အငွေက မြားထံ မျက်စပစ်ပြ၏။ စိန်စိန်က 'ထားလိုက်'ဟူသည့်သဘောဆောင်သည့် ပုံစံမျိုးနှင့် မျက်မှောင်ကျုံ့ ခေါင်းယမ်းပြကာ...

"ဒီမှာကြည့် အငွေ၊ ငါ့ကပ်စတမ်မာမှာတဲ့ လက်စွပ်ဒီဇိုင်းကလေ ဒိုင်ယာမှာစေ့စပ်တုံးက လက်စွပ်တဲ့၊ ဒါမျိုးမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



စိန်စိန်က ကတ္တီပါအနီစ အုပ်ထားတဲ့ဗန်းလေးပေါ်က စီရီထားသော နီလာနှင့် စိန်ပွင့်တွေကို ပြသည်။ အငွေက လှမ်းယူကြည့်ရာ…

"စိန်နဲ့နီလာပါတာတော့ သိတယ်ဟေ့၊ ဘယ်လိုဒီဇိုင်းလဲ ငါမသိဘူး၊ နေဦး ဒိုင်ယာနာ့သား ဝီလျံက သူ့ကောင်မလေးကို စေ့စပ်လက်စွပ်ပေးတာလည်း အဲဒီဟာပဲမဟုတ်လား"

အငွေက စဉ်းစားဟန်ပြုသည်။ စိန်စိန်က ရှုပ်ကာ ငြိမ်နေသော မြားထံ မျက်စပစ်ပြ၏။ သဘောပေါက်သွားသော အငွေက ခေါင်းဆတ်ခနဲညိတ်ပြရင်း…

"မြား"

"ဟင်"

နှုတ်ခမ်းစေ့ကာ ထူးပုံက မကြည်မသာ။

"အဲဒီမင်းသား စေ့စပ်တုံးက မှတ်တမ်းတွေ အင်တာနက်ထဲပါတယ်မဟုတ်လား၊ အငွေ့ကိုရှာပေးစမ်း"

ကိုယ်အာရုံလွဲတာလည်းမသိအောင် အလုပ်ရှုပ်ဟန်ကလည်း ဆောင်ရသေးသည်။ ဒီတော့မှ မြားက သူမတို့ကို ကျောခိုင်းထိုင်နေရာမှ ဒီဘက်လှည့်လာပြီး…

"အင်တာနက်ထဲမှာ ရှာစရာမလိုဘူး၊ မြားသိတယ်၊ နီလာကို စိန် ၁၄ ပွင့်နဲ့ပြန်အုပ်ထားတာ၊ ဒီမှာ"





ဝိုးဝိုးဇတ်ဇတ်နဲ့ မြားက စိန်ပွင့်နဲ့နီလာကို ညှပ်ယူရင်းနေရာချပြသည်။ စိန်စိန်က မေးထောက်ကြည့်နေရာမှ ပုံပေါ်လာသော လက်စွပ်ကြောင့်…

"တော်တယ်ဟေ့…တို့ရဲ့မြားက မြားရဲ့မှတ်ဉာဏ်ကို ဝုဏ်ပြုတဲ့အနေနဲ့ ဒီညနေစာ အပြင်မှာဒင်နာသွားစားမယ်"

"ဟယ်…တကယ်နော် စိန်စိန်"

"တကယ်ပေါ့၊ ကြိုက်တဲ့ဆိုင်ရွေးထား"

"အူး…ဟူး၊ ဒါမှ တို့စိန်စိန်ကွ"

ကလေးတစ်ယောက်လို မြားကထခုန်ရင်း လက်နှစ်ဖက်မိုးပေါ်ဆန့်ကာ အော်သေးတာ။ အခုစိတ်ဆိုးလိုက်၊ အခုပျော်မြူးလိုက်နှင့် ကလေးစိတ်မကုန်သေးသော မြားကို အဒေါ်နှစ်ယောက်က ဝီတိပြုံးနဲ့ ငေးမဝတုံးမှာပဲ…

"မမကြီး မမလေး၊ လာပါဦး ခြံဝကို၊ ဒီမှာ…ဒီမှာ"

အလန့်တကြားအော်သံ ထွက်လာတာက ဂိတ်တံခါးမှူးအလုံးထံမှ။ သူမကိုယ်ဝဝကြီးလည်း အားမနာဘဲ ကဆုန်ပေါက်ခုန်ကာ ခြံတံခါးအပြင်ဘက်ကို လက်ညှိုးတထိုးထိုးနဲ့မို့ ညီအစ်မနှစ်ယောက်စလုံးက ပြိုင်တူထရပ်ရင်း ခြံတံခါးဆီသွားတာလည်း ပြိုင်တူ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၇)

“ဘာလဲ…ဘာဖြစ်တာလဲ အလုံး”

“ဒီမှာ”

တုန်လှုပ်စွာ အလုံးက ခြံတံခါးအပြင်ဆီ လက်ညှိုးထိုးပြသည်။ လူတစ်ကိုယ်စာတံခါးပေါက်လေးဖွင့်ထားတာမို့ တံခါးဝက အရိပ်တွေကို ထင်ထင်ရှားရှားတွေ့ရသည်။

“ဖိတ်စာလာပေးတာဗျ”

“ဟင်”

ရင်ဘတ်ဖိပြီး ခြေလှမ်းတွေက နေရာတင်ရပ်ကုန်တာလည်း အတူတူ။ သူမတို့ခြံတံခါးရှေ့ ရောက်နေတာက တစ်ယောက်တည်းမဟုတ်။ ကောင်လေးအုပ်စုလိုက်ကြီးက အနည်း

စိုးမိုး၈၁၆ပ



ဆုံး ဆယ်ယောက်လောက်ရှိမည်။ ထိုထဲ၌ စွပ်ကျယ်အဖြူနှင့်ဒူးကျော်ဘောင်းဘီက စစ်စိမ်းရောင်ကို အိတ်တွေအများကြီးနှင့်မို့ ပွပွကားကားကြီးကို ဦးထုပ်ကျ လိမ္မော်ရောင်။ ဖိနပ်က ကွင်းထိုးဖိနပ်အဝါရောင်ကြီးနှင့်။ လည်ပင်းတွေ လက်ကောက်ဝတ်တွေမှာ ကြိုးဆွဲကွင်းတွေ ရှုပ်ယှက်ခတ်နေသည့်ကောင်လေးဟာ…

“ကျွန်တော် စံနစ်ပါခင်ဗျာ”

ခါးညွတ်ခေါင်းငုံ့ပြီး ပြောပုံကို စိန်စိန်က စေ့စေ့ကြည့်သည်။ အငွေက ပြတ်ထွက်တော့မတတ် မျက်နှာကြောကို တင်းပစ်သည်။

“တစ်နေ့ညကပဲ ဟိုဘက်ခြံကိုပြောင်းလာတာပါ”

“မင်း…လာရင်းကိစ္စက”

“မိတ်ဖြစ်အောင်ဖြစ် ပါတီပွဲတက်ဖို့လာဖိတ်တာပါ ခင်ဗျာ”

စံနစ်က တရိုတသေပြောသည်။ ဒီလမ်းထဲကို ကိုယ်ကအခုမှရောက်သည့်လူသစ်မို့ မိတ်ဖွဲ့ချင်တာလည်းပါသည်။ ဖိတ်ခဲ့သမျှအိမ်တိုင်းဟာ သူတို့အုပ်စုကိုတွေ့တာနှင့် တံခါးဖွင့်ကြိုဆိုခဲ့တာချည်းပင်။ တလှိုက်တလှဲ ခင်မင်မှုများထဲမှာ စံနစ်ရဲ့ပရိသတ်ဖြစ်ခါဆိုပြီး မိတ်ဆက်ခဲ့တာပင်။ အခုတော့ ဒီရတနာ့စံအိမ်က…

“တကယ်ပွကျတာပဲ၊ ပြောသမျှ ပြေပြစ်တာမရှိဘူး၊

www.burmeseclassic.com

စိုးမိုး၈၁၆ပ

www.burmeseclassic.com



မျက်နှာတွေကလည်း စကြာဝဠာကြီးတစ်ခုလုံးကို သူတို့ပိုင်တဲ့အတိုင်း မာန်မာနတွေ မချိုမဆန့်ရှက်ထားရတဲ့ အချိုးကွ၊ ကြည့်ဖိတ်နော် နစ်၊ ငါတို့ပြေးပေါက်မှားနေမယ်''

ကြားထားတဲ့သတင်းက အားတက်ဖွယ်ရာမရှိပါ။ ဒါပေမဲ့ စံနစ်ကတော့ ဆုံးဖြတ်ထားခဲ့တာ ဖိတ်ဖြစ်အောင် ဖိတ်မည်ဟူ၍သာ။ အခုတော့ ကြားထားသမျှ ယုံရမည်။ သို့ပေမဲ့ သင်ဆိုးပေမဲ့ ကျွန်ုပ်ကောင်းမည်ဟူသော ဆောင်ပုဒ်ကို လက်ကိုင်ထားသူမို့ သူ့ရှေ့က မမနှစ်ယောက်ကို အချိုသာဆုံးပြုံးပြရင်း…

''ဒီမှာ ဖိတ်စာပါခင်ဗျ''

''မပေးနဲ့၊ ငါတို့လာမှာမဟုတ်ဘူး''

''အာ…ဘာဖြစ်လို့လဲမသိဘူးခင်ဗျ၊ ဟို ကျွန်တော်တို့ကခြံချင်းကပ်ရက်ဆိုတော့လေ အကူအညီလိုတာရှိလည်း''

''မလိုပါဘူး''

စိန်ထုပ်က ဖြတ်အော်သည်။ ပြီးမှ ထိုကောင်လေးအား ခေါင်းဖျားမှ ခြေဖျားအထိ အကြည့်ကို နှစ်ပတ်လောက်ဖြတ်ပြေးပြီးမှ ဟွန့်ခနဲမဲ့လိုက်တာ ရှုံ့ချခြင်းများစွာနဲ့ပါ။ လက်ပိုက်ရင်း မေးဖျားကိုမော့ကာ…

''ငါတို့က ပါတီတက်ဖို့ ဝါသနာမပါဘူး''





''ပါတီတက်တဲ့ ဂျလေဗီအတန်းအစားထဲမှာ ငါတို့မပါဘူး''

တစ်ယောက်တစ်ခွန်း ဝိုင်းပြောတာမို့ စံနစ်စိတ်ထဲ ဆောင်းခနဲဖြစ်သွားသည်။ ကိုယ်က ယဉ်ကျေးစွာဖိတ်ခေါ်တာ၊ တုံ့ပြန်ပုံက အရိုင်းဆန်လွန်း၏။ စံနစ်က မဲ့ခနဲပြုံးကာ သင်ဆိုးလျှင် ကျွန်ုပ်မကောင်းပါဆိုသော ဆောင်ပုဒ်ကို ပြောင်းပစ်၏။ ထို့နောက် ဦးထုပ်လျှာကို နောက်ပြန်ဆွဲလှည့်ကာ…

''အာ…ဟုတ်တာပေါ့၊ ကျွန်တော်လူရွေးမှားသွားတယ်''

''အေး…သိရင် မင်းပြန်တော့''

''ကျွန်တော်ပြန်ဖို့ ပြောတာမဟုတ်ဘူးဗျ''

''ဘာ…မပြန်တော့ မင်းကဘာလုပ်ချင်သေးလို့လဲ၊ စကားက ဆုံးပြီလေ''

နှုတ်ခမ်းနီရဲရဲ၊ ပခုံးကျော်ဆံပင်အခွေအလိပ်တွေနှင့် ထက်ကက်လန်ရန်စွာသော အမျိုးသမီးအား စံနစ်က ရယ်ဟာဟာနှင့် ကြည့်ရင်း…

''စကားကဆုံးပေမယ့် ဖိတ်ဖို့လူကျန်သေးလို့''

''ဘယ်သူလဲ''

နှစ်ယောက်စလုံးက သံပြိုင်။



www.burmeseclassic.com

www.burmeseclassic.com



"ကြီးတော်တို့မလာလည်း ကိစ္စမရှိဘူး၊ သူလာရင်ပြီး ရော"

ကိုယ်တွေကိုကျော်ကြည့်ပြီး ပြီတီတီရပ်နဲ့ မေးဆတ်ပြော တဲ့ကောင်လေးကြောင့် အငွေတို့ညီအစ်မနှစ်ယောက် ခေါင်းပေါ် မိုးကြိုးဆယ်စင်း ပစ်ချလိုက်သလို တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး သတိရစွာ တစ်ပြိုင်တည်းအော်တာက

"မြား"

ဆိုပြီး ချာခနဲလှည့်ကြည့်သည်။ နှစ်ဖက်ခွဲစည်းထားတဲ့ ဆံပင်အဖျားတွေကို လက်နှစ်ဖက်က စုကိုင်ပြီး အူကြောင်ကြောင် ရပ်နဲ့ သူမတို့အား ပြန်ကြည့်နေသော မြား။ နှစ်ယောက်စလုံး ဖျတ်ခနဲ ကိုယ်ချင်းပူးပြီး မြားကိုကွယ်ရပ်ကာ...

"အိမ်ထဲဝင်စမ်း မြား၊ သွား"

"ဟိုမှာပေးနေတယ် စိန်စိန်ရဲ့"

"ဟင်"

မြားလက်ညှိုးထိုးရာကို ချာခနဲပြန်လှည့်တော့ ဟိုကောင် လေးက ဖိတ်စာကိုင်ရက်သားလေးနဲ့...

"ရပြီ၊ ကြီးတော်တို့မလာလည်း သူ့ကိုလွှတ်လိုက်ပေါ့၊ OK ဟိတ် မင်းနာမည်က မြားနော်"





"ဟုတ်"

"ဟဲ့...ဘာဟုတ်လဲ"

အငွေက ဒီဘက်လှည့်ဟောက်သည်။ စိန်စိန်က ခါးတစ်ဖက်ထောက်ကာ ထဘီမရင်း...

"ယော့...မင်းအခု ငါ့ခြံရှေ့က ထွက်သွားစမ်း၊ အခုသွား၊ မသွားရင် ငါရဲခေါ်မှာနော်၊ အလုံး ခြံတံခါးပိတ်"

ဆိုပြီး အမိန့်တွေ တရစပ်ချတော့ ကောင်လေးက ပခုံး တွန့်ကာပြုံးရင်း...

"သွားမှာပါ ကြီးတော်ရဲ့၊ ကြီးတော်ကို ကြောက်လို့ မဟုတ်ဘူးနော်၊ မြားဆိုတဲ့ကောင်မလေးကို မြင်ခွင့်ရလို့"

"ဟမ်...ဘာ"

ရီသွဲ့သွဲ့ပြောပုံက စိန်စိန့်ကို ဒေါ့ဒေါ့ခုန်စေသည်။ ကောင်လေးက ခြေဖျားထောက်ကာ နှစ်ချက်သုံးချက်ခုန်ရင်း...

"မြားရေ ကိုယ်သွားပြီ၊ ကိုယ်တို့ဆုံမယ် ပါတီမှာနော်"

အော်သည်။ အငွေက မြားနောက်ကနေ ပခုံးကိုတွန်းကာ အိမ်ကြီးဆီ အတင်းတွန်းလွှတ်သည်။ မြားက နောက်လှည့်တကြည့် ကြည့်။ နောက်ဆံတငင်ငင်နဲ့။ အဒေါ်တွေရဲ့ အဆူအပြောကြား ခေါင်းငုံ့ခံရင်းက စံနစ်မျက်နှာကို မြင်ယောင်နေတာ ထပ်တာလဲ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"သူတို့က ဒီဇာတိမဟုတ်ဘူး၊ မိုးကုတ်ကတဲ့၊ ကျောက်တွင်းတွေ မျိုးရိုးစဉ်ဆက်ပိုင်ဆိုင်တဲ့ သူဌေးတွေ"

"ဒါပဲလား"

ဝရန်တာကို နောက်ပြန်လက်ထောက်ရင်း စံနစ်က မေးတော့ ဂျေကြီးက မထိုးတတ်ထိုးတတ်နှင့် မျက်စောင်းရွယ်သည်။ ပြီးမှ…

"နာမည်တွေကိုက ဒေါ်စိန်ထုပ်၊ ဒေါ်ငွေထုပ်တဲ့၊ သူတို့မိဘတွေက အတိတ်နိမိတ်ကောက်ပြီး ပေးခဲ့တာတဲ့"

"ဂျေကြီး…မင်းပေးတဲ့ အင်ဖော်မေးရှင်းက မှားနေပြီ"

"မမှားပါဘူး…ဒါ စိန်ပွဲစား ဒေါ်မကြီးဆီက ငါ့မှာ





စိန်လက်စွပ်တစ်ကွင်းဝယ်ပြီး သတင်းနှိုက်ထားရတာ၊ ဟော့ကောင် အဲဒီလက်စွပ်ဖိုးက မင်းစာရင်းထဲ ငါထည့်မှာနော်၊ ငါ့ကောင်မလေးက စိန်မကြိုက်ဘူး"

"ဈေးကြီးလို့ မင်းမပေးတာပါ လဒရဲ့"

ဖိုးငွေက သူ့ဘေးနားလာရပ်ရင်း ဝင်ပြောသည်။ မှန်တာ အပြောခံရတော့ ဂျေကြီးက ရယ်ကျဲကျဲနှင့်…

"မင်းဝင်ရှုပ်မှ စကားစကပြတ်သွားပြီ"

သူက ရှုတည်တည်ပြောရင်းက…

"ငါသိချင်တာက မြားဆိုတဲ့ အရုပ်ကလေးအကြောင်း"

"ဟာ…လာမယ်လေကွာ၊ မင်းက ဆန္ဒတွေစောတာကိုး၊ ဟော့ကောင် သီချင်းမှာတောင် အင်ထရိုရှိတယ်၊ ပေးချင်တဲ့ မက်ဆေ့(ချ်)ကို ဒုန်းခနဲ ချပြလို့မရ"

"ကဲ…ဝေ့မနေနဲ့ကိုယ့်လူ လိုရင်းပြော"

ဘိုဘိုပါ ပါလာ၍ စကားဝိုင်းက ပိုအင်အားတောင့်သွားသည်။

"အဲဒီကောင်မလေးက မင်းနဲ့ဘဝတူပဲကွ"

"ငါနဲ့"

စံနစ်က သူ့ရင်ဘတ်သူ လက်မညွှန်မေးတော့ ဂျေကြီးက



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညိတ်သည်။

"အေး…မိဘမဲ့တဲ့၊ ဒေါ်စိန်ထုပ်တို့ရဲ့ အစ်မအကြီးဆုံး…

မွေးခဲ့တာတဲ့၊ သူ့နာမည်က ပတ္တမြားတဲ့"

"ပတ္တမြား"

တိုးတိုးလေးရွတ်ရုံနဲ့ ရင်တစ်ခွင်လုံး နူးညံ့သွားတာ ဘာ…

ကြောင့်မှန်းမသိ။ သူ့ကို ငေးကြောင်ကြောင်လေး ကြည့်နေသော…

မျက်ဝန်းတစ်စုံသည် ရင်ဘတ်၏ အနက်ရှိုင်းဆုံးတစ်နေရာ၌ ငြိတွယ်…

သွားတာ သေချာခဲ့ပြီ။ အဲဒီမျက်ဝန်းထဲမှာ သူ့မနက်ဖြန်တွေရှိသည်…

သူ့မျှော်လင့်ချက်တွေရှိသည်ဆိုလျှင်…

"ပတ္တမြားက UFL ကိုရီးယားဘာသာစကား တက်…

တာကွ၊ စက္ကန်းရီးယား၊ လက်ရှိ ရည်းစားမရှိ၊ အဒေါ်နှစ်ယောက်…

သိပ်ကျပ်တော့"

"သူတို့ပုံစံက ငါ့ကိုအထာမကျသလိုပဲ"

"အထာမကျတာမဟုတ်ဘူး သူငယ်ချင်း၊ မင်းကို လုံး…

မကြည်တာ"

ပခုံးကိုလာဖက်ပြီး ဘိုဘိုကပြောသည်။ သူက ရှုးစမ်းခြင်း…

တွေနဲ့ ဘိုဘိုအား ငဲ့ကြည့်တော့

"မင်း…ဖိတ်စာသွားပို့တဲ့နေ့ကို ပြန်တွေးကြည့်လေ၊ လုံး…





…ဆုန်ပေါက်နေတာများ မင်းကို ဟန်ဆောင်ပြီး ပြုံးပြဖို့တောင်

သေမလောက်ကြောက်နေတာ"

"အဲဒါ ဘာကြောင့်လဲ"

"သူတို့မှာ ယောကျ်ားတွေကိုမုန်းတဲ့ အစွဲရှိတယ်တဲ့"

ဂျေကြီးက ဝင်ပြောပြီးမှ လက်ဝါးဖြန့်ကာ ပခုံးစုံတွန့်ရင်း…

"မမကြီးရဲ့သတင်း"

နောက်ဆက်တွဲစကားကို ပြောသည်။

"ထင်ပါတယ်၊ အဲဒါကြောင့် အပျိုကြီးတွေဖြစ်နေတာ၊

ငါ အရင် ဒီအိမ်ကိုပစ္စည်းတွေနဲ့ ပြောင်းလာတုံးက ကက်ကက်လန်

အောင်ရန်တွေ့တာက ပတ္တမြားကွ၊ ပြီးတော့ သူတို့ကားကိုလာရွှေ့

တဲ့ ဒရိုင်ဘာက အဲဒီခြံစောင့်မိန်းမ ဝတုတ်ကြီး၊ အဲဒီကတည်းက

ဒီအိမ်က နော်မယ်မဟုတ်ဘူးလို့ မင်းကို ငါပြောခဲ့သားပဲ"

ဖိုးငွေက တွေးဆစွာပြောရင်းက သူ့ကို တည့်တည့်လာ

စိုက်ကြည့်ရင်း…

"နေပါဦး…မင်းက ကောက်ကာငင်ကာကြီး ဘာလို့

ဒီလိုစုံစမ်းနိုင်းရတာလဲ"

"အေး…ငါလည်း အဲဒါမေးမလို့၊ ဒီကောင် ဟိုဘွား

တော်ကြီးတွေကို တင်းပြီးတော့ ကောင်မလေးကို"



www.burmeseclassic.com

www.burmeseclassic.com



ဘိုဘိုက စူးစမ်းတော့ ဂျေကြီးက ပျာပျာသလဲနှင့်…

"ဟော့ကောင်…အဲဒါတော့မဖြစ်ဘူးနော်၊ ဟိုက အဖြူထည်လေး၊ ပြီးတော့ မင်းက သာမန်လူမဟုတ်ဘူး၊ တကယ် (celebrity)နာမည်ထွက်ရင် မင်းပဲအမိကထိမှာ၊ ဘာမှမလုပ်ဘဲနဲ့ တောင် မင်းက အသည်းခွဲသမားဆိုပြီး နာမည်ကြီးနေတာ"

စံနစ်က ဝေဖန်ချက်တွေကို မဖြေရှင်းဘဲ ဟိုဘက်အိမ်ဆီ လှမ်းမျှော်ကြည့်သည်။ အနီရောင်အုတ်ကြွပ်မိုးထားသော အဲဒီအိမ် ထဲတွင် သူ့ရဲ့ကောင်မလေးရှိသည်။ မင်း အခုဘာလုပ်နေမလဲ ကောင်မလေးရယ်။ ကိုရီးယားကားကြည့်ပြီး ခံစားနေမလား၊ ဘာကြောင့် ငလျင်တွေဖြစ်တာလဲဆိုပြီး တွေးနေမလား။ ဒါမှ မဟုတ် လစ်ဗျားမှာ ဘယ်သူအနိုင်ရမလဲလို့ မှန်းဆကြည့်နေ မလား။ မင်းအတွေးတစိတ်တစ်ပိုင်းထဲမှာ ကိုယ့်ကို ဖျတ်ခနဲ လောက် သတိရမယ်ဆိုရင် ကိုယ်ကျေနပ်ပြီ။

"ဟာ…ဒီကောင်ကွိုင်ပဲ"

နားနားကပ်အော်သံကြောင့် သူ့အတွေးကမ္ဘာထဲ သူ့ပုံ ဝင်မွှေခံရသလို ဖြန်းခနဲဒိုင်းခနဲ ဖျက်ဆီးသွားသည်။

"ငါတို့မေးနေတာ မင်းအာရုံမလာဘူးလား နှစ်"

"ငါအာရုံလာနေတာ အချစ်အကြောင်း"





"ဟော့ကောင်…အဲဒါ နောက်စီးရီးတိုင်တယ်(လ်)လား ရိုးတယ်ကွ"

ခေါင်းခါပြီး ဖိုးငွေကပြင်းတော့ နှစ်က လက်မောင်းကို ပိတ်ထိုးသည်။ ပြီးမှ သူ့ရင်ဘတ်သူပုတ်ပြရင်း…

"နှလုံးသားရေးရာမှာ စီးပွားရေးရာတွေမရောနဲ့"

"ဟော့ကောင်…ဒါဆို မင်း ဟိုကောင်မလေးကို တကယ်"

"အေး…တကယ်"

နှစ်က ခေါင်းညိတ်ဝန်ခံတော့…

"မင်းဟာက မမြန်လွန်းဘူးလား၊ တွေ့တာမှ တစ်ခါ တည်းရှိသေးတာကို"

"အချစ်မှာ ချစ်ဖို့ပဲလိုတာပါ ဂျေကြီးရ၊ အချစ်မှာ အချိန် မရှိဘူး"

"အဟား…မင်းကအတည်ကြီးပဲ"

"အေး…ငါက မင်းအတည်ဆို ကူညီပြီးသားပဲ၊ ဒါပေမဲ့ ကောင်မလေးဘက်က"

"အဲဒါကို မပူစမ်းပါနဲ့ဖိုးငွေရာ ဒီကောင်က ကံဇာတာ နှန်းလာဘ်သိပ်ကောင်းတာ၊ မိန်းကလေးတွေက ဒီကောင့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



ဆို ရှာရှန့်ရှာနန်းရှစ်ဆယ်ပဲ၊ ပြီးမှ ဒီကောင်မပါလို့ အတွင်းခြေ သီချင်းတွေ ဆိုသွားရတာ''

ဘိုဘိုပြောတာတော့ ဟုတ်သည်။ စံနှစ်က ငယ်ကတည်းက မိဘမဲ့ခဲ့တာမို့ ငယ်သူငယ်ချင်းတွေနဲ့သာ အဖော်လုပ်ရင်း ဝါသနာပါသည့် လမ်းကြောင်းပေါ်မှာ အောင်မြင်ခဲ့တာမျိုး။ အခြေအနေအမျိုးမျိုးကြောင့် နီးစပ်ခဲ့ရသည့် မိန်းကလေးတွေက ရေတွက်လို့ပင်မနိုင်အောင် စံနှစ်ဘက်က ရိုးသားခဲ့ပေမယ့် တခြားတစ်ဖက်က စိတ်ကူးတွေနဲ့ ရွက်လွှင့်ခဲ့တာလည်း ကြုံရဖူးသည်။ ထင်သလိုဖြစ်မလာတဲ့အခါ သူတို့သတင်းလွှင့်ကြတာက စံနှစ်ဟာ အသည်းခွဲသမားတဲ့။ 'သူများအသည်းခွဲဖို့မပြောနဲ့ ကိုယ့်ကိုယ်ကို အသည်းမကွဲအောင် ကာကွယ်နေရသည့် စံနှစ်မှာ သူမကိုတွေ့မှ အသည်းခွဲခဲ့ရတာဆိုလျှင်···

''ဟော့ကောင်တွေ ဂုဏ်ပြုလိုက်ရအောင်၊ ငါတို့ကောင်ကြီးရဲ့နှလုံးသား သက်ဝင်လှုပ်ရှားလာတဲ့အတွက်''

ဘယ်အချိန်က ယူလာမှန်းမသိသည့် ဆန်းကစ်ပူးတွေကို ဖိုးငွေက လိုက်ပေးရင်း သူ့ပူးကိုမြှောက်ကာ···

''ချီးယား(စ်)''

လို့အော်သည်။ သူအပါအဝင် ကျန်ကောင်တွေက





ဆံထဲမှာ ပူးတွေကို မြှောက်တိုက်ရင်းက···

''မင်းဂုဏ်ပြုပွဲက ဆန်းကစ်ပဲလား''

''အေးလေ···တိုက်ဂါးလေးဘာလေးဆို ဟုတ်တုတ်ဘုတ်''

''မပူပါနဲ့ အပေါင်းအသင်းတို့၊ လူစုံအောင်စုပြီး ဒီည ချွေကြမယ်၊ ကလပ်ကို''

သူကပြောတော့ ကျန်သုံးယောက်က ဟေးခနဲထအော်သည်။ စံနှစ်က ချက်ချင်း နှုတ်ခမ်းပေါ်လက်ညှိုးတစ်ချောင်းဘန့်လန့်ဖြတ်တင်ကာ ရှူးခနဲလုပ်တော့ အားလုံးရဲ့အသံတွေ တိခနဲရပ်သွားသည်။ ထို့နောက် သူ့မျက်နှာနား ခေါင်းတွေစုပြုံတိုးလာတာ···

''ဘာဖြစ်လို့လဲ ဟော့ကောင်''

''ဇကန္တ ဒီကောင် ဘွားတော်တွေ အမြင်ကြည်လင်အောင် အပိုးကျိုးပြတော့မယ်နဲ့တူတယ်''

''နိုး···နိုး မဟုတ်ပါဘူး၊ မှားပါတယ်''

စံနှစ်က ခေါင်းခါရင်း သူ့ဘယ်ရင်အုံကိုပုတ်ပြကာ

''ငါ့နှလုံးသားထဲက ကောင်မလေး လန့်သွားမှာစိုးလို့''

''ဟာ···ဒီကောင်''



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဝိုဗြိ"

"ဟော့ကောင်တွေ အဲဒါ မမြင်ဘူးမူးမြစ်ထင်၊ မချစ်ဘူး တော့"

"အရူးစိတ်ဝင်"

ဂျေကြီး အော်ပေးတာကို ကျန်နှစ်ယောက်က အတိုင် အဖောက်ညီညီ ဝိုင်းအော်သည့်ကြားမှာ သူကျေနပ်စွာ ရယ်သော အသံက အကျယ်ဆုံး။ ဘယ်သူတွေ ဘယ်လိုပြောပြော မင်းနဲ့ ထပ်ဆုံပါရစေ။

အတားအဆီးတွေ ဘယ်လောက်ရှိရှိ။

◆ ◆ ◆



## အခန်း (၉)

"ဟယ်…တကယ်ကြီး"

နှစ်ယောက်စလုံး ရင်ဘတ်ဖိပြီး ပြိုင်တူဝိုင်းမေးတာကို မြားက ခေါင်းညိတ်ပြသည်။ မဠူက မြားကို မယုံသလိုစေ့စေ့ ကြည့်ရင်း…

"နင်…နင်ပြောတာ စံနစ်ပါနော်၊ Hip Hop အဆိုတော် စံနစ်နော်"

"ဟုတ်ပါတယ်ဆို မဠူရယ်၊ နင်လုပ်တာနဲ့ လူတွေသိ ကုန်တော့မယ်"

မြားက တိုးတိုးလေးရွတ်ရင်း စာအုပ်နဲ့ဖိထားသည့် စာရွက် ခွန်ရဲ့ အနားစလေးကို အသာငေးကြည့်နေမိသည်။ သီသီက



www.burmeseclassic.com

www.burmeseclassic.com



ထိုစာအုပ်ကို အသာလှပ်ကြည့်ရင်း…

“ဒါဆို ပါတီပွဲ နင်မလာလို့ သူက စွန်လွှတ်ပြီး အကြောင်းရင်းမေးတာပေါ့ ဟုတ်လား”

စားပွဲခုံပေါ် တံတောင်ဆစ်ထောက်ကာ လက်ဖဝါးထဲ မေးဖျားထည့်ရင်း မြားက ခေါင်းညိတ်ပြသည်။ အဲဒီညက အကြောင်း ပြန်တွေးလျှင် နှလုံးသွေးတွေ ပူနွေးစွာလည်ပတ်နေဆဲ။ လက်ဖျားခြေဖျားတွေက အေးစက်ထုံကျင်သွားစမြဲ။ ထိုညက သူဖိတ်ကြားခဲ့သည့်အတိုင်း ညနေခြောက်နာရီလောက်ကတည်းက သူတို့ခြံထဲ ရောင်စုံမီးပွင့်တွေ လင်းလက်နေခဲ့သည်။ ရောမ ဆောက်(စ်)အကြီးကြီးတွေဆီက ထွက်သော မြူးကြွသည့် တီးလုံး သံများသည် လေအဟုန်မှာ ရတနာစံအိမ်ကြီးဘက်ဆီ ရောက်ရောက် လာတာ ကြားနေရ၏။ သွားခွင့်မရှိတောင် ဝရန်တာက ရပ်ငေးရ လျှင် မြားအတွက် စိတ်သက်သာရာ ရဦးမည်။ အခုတော့ စဉ်ဆက် မပြတ် ရူးစမ်းနေသော အဒေါ်တွေရဲ့ အကြည့်ထဲမှာ မြားက အနေကျပ်၊ အသက်ရှူရခက်နှင့် ထိုညက မြားတို့ အိပ်ရာဝင်သည် အထိ သူတို့ဘက်က ပါတီပွဲက မသိမ်းသေး။ စံနစ်ပြောင်းလာ ကတည်းက သူမအခန်း၌ စာရင်းတွေလာလုပ်သော အဒေါ်တွေက လည်း ညတိုင်း သန်းခေါင်ကျော်မှ ပြန်ထွက်လေ့ရှိတာကြောင့်





မြားမှာ သူမတို့အတွက်ကို မစောင့်နိုင်ဘဲ အိပ်ပျော်သွားရတာချည်း ပင်။ ဘယ်လောက်အိပ်ပျော်သွားလဲမသိ မြား ဖျတ်ခနဲနိုးတော့ နောက်နှစ်နာရီ။ တစ်ခန်းလုံး တိတ်ဆိတ်ပြီး မှောင်မည်းနေတာမို့ မြားက ကိုယ်ကို တစ်ဖက်စောင်းလှည့်ရင်း ပြန်အိပ်မယ်အပြင်…

“ဒုတ်…ဒုတ်”

နှင့် မှန်ပြတင်းကို တစ်ခုခုက လာတိုးတိုက်နေတဲ့အသံ။ အိပ်ချင်မူးတူးနဲ့မို့ အိပ်ရာကမထဘဲ သေချာအောင် နားစွင့်ကြည့် တော့လည်း ကြားရသောအသံက ပျောက်မသွား။

“အင်…ဘာတွေလဲမသိဘူး၊ တဒုတ်ဒုတ်နဲ့ အိပ်ရေး ကိုပျက်တယ်”

ထရပ်ရင်း ဆံပင်အခွေတွေကို ပခုံးတစ်ဖက်ပေါ် ဆွဲယူချ တာ အသံထွက်နေသော မှန်ပြတင်းဆီ လိုက်ကာစအရင်ဖယ်ကြည့် တော့…

“ဟင်”

အာမေဋ္ဌိတ်က ထူးထူးခြားခြား။ ထူးခြားမှာပေါ့ သူမရဲ့ ပြတင်းတံခါးမှ ပန်းနုရောင်အမြီးဖွားနဲ့ စွန်တစ်စင်း။ ချက်ချင်း ပြတင်းပေါက်ကို ဖွင့်ပစ်တော့ ဘယ်ကရောက်လာမှန်းမသိသည့် ဆေးဆာပွိုင့်မီးနီလေးက စွန်ရဲ့အမြီးဖွားဆီ တည့်မတ်စွာချိန်ပြထား



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒီတော့မှ အကြည့်က အမြီးဖွားမှာရေးထားသော စာတန်းကို ဖတ်မိသွားတာ။

"ဘာလို့မလာတာလဲ၊ ကိုယ်မျှော်နေတာ"

တဲ့။ မြားက အသိစိတ်လွတ်သွားသူလို မှင်အနက်နဲ့ ရေးထားသည့် လက်ရေးရှည်စောင်းစောင်းလေးတွေကို ဖွဖွတို့ထိရင်း ပြုံးမိသည်။

"ဟဲ့…သတိလည်းထားဦး"

သီသီက ပခုံးချင်းတိုက်ပြီး ပြော၏။ ဒီတော့မှ မြားစိတ်က ပစ္စုပ္ပန်ဆီ တစ်ပတ်ပြန်လည်လာ၏။ မဉ္ဇူက ထိုစာတန်းကို ကြည့်ပြီး…

"ဒါ စံနစ်ရေးတယ်လို့ နင်ယုံသလား"

ဇဝေဇဝါနှင့် မြားကငဲ့ကြည့်တာ မဉ္ဇူမျက်နှာဆီ။ မဉ္ဇူက မျက်မှောင်ကြုတ်ကာ ခေါင်းညိတ်ရင်း…

"ငါတို့စဉ်းစားထားဖို့ ပြောတာမြား၊ စံနစ်သာ ငါတို့မျှော်လင့်ထားသလို ဖြစ်လာခဲ့ရင် နင့်ဘက်မှာ ငါရော သီသီပါရှိမယ်"

"နင် ဆိုလိုတာက"

"သူက နာမည်ကြီး celebrity လေ၊ ဒါဟာ သူ့သီချင်းတွေအတွက် ကုန်ကြမ်းရှာတာလည်း ဖြစ်နိုင်တာပဲ၊ ဒါမှမဟုတ်





သူ့သူငယ်ချင်းတွေထဲက တစ်ယောက်ယောက်အတွက် ကြိုးစားပေးတာမျိုးရော"

မြား ငြိမ်ကျသွားသည်။ ခဏတွေ့လိုက်ရပေမယ့် နှလုံးသားထဲ စွဲထင်နေသည့် သူ့မျက်ဝန်းတွေကို ပုံဖော်တော့ ကိုယ့်ရင်ခုန်သံတွေက သေချာကြောင်း သက်သေပြုနေ၏။ သို့ပေမဲ့ မြားက သက်ပြင်းရှိုက်ရင်း သီသီထံ အကြံဉာဏ်တောင်းသလို ငဲ့ကြည့်သည်။ သီသီက ခေါင်းညိတ်ပြရင်း…

"မဉ္ဇူပြောတာ ငါလက်ခံတယ် မြား၊ ပြီးတော့ စံနစ်က အချစ်ရေးကိစ္စမှာ ကျွန်းမခံဖူးတဲ့သူ"

"အဲဒီလိုဆို ငါကဘာလုပ်ရမှာလဲ သီသီရဲ့"

"ဘာမှမလုပ်နဲ့၊ နင် ဒီတိုင်းပဲနေ"

မဉ္ဇူက ဒီဘက်က အကြံပေးတော့ မြားခေါင်းလေး ဒီဘက်ပြန်လည်လာရသည်။

"ဒီတိုင်းနေဆိုတာက နင်ဘာမှမလှုပ်ရှားနဲ့၊ သူ့ဘက်က စစ်မှန်ရင် သူမရအရ နင့်ကိုဆက်သွယ်ဖို့ ကြိုးစားမှာပဲ၊ ငါတို့ အခုလိုပြောရတာ နင့်အတွက်ပါမြား၊ တကယ်လို့ သူ နင့်ကို ကစားတာမျိုးဆိုရင် ထိရှရမှာ နင်လေ"

"ဟုတ်တယ် မြား၊ သူက အခုချိန်မှာ ပိုက်ကြီးတွေနင်းဆိုနိုင်တောင်မဟုတ်ဘူး၊ ပိုတိုင်းမရအရယူချင်တဲ့ နင်းဆိုခြ၊



www.burmeseclassic.com

www.burmeseclassic.com



အဲ အဲ မဍ္ဍူရေ လှုပ်ရှားပြီဟဲ့၊ လှုပ်ရှားပြီ”

ကော်ရစ်တာဘက် မျက်နှာမူပြီး ထိုင်နေတဲ့ သီသီက ထအော်သည်။ မြားနဲ့မဍ္ဍူက အပြုးအပြဲနှင့်…

“ဘာလှုပ်ရှားတာလဲ”

“နှင်းဆီခြံကြီး၊ အဲ…ဟုတ်ပေါင်…ဟို…စံနှစ်”

“ဘာ”

ပြိုင်တူ ခေါင်းတွေ ချာခနဲလှည့်ကြည့်တော့ မြားရင်ထဲ ဒိန်းခနဲထိန်းခနဲနှင့် မီးရှူးတွေ ပစ်ဖောက်ခံရသလို ရင်ဘတ်ဆီမှာ မီးရောင်စုံ ဝင်းခနဲလင်းခနဲဖြစ်သွားကာ ရှိုးရာမပျက်ဘဲ တစ်ကိုယ်လုံး အေးစက်လာရ၏။ မြားတို့အတန်းရှေ့မှာ စံနှစ်နှင့် အပေါင်းအပါတစ်စု။ အဖြူရောင် တီရှပ်ပေါ် ချိုင်းပြတ်ခါးတို အင်္ကျီက အနက်ရောင်နှင့်။ ထုံးစံအတိုင်း ဦးထုပ်ကို တစောင်းလျှာလှည့်ထားသော စံနှစ်ရဲ့အကြည့်က မြားထံမှာ တန်းတန်းမတ်မတ်။ ကိုယ်တိုင်ပြန်ကြားရအောင် ကျယ်လောင်သော ရင်ခုန်သံ မြန်ဆန်ပုံက ကမ္ဘာကို တစ်ပတ်မက ပတ်ပြီးပြီ။ တုန်ယင်စွာ မျက်လွှာချရင်း ဟင့်အင်း မကြည့်ပါနဲ့လို့ ရင်မောစွာတောင်းဆိုရင်း ထိုင်နေရက်နဲ့ မခိုင်ချင်တော့ဘဲ ပြိုလဲချင်တဲ့ မြားအဖြစ်ဟာ။

◆ ◆ ◆

ဝိုး : မိုး : ၈၇၆၀

## အခန်း (၁၀)

“ဟယ်…အဲဒါ စံနှစ်ဟဲ့”

“ငါတို့ကိုကြည့်နေတာ မဟုတ်လား”

“ဟဲ့…ထူးဆန်းတယ်နော်၊ UFL ထဲရောက်လာတာ”

“သူ့အသိရှိလို့နေမှာပေါ့”

“လက်ပြလိုက်ရင် ကောင်းမလား”

“အေး…နင်ကတွေးတုံး ဟိုမှာ ဖက်(စ်)ရီးယားက ချာတိတ်မတွေ သွားပြီးလက်မှတ်ထိုးခိုင်းနေပြီ”

“အဲဒီကောင်မလေးတွေက သိပ်ပြီးလက်ရဲဇက်ရဲရှိတာဟဲ့၊ အရွယ်ငယ်သလောက် ဖလန်းဖလန်းထတဲ့ဟာတွေ”

အတန်းထဲမှာ တခြားလူတွေ အုန်းအုန်းကြွက်ကြွက် ဖြစ်နေ

ဝိုး : မိုး : ၈၇၆၀

www.burmeseclassic.com

www.burmeseclassic.com



သလောက် တိတ်ဆိတ်ပြီး ငြိမ်ကျနေတာ မြားတို့သုံးယောက်ထဲ။ ဟိုနှစ်ယောက်ကတော့ ဒီဖြစ်ရပ်အပေါ် ရှော့(ခ်)ရပြီး ငြိမ်ကျသွား ပေမဲ့ မြားကတော့ ရှုည့်စွာသောင်းကျန်းနေတဲ့ ကိုယ့်ရင်ခုန်သံနဲ့ ကိုယ် ရန်ဖြစ်နေရတုံးမို့လို့။

"ဘယ့်နှယ်လုပ်မလဲ မြား"

"အင်···ဘာကိုလဲ"

ရင်ခုန်တာကြောင့် မြားအသံရဲ့ အဖျားခတ်က တုန်ချင် ချင်။

"သူ့အနား လူတွေဝိုင်းသွားပြီ၊ သူဘယ်သူ့ဆီလာတယ်၊ ဘာလာလုပ်တယ်ဆိုတာတောင် ငါတို့အကဲခတ်လို့မရတော့ဘူး"

မဥ္ဇူစကား မှန်သည်။ တစ်ခဏချင်း ကော်ရစ်တာမှာ ကောင်လေးတွေရော ကောင်မလေးတွေပါ ရုတ်ရုတ်သည်းသည်း အုတ်အုတ်ခဲခဲမို့ သူ့အရိပ်လေးကိုတောင် တစ်စွန်းတစ်စပဲ မြင်ရ တော့တာ။ ဒါတောင် တစ်ချက်တစ်ချက် လှစ်ဟသွားတဲ့ လူတွေရဲ့ ကြားကနေ စံနစ် လှမ်းကြည့်တာ တွေ့ရတော့လည်း မြားက မျက်လွှာချပစ်တာ အကြိမ်ကြိမ်။ ဒါပေမဲ့ ထပ်မကြည့်ဘဲလည်း မနေနိုင်ပြန်။ သူ့ဘေးက အပေါင်းအသင်းတွေက သူ့နားနားကပ် ပြီး ဘာတွေပြောသလဲမသိ စံနစ်က အော်တိုထိုးပေးရင်း မြားကို





ကြည့်ပြီး ပြုံးပြတော့ ခံရခက်တဲ့ရင်ခုန်သံဟာ ဒိန်းခနဲ ဆောင့်ခုန် ပြန်၏။

"ဘယ်လိုဆက်လုပ်မှာလဲ နစ်"

"အင်း···သူကျောင်းဆင်းချိန်အထိ စောင့်ဖို့က ဖျက်ရ မှာပဲ၊ ဒီလောက်လူတွေအုံနေတာ"

ဂျေကြီးနဲ့ ဖိုးငွေက သူ့ဘေးမှာ ခြံရံရပ်ရင်းပြောသည်။ စ်ကတော့ စကားမပြန်အား သူ့ရှေ့ပြုံကျလာတဲ့ ပရိသတ်တွေ အား မေးသမျှဖြေ၊ ပြုံးပြနှုတ်ဆက်ရင်း လက်မှတ်ပါထိုးပေးနေရ တော့ လက်ရောပါးစပ်ပါ မအားတဲ့အဖြစ်။ ထိုအခိုက် ဘေးထွက် ပ်နေသော ဘိုဘိုက သူတို့အနားသို့ရောက်လာပြီး···

"မင်းတော့မြွေဖမ်းပြီ နစ်"

"ဘာဖြစ်လို့လဲ"

"ဂျာနယ်လစ်လေ၊ ခင်ဝါဝါ၊ သူက ဂျပန်ဘာသာမှာ က်(စ်)ရီးယားကွ၊ အခု ကင်မရာတကားကားနဲ့လာနေပြီ၊ မင်းကို တော့မှာ၊ လစ်မလားဟော့ကောင်၊ လူအုပ်နဲ့ကွယ်ပြီးလေ"

"မလစ်ဘူး၊ ငါ သူ့အတွက် ဘာမက်ဆေ့(ချ်)မှ မပေးရ သေးတော့"

"မင်းကိုမေးရင် အဖြေက အဆင်သင့်မရှိဘဲနဲ့"



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်တကြီး ဂျေကြီးကဝင်ပြောသည်။ ဖိုးငွေက လှအုံ
ကိုကျော်အောင် လည်ပင်းရှည်ကြည့်ရင်း…

"အေးလေ…အဲဒီဂျာနယ်လစ်က မေးသမျှ ပေါက်က
တွေချည်းပဲ၊ စစ်စစ်ပေါက်ပေါက်ကလည်း မေးပါဘီသနဲ့"

"ရတယ်"

"အေး…ကြည့်လုပ် အနားရောက်နေပြီ"

ဘိုဘိုက တံတောင်နှင့်တို့ပြီး သတိပေးစဉ်မှာပဲ လှအုံ
ကို အတင်းကာရော ဖြဲရဲပြီး ဝင်လာတဲ့ ခင်ဝါဝါ။ သူမမျက်နှ
ကြီးကို ပြုံးပြဲနေအောင်ပြရင်း…

"ဟဲလို စံနစ်"

"အဟဲ…မဝါ"

"ကြည့်စမ်း စံနစ်က ဒီလာမယ်ဆိုတာ ကြိုမပြောဘူး
တို့ဂျာနယ်အတွက် တစ်မိနစ်စာ အင်တာဗျူးဖို့ ပြောထားတယ်လေ
ဒီမှာ လှကိုပြေးလာလိုက်ရတာ လှကို ဟစ်ဟစ်ဖြစ်ရောပဲ"

"ဟင်…ဘာဟစ်ဟစ်လဲ"

အနားဒွှဲရှိသော ဖိုးငွေက အလန့်တကြား ဝင်မေးသည်
မမေးလို့ဖြစ်မလား သူ့ဟစ်ဟစ်က အသည်းယားစရာကြီးကို။

"ဪ…ဘိုဘိုကလည်း သိပ်နောက်တာပဲ





သူ့တစ်ကိုယ်လုံးမှာ ဟစ်ဟစ်ဖြစ်စရာဆိုလို့ ဒီပါးစပ်ပဲရှိတာကို၊
ဓာလွန်းလို့ မောလွန်းလို့၊ အကြည်တော်စာအုပ်ဖတ်ပြီး ပါးစပ်ထဲ
နှဲသွားတာ"

"ဟင်…UFL မှာ အကြည်တော်လာဖတ်တယ်"

ဘိုဘိုက ဝင်ကျုပ်သည်။ ခင်ဝါဝါက မခို့တရို့ပြုံးရင်း

"အဟင်း…ဖတ်တာပေါ့၊ အကြည်တော်ကို တို့က
အသည်းစွဲ၊ သူနဲ့တို့က ဘဝတူလေ"

"မတူပါဘူး၊ ဟိုက ယောက်ျား၊ ခင်ဗျားကမိန်းမကို"

စံနစ်ကပါ ရှပ်တည်နဲ့ဝင်ပြောတော့ ဒင်းက တဟိဟိရယ်
တာ လှကိုကန္တဲ့ကလျှနဲ့ လာရိုက်သေး။ ပြီးမှ…

"နစ်က သိပ်နောက်တာပဲ၊ တကယ် သူလည်းလူပျိုကြီး
တို့လည်းအပျိုကြီး၊ အဟင်း အဲဒါကို တူတယ်ပြောတာ၊ ပြီးတော့
အလုပ်အကိုင်ချင်းကလည်း အတူတူပဲလေ၊ နီးစပ်ပုံချင်းပြောပါ
တယ်၊ အဟိ…ဟိ"

သူ့ဟာသူပြောပြီး သူ့ဟာသူပွဲကျနေတဲ့သူမျိုး။ သူ့လို
ဂျာနယ်လစ်က မီဒီယာလောကမှာရှားသည်။ ဘယ်မဂ္ဂဇင်းတိုက်၊
ဘယ်ဂျာနယ်တိုက်ကမှ မခေါ်၍ ကိုယ်ပိုင်ဂျာနယ်တစ်တိုက်
ထူထောင်သည်။ ပြီးတော့ သူပဲသတင်းထောက်၊ သူပဲ အယ်ဒီတာ၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သူ့ဂျာနယ်က အောင်မြင်၏။ တခြားဂျာနယ်လစ်တွေလို ဖိတ်စာရမှ ပွဲတက်တာမျိုး စနစ်တကျချိန်းပြီးမှ အင်တာဗျူးတာမျိုး မဟုတ်။ သူက တွေ့ရင်တွေ့တဲ့နေရာမှာ အနုပညာရှင်တွေကို မိရာဆွဲပြီး ဗျူးသည်။ (အင်္ကျီဆွဲတာပြောပါတယ်) နဂိုကတည်းက အနုပညာသမားတွေကလည်း အားနာတဲ့စိတ်အခံရှိတော့ မေးသမျှ တိုတိုဖြေပေးတာများ၏။ ထိုအခါ သူ့ဂျာနယ်ကို အမည်တပ်တော့ ဝမ်းမိနစ်တဲ့လေ။ တစ်ပတ်တစ်ပတ် ပလူပျံအောင်ထွက်သည့် သူ့ဂျာနယ်ထဲ တစ်မိနစ်တာမေးခွန်းတွေနဲ့ မင်းသားမင်းသမီး၊ အဆို တော်၊ စာရေးဆရာက အစုံဆိုတော့ သူ့ဂျာနယ် ရောင်းကောင်းတာ မဆန်းပြီ။ အခုလည်း အော်တိုထိုးခိုင်းနေသည့် သူတွေကြား အတင်း တိုးဝှေ့ပြီး…

"ခဏလေးနော်…မမဗျူးချင်လို့၊ တစ်မိနစ်ပဲ ပလိ(စ်)"

ဟုဆိုကာ သူ့လည်ပင်း၌ ဆွဲထားသော MP4က ရီကော် ဒင်းခလုတ်ကို နှိပ်ပြီး သူ့ကိုဗျူးတော့၏။

"စံနစ်ရဲ့ လတ်တလောလှုပ်ရှားမှု"

"အချစ်ကိုလာရှာတာ"

နစ်က လှမ်းမြင်နေရသော အဝါရောင်လည်တော လက်ပြတ်အင်္ကျီလေးနှင့် ဆံပင်အလိပ်လေးတွေကို မြင့်မြင့်လေး





စုစည်းထားတဲ့ မြားကို လှမ်းကြည့်ကာ အေးအေးဆေးဆေးပြော သည်။ ခင်ဝါဝါကို ကျေးဇူးတင်ရမည်။ သူမလုပ်၍ သူ့ရှေ့က မြင်ကွင်း ရှင်းသွားသည်လေ။ ခင်ဝါဝါကတော့ နစ်အဖြေကို ကြောင်တက်တက်ဖြစ်သွားပြီး…

"ဟင်…ဘာ…ဘာဖြေတယ်၊ နစ် အချစ်လာရှာတာ ဟုတ်လား"

"သြော်…ဟုတ်တယ်ဗျ၊ အဲဒါ UFL ထဲမှာ ဒီကောင် ရိုက်မယ့် ဗီဒီယိုကား"

ဂျေကြီးက အသည်းအသန်ဝင်ဖြေရင်း သူနံကြားကို တံတောင်နဲ့တွတ်သည်။ ဒီတော့မှ နစ်က စကားဝါရောင်သမ်းသော မြားရဲ့ပါးပြင်မှ အကြည့်ရွှေ့တာက ပန်းနုရောင်စိုကြွတဲ့ နှုတ်ခမ်း ပါးများဆီ။ ပြီးတော့ ပြောပုံက…

"ဂျေကြီး ပြောတဲ့အတိုင်းပဲ"

"ဒါဆို အခု ရိုက်မဲ့နေရာတွေ့ပြီလား"

"ဟုတ်…တွေ့နေပါပြီ"

ကြည့်စမ်း…ခေါင်းညိတ်ပြီး ပြုံးပြုံးကြီးဖြေတော့လည်း မြားကိုကြည့်ရင်းနဲ့ပင်။ မြားက နွေနွေခင်းထဲ လူက အဖျားတက် ချင်သလို။ ချမ်းသလိုလိုနဲ့ တုန်တုန်ယင်ယင်ဖြစ်လို့။

"ကဲ…ပရိသတ်တွေအတွက် စံနစ်ရဲ့နှုတ်ဆက်စကား



www.burmeseclassic.com

www.burmeseclassic.com



လေး''

''အဟွန်း…အရမ်းချစ်ပါတယ်လို့၊ ပြီးတော့ ကျွန်တော် ချစ်သလို ပြန်ချစ်ပါလို့''

နားထင်နားရင်းတွေ ရှိန်းခနဲပူသွားသည်။ မြားတို့က ကော်ရစ်ဒါနဲ့ ကပ်လျက်ခုံတန်းဆိုတော့ လိုအပ်တာထက် ပိုကျယ်အောင် ဖြေတဲ့ သူ့အသံက ပီပီသသ။ မြားက ဖျတ်ခနဲ မျက်နှာလွှဲကာ စိတ်ဆိုးလို့မဟုတ်မှန်း ကိုယ်တိုင်သိသည်။ သူ့မျက်ဝန်း၊ သူ့အကြည့်၊ သူ့အပြုံးနဲ့ သူ့အသံကို ရင်မဆိုင်ရဲတာမျိုးပါ။ ဂျာနယ်လစ်ရဲ့ နှုတ်ဆက်သံ။ မိန်းကလေးတွေထံမှ မိတ်ဆက်သံတွေကို မစွင့်ဘဲကြားနေရသည်။ ထိုအခိုက် မြားတို့ခုံတန်းဆီ လူရိပ်တစ်ရိပ် ထိုးကျလာကာ…

''ပဏ္ဍုမြား''

လို့ခေါ်တော့ မြားက

''ရှင်''

ထူးပြီး အလိုလိုခေါင်းထောင်မော့ကြည့်တော့…

''ဟင်''

သူ့အပေါင်းအသင်းထဲက မျက်မှန်းတန်းမိနေတဲ့ တစ်ယောက်။ သူက မြားကို ပြုံးပြနှုတ်ဆက်ရင်း…

''ကျွန်တော်က ဘိုဘိုပါ''





''သြော်…ဟုတ်ကဲ့ရှင့်''

''ဘာကိစ္စလဲမသိဘူးနော်''

မသူက ဝင်မေးသည်။

''ဒါလေး…နှစ်ကပေးခိုင်းလို့ပါ''

စားပွဲပေါ် လျှောတိုက်ရောက်လာတာက အနက်ရောင်နှမ်းအပြာလေး။

''ဒါ…က''

သုံးယောက်စလုံးအကြည့်က ဖုန်းဆီရောက်သွားပြီးမှ ဖျတ်ခနဲမော့ကြည့်တော့ ဘိုဘိုဆိုသူက သူမတို့အနားမှာ မရှိတော့။ ရှေ့ညီရွယ်ဘဲ မြားအကြည့်က ကော်ရစ်တာဆီရောက်သွားသည်။ ဆုံစည်းသွားသော အကြည့်နှစ်စုံထဲမှာ နှစ်ယောက်သား နားလည်သော မျက်ဝန်းထဲက စာတွေကို အဓိပ္ပာယ်ဖော်ရင်း စံနစ်က သက်ချောင်းတွေထောင်ပြီး နားနားကပ်ပြကာ ဖုန်းဆက်မည့်ဟန် လုပ်ပြသည်။ သူ့ဟန်ပန်ကို မြားက သတိလက်လွှတ် ငေးနေစဉ် မှာပဲ ဖျတ်ခနဲ မျက်စိတစ်ဖက် မှိတ်ပြသည်။ ထို့နောက် နှုတ်ခမ်းတွေကော့အောင် ပြုံးပြသောသူကိုကြည့်ရင်း မြားက လွန်ဆန်ရန် အင်အားမဲ့ကာ ပြိုလုလုနှလုံးသားက ယိုင်လဲရန်အသင့်။

• • •



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၁)

"ဟယ်…ဒါ ဘာဖြစ်နေတာလဲ၊ အငွေကြည့်နေတာကြာပြီ၊ အိမ်သာထဲဝင်လိုက်ထွက်လိုက်နဲ့၊ မြား နေမကောင်းဘူးလား ဗိုက်မကောင်းတာလား"

အငွေကမေးရင်း အနားသို့ထလာတော့ မြားက စောင်ကိုဆွဲဖယ်ရင်း မွေ့ယာအစပ်မှာ ဝင်ထိုင်ရသည်။ ညအိပ်ဝတ်သော ပိုးသားဂါဝန်ရဲ့ ဘေးအိတ်ထဲမှာ ဖုန်းထည့်ထားတာ အငွေမြင်သွားမှာစိုးလို့ပါ။ အနားရောက်လာသော အငွေက နဖူးပေါ်လက်စမ်းရင်း

"ကိုယ်လည်းမပူပါဘူး"

"ကျောင်းမှာဘာစားခဲ့လဲ မေးဦး"

ကာကူလေတာခလုတ်တွေကို တဖျောက်ဖျောက်ရိုက်ရင်း





စာရင်းပြန်စစ်နေတဲ့ စိန်စိန်က လှမ်းပြောသည်။ မေးသူကမေးပေမဲ့ မြားမှာ ကြိုတင်ပြင်ဆင်မထား၍ အဖြေမရှိ။ အငွေက မွေ့ယာ အစွန်းမှာ တင်ပါးလွှဲဝင်ထိုင်ရင်း…

"ကေန္တ…ဧရာတ်သီးတွေစိမ်းနေအောင် ထည့်တဲ့ ရခိုင်သုပ်တွေ စားလာပြန်ပြီနဲ့တူတယ်၊ ဟုတ်သလား မြား"

မြားအကြိုက်ဆို အငွေက တန်းသိသည်။ မုန့်တီသုပ်ဆိုရင် မြားတို့က ငရုပ်သီးစိမ်းနှင့် သုပ်သောရခိုင်သုပ်ကိုမှ လျှာတွေ့တာကိုး။ တကယ်တော့ နေ့လယ်က ဘာမှစားမရခဲ့။ စားချင်စိတ်မရှိဘဲ ကင်(န်)တင်းက ဒီအတိုင်းထပြန်ခဲ့ရတာ ရင်ခုန်သံတွေနဲ့ ပြည့်နေလို့ပါ။ ဒါပေမဲ့ ရှားပါးသည့်အဖြေအတွက် အငွေက စကားလမ်းကြောင်းပေးလိုက်သလိုရှိရကာ…

"အဟင်း…ဟုတ်တယ်၊ မြား ငရုပ်သီးစားတာ နည်းနည်းများသွားတယ်"

"နည်းနည်းတွေ များများတွေက အရေးမကြီးဘူးမြား၊ အဲဒါ ငွေအကုန်ခံပြီး ကိုယ့်ဒုက္ခကိုယ်ဝယ်ယူတဲ့အရသာ"

"စိန်စိန်ကလည်း မြားကကြိုက်တာကိုး"

"အေး…ကြိုက်လေ၊ မကြိုက်နဲ့ဆိုပြီး မတားတော့ အခုခံနေရပြီမဟုတ်လား၊ ဗိုက်ထဲပူမယ်၊ ထိုင်မရထအခက်နဲ့ အခန့်



www.burmeseclassic.com

www.burmeseclassic.com



မသင့်ရင် အစာအိမ်တောင်ထိတတ်တယ် မြားရဲ့''

စိန်စိန်က စာရင်းကို လက်စသတ်ဟန်နှင့် ကာကူလေတာ ပါပိတ်သည်။ ပြီးမှ မြားအနားလျှောက်လာရင်း

''ကဲ…အခုဘယ်လိုနေသေးလဲ မြား၊ ဝမ်းထဲသိပ်ပူနေသလား''

''အဲဒီလောက်ကြီးလည်း မဟုတ်ပါဘူး၊ မြားခံနိုင်ပါတယ်''

''ဒါဆို အဆာပြေတစ်ခုခုစားမလား၊ အငွေ ဂျူ(စ်)တစ်ခု ဖျော်တိုက်မယ်လေ''

''ဟင့်အင်း…နေပါစေ အငွေ၊ မြား အိပ်ချင်နေတာ မျက်စိကျယ်သွားမှာစိုးလို့''

ချက်ချင်း အိပ်ရာပေါ်လှဲပြတော့ အငွေက စောင်ကို မြားရဲ့ ခါးနားအထိ ဆွဲခြုံပေးသည်။ စိန်စိန်က နာရီကိုတစ်ချက်လှမ်းကြည့်ရင်း

''အိပ်ချင်ရှာမှာပေါ့၊ တစ်နေကုန် ကျောင်းတက်ထားရတော့ ပင်ပန်းနေပြီလေ၊ ဒီညက အခါတိုင်းထက် အိပ်ချိန်ကျော်သွားသေးတာ၊ ဆယ့်တစ်နာရီထိုးတော့မယ်၊ အိပ်တော့မြား၊ အငွေနင့်ကိုငါထုတ်ထားတဲ့ ဘယက်ဒီဇိုင်းပြမယ် သိလား''





''အင်း…ပြလေ၊ ငါတို့ဆိုင်က ဒီနှစ်အတွက် ဒီဇိုင်းအသစ် ထုတ်ဖို့ နောက်ကျနေတာ''

''အေး…အဲဒါပဲ ငါ့မှာ စိတ်တိုင်းမကျဖြစ်နေတာဟ၊ ဒီဇိုင်းလုံးဝအတည်ဖြစ်သွားရင် ကြော်ငြာရိုက်ဖို့ရှိသေးတာလေ၊ ဒီနှစ်ဆော့ မင်းသမီးကြီးနှစ်လက်နဲ့ တက်သစ်စမျက်နှာသစ်နှစ်ယောက်ကောက်သုံးပြီး ဘုတ်ထောင်မလားလို့''

''ကောင်းတာပဲ စိန်စိန်၊ အပြောင်းအလဲလေးပေါ့''

အလုပ်အကြောင်း ဆွေးနွေးရင်း မြားအိပ်ရာပေါ်က ထသွားပေမယ့် အခန်းထဲက ထွက်သွားခြင်းမျိုးတော့မဟုတ်။ မြားအိပ်ခန်းထဲ၌ သီးသန့်ချထားသော ဆိုဖာနှစ်လုံးပေါ် သွားထိုင်ပြီး စကားပြောနေခြင်းမျိုးပါ။ မြားက စောင်ခြုံအောက်မှနေပြီး ကိုယ့်အတွက် ပျာပျာသလဲ ဂရုစိုက်ပေးတဲ့ အဒေါ်တွေကို တွေ့ရတော့လည်း စိတ်ထဲမှာ အပြစ်မကင်းသလို ခံစားရသည်။ မြားက ရင်ခွင်တွေကို ခြေစုံကန်ပြီး နယ်ပယ်အသစ်ဆီ ပျံသန်းရန် အားယူနေသည့် ငှက်တစ်ကောင်လိုဖြစ်နေပြီလား။ စိတ်ကူးထဲ စံနစ်ရဲ့ အပြုံးတွေကို ဖျတ်ခနဲမြင်ယောင်တော့ လိပ်ပြာမလုံခြင်းကနေ ဒေါသကထွက်ချင်ချင်။

''ကြည့်စမ်း…ပြောပြီးကတိမတည်တဲ့လူ''



www.burmeseclassic.com

www.burmeseclassic.com



အသံမဲ့စကားကို ရင်တွင်းကပြောမိသည်။ ဖုန်းပေးပေးပြီး ချင်းမှာပဲ သူတို့အုပ်စု ကော်ရစ်ဒါက ကိုယ်ယောင်ဖျောက်သွားပြီး မကြာမီ မြားရဲ့ဖုန်းထဲသို့ပို့သော မက်ဆေ့(ချ်)ဝင်လာသည်။

"ညကျ ဖုန်းဆက်မယ်၊ မအိပ်နဲ့နော်၊ စောင့်နေ၊ အခုက စတူဒီယိုသွားစရာရှိလို့"

ဆိုတော့ မြားမှာ ရင်ဘတ်ဖိရင်း

"သွားပြီ"

လို့အော်တော့

"ဘာလဲ မြားရဲ့၊ သူစီစဉ်တာ အထာကျသားပဲ၊ အခု ဆက်ရင် နင်ရောသူရော ပြောရမှာ ဖီလင်အောက်မယ်လေ"

"ဟိဟိ…အနားမှာ နောင့်ယှက်ပြီး နားထောင်မယ့်လူတွေ က ရှိနေတာကိုး"

အရေးထဲ သီသီတို့နှစ်ယောက်က ပြောချင်ရာပြော၊ အူမြူး နေပြီးမှ မြားကို မြှောက်တောင်ပေးသေး။

"ဟဲ့…do သာ do တော့၊ သူက ငါတို့ရှေ့မှာ ကြေငြာ သွားတာ ဖြစ်နိုင်တယ်၊ သူ့သဘောထားကအတည်"

တဲ့။ တတ်လည်းတတ်နိုင်ကြသည်။ တစ်ယောက်က အတည်ဆိုပြီး အားပေးပြီးမှ ကျန်တစ်ယောက်က





"စွတ်ရွတ်တော့မယုံနဲ့ဦး၊ သိလား မြား၊ နင်က အတွေ့ အကြုံမရှိတော့ တစ်ခုခုဖြစ်ခဲ့ရင် နင်အရှုံးခံစားရမှာစိုးလို့၊ စံနစ်က အချစ်ရေးမှာ နာမည်ဆိုးနဲ့ကျော်တဲ့သူ"

ပြောကြတာ တစ်ယောက်တစ်မျိုးနှင့် နှစ်ယောက်ကို နှစ်မျိုးဖြစ်နေသည်။ မြားမှာသာ ဟိုဘက်ဒီဘက်လှည့်ရင်း ခေါင်း တွေမူးလာရကာ စိတ်ပေါက်ပေါက်နှင့်…

"အဲဒီတော့ ငါ ဘာလုပ်ရမှာလဲ"

လို့ အော်ပစ်မှ…

"နင် တွေးတွေးဆဆလေး လုပ်တတ်အောင်"

တဲ့။ ကိုယ့်မှာ ကြုံရမဲ့အရေးအခင်းအတွက် အကြံဉာဏ် တောင်းနိုင်လောက်အောင်ကို သူ့အချစ် စစ်မစစ်အတွက် ခေါင်းစား ရတာ မနက်မှအခုညအထိ။ ဒီကြားထဲ ဖုန်းသံထွက်လာလျှင် စိန့်စိန့် တို့ကြားသွားလျှင်ဆိုပြီး စိုးရိမ်စိတ်က ရေချူအမှတ်အထိ မြင့်တက် ၍ လူကကဏှာမငြိမ်။ သူကတော့ အခုချိန်အထိ အေးတီအေးစက် လို့တွေးကာ နာရီလှမ်းကြည့်တော့ ဆယ့်တစ်နာရီခွဲ။

"အနုပညာသမားတွေ၊ အဲ အဓိကက အဆိုတော်တွေ၊ ဆားရေးဆရာတွေနဲ့ စာရေးဆရာတွေက ညကျမှ အလုပ်လုပ်ကြ တာဟဲ့၊ တကယ့် ဆယ်လီဘရစ်တီတွေဆိုတော့ ပရိသတ်ကို ရှောင်

www.burmeseclassic.com

www.burmeseclassic.com



တာလည်းပါမှာပေါ့၊ ငါတို့လို သာမန်လူတွေက ညဆိုအိပ်ကြပြီ လေ''

''ငါ ကြားဖူးတာရှိတယ်သိလား၊ အဆိုတော်တွေ၊ အဲ အထူးသဖြင့် စံနစ်တို့အုပ်စုတွေက ညကျမှ ဘီယာသောက်တာတို့ ကလပ်တက်တာတို့ လုပ်တယ်တဲ့ဟ၊ အပေါင်းအသင်းတွေ စုပြီး လေ၊ ဟဲ့…နင့်ကိုဖုန်းဆက်ရင် သူ့အသံချည်းပဲ ဂရုမစိုက်နဲ့နော်၊ အနောက်ကအသံတွေပါ နားစွင့်ထား၊ မိန်းကလေးအသံတွေပါ ပါရင်တော့ သေချာပြီ နင်ရစ်တော့''

ပို့ချသမျှထဲမှာ သူ့အကြောင်း အကောင်းတစ်ခုမှမပါ။ ဖြစ်နိုင်လောက်သည်။ နေ့ခင်းဘက်တောင် ဒီလောက် သူ့အနားမှာ ကောင်မလေးတွေ ဝိုင်းနေတာ မြားမျက်မြင်။ နေ့ပစေတော့၊ အိပ်ရေးပျက်ခံပြီး ဖုန်းမစောင့်နိုင်ဘူးလို့ စိတ်ကိုပိုင်းဖြတ်ကာ မျက်ဝန်းတို့ကို မှိတ်ချသည်။ သို့ပေမဲ့ စိတ်ထဲမှာ ဝမ်းနည်းနေတာ က ဘာကြောင့်လဲ။

◆ ◆ ◆



## အခန်း (၁၂)

''ဒီ…ဒီ…ဒီ…ဒီ''

မျက်လုံးကို ဖျတ်ခနဲဖွင့်သည်။ အရင်ခံစားမိတာ အမှောင်ထုနဲ့ တိတ်ဆိတ်ခြင်း။ ဖျတ်ခနဲ ဝမ်းသာစိတ်က ထိန်းချုပ်မရနိုင်။

''ငါ…အိပ်မက် မက်နေတာပဲ''

လို့ အသံထွက်ရေရွတ်တော့ ရင်ထဲပေါ့ပါးသွားသည်။ အိပ်မက်ထဲမှာ စံနစ်က မိန်းကလေးတစ်ယောက်နှင့် စကားတွေ ဆိုင်ပြောနေရင်းက မြားဘက် ဖျတ်ခနဲလှည့်ကာ…

''ဆောရီး…မင်းဆီဖုန်းမခေါ်နိုင်တော့ဘူး၊ ကိုယ်အလုပ် ရှုပ်နေလို့''

တဲ့လေ။ မြားမှာ ဒေါသတွေရော ဝမ်းနည်းခြင်းပါ



www.burmeseclassic.com

www.burmeseclassic.com



လုံးတွေးကာ ရင်ထဲဆို့တက်လာတာကို သတိတရတွေးမိသည်။

"အဟွန်း…တော်သေးတာပေါ့၊ အိပ်မက်ကနိုးသွားလို့"

တစ်ယောက်တည်း အပြုံးနှင့်ဆိုရင်း အိပ်ရာဘေးထား သော ရေတကောင်းကို လှမ်းယူရန်လက်အလှမ်း…

"ဒီ…ဒီ…ဒီ"

မြားဂါဝန်ဘေးအိတ်ထဲမှာ တလှုပ်လှုပ်နဲ့ အချက်ပေးနေသော အသံ။ မြားက ခဏမျှ မျက်မှောင်တွန့်စဉ်းစားပြီးကာမှ…

"ဖုန်း"

ဆိုပြီး အလန့်တကြားထအော်ကာ ချက်ချင်းအိပ်ချင်စိတ်တွေ ပျောက်သွားသည်။ ဖုန်းလာနေသည်ဆိုသည့် အသိက မြားကို အိပ်ရာပေါ်မှ ဆွဲထူမတ်လိုက်သလို။ မြားက ဖုန်းထုတ်ကာ နားကပ်ထောင်ရင်း…

"ဟဲလို"

ကိုယ်ကထူးပေမဲ့ တစ်ဖက်က စကားသံထွက်မလာ။ မြား ကြားရတာက ခပ်သဲ့သဲ့ရယ်သံ။ အားရအောင်ရယ်ပြီးမှ…

"အိပ်ပုတ်ကြီးလိုက်တာကွာ၊ ကိုယ်ဖုန်းခေါ်နေတာကြာပြီ"

"အို…အိပ်ပုတ်ကြီးတာ မဟုတ်ပါဘူး"





ကဲကဲဆတ်အသံလေးကြောင့် စံနစ်က ရယ်ရှိန်ကို အသာဆတ်ပြီး နှုတ်ခမ်းကိုစေ့ကာ သူ့မပြောသမျှ အာရုံစိုက်ထားမိသည်။ တစ်ဖက်က အသက်ရှူသံပြင်းပြင်းကို ကြားပြီးမှ…

"ရှင်ပြောတော့ ညမှဖုန်းဆက်မှာဆို"

"အင်းလေ…အခု မဆက်လို့လား"

ခုတင်ပေါ်မှ မြားကဆင်းရင်း ညအိပ်မီးအရောင်နှင့် စားပွဲတင်နာရီကို လှမ်းကြည့်သည်။ ပြီးမှ ဟွန့်ခနဲမဲ့ကာ…

"ဘာ…ညလဲ၊ အခု မနက်ရောက်နေပြီ၊ တစ်နာရီထိုးပြီလေ"

"ဒါပေမယ့် မိုးမှမလင်းသေးတာ မြားရဲ့"

"သြော်…ယော် တရားကျဖို့ကောင်းတာလား၊ စိတ်နာရကောင်းတာလား မသိတော့ဘူးနော်၊ ရှင်က ညဆိုတာ အလင်းရောင်မလာမချင်းလို့ သတ်မှတ်ထားတော့ ဘာလဲ ကျွန်မက တစ်ညလုံးမအိပ်ဘဲ ရှင့်ဖုန်းကိုထိုင်စောင့်နေရတော့မလား၊ အဲဒီလိုဆိုဖြစ်ဘူး၊ ရှင့်ဖုန်းလာပြန်ယူ မြား အိပ်ရေးအပျက်မခံနိုင်ဘူး"

ပြောသွားတာ တရစပ်ထဲမှာ ကျွန်မဖြစ်သွားလိုက်၊ မြားဖြစ်သွားလိုက်နှင့် စံနစ်က ရယ်ဟာဟာဖြင့် သူ့မလေးရန်တွေ့သမျှ ကိုရှည်လက်ရှည်နားထောင်ပြီးမှ….



www.burmeseclassic.com

www.burmeseclassic.com



"မြား…ကိုယ့်ကိုစိတ်ဆိုးနေတာလား"

"အယ်"

ဒီတော့မှ မြား ကိုယ့်ကိုယ်ကို ကိုယ်ရှိန့်သတ်ရမယ်မှ

သိသည်။ သူနဲ့မြား ဘယ်လောက်မှ မရင်းနှီးဘဲ ကိုယ်က အ

ရန့်ထောင်ပစ်တာမျိုး။ တကယ်ဆို သူ့အပြော၊ သူ့ဖြေရှင်းချက်

ကို နားထောင်သင့်တာမျိုးမဟုတ်လား။ ချက်ချင်း ထုပ္ပရက်ရွံ့လာ

စိတ်နဲ့ နှုတ်ဆိတ်သွားပေမဲ့ ဖုန်းကိုတော့ နားမှာကပ်ထားဆဲ၊

"ဟော့…ပြောလေကွာ၊ ပြန်အိပ်ပျော်သွားတာလား"

"မဟုတ်ပါဘူး"

အောင်မာ ပြန်ဖြေသံက အိစိအိစိနဲ့။ စောစောကအ

တခြားစီလို့ ဝေဖန်ရေးလုပ်မိတာ ကိုယ့်ကိုယ်ကို။

"ဒါဆို ပြောလေ ဘာလို့စိတ်ဆိုးတာလဲ"

"ဘာရယ်မဟုတ်ပါဘူး"

ဒီလိုပြောမှ ကောင်းမည်လေ။ အိပ်မက်ထဲက အရိုန်

ဖုန်းဆက်ချိန်နောက်ကျလို့ဆိုတာရယ်က ဖွင့်ပြောတိုင်းကောင်း

မျိုးမှ မဟုတ်တာ။

"ကိုယ်…ဖုန်းဝင်တာ နောက်ကျလို့လား"

သူမေးတာ တစ်ဝက်မှန်နေသဖြင့် မြားက ဘာမှပြန်





ဘဲ ငြိမ်နေလိုက်ရသည်။ သူ့ထံမှ ရယ်သံသဲ့သဲ့ထပ်ထွက်လာပြီးမှ

"ကိုယ် ဖုန်းခေါ်ဖို့စဉ်းစားနေတာ ညကိုးနာရီကတည်း

က"

"ရှင်"

"တကယ်ပြောတာ၊ ဒါပေမဲ့ အဲဒီအချိန်မှာ မြားအနားမှာ

ဘကမရှင်းသေးတော့"

"အဲဒါတွေ ရှင်သိနေတယ်"

"အဟွန်း…သိထားတာတွေ အများကြီးရှိသေးတယ်"

"ဘာတွေလဲ ပြော"

မြားမေးသံက အလောသုံးဆယ်။

"မြား…ညအိပ်ဂါဝန်ဝတ်ထားတာကအစ"

"ဟယ်…ရှင်…ရှင် ဘယ်ကနေကြည့်နေတာလဲ၊

ဟော့လူ အဲဒါတော့မကောင်းဘူးနော်၊ ရှင် သူများအခန်းကို"

ဖုန်းကို ပါးနဲ့ပခုံးကြားညှပ်ရင်း မြားက လိုက်ကာတွေဆွဲနေ

တာကိုပါ အသေးစိတ် သူမြင်နေရသည်။ စံနစ်က ခပ်ကျိတ်

ကျိတ်ရယ်ရင်း…

"မြား…အဲဒီလိုပိတ်ထားလည်းမထူးဘူး၊ ကိုယ်မြင်နေရ

တယ်"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ကြီး"

"အင်း…သိချင်ရင် ပြတင်းပေါက်နားကိုလာခဲ့၊ ခန်းဆီး လေး နည်းနည်းဖယ်ကြည့်"

သူပြောသည့်အတိုင်း မြားက နာခံရှာသည်။ ဆံပင်အရော လေးတွေက ပန်းပေါ် ကပိုကယိုဝဲကျနေပုံလေးနှင့် ဂါဝန်အနား ကို အသာမရင်း ပြတင်းပေါက်နားကပ်လာ၏။ ပြီးမှ ခန်းဆီးစ ဆွဲဖယ်ကာ မှန်ပြတင်းဆီ ချောင်းကြည့်ပုံလေးကို သူကသဘော ကျနေရင်း

"ချစ်စရာလေး"

"ဟင်…ဘာပြောတာလဲ"

မသဲမကွဲမို့ မြားက ပြန်မေးခြင်းပါ။

"ဘာမှမဟုတ်ဘူး၊ တွေ့ပြီလား ကိုယ့်ကို"

"ဟင့်အင်း"

မှန်ပြတင်းအပြင်ဘက်ကို ပြူးတူးပြဲတဲရှာရင်း မြား ခေါင်းခါပြသည်။ တကယ်လည်း တွေ့မှမတွေ့ရတာပဲကို။ သူ တစ်ခြံလုံးရော အိမ်ကြီးကပါ မှောင်မိုက်နေတာ။ သူဘယ်နား ရှိနေမှာလဲ။ အမှောင်ထဲက မြားကိုကြည့်တယ်ပဲထားဦး ဒီနှစ် အကွာအဝေးက မြင်သာထင်သာရှိတာမှမဟုတ်ဘဲနဲ့။ မြား ကိုယ့်အတွေးနဲ့ကိုယ် လုံးထွေးရစ်ပတ်နေချိန်မှာပဲ





"ဟော…တွေ့လား"

"မတွေ့ပါဘူးဆို"

"ကိုယ့်ကိုမတွေ့ချင်ဘူးလား"

"ရှင် အပုန်းတော်မှန်း ကြွားမနေနဲ့၊ ဘယ်မှာလဲ၊ ဒါပဲ ပြော"

"အဟား…စကားပြောရင်း မျက်စောင်းထိုးပုံလေးက ချစ်စရာလေး"

"အင်"

စိတ်မှန်းနဲ့ရမ်းသမ်းပြီး မြားမျက်စောင်းထိုးတာ သူ ဘယ့်နှယ်ဖြစ်သွားရတာလဲ။ မြားက ကိုယ့်ကိုယ်ကို သတိဆွဲရင်း သူ့ကိုလည်း မလွတ်တမ်း လိုက်ရှာရင်း…

"ပြောလေ ရှင်ဘယ်မှာလဲ"

"အပေါ်ကို နည်းနည်းမော့ကြည့်လိုက်"

"ဟင်"

တွေ့ရတာ အံ့ဩစရာ။ သူက ခေါင်မိုးအစွန်းပေါ်မှာ တျအနထိုင်လျက် လက်တစ်ဖက်က ဖုန်းကိုင်ထားပြီး န်တစ်ဖက်က မှန်ပြောင်းနှင့်။

"ရှင်က ဒီမှန်ပြောင်းအားကိုးနဲ့"

"အင်း…သူက အရမ်းအားကိုးရတယ်၊ ညအမှောင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



လည်း မြင်ရတယ်၊ ဘာတွေကာထားထား အထဲမှာ မီးဖွင့်ထားရင် အားလုံးတွေ့ရတယ်''

''ကြည့်စမ်း…ရှင်က''

နှုတ်ခမ်းလေးချွန်ပြီး လည်တိုင်မော့ကာ သူ့အား ရန်တောင် ရန်ကြိုးစားနေတဲ့ ကောင်မလေးအား စံနစ်က ချစ်မြတ်နိုးစွာငေးရင်း

''မင်းအတွက် ညာကျနည်းနည်းကစားထားတာ''

''ဒါမျိုးက ရှင့်အတွက်မဆန်းဘူး မဟုတ်လား၊ ကောင်မ လေးတွေဆီ ချဉ်းကပ်ရမဲ့ဗျူဟာက သုံးနေကျဆိုတော့''

''ယုံပါ…ကိုယ်ဗျူဟာသုံးတာ မင်းတစ်ယောက်တည်း''

''ယုံရခက်ခက်ပဲ''

ပြတင်းပေါက်ပေါင်ကို ကျောနှင့်မှီရင်း မြားက သူ့ထံ လှမ်းကြည့်ပြီး အေးစက်စက်နှင့် ပြောသည်။ ပြီးမှ ပခုံးတွန့်ကာ

''ရှင့်ဆို ကြိုက်တဲ့နိုက်တဲ့လူကပေါတော့''

''ပေါတာဝန်ခံပါတယ်၊ ရှားနေတဲ့အရာလည်း ပြောပြ မယ်၊ ကိုယ့်အတွက် ချစ်သူက တစ်ဘဝမှာ တစ်ယောက်တည်း ဖြစ်ရတဲ့အထိရှားတာ၊ တွေ့ပြန်တော့လည်း ချစ်ရသူက အခက်အခဲ အကျပ်အတည်းတွေကြားကဆိုတော့၊ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ချစ်တယ်''

ရင်ထဲ ရှိန်းခနဲဖြစ်သွားသည်။ တလှိုက်လှိုက်ခုန်လာသော





လုံးသားဟာ လက်ဖျားခြေဖျားတွေကို ရုတ်ခြည်းအေးစက်သွား စေ၏။ ဒါ ခေတ်သစ်ရည်းစားစကားလို့ ဦးနှောက်က အချက်ပြ သော့ လူကတော့ ရှက်စိတ်တွေနဲ့ မျောလွင့်သွားတာ တိမ်မျှင်တစ်စ လို၊ သူနှင့် အနီးကပ်သာရှိခဲ့လျှင် ပါးပြင်တွေ ပန်းရင့်ရောင်လွှမ်း နေမှာ သူမြင်မှာ အသေအချာ။ မြားက ယောင်ယမ်းပြီး ပါးပြင်ကို သက်ဝါးနဲ့အုပ်သည်။ ပြီးမှ သတိဝင်လာကာ အဲဒီလက်ကို ဖြန့်ချ ရင်း မွေးကတည်းက နေရာကျခဲ့သော လက်တစ်ဖက်ဟာ အခုမှ ထားစရာမရှိတော့သလို။

''ဟို…မြား ဖုန်းချတော့မယ်၊ မနက်အစောကြီးထရမှာ''

ရင်ထဲ လှိုင်းထန်နေတဲ့ရှက်စိတ်ကြောင့် အသံတို့က တည်ငြိမ်ခြင်းမရှိ။

''အစောကြီးထပြီး ဘာလုပ်မှာလဲ''

သူကတော့ တည်တည်ငြိမ်ငြိမ်ပင်။

''မြားတို့ အမြဲတမ်းလမ်းလျှောက်ထွက်တယ်''

''မြားတို့ဆိုတော့ ဟိုကြီးတော်နှစ်ယောက်ရောလား''

''အင်း…ဒါပဲနော်''

ချက်ချင်း ဖုန်းချရန် မြားကပြင်တော့

''ကိုယ်က ပြောလို့တောင်မဝသေးဘူး''



www.burmeseclassic.com

www.burmeseclassic.com



"ဟို…မြားက"

"အိုခေပါ၊ မြားသဘောအတိုင်း အငိုလိုက်တာမဟုတ်ဘူးနော်၊ အလျှော့ပေးတာ၊ အဲဒါ ချစ်လို့"

"အို"

ဖုန်းကို နားနားကခွာတော့ နားသယ်စပ်တွေမှာ နွေးထွေးရှိန်းမြနေတာ အသိသာကြီး။ မပိတ်ရသေးသော ဖုန်းထဲမှ သူ့အသံကြားနေရ၏။

"အိပ်မက်ထဲ ကိုယ်ပါရင် မနိုးနဲ့နော်၊ မြားကိုချစ်တယ် အဲဒါယုံ"

ဆိုပြီး ပြွတ်ခနဲကြားရတဲ့အသံကြောင့် မြားက အလန့်တကြား သူရှိရာ မော့ကြည့်မိသည်။ သူက ဖုန်းကို နှုတ်ခမ်းနှင့်ထိကပ်ကာ အနမ်းပေးဟန်လုပ်ပြတော့ မြား ပါးပြင်တစ်ဖက်ဟာ နွေးခနဲ။ မြားက ချက်ချင်းလိုက်ကာကို ဆွဲပိတ်ကာ မွေ့ယာဆီတက်ပြီး စောင်ကို ရင်ညွန့်အထိ ဆွဲခြုံထားသည်။ ဒါတောင်သူ မြင်နေမှာလားဆိုတဲ့ စိတ်ထဲမှာ မလုံမခြုံဖြစ်ရမဲ့အစား ကြည်နူးခြင်းက တသိမ့်သိမ့်နဲ့ လှုကိုလှိုက်စားနေတော့လည်း။

သူ့အချစ်နဲ့ မြား အသက်ရာကျော်ရှည်ချင်ပါသည်။

◆ ◆ ◆



## အခန်း (၁၃)

"ကြည့်စမ်း မြား၊ သိပ်သွက်နေပါလားဟေ့"

"အမယ် စိန်စိန်တို့မလိုက်နိုင်ဘဲနဲ့"

မြားက လှည့်ကြည့်ပြီး ပြောပေမဲ့ ဖွဖွပြေးနေသော ခြေလှမ်းကို မရပ်တန့်ချေ။ အငွေ့က နီးစပ်ရာခုံတန်းမှာ ဝင်ထိုင်တော့ စိန်စိန်ကပါ အတူထိုင်ရင်း ရှေ့သို့ရောက်သွားပြီဖြစ်သော မြားကျောပြင်လေးအား လည်ပင်းရှည်ကြည့်ကာ…

"မြားရေ ဆက်မပြေးနဲ့တော့လေ"

"အဲဒီနားပဲနေ၊ ခဏနေရင်ပြန်မယ်၊ ဘာရိုတ်ဖတ်(စ်)စားမှာနဲ့ ပြင်မှာဆင်မှာနဲ့ဆို ဒီအချိန်လောက်ပြန်မှ"

"ဟင်…အစောကြီးကို၊ အခါတိုင်းဆို ကန်တော်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ပတ် ပြေးတာလေ အငွေ့ရဲ့"

"အေး…ဒီနေ့ပြေးမရတော့ဘူး၊ ကမ်စတမ်မာ တစ်ယောက်နဲ့ ချိန်းထားလို့"

ဝါးတစ်ရိုက်အကွာကို သူ့အော်ကိုယ်အော်နှင့် ပတ်ဝန်းကျင်ကို သိပ်သတိမထားတတ်တာ မြားတို့တူအရီးတွေရဲ့စတိုင်လ်။

"အောင်မလေး အဲဒီပတ်ဝန်းကျင်ဆိုတာ ခေါင်းထဲထည့်ရင် မျက်တောင် တောင်ရဲရဲခတ်ဝံ့မှာမဟုတ်ဘူး၊ ကိုယ့်ကို ကဲ့ရဲ့နေတာတွေ မျက်တောင်တစ်ခတ်မှာ မျက်ခြေပြတ်သွားမှာစိုးလို့"

ဒါ စိန်စိန်ရဲ့ အယူဝါဒ။

မြား ဂရုစိုက်ရမှာ ဒီအဒေါ်နှစ်ယောက်။ မြား နားထောင်ရမှာ ဒီနှစ်ယောက်ရဲ့ ဆုံးမစကား။ ဒါကို ခေါင်းထဲထည့်ထားရင် ရပြီ။

ဒါက အငွေ့ရဲ့ သူမအပေါ် ချမှတ်ထားသော ဥပဒေသ။ အခု မြားခေါင်းထဲမှာ စိန်စိန်တို့အပြင် နောက်ထပ်တစ်ယောက် ထပ်တိုးနေပြီ။ သိရဲ့လားလို့ ပြောရင်း ပြုံးမိကာ မလုံမလဲနှင့် အငွေ့တို့ရှိရာ ခုံတန်းဆီ လှမ်းကြည့်မိသည်။ တိုက်ဆိုင်စွာပင် မြားထံ လှမ်းကြည့်နေသော အဒေါ်နှစ်ယောက်စလုံးရဲ့ အကြည့်တွေထဲမှာ ကျေနပ်ပီတိပြုံးတွေက နှုတ်ခမ်းဖျားကိုယ်စီမှာ တွယ်ငြိရင်းက

"အငွေ့"





"ဟင်"

နှုတ်ခမ်းမဖွင့်ဘဲ သူမက ထူးကာ မြားထံမှအကြည့်ကို ဆက်စသိမ်းသည်။ ဒီဘက်လှည့်ကြည့်တော့ စိန်စိန်က ခုံတန်းကျောမှီပေါ် လက်တင်ထားရင်းက

"ငါတို့မြားကို မမရွှေဖြစ်စေချင်တဲ့အတိုင်း ပုံသွင်းနိုင်ခဲ့ကြရဲ့လားဟင်"

"မမရွှေ"

အငွေ့က ကျောမှီချရင်း လက်ပိုက်တော့ လူက ဆန့်ဆန့်နေ့ရန့်ဖြစ်သွားသည်။ မေ့ဖျောက်မထားပေမယ့် အတိတ်စာရင်းထဲ ခေါက်သိမ်းခဲ့သူတွေထဲမှာ မမရွှေက ထိပ်ဆုံးမှ။ အငွေ့က လည်ပင်းသိမ်ကာ မြားထံ တဖန်လှည့်ကြည့်သည်။ အနီရဲရဲထရက်စုဟာအားလိုင်းစင်းတွေက အနက်ရောင်သာပါ၍ နဖူးစည်းကအစ ဖူးဖိနပ်အထိ အနီရောင်လွှမ်းနေတဲ့ မြားကိုကြည့်ပေမယ့် မြင်နေရတာက ညီအစ်မအားလုံးထဲမှာ အလှဆုံးဖြစ်သော မမရွှေ။

"အေးလေ…ကြည့်စမ်း မြားပြောင်းလဲလာပုံက ငါတို့မျက်စိအောက်မှာပဲ"

"နင်က ကြိမ်ခြင်းလေးထဲက နီတာရဲကလေးလေးနဲ့ ယှဉ်ပြီး ပြောတာကိုး၊ အချိန်တွေက ကြာခဲ့ပြီလေ၊ ဆယ့်ရှစ်နှစ် ဆောင်ရှိပြီကိုး"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ…ဒီဆယ့်ရှစ်နှစ်မှာ ငါတို့ ကိုယ့်ကိုယ်ကို လည်း မေ့ထားခဲ့တာပဲ"

"ဘာလဲ စိန်စိန် နင်က မမေ့ဘဲ ပစ္စုပ္ပန်မှာ အတိတ်က ရင်ခုန်သံတွေ ပြန်နားထောင်ချင်လို့လား"

"သွားစမ်းပါ"

စိန်စိန်က မဆိုင်းမတွင်ပြင်းပြီးမှ အငွေ့ကို သေချာစိုက်ကြည့် ရင်း…

"နင်ကရော အဲဒီရင်ခုန်သံတွေကို မေ့နိုင်ပြီလား"

"အို…ကြာပေါ့ မေ့ခဲ့တာ"

"ငါလည်း ဒီအတိုင်းပဲ၊ ငါတို့ရဲ့မနက်ဖြန်တိုင်းက မြား အတွက်"

"အဲဒါဆို မမရွှေလည်း ကျေနပ်မှာပါ"

ညီအစ်မနှစ်ယောက်က လှိုက်လှိုက်လှဲလှဲ ပြုံးရင်း မြားထံ တိုင်ပင်မထားဘဲ လှမ်းကြည့်၏။ အရုဏ်ဦးရဲ့ နှင်းမြူအောက်မှာ မြားက သွေးပူလေ့ကျင့်ခန်းလုပ်ရင်းက ရွှေရောင်ဆံပင်တွေနှင့် အရုပ် ကလေးတစ်ရုပ်လို ချစ်စဖွယ်ကောင်းတုံး။ ညီအစ်မနှစ်ယောက်မှာ အတွေးကိုယ်စီနဲ့ ကန်ရေပြင်ဆီ ပြန်ငေးသည်။ တကယ်ဆို ခြေရာ ကောက်မရသောဖြစ်ရပ်များသည်။

◆ ◆ ◆



# အခန်း (၁၄)

"ဟိတ်…မြား"

"အို…အမေ့"

ခေါ်သံကြောင့် လှည့်အကြည့် ဖျတ်ခနဲ လက်ပါအဆွဲခံ ရတာမို့ မြား ယိုင်ခနဲဖြစ်ပြီး ရောက်သွားတာက ကြီးမားသော ပင်စည်ကြီးဆီ ကျောကပ်လျက်။ ဒီတော့မှ ကိုယ့်ရှေ့မှာ ဘွားဘွား ကြီးရပ်နေသူရဲ့ မျက်နှာကို မြား တွေ့ရတာ။

"ဟင်…ရှင် စံနှစ်"

"ရှူး…တိုးတိုး"

လမ်းသွားလမ်းလာတွေကြားမှာစိုး၍ စံနှစ်က ခပ်မြန်မြန် ဟန့်သည်။ မြားကတော့ ကိုယ့်ရှေ့မှာရပ်နေသူကို အခုတိုင် မယုံ



www.burmeseclassic.com

www.burmeseclassic.com



နိုင်သလို ကြည့်တုံး။ ယုံချင်စရာမှ မကောင်းတာ။ ကိုယ့်ရှေ့က တွေ့နေရသူဟာ ကျဲကော်ကိုင်းမျက်မှန်ကြီး တပ်ထားပြီး နှုတ်ခမ်း မွှေးအဖြူကြီးနှင့်။ အဘိုးကြီးတွေဆောင်းထားသော လျှာတိုတို ဦးထုပ်အပြာကလေးနှင့်။ အဘိုးကြီးတွေသာဝတ်သော သက္ကလပ် ကုတ်အင်္ကျီအမဲမှာ မာဖလာကအညိုနှင့် အမဲကွက်။ အောက်က ပလေကပ်ပုဆိုးအပြာရောင် အကွက်ကျဲကြီးကိုမှ ကင်းဘတ်ရှူး အဖြူရောင်က စီးထားသေးသည်။ ပြီးတော့ တုတ်ကောက်ကြီးနှင့် မို့ အနီးကပ်တွေ့ရလို့သာ စံနစ်ကိုယုံရတာမျိုး။ မြားက စံနစ်ရဲ့ ဝတ်စားဆင်ယင်ပုံကို ခေါက်တုံ့ခေါက်ပြန် အကြည့်ပြေးလွှားပြီး

“အဟင်း···ဒါက ဘာဖြစ်လာတာလဲ”

“မြား အနောက်ကိုလိုက်ချင်လို့လေ ပုံဖျက်လာတာ”

“ညက ဖုန်းပြောပြီးပြီလေ”

“ကိုယ်ပြောသားပဲ ဖုန်းပြောရတာ မဝသေးဘူးလို့ ပြီးတော့ မျက်နှာလည်းမြင်ရတာမဟုတ်ဘူး”

အနီးကပ်တွေ့နေရသော နီမြန်းနေသည့် ပါးမို့လေးတွေ ထူထဲကော့ရှော့သည့် မျက်ဝန်းနှင့် အပြစ်ဆိုစရာမရှိအောင် တန်းစင်း နေသော နှာတံလေးမှတစ်ဆင့် စံနစ်အကြည့်တွေက နှုတ်ခမ်းပါး တွေဆီမှ ငေးစိုက်ရပ်တန့်သွား၏။ ဒီလိုအကြာကြီး အကြည့်ခံနေရ





တော့လည်း မြားက မနေတတ်တော့ဘဲ မျက်နှာကို ဟိုဒီလွှဲရင်း

“ဖယ်ပါ···စိန်စိန်တို့ရှိတယ်”

“ရတယ်၊ သူတို့ကိုထိန်းဖို့ နည်းလမ်းတွေရှိတယ်၊ ကိုယ်လိုက်လာတာ မေးမလို့”

“ဘာမေးမှာလဲ”

“ကိုယ့်အချစ်ကိုယုံလား”

“အယ်”

နှုတ်ခမ်းလေးတွေ ပွင့်ဟပြီး လွတ်လွတ်လပ်လပ်ကြီး အံ့သြသွားပုံကို စံနစ်ကကြည့်ပြီး သဘောတကျရယ်သည်။ ဒီတော့ မှ မြားက သတိဝင်လာပြီး···

“ဘယ်လိုဖြစ်နေတာလဲ၊ အသည်းအသန်၊ တွေ့တာမှ ဘာမှကြာသေးတာမဟုတ်ဘဲနဲ့”

“မကြာသေးလည်း အချိန်ဆွဲလို့မဖြစ်တော့ဘူး”

“ဘာဖြစ်လို့လဲဟင်”

အရိုးစင်းခံမျက်ဝန်းတွေက မုသားကင်းရှင်းကြောင်း သက်သေခံနေသည်။ စံနစ် မချင့်မရဲဖြင့် သူမလေးမျက်နှာဆီ စိုက်ကြည့်ရင်း···

“မင်းဆီက နိုင်မာသေချာတဲ့အချစ်ကိုရရင်”



www.burmeseclassic.com

www.burmeseclassic.com



"အမယ်…ရှင်က အပိုင်ကြီးပါလား"

"တကယ်ပြောတာ၊ အဲဒီအခါကျမှ အတားအဆီးတွေက တစ်တိုင်းပြည်လုံးဖြစ်နေပါစေ စိန်ခေါ်ပြီး အနိုင်တိုက်ဖို့က မြား ကိုယ့်ဘက်ကရှိမှဖြစ်မှာ"

လေးနက်ခမ်းနားပါသည်ဟု အများတကာညွှန်းသော လှတိုင်းမကောင်းနိုင်သော အရာဟု တင်စားထားသော အချစ်က ဘယ်လိုရှိမယ် မြားမသိ။ ဒါပေမယ့် မြားတွေ့နေရသော သူ့မျက်ဝန်း ဟာ အချစ်ရဲ့ ပရက်ရှာတွေ တကယ်မြင့်တက်နေလို့လားမသိ အရောင်တောက်နေတာ ကြည်စုံညတစ်ညလို။ ထိုအခိုက်မှာပင်

"ဟဲ့…ဟဲ့ မြားရော စိန်စိန်"

သစ်ပင်အကွယ်၌ ကျောကပ်ရပ်နေသော မြားကိုယ်လေး ဆတ်ခနဲတုန်သွားသည်။

"ဟော"

သူက ငြိမ်ငြိမ်နေရန် အချက်ပြ၏။

"အခုနကတင် ဒီနားမှာရှိသေးတာ၊ မြား မြားရေ"

စိန်ထုပ်ကအော်ပြီး ခုံတန်းကထသည်။ အငွေ့က ခြေလှမ်း ပြင်တာက စောစောက မြားရပ်နေသောနေရာဆီ။

"မြား…ပတ္တမြား"





ခေါ်တာက တူမကိုဖြစ်ပေမဲ့…

"ဝုတ်…ဝုတ်…ဝေါင်း"

တကယ်တမ်း နှစ်ယောက်သားရဲ့ လမ်းကြောင်းရှေ့ပြေး ဖိတ်ပစ်လိုက်တာက သူမတို့ခါးစောင်းလောက်ရှိမည့် အညိုနှင့် အနက်ရော အယ်(လ်)ဖေးရှင်းခွေးကြီးနှစ်ကောင်။

"ဟဲ့…ဟဲ့…ဟဲ့ခွေး"

"ဟဲ့…သွားစမ်း ခြော် ဒီခွေးနှယ်"

အသံတွေပေးပြီး မောင်းသာထုတ်ရသည်။ တိုင်ပင်မထား ဘဲ နှစ်ယောက်စလုံး ခြေလှမ်းတွေနောက်သို့ ပြန်ဆုတ်တာပြိုင်တူ။ သားက ဘယ်သူမှလည်း ဝင်မောင်းထုတ်မပေးရဲ။ ခွေးကြီးတွေက မြင့်မြင့်ထွားထွားကြီးတွေ။ ပြီးတော့ လျှာကြီးတွေတွဲကျနေသည့် ကြားမှ သွားစွယ်ချွန်ချွန်ကြီးတွေက အသည်းယားစရာ။

"ဟဲ့…ဒီခွေးတွေက ဘယ်ကထွက်လာတာလဲ"

"ငါလည်းမသိဘူး အငွေ့ရဲ့၊ ပြေးဆင်းလာတာပဲလေ၊ ပိုင်ရှင်မရှိဘူးလား၊ ဒါမှမဟုတ် ဒီပန်းခြံဝန်ထမ်းတွေရော ဘယ်ရောက်ကုန်ပြီလဲ"

"နင် ဘေးကိုကြည့်ပြီး လှုပ်လှုပ်ရှားရှား သိပ်မလုပ်နဲ့ စိန်၊ ခွေးတွေက ငါတို့ကို မျက်ခြေမပြတ်ကြည့်နေတယ်ဟဲ့၊



www.burmeseclassic.com

www.burmeseclassic.com



တော်ကြာ ခုန်အုပ်မှဖြင့်''

နှစ်ယောက်သား နောက်ဆုတ်နောက်ဆုတ်နှင့် အချင်းများ နေသည့်အချိန်မှာပဲ…

''ဟေး…ဘလက်ကီ၊ ဂျေလို''

ခွေးကြီးတွေရဲ့ခေါင်းက ချာခနဲ လည်သွားသည်။ ခွေးကြည့်ရာလိုက်ကြည့်တော့ တစ်ဖက်ကုန်းမြင့်မြင့်ပေါ်မှ ကသော ကမျော ဆင်းလာတဲ့ လူတစ်ယောက်။ ထိုလူက ရွှီခနဲလေချွန်သံ ပေးတာနှင့် ခွေးကြီးတွေက သူ့သခင်ဆီပြေးသွားတာ တလွှားလွှား စိန်စိန်တို့က ခွေးရှိရာဆီ လည်ပင်းလိမ်အောင်ငေးပြီးမှ သတိပြန်ဝင် ကာ…

''မြား''

ဆိုပြီး စိတ်တူကိုယ်တူအော်မိချိန်

''မြား…ဒီမှာရှိပါတယ် စိန်စိန်နဲ့အငွေ့ရဲ့''

အသံက နှစ်ယောက်စလုံးရဲ့ အနီးအနားကပဲ ထွက်ပေါ် လာတာမို့ လှည့်ကြည့်တော့…

''ဟင်…မြား''

''ဘာဖြစ်လို့လဲဟင်၊ စိန်စိန်''

''ဘာမှမဖြစ်ဘူး၊ စောစောက ဘယ်ရောက်နေတာလဲ''





ဒေါသကြောင့် လေသံကမာသွားသည်။ တွေ့နေရသော မြားမျက်နှာလေးက ချက်ချင်းငယ်သွားပြီး…

''မြား…ဟိုအပင်ကြီးနောက်မှာရှိပါတယ် စိန်စိန်ရဲ့''

လှည့်လက်ညှိုးထိုးပြသော အပင်ကြီးကို နှစ်ယောက်စလုံး လှမ်းကြည့်ပြီးမှ…

''အဲဒီအပင်နောက် ဘာဝင်လုပ်နေတာလဲမြား၊ ပြောစမ်း အပင်နောက်မှာ ဘာရှိလို့လဲ''

မမြင်ရမှန်းသိသိကြီးနှင့် အငွေ့က ခါးဆန့်ကာ လည်ပင်း ရှည်ကြည့်သည်။

''လှေကျှင့်ခန်းလုပ်ရင်း အဘကြီးတစ်ယောက် မူးလဲသွား လို့ မြားထူပေးနေတာ''

''ဘယ်မှာလဲ အဲဒီဘကြီး''

''ဟိုမှာလေ…တုတ်ကောက်နဲ့သွားနေတာ အငွေ့ရဲ့''

မြားထပ်ပြသောနေရာကို အသည်းအသန်လိုက်ကြည့် သည်။ တုတ်ကောက်ထောက်ရင်း သက္ကလပ်အင်္ကျီအနက်ကြီးနဲ့ အဘိုးကြီးတစ်ယောက်ရဲ့ကျောပြင်ကို မြင်ရ၏။

''သြော်…ဒီမနက်နှယ်၊ အနှောင့်အယှက်တွေက ဝင်နေ တာ၊ အဘိုးကြီးကတစ်မျိုး ခွေးကတစ်ဖုံနဲ့''



www.burmeseclassic.com

www.burmeseclassic.com



"ထားလိုက်ပါတော့ စိန်စိန်ရယ်၊ သွားမယ်၊ ဒီနေ့ဆိုင်
အစောကြီးရောက်ရမှာလေ၊ နောက်တောင်ကျသွားပြီဟဲ့"

"အေး…အေး သွားမှ၊ ဒီကောင်မလေးကို ကျောင်းပ
ို့ရမှာရှိသေး"

ကတိုက်ကရိုက်ထွက်သွားသော အခေါ်နှစ်ယောက်နောက်
မှ မြားက အပြေးကလေးပါသွားသည်။ ရင်ထဲမှာလည်း ဗရန်
ဗတာဖြစ်နေသည့် နှလုံးသားက ဟိုမှဒီပြေးလွှားခုန်လှုပ်နေခဲ့တ
တရားခံ ဘယ်သူ့ကြောင့်လဲ။

◆ ◆ ◆



## အခန်း (၁၅)

"တောက်"

တက်ခေါက်သံက ပြင်းတာကြောင့်လား အတွင်းပိုင်း
အောင် သိမ့်သိမ့်ခါသွားသလားမသိ ဂျေကြီးက မအူမလည်နှင့်
ကြည့်ကြည့်သည်။ ဘိုဘိုကတော့ နောက်ခန်းကနေ ရှေ့ကူရှင်နှစ်လုံး
ကြား ခေါင်းပြူပြီး…

"ခွင့်လွှတ်လိုက်၊ နင် ဒီနေ့က စာမေးပွဲနောက်ဆုံးနေ့လေ၊
ကျောင်းထဲကရေလောင်းကြတာ ထုံးစံပဲ"

"အဲဒီထုံးစံက အစဉ်အလာကိုကျော်နေပြီ"

နစ်က အံကြိတ်သံနှင့်ပြောရင်း ကားမှန်ကို ထွင်းဖောက်
မြင်နေရသည့် ရှုခင်းကို သည်းကြီးမည်းကြီး စိုက်ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



အမြင်ပသာဒဖြစ်လွန်း၍မဟုတ်။ ကျောက်စိမ်းရင့်ရောင် ဒူးကျဂါဝ
က ခါးနားအတိမှာ အနီရောင်ခါးပတ်ကြီး ပတ်ထားသဖြင့် ချပ်ရပ်
ကပ်နေသော အင်္ကျီအောက်မှ အရာတိုင်း အချိုးအစားမီသည်
ရင်သည်ရင်အတိုင်း၊ ခါးသည်ခါးအတိုင်းမှာ ရေစိုသဖြင့် မို့မောက်
ရှိုက်ဝန်းတွေက ပိုပေါ်လာပြီး သံလိုက်ထက်ပင် ဆွဲအားပြင်းနေ၏
ဗွီပုံသဏ္ဌာန် ဟိုက်ချထားတဲ့လည်ပင်းနဲ့ ကုတ်သားဝင်းဝင်းတွေထ
မှ ရွှေရောင်ဆံနွယ်တွေကို ဆွဲချကာ ရင်ညွန့်တစ်ဖက်ပေါ် သိမ်းထား
သောကြောင့် သူမအလှက စကားပြောသော ဘိုမရုပ်ကလေးလို
ဒါကိုပဲ ဟိုသကောင့်သားက ရေလောင်းလာတာ အဆန်းဝကတည်
က။ ဒီဘက်ကော်ရစ်တာရောက်တော့မည်။ မပြီးနိုင်မစီးနိုင်
လက်ထဲက လောင်းလက်စရေတစ်ဖူးပြီးလျှင် ဒီဘက်မှာ ရေသန့်
သစ်က နောက်တစ်ဖူး။ ဒီမြင်ကွင်းကို နစ် ဆက်ပြီးကြည့်မနေနိုင်
တော့။

"တောက်"

ဒုတိယအကြိမ် တက်ခေါက်ပြီး ကားတံခါးဖွင့်တော
ဂျေကြီးက လှမ်းဆွဲသည်။

"ဘာလဲ မင်းက"

ဒေါသကဆွဲသောလက်ပေါ် အားကောင်းစွာ စိုက်ဆ





သွား၏။ မြင်မြင်ရာ ဆွဲယူသိမ်းမွေ့ဖျက်ဆီးတော့မည့် မုန်တိုင်း
တစ်ခင်းလို ဂျေကြီးက သူဘာဖြစ်ဖြစ် ဂရုမစိုက်သည့်ပုံဖြင့်...

"သတိထားဦး...နစ် မင်း အုတ်အော်သောင်းနင်းဖြစ်လို့
မှားလေ၊ မင်းက ဆယ်လီဘရစ်တီ၊ တစ်ခါတည်း ဂျာနယ်ပေါ်
ဘာလာကြီးနဲ့ ပါသွားမယ်"

"အဲ...အဲဒီတော့"

မျက်တောင်ဖျားတွေ စိုက်ချမေးပုံက အကောင်းတော့
ဖြစ်နိုင်။ နောက်ခန်းရှိ ဘိုဘိုကပါ ဝင်ပါလာရပြီး...

"နေပါစေ နစ်ရာ၊ အဓိကကျတာ ပတ္တမြားရဲ့စိတ်ပဲ
မဟုတ်လား"

"ဒါနဲ့ပဲ ငါက အဲဒီမဖွယ်မရာကြီးကို လက်ပိုက်ကြည့်နေ
ရတော့မယ်ပေါ့"

ရေလောင်းရုံမက နားနားကပ်ပြီး စကားပြောသောအခါ
မှာပါးပြင်နဲ့ ဒီကောင့်မျက်နှာက သိပ်မဝေးသောအနေအထားတစ်ခု
မှာ။ ဒေါသအရှိန်ကြောင့် နီမြန်းနေသော သူ့မျက်နှာက နှုတ်ခမ်းတို့
ကို တင်းနေအောင်ဆွဲစေ့ပစ်တော့ မိုက်ရူးရဲတစ်ယောက်လို။ နစ်က
ကားတံခါးကိုဆွဲဖွင့်သည်။

"နေပစေ...ဆယ်လီဘရစ်တီလည်း နှလုံးသားနဲ့ပဲ၊ ငါ့ဘိုး



www.burmeseclassic.com

www.burmeseclassic.com



တာက ငါ့နှလုံးသားအစွန်းရောက်တယ်''

ပြောရင်း ကားအောက်ဆင်းတော့ သူ့တို့နှစ်ယောက်လည်း မနေသာ။

''ကျစ်…ဖိုးငွေမပါဘူးဆိုနေမှ''

ကသောကမျောလိုက်ဆင်းရင်း ကျော်ကြီးက အနားဖတ်တွေ အများကြီးပါသော ဦးထုပ်အဝိုင်းကြီးအား နှစ်ထံထိုးပေးရင်း…

''ဒါလေးတော့ဆောင်းပြီးမှသွားပါ၊ နှစ်ရာ''

လို့ တောင်းတောင်းပန်ပန်နှင့် ပြောရတဲ့အဖြစ်။ ဘော်ဒီဂတ်ဖြစ်ရတာ မလွယ်မှန်း စံနှစ်အချစ်ကို ရှာဖွေတွေ့ရှိမှ သူတို့သိရသည်။ ပိုဆိုးတာက သူငယ်ချင်းဘော်ဒီဂတ်။ သိတယ်မဟုတ်လား ပြောမနာဆိုမနာမို့ ဒီဘော်ဒီဂတ်ပြောသမျှ စံနှစ်နားထဲ ဝင်မှာမဟုတ်တော့လည်း သံဗိဒ္ဓာန်ချထားခဲ့တာက လေအပိုအကုန်မခံရန်။

◆ ◆ ◆



# အခန်း (၁၆)

''ဟင်''

အံ့ဩတကြီး နှုတ်ခမ်းတွေ ပွင့်ဟသွားသည်။ ကော့ရော့သော မျက်တောင်ဖျားတွေဟာ မျက်ခုံးရိုးစပ်နားအထိ တစ်ပင်ချင်း ထိကပ်နေပုံက အထိတ်တလန့်။

''နှစ်''

လို့ နှုတ်ခမ်းနှစ်လွှာလှုပ်ရုံ ခေါ်တာကို သူကဂရုမစိုက်ချင်။ ဘာဘာညာညာ ဖြေရှင်းချက်တွေ မကြားရသေးမှာပင် စံနှစ်က သူမလက်ကောက်ဝတ်ကို လှမ်းကိုင်ပြီး ဆွဲခေါ်လာတာက သူ့ရဲ့ ငွေစိမ်းရောင် Double Cub မြင့်မြင့်ကြီးဆီ။

''နှစ်''



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခွန်းပဲခေါ်တတ်သလို မြားက ချောက်ချောက်ချားချားဖြစ်နေကာ နောက်လှည့်ကြည့်တော့ ရုတ်ရုတ်သဲသဲဖြစ်နေသော အောင်ခြိမ့်တို့အုပ်စုနှင့် ဂျေကြီးနဲ့ဘိုဘိုကတစ်ဖက်။

"နှစ်…ဟိုမှာ ပြဿနာတွေတက်ကုန်ပြီ"

"အဲဒါ သူတို့ရှင်းတတ်တယ်"

ပြောပုံက သူနဲ့မဆိုင်တဲ့အတိုင်း။ အထဲဝင်လို့မပြောဘဲ မြားကို လက်မောင်းရင်းကဆွဲမပြီး ကားထဲပစ်ခတ်ထိုးတင်ကာ ကားတံခါးဆောင့်အောင့်ပိတ်သံက ဂျိမ်းခနဲဒိုင်းခနဲ။ ကားခေါင်းဘက်က ကွေ့ပတ်ကာ မောင်းသူဘက်ဝင်ထိုင်ပြီး ကားကိုဝိုက်ကွေ့ပြီးတာနဲ့ ဝေါခနဲမောင်းထွက်သည်။ သူက ပြုမူနေကျအလုပ်တစ်ခုကို အေးအေးဆေးဆေးပေမဲ့ သွေးပျက်ချောက်ချားနေတဲ့မြားကသာ

"နှစ်…ဒါဘယ်ကိုလဲ၊ စိန်စိန်တို့လာကြိုတော့မှာ"

"သိတယ်…နောက်နာရီဝက်အတွင်း မရောက်စေရဘူး"

"မရောက်လည်း ကျောင်းထဲကပဲ စောင့်ရမှာပေါ့၊ ဒါဘယ်ကိုလဲ"

"စိတ်ချ…ခင်ဗျားကို ကားတင်မပြေးဘူး"

မပြေးဘူးသာဆိုတယ် ကျောင်းပရဝဏ်ထဲက ကားပြေးထွက်လာပြီ။ မြားက ဒေါသဖြစ်ဖြစ်နှင့် သူ့ဘက် ဆတ်ခနဲလှည့်





ထိုင်လိုက်ပြီး စတီယာရင်ကို တန်းနေအောင်ဆုပ်ကိုင်ထားတဲ့ သူ့လက်ဖျံအား ဖျန်းခနဲ ပိတ်ရိုက်သည်။ ထို့နောက် မေးရိုးတွေ ကားထွက်နေအောင် အံကြိတ်ထားတဲ့သူ့ကို စိုက်ကြည့်ရင်း…

"စံနှစ် အဲဒါဘာဖြစ်နေတာလဲ"

"လူသတ်ချင်နေတာ"

"ဘာ"

အပြောနဲ့အတူ ကားကို လမ်းဘေးဆွဲချပြီး ဘရိတ်ဖမ်းဆွဲတော့ မြားမှာ ရှေ့သို့ငိုက်ခနဲ။ မလွတ်တမ်းထားသော သတိကြောင့် ဒတ်(ရှ်)ဘုတ်ကို လက်နဲ့ထောက်မိ၍သာ။ ကားရပ်ပြီးပြီးချင်း စံနှစ်ကလည်း ဒီဘက်လှည့်ထိုင်သည်။ ခေါင်းစွပ်ကြီးရောဦးထုပ်ကားကြီးပါ ဆွဲလှန်သဖြင့် နားထင်ဘေးနားမှာ ပလာစတာနှစ်ခုက အထင်းသား။ ဒီတော့မှ နီမြန်းမြန်းဖြစ်နေသော သူ့မျက်နှာနှင့် မျက်ဝန်းတွေကို မြားက မြင်သွားပြီး စိုးရိမ်တကြီးနှင့်

"နှစ်…ဘာဖြစ်နေတာလဲ"

"အခုမှ လာဟန်ဆောင်မနေနဲ့"

"ဘာဖြစ်တာလဲလို့မေးတာလေ၊ ဘာမှဟန်မဆောင်ဘူး"

မျက်တောင်လေးပုတ်ခတ်ပုတ်ခတ်နဲ့ ပြောသော မြားကို သူက စိုက်ကြည့်ပြီး တွန့်ခနဲမဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"တကယ့် အကယ်ဒမီရှော့ခ်ပဲ"

"နစ်နော်"

"မဟုတ်ဘူးလား၊ ဒီကောင်ဖုန်းဆက်တာကျတော့ လက်မခံ၊ လာတွေ့တော့ ဟိုရှောင်ဒီရှောင်၊ အဲဒီကောင်ရေလောင်းတာကျတော့ ကြည်နူးတယ်၊ သာယာတယ်ပေါ့ ကျစ်"

ခေါင်းကို ကုရှင်ပေါ်လှန်ချပြီး စတီယာရင်ကို လက်သီးနှင့်ထုသည်။ သူပေါက်ကွဲသမျှ မြားက စိမ်ပြေနပြေကြည့်ပြီးမှ···

"အခု ကိုယ်ချင်းစာတတ်ပြီလား"

"ဘာကိုလဲ"

မျက်ခုံးကို အတွန့်ချိုးမေးပုံက တလောကလုံးနဲ့ စိန်ခေါ်ပစ်ချင်နေတဲ့ရုပ်။ မြားက ကိုယ်ကို ဆတ်ခနဲအတည့်ထိုင်ကာ ကားမှန်ကိုကြည့်ရင်း···

"ပြီးခဲ့တဲ့အပတ်က ထွက်တဲ့ဂျာနယ်အင်တာဗျူးထဲ ရှင်ဘာဖြေထားလဲ"

"ဘာဖြေလို့လဲ"

"သြော်···ကိုယ့်နှုတ်ထွက်စကားတောင် ကိုယ်မမှတ်မိတဲ့သူကများ မြားကို ချစ်ပါရစေ၊ ကြိုက်ပါရစေနဲ့"

မျက်စောင်းရှယ်ပြီး အပြောခံရတော့ သူ ဇဝေဇဝါဖြစ်သွား





သည်။ ဟုတ်သားပဲ ဟိုအရင်ညတွေက သူနဲ့မြား အဆင်တပြေပြေ နန်းပြောကြ၊ ချက်တင်ဝင်ကြနဲ့ မိုးလေဝသက ကြည်ကြည်လင်လင်။ ဖိုးခွေတို့ကတောင် မြှောက်ပေးကြသေးတာ။

"တော်ကြာ သီချင်းထဲကလို သူငယ်ချင်းလေးပါတဲ့ ဖြစ်နေဦးမယ် နစ်၊ မြန်မြန်လုပ်ရှားတော့၊ ရိုးသားကြိုးစားတာက နိုင်ငံတည်တဲ့နေရာမှာပဲ အသုံးဝင်တာ၊ အချစ်ရေးမှာ မာယာသုံးပြီး အကွက်ရွှေ့နိုင်မှ"

လို့အခါတော်ပေးသွားခဲ့သည်။ ထိုမှအထိ ကောင်းနေသော အခြေအနေမှ ပြီးခဲ့သည့်အပတ်မှစ၍ မြားက သူဖုန်းဆက်လည်းမကိုင်။ ကျောင်းမှာလာတွေ့လည်း အကြည့်တစ်ချက်တောင်မပေး။ ဂျေကြီးတို့ကိုလွှတ်ပြီး မြားသူငယ်ချင်းဆီ တီးခေါက်နိုင်းတော့ အားလုံးက ခေါင်းယမ်းပြပြီး အဖြေက 'မသိပါ'တဲ့။ ထိုနှုတ်တရက်အပြောင်းအလဲက သူ့နှုတ်ထွက်စကားကြောင့်တဲ့။

"ကဲ···စဉ်းစားရပြီလား"

"ဘယ်ဂျာနယ်ထဲမှာလဲ၊ နည်းနည်းတော့ အစဖော်ပေးသွား၊ အင်တာဗျူးဖြေတာတွေ များနေတော့"

ဒုတိယအကြိမ် ရှယ်တဲ့မျက်စောင်းကြောင့် နစ်မှာ ရင်တွေဘာတွေ အခုန်မြန်သွားရသည်။ မြားက နှုတ်ခမ်းတွေကို ရွဲ့ထော်



www.burmeseclassic.com

www.burmeseclassic.com



ထွက်အောင်စူရင်း…

"ရှင့်မျက်နှာဖုံးပါတဲ့ဂျာနယ်"

"သြော်…သိပြီ၊ လောကသစ်မဟုတ်လား၊ အဲဒီထဲမှာ သူတို့က UFL ရောက်ရောက်နေလို့ မေးထားတာလေ၊ ကိုယ့်သူငယ်ချင်းမော်ဒယ်နဲ့အတူ ဖြေထားတာ"

"ဟုတ်ပါ့…ရှင် UFL ထဲလာနေရတာ အဲဒီမော်ဒယ်မကြောင့် မဟုတ်လား"

"အာ"

သူ ကိုယ့်နဖူးကိုယ် ဖျတ်ခနဲပိတ်ရိုက်သည်။ မေးသူက မေးသည်။ UFL ထဲ ခြေစကြာဖြန့်တဲ့ကိစ္စ။ သူငယ်ချင်းမော်ဒယ်က UFL မှာ အင်္ဂလိပ်ဘာသာဒုတိယနှစ်။ ဒီတော့ သူက လွယ်လင့်တကူပင် သူမဆီသွားတာပါလို့ ဖြေမိခြင်းပင်။ သူငယ်ချင်းမတောင် သူ့ကို လက်သီးတရွယ်ရွယ်နဲ့…

"အေး…ဩဇီကငါ့ကိုကို ဒီဂျာနယ်ဖတ်ပြီး ကျိုင်ရှာလို့ ကတော့ နင်ရှင်းရမှာ နစ်"

တဲ့။ အခုတော့ မထင်ထားတဲ့သူက ကျိုင်ရှာခံနေရပြီ နစ်က သူမဘက်လှည့်ရင်း…

"မဟုတ်ဘူးမြားရဲ့၊ ဟိုကယ်က"





"မရှင်းပါနဲ့၊ နားထောင်ချင်လို့ ဒီစကားပြောတာမဟုတ်ဘူး၊ ကိုယ်ချင်းစာတတ်အောင် ရေလိုက်လောင်းတာ အသားပဲ့သွားတာမှမဟုတ်ဘူးလေ၊ အဲဒီလောက် ဒေါသတွေထွက်ပြဖို့ မလိုဘူးလို့ ပြောချင်တာ"

တရစပ်ပြောပြီးမှ မျက်နှာတည်နှင့်

"ပြန်ပို့တော့"

"အာ…မရှင်းမရှင်းနဲ့ မပို့ဘူး၊ ဒါကြောင့် မြားက ကိုယ့်ဖုန်းမကိုင်တာပေါ့၊ ကိုယ်လာရင် မသိချင်ယောင်ဆောင်နေတာပေါ့ အဲဒီလိုလား"

"သြော်…ကိုယ့်ဆီလာတာမဟုတ်တဲ့လူကို မြားက ကြိုဆိုစည့်ခံနေရအောင် မြားက အရူးလား"

"ဒါဆို…မြားက ကိုယ့်ကိုအူတိုနေတာပေါ့"

ရုပ်ကမချိုမချဉ်။ နှုတ်ခမ်းတွေတည်သလောက် သူ့မျက်ဝန်းထဲ ရယ်မြူးရိပ်တွေမြင်တော့မှ မြားက သွားပြီလို့ စိတ်ထဲအော်မိတာ အကျယ်ကြီး။ သေလိုက်တော့ မြား။ အဲဒါပဲ မဖုံးနိုင်မဖိနိုင်တဲ့ ခံစားချက်ကို ဟိုကမြင်သွားပြီလို့ နောင်တရတာသပ်သပ် မျက်နှာကို ပိုတည်ပစ်တာက သပ်သပ်နှင့်

"မလိုပါဘူး၊ ရှင့်လို နှုတ်ခမ်းနီမလေးတွေ အသည်းခွဲနေ



www.burmeseclassic.com

www.burmeseclassic.com



တဲ့လူကို အူတိုလို့ကတော့ ပွန်း မိုက်ထဲအူတောင်ရှိတော့မှာ မဟုတ်ဘူး''

''အင်း...ကိုယ် အသည်းစွဲတာက တစ်ယောက်တည်း''

''တော်ပြီ...သွားတော့မယ်''

ဆက်မကြားရဲသလို မြားက မျက်နှာလွှဲပြီး စကားစဖြတ်သည်။

''မသွားသေးဘူး...ဒီမှာ အဖျားတွေတက်ပြီး အလွမ်းတွေ အရောင်ရင့်နေတဲ့အကြောင်း ပြောပြမလို့''

''နားမထောင်ချင်ပါဘူး''

''စိတ်ချ...ဒီတစ်ခါလာမေးရင် UFL ထဲက ကိုရီးယားဘာသာစကားတက်နေတဲ့ ပတ္တမြားဆီက အဖြေတောင်းဖို့လာတာလို့''

''ရှင်နော်''

မြားက နှုတ်ခမ်းကို ဖွဖွကိုက်ရင်း ဒီဘက်လှည့်အော်တာ သတိလက်လွှတ်။

''တကယ်ပြောတာ၊ ကိုယ်ချစ်တာ မြားတစ်ယောက်တည်း''

''အို''





ဖျတ်ခနဲ လှမ်းကိုင်တဲ့သူ့လက်တွေကြားမှာ မြားလက်ဖဝါးက ငြင်းရင်းဆန်ရင်း ပါသွားပြီ။

''လွှတ်နော်...စံနစ်၊ အဲဒီလိုမဆိုးနဲ့၊ မြားမကြိုက်ဘူး''

''ကြိုက်ဖို့မလိုဘူး၊ ချစ်ဖို့ပဲလိုတာ''

''အို...မချစ်ပါဘူး''

ခေါင်းငုံ့ပြီးငြင်းတော့ ကိုယ့်ရင်ခုန်သံ ကိုယ်ပြန်ကြားနေရဖြစ်။ နစ်က သဲ့သဲ့ရယ်ရင်း မြားလက်ဖဝါးကို သူ့ရင်ဘတ်မှာ ထားသည်။ တဒုတ်ဒုတ်လာဆောင့်ထိုးနေသော သူ့နှလုံးသားသည် မြားလက်ဖဝါးထဲ တိုးဝင်နေသည်ဟု ခံစားရရှာ။

''ဒီမှာ မြားဆီဖုန်းခေါ်ရင် အိမ်ခေါင်မိုးပေါ် မိုးအလင်းလို့ ဖျားတဲ့ကိုယ့်ကို မသနားဘူးလား''

''သနားတယ်''

''ဒါဆို''

''ဟင့်အင်း...မချစ်ဘူး''

''ဘာဖြစ်လို့လဲ''

''မြားကိုချစ်တာမယုံလို့၊ မြားအပြင် တခြားမှာ''

''ဟင့်အင်း...မြားက ကိုယ့်ရဲ့ပထမဆုံး''

''အို...စံနစ် ဟင့်အင်းကွာ''



www.burmeseclassic.com

www.burmeseclassic.com



အင်အားမပါလို့လား။ သူ့ရဲ့ချုပ်ကိုင်မှုက သန်မာလွန်းတ
လား။ မြား မသိတော့။ မယုံပါဘူးလို့ ကြွေးကြော်ထားတဲ့ ရင်ခွ
တစ်ခုထဲ မြားဟာ ကူရာမဲ့လဲပြိုကျရင်း ဖွဖွညင်သာစွာ ဖြန့်စင်းတ
တမ်းတခြင်းအနမ်းမြစ်ပြင်ကျယ်ထဲမှာ မြားရဲ့မျက်နှာအစိတ်အပိုင်
တို့က ထိတိုင်းကြွေကျတတ်သောအရာသာ ဖြစ်ခဲ့ပါလျှင်။

"ထပ်ငြင်းလို့မရတော့ဘူး၊ မြားက ကိုယ့်ရဲ့ချစ်သူ၊ ဒီမှ
အနမ်းတွေနဲ့ တရားဝင်တံဆိပ်နှိပ်ထားတာ"

မေးဖျားလေးကို ပင့်မော့ရင်း သူပြောတော့ မြားမျက်န
ပေါ် ပန်းရင့်ရောင်နှင်းဆီတစ်ခင်း ပျိုးချလိုက်သည့်အလား။ မှေးမှိ
ထားသော မျက်ဝန်းရှိ ရှည်လျားကော့ရော့သော မျက်တောင်ဖျာ
တွေက တဆတ်ဆတ်တုန်ခါနေတာ သနားစဖွယ်။ သူ စီးမိုးကြ
နေတာကို သိသည့်အလား မြားက မျက်လုံးချင်းမဆိုင်ဘဲ…

"အခုချိန်ထိ မြား မယုံရဲသေးဘူး"

"ဘာကိုလဲ"

"နှစ်ရဲ့အချစ်ကို ဒါပေမဲ့"

"ဘာဖြစ်လဲ ပြောလေ"

"မြား ချစ်နေရရင် ကျေနပ်ပြီ"

ပြောရင်း သူ့ရင်ခွင်ထဲ ခေါင်းတိုးဝင်ပုံက ကလေ





စ်ယောက်နှယ်။ စံနစ်က မြားကိုယ်လေးကို ယုယစွာ ပိုက်ထွေး
းရင်း မြားနဖူးမှာ ပါးအပ်မိတာလည်းရှိသည်။ မြားမျက်နှာပေါ်
မ်းဖွဖွလေးတင်မိတာလည်းရှိသည်။ ချစ်ခြင်းကြောင့် မြားကို
ထိရက်မကိုင်ရက်တဲ့အထိ မြတ်နိုးတန်ဖိုးထားရပါသည်ဆိုလျှင်။

"မြားကို ဘယ်တော့မှ ခွဲမသွားဘူး၊ တစ်သက်လုံး
ချစ်သွားမှာ၊ အဓိကက မြားကိုယ့်ကိုမထားခဲ့ရဘူး၊ ဘယ်သူတွေ
ာပြောပြော ကိုယ့်ဘက်က မြား ရှိနေရမယ်၊ အဲဒါကိုမှတ်ထား"

သူကပြောတော့ မြားက ရင်ခွင်ထဲမှနေ၍ ခေါင်းညိတ်ပြ
ည်။ ပြီးမှ သူ့ကို မော့မော့လေးငေးကာ…

"မြား…တောင်းပန်တယ်"

"ဘာကိုလဲ"

"မြားကြောင့် ဖျားသွားပြီလေ၊ ဘာဆေးသောက်ထားလဲ၊
းခန်းမပြဘူးလား"

သူကပြုံးရင်း ခေါင်းခါပြတော့ မြားက မျက်မှောင်ကျုံ့
ာ ရင်ခွင်ထဲက ချက်ချင်းကျုံးထပြီး…

"အဲဒါဆို ပိုဆိုးမှာပေါ့နှစ်ရဲ့၊ ဆေးသောက်လိုက်ပါလား၊
ဦး မြားမှာ အလက်ဖန်ဆောင်ထားတာရှိတယ်၊ တစ်ခါတည်း
ာက်သွားနော်"



www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်ယောက်လို ချော့မော့ရင်း မြားက ဆေးလွယ်အိတ်ကို ဖွင့်ဟန်ပြုတော့ စံနစ်က မြားလက်ဖဝါးလေးကို ဆွဲထားရင်း...

"မသောက်တော့ဘူး"

"ဟင်...အဲဒါဆို အဖျားဘယ်လိုပျောက်မလဲ နစ်ရဲ့"

"ရတယ်၊ မြား အာဘွားပေးလိုက်ရင်ရပြီ"

"အယ်...နစ်ကလည်း ရှက်စရာကြီး"

ချက်ချင်း ပါးမို့လေးတွေရဲတက်သွားတာကို သူက အသည်းတယားယားနှင့် ကြည့်ရင်း မြားမျက်နှာရှေ့ ပါးထိုးပေးကာ...

"ကိုယ်က မရှက်တမ်းနမ်းတာလေ"

"ဟင်...နစ်ကတော့ ယောကျ်ားလေးကိုး"

"မိန်းကလေးက မနမ်းရဥပဒေရှိလား"

သူက ဂျစ်တစ်တစ်မေးတော့မှ မြားက သွားဖြူတန်းတွေပေါ်အောင် ရယ်ရင်း...

"တစ်ခါတည်းနော်"

"အင်း...တစ်ခါနမ်းရင် မီနစ်ခြောက်ဆယ်"

"ကြည့်...အဲဒီနစ်ဟာလေ"





အသံထွက်အောင် မြားက ခေါင်းမော့ရယ်သည်။ နှုတ်ခမ်းသွေး အတင်းဆွဲပြီးရယ်တာကြောင့် မျက်နှာတစ်ပြင်လုံး ပန်းရောင်သွမ်းတက်လာတာကို သူ မချင့်မရဲကြည့်ရင်း...

"အိုး...နစ်"

မြားမှ ဒီအသံပဲထွက်ရတော့သည်။ အနမ်းခံမဲ့သူကဘာကယ်တမ်း အနမ်းမှုဆိုးဖြစ်သွားတဲ့အခါ သူ့အနမ်းအောက် မြားသည်စင်းဒူးထောက်ပေးခဲ့တာက ရင်ခုန်သံသာကောင်အဖြစ်။ သဘာဝတရားတွေထဲ အချစ်၊ အနမ်းက ပူးတွဲချန်ပီယံဆိုရင် ချစ်တတ်သူတိုင်း ဒီအနမ်းတွေကြောင့် ငြိမ်းချမ်းကြပါစေ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"အို…မငြိမ်းချမ်းနိုင်ပါဘူး"

အငွေ့ရဲ့ ခပ်ဆတ်ဆတ်အပြောကြောင့် လာတောင်းပန်း
ကောင်လေးက မျက်ခုံးတတွန့်တွန့်နှင့် ငြိမ်ကျသွားသည်။ စိန်
က စတီယာရင်ပေါ် လက်ဆန့်တင်ထားရင်း မျက်မှန်အညိုရော
အဝိုင်းကြီးအား နဖူးပေါ်ဖြစ်သလို ထိုးသိပ်တင်ကာ…

"ဟုတ်တယ်၊ ငါတို့မှာ သွားရလာရမဲ့ကိစ္စတွေ အမျာ
ကြီးရှိသေးတယ်၊ နင်တို့ကားပြန်ကောင်းတဲ့အထိ မစောင့်နိုင်ဘူး"

"ကားကောင်းတဲ့အထိ မစောင့်ရပါဘူးဗျာ၊ ခဏဆေ
မှာ ဟိုမှာပြင်တဲ့လူကပြင်နေပြီပဲ၊ မမတို့အနောက်ကကားတွေတော
ဘာမှမပြောဘူး"





"သူတို့ပြောတာမပြောတာ ငါစိတ်မဝင်စားဘူး၊ ငါတို့က ပြောမှဖြစ်မှာ၊ တောက် နောက်မှာလည်း ကားတွေစီတန်းပိတ်နေတာ ခတ်ဆိုထုတ်ဖို့ စောင့်နေတာကျနေတာပဲ"

စိန်စိန်က ကားနောက်ကို လည်ပင်းလိမ်ရင်း မကျေမချမ်း အရွတ်သည်။ သူမတို့ဝင်လာတဲ့ ဒီလမ်းက မြားကျောင်းကို ရောက် သောဖြတ်လမ်းလေး။ တစ်လမ်းသွားဖြစ်တာကြောင့် ဘေးမှာ ကျော်တက်စရာ၊ ကွေ့ဝိုက်စရာလမ်းအပိုမရှိ။ သွားနေကျမို့ သွယ်လင့်တကူ ချိုးကွေ့ဝင်လာပြီးမှ လမ်းတစ်ဝက်ရောက်မှာ ကန့်လန့်ကြီးဖြစ်ခံနေသည့် CYGNUS ကားနို့နှစ်ရောင် အခြေအနေ အကျိုးအကြောင်း မေးကြည့်တော့ ကားကမောင်းနေရင်း ဘီးချော် ပြီး ကန့်လန့်ဖြစ်သွားရုံမက စက်ပါတစ်ခါတည်းရပ်သွားသတဲ့။ ဖြစ်ပုံများပြောပါတယ်။ နောက်ကိုဘက်(ခ်)ဆုတ်ပြီး လမ်းထဲက ပြန်ထွက်မယ်ကြံတော့…

"မစဉ်းစားနဲ့တော့ စိန်စိန်၊ ငါတို့အနောက်မှာ ကားတွေ ဝင်လာတာ ခြောက်စီး၊ ခုနစ်စီးလောက်ရှိမယ်၊ ငါတို့ပိတ်မိသွား ပြီ"

တဲ့။ လှည့်ကြည့်မိလျှင် ကျသွားတဲ့စိတ်ဓာတ်ဟာ ဘယ်လိုပြန်ကောက်တင်တင် တက်မလာတာ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်မှာ အစီအရီရပ်ထားတဲ့ ကားတွေက အကုန်အကောင်း တွေချည်းပင်။ ကားမောင်းသမားတွေဟာလည်း သူမတို့ အသက်အရွယ်တူမပြောနှင့် မိန်းကလေးတစ်ယောက်မှ မတွေ့ရ။ အကုန်လုံး အုပ်စုဖွဲ့ကြသည့် ကောင်လေးတွေချည်း နေခင်းဘက်ကြီးမှာတောင် အင်္ကျီပွပွ၊ ဘောင်းဘီပွပွနှင့် ဦးထုပ် တဲ့သူ မရှိသလောက်ပင်။ အမယ် တချို့တွေက ကားပိတ်မိနေ တောင် စိတ်ညစ်ပုံမရဘဲ လမ်းဘေးသစ်ပင်ရိပ်မှာထိုင်ရင်း စ ဝိုင်းဖွဲ့နေတာ အေးအေးလူလူ။ ကိုယ်တို့နှစ်ယောက်မှာတော့ မ လုနိုင်သော သောကတွေနဲ့ဆိုတော့။

"မြားဆီဖုန်းဝင်လား"

ဘေးနား၌ ဖုန်းခေါ်နေသော အငွေ့ကို လှည့်မေးသည အငွေ့က ခေါင်းညိတ်ပြရင်း...

"အခုပဲဝင်သွားတာ၊ ဟဲလို မြား"

"အငွေ့ မလာသေးဘူးလား၊ ကျောင်းထဲမှာလူရှင်းနေ ဒီမှာ မြားတစ်ယောက်တည်း"

စပီကာဖွင့်ထားသဖြင့် မြားအသံကို နှစ်ယောက် ကြားနေရသည်။

"ဟဲ့...မြားနဲ့တွဲနေကျ ဟိုနှစ်ယောက်ရော"





"သူတို့က အစောကြီးကတည်းက ပြန်သွားပြီလေ၊ ဒီနေ့ စာမေးပွဲပြီးတော့ ရုပ်ရှင်သွားကြည့်မှာ၊ မြားကိုတောင်ခေါ်နေသေး တယ်၊ မြားက အငွေ့တို့လာမှာဆိုလို့"

"အေး...အေး လာမယ်မြားရေ၊ ခဏဆက်စောင့်၊ ဒီမှာ လမ်းတွေပိတ်နေလို့"

မြားကို ကတိပေးပြီး ဖုန်းချရင်း တစ်ယောက်ကို တစ်ယောက် ကြည့်မိတာက ဘာဆက်လုပ်ရမလဲ အကြံညာဏ်ယူ ခြင်းပါ။ နောက်ဆုံး စိန်စိန်က သက်ပြင်းရှိုက်သွင်းတာ ရင်တစ်ပြင် လုံး မောက်တက်လာပြီးမှ...

"နင်...ထိပ်ထွက်ပြီး တက္ကစီငှားသွားလိုက်တော့၊ ငါ ကားစောင့်နေခဲ့မယ်"

"အေး...ပြီးရော"

အငွေ့က လက်ကိုင်အိတ်ကောက်ချိတ်ရင်း ခရမ်းနုရောင် မျက်မှန်ကိုတပ်သည်။ ထို့နောက် ရှေ့ကားကို မကျေမလည်ကြည့် ကာ...

"ငယ်ငယ်ကစိတ်နဲ့ဆို အဲဒီကားကို လမ်းဘေးထိုးကျ အောင် ငါတိုက်ပစ်တယ်၊ တကယ်"

"အေးယော့...ငါလည်းဒီအတိုင်းပဲ၊ သူ့ကားပြန်လျော်ရမှာ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ငါ့ကားပြင်ရမဲ့စရိတ်က ပေါင်းကြည့်ရင် မနည်းမနောမို့''

ထိုအခိုက် ရှေ့ကားက လူရှယ်သည် ဖုန်းထုတ်ပြောနေရာမှ ကားပေါ်တက်စက်နှိုးသည်။ ညင်သာစွာထွက်ပေါ်လာတဲ့ ကားစက်နှိုးသံဟာ ကားအောက်ဆင်းတော့မည့် အငွေ့ခြေလှမ်းတို့အား ရပ်တန့်သွားစေ၏။

''ဟယ်…နိုးသွားပြီ''

''ကောင်းတော့လည်း ချက်ချင်းကြီး''

ညီအစ်မနှစ်ယောက် မှတ်ချက်ပေးပြီး ခဏမှာပင် ကားပြင်နေသူက ဘောနက်ကိုပိတ်ချရင်း သူမတို့နောက်ကားတွေဆီ လက်မထောင်ပြ၏။ ထို့နောက် ရှေ့ကားက တစ်လှမ့်ချင်း ဘီးလှိမ့်သွားရာနောက်လိုက်ရင်း ကားလမ်းမကြီးပေါ် တက်မိတော့ မြားကို အခါတိုင်းကျောင်းကြို့ချိန်ထက် လေးဆယ့်ငါးမိနစ်တိတိ နောက်ကျနေခဲ့ပြီ။ ကျောင်းဝင်းထဲ ကားချိုးကွေ့ဝင်တာနဲ့ ကားပါကင်နားမှာ တောင့်တောင့်လေးရပ်စောင့်နေတဲ့ မြားက သူမတို့ကားအရပ်တောင် မစောင့်နိုင်ဘဲ ကားနားပြေးလာကာ…

''နောက်ကျလိုက်တာ၊ မြားမှ ဗိုက်ဆာလို့ အူတွေတောင် လိမ်နေပြီ''

တဲ့။ ကားပေါ်ရောက်ရောက်ချင်း ဗိုက်လေးပွတ်ပြီး





ညည်းညူတဲ့ တူမချောကို အဒေါ်နှစ်ယောက်စလုံး အသနားတွေပြီး ဂျပန်အစားအစာတွေရသော ရက်စတောရင့်ဆီ ကားတန်းမောင်းသည်။ မြားက ဂျပန်စာကြိုက်တတ်တာလေ။ ဆိုင်ရောက်တော့ မြားကြိုက်တတ်သမျှ တန်းစီမှာပေးပြီး ကျွေးပေမဲ့ တူမချောက ဟုတ်တိပတ်တိမစားဘဲ။

''မြား…အဆာလွန်သွားပြီနဲ့တူတယ်''

လို့ပြောတော့ စိတ်မကောင်းဖြစ်ရကာ နှစ်ယောက်စလုံး ရင်ထဲသိမ့်ငွာန်ချတာ တစ်ပြိုင်တည်း။

နောင် အဲဒီဖြတ်လမ်းက ဘယ်တော့မှမသွား။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"အငွေ့"

အနားသို့ ကပ်ကာ ကိုယ်ကိုကိုင်းချပြီး ခေါ်တဲ့အသံကြောင့် အငွေ ဆတ်ခနဲဖြစ်သွားသည်။ ရှေ့ကမော်ဒယ်တွေ မင်းသမီးတွေ အား ဆင်ယင်ပေးရန် လက်ဝတ်လက်စားတွေ ရွေးနေချိန်မို့လည်း လန့်သွားရတာက အာရုံဒီမှာပဲ စိုက်ထားမိခဲ့တာမို့ပါ။

"ကဲ...ဘာဖြစ်ပြန်ပလဲ မြားရယ်"

ကိုယ့်အသံကြားတော့ စိန်စိန်က တစ်ဖက်စားပွဲဝိုင်းမှ မျက်ထောင့်နီကြီးနဲ့ လှမ်းကြည့်သည်။ ဒီနေ့က သူမတို့ရဲ့စိန်တိုက် ရတနာမျိုးစုံပြခန်းကြီး ကြော်ငြာရိုက်သည့်နေ့။ တီဗီမှာလွှင့်မှာရော ဘုတ်ထောင်မှာအပြင် မဂ္ဂဇင်းမျက်နှာဖုံးတစ်ခုအတွက်ပါ တစ်နေ့





ည်းအပြီးရိုက်မှာမို့ ကိုယ်စပွန်ဆာပေးရသည့် လက်ဝတ်ရတနာ တွေအတွက် ကြီးကြပ်ရန် ဟိုတယ်ကြီးထဲ ရောက်နေခြင်းပါ။ အကူမိန်းကလေးတွေပါပေမဲ့ အဝတ်အစားအရောင်နဲ့ ကိုက်ညီအောင် ရတနာမျိုးစုံကို တစ်စုံစီ ဆင်ယင်ပေးရတာမျိုးမို့ ဒီဇိုင်နာနှင့်အတူ ဆွေးနွေးတိုင်ပင်ပြီးမှ ယူခဲ့ရတာမို့ အတိမ်းအစောင်းဖြစ်ခွင့်မရှိ။ မြားကတော့ စိန်စိန့်ဆီ မျက်နှာငယ်လေးနဲ့ တစ်ချက်လှမ်းကြည့်ရင်း

"မြား....တွိုင်းလက်ဝင်ချင်လို့"

"ဖြစ်ရပြန်ပြီ"ထိုအကြည့်နဲ့သာ ပြုံးစုပြီး နှုတ်ကတော့ ငြင်မဆူချင်တော့။ ဒီနေ့ရိုက်ကွင်းကို ခေါ်ကတည်းက

"အာ...မြားအိမ်မှာပဲနေခဲ့မယ်လေ၊ သူတို့ရိုက်သမျှ တတ်တုတ်ထိုင်စောင့်နေရမှာ ပျင်းစရာကြီး"

လို့ မြား ငြင်းခဲ့သေးတာပင်။ မျက်ကွယ်ရာမှာ တစ်ယောက်တည်း မထားခဲ့ချင်သည့်စိတ်ကြောင့် ခေါ်လာရတာ။ သူခမျာလည်း ပျင်းရှာမှာပေါ့။ ဖန်းတစ်လုံးနဲ့ တစ်မနက်လုံး ခြိမ်းဆော့နေရတော့လို့ အငွေက ဖြေတွေးပေးရင်း....

"ခဏနေဦးဟယ်...ဒါလေးတွေ မိတ်ကပ်ဆရာမ တက်ထဲအပ်ပြီးရင် အငွေလိုက်ပို့မယ်"

"မရတော့ဘူးအငွေရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်း ခါးကိုင်းကာ ဗိုက်နှိပ်ထားတဲ့မြားရဲ့ ရှုံ့မဲ့မဲ့ပုံစံကြောင့်…

"ဟဲ့…ဒါက"

ဆိုပြီး အငွေလန့်သွားသည်။

"အဟဲ…မနက်က ဘူဖေးစားတုံး ဆီးဖုဒ်တွေအများကြီး ဆွဲလိုက်လို့နဲ့တူတယ်၊ ဗိုက်ထဲရစ်ရစ်ပြီး ထွက်ချင်နေပြီအငွေရဲ့"

"နင့်ဟာကလည်းဟယ် ဖြစ်လိုက်ရင် အသည်းအသန်ချည်းပဲ၊ ဒီမှာက"

"အငွေမလိုက်နဲ့လေ၊ တွိုင်းလက်ရှိတဲ့နေရာပဲပြောလိုက် ဒါမှမဟုတ်လည်း ဒီကဝန်ထမ်းပဲ မေးပြီးသွားတော့…အ"

ရုပ်က ရှုံ့မဲ့ပြီး မနည်းထိန်းထားတဲ့ပုံမို့ အငွေက ယောင်ယမ်းပြီးတောင် နာခေါင်းပိတ်မိသေး။ ပြီးမှ သွားလို့မြန်မြန်လက်ဟန်ပြရသည်။ မတော် ထွက်ကျကုန်မှဖြင့် အတွေးနဲ့ နှာခေါင်းရှုံ့ပြီး ကိုယ့်အလုပ်ထဲ ကိုယ်အာရုံစိုက်ရသည်။ ထိုအခိုက်မှာပဲ မော်ဒယ်လေးတွေအား ပြင်ပေးနေသော မိတ်ကပ်ဆရာမာမီကျော်ထံမှ…

"ဟေး…စံနစ်"

ဒီနာမည်။ ခေါင်းငုံ့ထားရာမှ အချက်ပေးခေါင်းလောင်းတွေ ဒိန်းခနဲမြည်လာသည်။ စံနစ်။ ညီအစ်မနှစ်ယောက်စလုံး





တစ်ပြိုင်တည်း ခေါင်းထောင်ပြီးကြည့်တော့ ကြည့်စမ်း ဒီကောင်လေး။ အောက်ခံတီရှပ်အစိမ်းနုပေါ် ကုတ်အနက်ကို ရင်ဖွင့်ဝတ်ထားသည်။ ဂျင်း(န်)ဘောင်းဘီအိတ်ထဲ လက်နှိုက်ထားတဲ့ စံနစ်ပုံစံက ထုံးစံအတိုင်း ခြေရုံသင်းပင်းများစွာနဲ့။

"တို့အတွက် ဘာလက်ဆောင်ပါလဲ ပြောနော်၊ ဟွန်း ပေါ်ရင်တော့ တို့က ဘုထွက်အောင်ထုမှာ သိလား"

"ဟယ်…အဲဒီမာမီကျော်ကလည်းလေ ဒီမှာကြာတို့မေးဖို့ သားပါဦး"

ကြာပွင့်အမည်ရသော တက်သစ်စမော်ဒယ်မလေးက ဝင်တားရင်း…

"ကဲ…ဘယ်လိုလဲ ကိုနစ်၊ ယူ့အခွေမှာ ကြာက အကောင်းဆုံးသရုပ်ဆောင်ထားတာနော်၊ ကြာ့အတွက်မပါရင် ခိတ်ဆိုးမှာ၊ အမေရိကားရော ပြင်သစ်ရော ရောက်တယ်ဆို"

"ဟေး…နစ် ပြင်သစ်ကရေမွှေးလေး တစ်ပုလင်းလို့ အရင်မှာခဲ့တာနော်"

သင်းဝင်လာတာနှင့် အားလုံးက လုပ်လက်စအလုပ်ရပ်ပြီး နှုတ်ဆက်သံတွေ တညံညံထဲ ဒါရိုက်တာတောင်ပါသေး။

"ဟော့ကောင်…ငါမက်တာ သူတို့လိုမဟုတ်ဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



တဲ့။ စံနစ်ကတော့ ဝိုင်းဝိုင်းလည်နေသည့်ကြားထဲမှ ခေါင်းမော့ရယ်ကာ…

"ပါ,ပါတယ်ဗျ၊ အားလုံးအတွက် မှာလိုက်တဲ့လူတွေအတွက်ဝယ်လာတယ်၊ မမှာတဲ့သူတွေအတွက် အိမ်မှာပါတီပေးမယ်"

"ဝိုး…ကောင်းလိုက်တဲ့အစီအစဉ်ပါပဲရှင့်"

အားလုံးထဲမှာ မာမီကအကဲဆုံး။ လက်သီးလက်မောင်းတန်းခုန်ပေါက်ပြီး အော်တဲ့အသံက တရော်နှင့် ဆပ်ပြာရည်ရောထားတဲ့အတိုင်း နားထောင်ရတာ ချွဲကျိကျိနှင့်။

"လာခဲ့နော်၊ အားလုံးပဲ၊ ဂျေကြီးက မနက်ဖြန်ဖိတ်စာဝေလိမ့်မယ်"

BURMESE CLASSIC .com

"နေပါဦး…နစ်က ဒီကိုဘာကိတ်"

"Gym ဝင်ထားလို့လား"

"ဧကန္တ ရေလာကူးတာလား"

ခန့်မှန်းခြေမေးခွန်းတွေ ဝိုင်းထုတ်ကြတာ အလှအယက်။ စိန်စိန်နဲ့အငွေကတော့ တစ်ယောက်နှင့်တစ်ယောက် အကြည့်ချင်းဆုံပြီး မဲ့တဲ့သူကမဲ့။ ရွဲ့တဲ့သူကရွဲ့ ဖြစ်ကုန်သည်။ စိတ်ထဲမှာ ဒီမလောက်လေးမလောက်စား ကောင်ကိုများ ကောင်းချီးပေးနေတာ





အတူတူ။ စတွေ့ကတည်းက အဲဒီကောင်လေးဟာ ကိုယ်တွေညီအစ်မအပေါ် မလေးမစားနဲ့ မမလို့ခေါ်နေရာက သူ့အလိုလည်းပြည့်ရော ကြီးဒေါ်တွေဘာတွေ ဖြစ်သွားတာကြည့်တော့။ ထိုကတည်းက မကျေလည်ခဲ့သောစိတ်ဟာ သင်းကို မမြင်တာကြာ၍ပြေပျောက်မယ်ကြံခါရှိသေး ပြီးခဲ့သော အပတ်က သင်းဟာ သူမတို့ရဲ့ 'ရတနာသခင်'ဆိုင်မှာ စိန်လက်စွပ်တစ်ကွင်း ဝယ်သွားပါသတဲ့။ ဆိုင်ကမိန်းကလေးတွေဟာ စံနစ်မြင်တာနဲ့ ဖျတ်ဖျတ်လူးနေတာကို CCTV ထဲက ပုံရိပ်တွေမှ မြင်နေရသည်။ သူကယ်ပြီး ဆိုင်ထဲကအထွက်အထိ စိတ်ဝင်စားစရာမရှိသောသူမတို့ညီအစ်မ မှာ ဆိုင်တံခါးကို ရောက်တော့ဆိုင်ထဲဝင်လာသည့်မြားနှင့် မျက်နှာ ချင်းဆိုင်သွားတာကိုမြင်မှလှုပ်လှုပ်ရှားရှားဖြစ်သွားတာ။ ဒင်းမရောက်လာမှီကပင် မြားက…

"မုန့်တီသောက်ချင်တယ်၊ ဟိုဘက်လမ်းက စားသောက်ဆိုင်တန်းမှာ သွားသောက်မယ်"

လို့ ခွင့်တောင်းတော့ တစ်ယောက်တည်း စိတ်မချတာနဲ့အတွင်းရေးမှူးမကို ထည့်လိုက်တာ။ အခုတော့ တစ်ယောက်ကအထွက် တစ်ယောက်ကအဝင်မှာဆုံပြီး မြားဟာ စံနစ်ရဲ့အမာခံရှိသတ်။ စံနစ်ဘေးခြံဆီ ပြောင်းလာတာသိတုံးကတောင်



www.burmeseclassic.com

www.burmeseclassic.com



"ခြိမ်းနားချင်းပဲ၊ သူက ရိုးရိုးမိတ်ဖွဲ့တာကို စိန်စိန်တို့က ဗလိုင်းကြီးပြဿနာရှာတာ မလွန်လွန်းဘူးလား"

ဟိုကဖိတ်တဲ့ ပါတီမသွားရလို့ အဒေါ်နှစ်ယောက်ကို ရန်လုပ်ခဲ့သေးတာ။ မြားက မိတ်ဆက်။ ဟိုကလည်း သားခြ ကောင်မလေးမှန်းသိပြီး ပရောပရီလုပ်လို့ကတော့ သွားပြီလို့တွေ ထားသမျှ မြားဟာ သူ့အားကဖြတ်သွားတဲ့ စံနစ်ကို ယောင်လို့ တောင် ငုံ့မကြည့်။ စံနစ်ကလည်း မျက်လုံးတောင်ဖွေမကြည့်ဘဲ ကိုယ့်လမ်းကိုယ်သွားတာမြင်မှ အငွေက ဟင်းခနဲ သက်ပြင်းချပြီ

"ဟဲ့…ငါတို့မြားက တည်တည်လေးတော့၊ တွေ့လား စိန်စိန် မြားကြည့်ရတာ စိတ်ဝင်စားပုံမပေါ်ဘူး"

လို့ သူမက ဝမ်းသာအားရပြောဖူးသည်။ စိန်စိန်ကတော့ ဒီလိုမဟုတ်ဘဲ တီဗီစကရင်ကိုသာ မျက်တောင်မခတ်ကြည့်ရင်း

"အဲဒီလို စိတ်မဝင်စားတာက ကြောက်စရာကြီး အငွေ ဒါ (normal) နော်မယ်(လ်)မဟုတ်ဘူး"

BURMESE CLASSIC .com

"ဟဲ့…ဘာဖြစ်လို့လဲ"

အလန့်တကြားမေးတော့ စိန်စိန်က ခေါင်းယမ်းရင်း…

"အမှန်ဆို မထင်မှတ်ဘဲ တွေ့လိုက်ရတဲ့ သူကြိုက်တဲ့ အနုပညာရှင်ကို မြား နည်းနည်းတော့ လှုပ်လှုပ်ရှားရှားဖြစ်ရမှာ

နိုး း နိုး း ၈ ၁ ၆ ပ



…လို အရမ်းတည်ငြိမ်လွန်းတာ မကြိုက်ဘူး"

စိန့်စိန့်စကားကို နားထောင်ပြီး သူမက တွေခနဲဖြစ်သွား …

"ပြီးတော့ ဟိုကောင်လေး"

"ဘာလဲ စံနစ်လား"

"အေး…ဒီနေရာက သူလာရမဲ့နေရာမျိုးမှ မဟုတ်တာ၊ …က်စွပ်ဝယ်ချင်ရင် သူလိုချင်တဲ့ဒီဇိုင်း ဈေးနှုန်းကိုပြောပြီး ငါတို့ဆီ …ဆက်ဦးတော့ အနုပညာရှင်မှန်သမျှ အိမ်တိုင်ရာရောက် လိုက်ပို့ …တဲ့ ဝန်ဆောင်မှုပေးနေတာကို"

"အေးနော်"

အခုမှ ဝေဝါးဝါးအသိထဲက အငွေ ရုန်းထွက်နိုင်သည်။ …နဲ့ကတော့ ခြေချိတ်ထားတာဖြုတ်ပြီး လမ်းလျှောက်ထွက်သွား …က ရှုခင်းအားလုံးမြင်နိုင်သော မှန်ချပ်ကျယ်ကြီးနားဆီ။ ပြီးမှ

"ငါတို့ မြားကိုစောင့်ကြည့်သင့်ပြီ အငွေ၊ ဒါပေမဲ့ မြား …သင့်တာက ငါတို့စောင့်ကြည့်နေတာကိုပဲ"

တဲ့။ ထိုကတည်းက မြားလက်ဖဝါးတစ်ဖက်ဆီကို အဒေါ် …ယောက်က ချိုင်းကြားထဲညှပ်ပြီး သွားလေရာခေါ်ခဲ့တာ အလ …မဟုတ်။ အခုလည်း သူမတို့ရှိရာသို့ ဒီကောင်လေးရောက်လာ…

နိုး း နိုး း ၈ ၁ ၆ ပ

www.burmeseclassic.com

www.burmeseclassic.com



က တဆိတ် တိုက်ဆိုင်လွန်းသည်။

"ဘယ်လို…နစ်…နစ်က ဒီဟိုတယ်မှာရှိတဲ့ မိန်းကလေး တစ်ယောက်ကို လက်ထပ်ခွင့်လာတောင်းတာ"

"ဟယ်…သိခွင့်ရှိရင်ကြားချင်တယ်၊ အဲဒါဘူလေးလဲ"

"မေးမနေနဲ့ မာမီကျော်၊ သင်းက မီဒီယာတွေကို သတင်း အမှောင်ချထားတာ"

"ဟဲ့…ဖြေလို့ရပါတယ်နော်၊ ဒီနားမှ ဖွမဲ့မီဒီယာ တစ်ယောက်မှမရှိဘူး"

အားလုံး မေးသံထဲမှာ စံနစ်ရဲ့ရယ်သံသာကြားရပြီး…

"အင်း…အချိန်တန်ရင်သိရမှာပေါ့၊ လစ်တော့မယ်၊ သူ့ လက်ထပ်လက်စွပ်ပေးမလို့"

"ဒီမှာအလုပ်ကြီးတစ်ဖက်နဲ့မို့ ငါတောင်လိုက်ချောင်းချင် သေးတာ"

"ဟား…ဟား မာမီကျော်တို့ကဲနေပြီ"

"ကဲတာမဟုတ်ဘူး၊ ကွဲတာ၊ အဲဒီကောင်လေးကြောင့် ဒီမှာကွဲနေတာ၊ အသည်း…အသည်း"

တဝါးဝါးတဟားဟား အသံတွေကို အငွေက သင် လက်လွှတ်နားစိုက်နေမိချိန်မှာပဲ….

ဝိုး:ဝိုး:၈၇၆၀



"အငွေ"

"အင်…စိန်စိန်"

တစ်စားပွဲခြားကို ကူးလာပုံက မြန်လွန်း၍ အငွေက ာ်ခနဲ မော့ငေးတော့…

"မြားရော"

"တွိုင်းလက်လေ"

"ငါလိုက်သွားမယ်၊ မိတ်ကပ်ဆရာမမေးရင် ဟိုမှာထုတ် ားတာ နံပါတ်စဉ်အလိုက်လို့ပြော၊ ကြားလား"

"အေး…အေး"

ယောင်ယောင်ကန်းကန်းနှင့် ခေါင်းညိတ်တာမို့ သူမက ကြည့်ရင်း အငွေ့နားက ချာခနဲလှည့်ထွက်ခဲ့သည်။ မြားရှိရာနေရာ ိုင်း ဒီကောင်လေး ရောက်ရောက်လာတာတော့ စိန်စိန်မသင်္ကာ ။ ပြီးတော့ အရင်နဲ့မတူသော တည်ငြိမ်မှုများနှင့်မြား။ မမရွှေ းကလည်း ဒီလိုတည်တည်ငြိမ်ငြိမ်နဲ့ပဲ ထင်ရာစိုင်းသွားခဲ့တာ။ ရွှေရဲ့အဖြစ်အပျက်တွေကို ဖျတ်ခနဲ ဖျတ်ခနဲ ပြန်မြင်တဲ့အချိန်မှာ စိန်က ခြေလှမ်းအရှိန်ကို ပိုမြှင့်သည်။ ဟိုရှေ့တကွေ့ဆိုရင် ိုင်းလက်ကိုရောက်တော့မည်။ အကယ်၍ သူမမျှော်လင့်ထားသည့် တိုင်း တွိုင်းလက်ထဲမှာ မြားကိုမတွေ့ရလျှင် ဘာဆက်လုပ်ရမည်း

ဝိုး:ဝိုး:၈၇၆၀

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မသိခင်မှာပဲ တိုင်းလက်တံခါးတွန်းအဖွင့်···

“ဟင်···စိန်စိန်”

အထဲကထွက်လာသော မြားနှင့် သူမက ရင်ချင်းအ

လျက်သား။

“ဖယ်စမ်း မြား”

ချက်ချင်း မြားကို ဘေးကပ်၍ တိုင်းလက်ထဲ ခေါင်း

ကြည့်သည်။ အတွင်းဘက်ဘောစင်မှာ မှန်ချပ်ကြီးရှေ့ရပ်ပြီး အ

အနန္တတ်ခမ်းနီဆိုးနေသော အရပ်မြင့်မြင့် ခပ်ထွားထွား

မိန်းကလေးတစ်ယောက်။ စိန်စိန့်စိတ်ထဲ ထိုတစ်ယောက်ကို ရင်း

သလို မြင်ဖူးသလိုနှင့်···

“အဲဒီတစ်ယောက်က ဘယ်သူလဲမြား”

မြားက အနီရင့်ရောင် ပခုံးချိတ်ရုံဂါဝန်ရှည်ပေါ် ထပ်

ထားတဲ့ အဖြူရောင်ကုတ်အင်္ကျီထဲ လက်နှစ်ဖက်ထည့်ရင်း အတွ

ခန်းဆီ ခေါင်းငဲ့ကြည့်ကာ···

“သိဘူးလေ၊ စိန်စိန်သိလို့လား”

“ဟင့်အင်း···မြင်ဖူးသလိုရှိလို့”

ပြောပြီး မြားကို လက်မောင်းရင်းကနေကိုင်ကာ ပြန်

ခေါ်ခဲ့သည်။ စံနစ်ဆိုသော သကောင့်သားကို ထိုအချိန်ကတ





သာ မတွေ့ရတာ သူမတို့ ပြန်ချိန်အထိပင်။ ဒါကို အငွေ့အားပြော

ပြမိတော့···

“အမလေးဟယ်···ဟိုတယ်က ဒီတစ်ပေါက်ထဲရှိတာမှ

မဟုတ်တာ၊ တခြားကထွက်သွားလို့နေမှာပေါ့၊ မတွေ့ရတာ ကောင်း

သေး၊ အကုသိုလ်နည်းတာပေါ့”

တဲ့။ စိန်စိန်ကတော့ ဒီလိုမဟုတ်ပေ။ ဒါ သမရိုးကျ

မဟုတ်လို့ ခံစားနေရကာ မြားကိုပဲ သံကွန်ချာခုနစ်ထပ်နဲ့ အုပ်ထား

ရရင် ကောင်းမလားလို့ တွေးနေဆဲ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

''ဘယ်လို''

''ငါတွေ့ထားတာကိုပြောတာပါ''

''နင်ကလည်း စိန်စိန်ရယ်၊ မြားက ကိုယ့်တူမပါဟ ပြီးတော့ ကိုယ်ထားရာနေတဲ့ကလေး၊ အဲဒီလောက်ကြီးအထိ သလားပြော''

''လိုလို့ငါပြောနေရတာပေါ့၊ သံသယဆိုတာ ကြီးကြ ထားလေလေ ကိုယ့်အတွက်လုံခြုံလေလေပဲ အငွေ၊ ဒါပေမဲ့ ငါအ ထားနေတဲ့ သံသယက မြားအတွက်၊ မြားလုံခြုံဖို့၊ တကယ်လုပ်ပ ချင်တာ မြားအခန်းထဲ ခြံထဲမှာ ဒီလို စီစီတီဗီအတွက် ကင်မရာ တွေတပ်ထားချင်တဲ့စိတ်က တကယ့်ကို ရင်ထဲမှာဖြစ်နေတာ''





စိန်စိန့်စကားအဆုံးမှာ အငွေက ခေါင်းတယမ်းယမ်းဖြစ် သွားသည်။ ကိုယ့်အစ်မ သံသယကြီးမှန်းသိပါသည်။ ဒီလိုလူမျိုး ဘာ အယုံလွယ်ရင်လည်း နစ်ယောက်မရှိ။ အခု မြားကို ကြည့်ရ သလောက်တော့ ဘာသံသယမှဝင်စရာမရှိလို့ သူမထင်၏။ သွားလေရာတိုင်း ခေါ်တော့လည်း မငြင်းဆန်။ သူမကို မျက်စေ့ အောက်မှာတင် ထားထားတာမဟုတ်လား။ ညအိပ်တဲ့အချိန်လောက် ခွဲကြတာ။ ဒါတောင် မြားအိပ်ခန်းထဲက သူမတို့ထွက်လျှင် အစောဆုံးညတစ်နာရီပင်။ မြားဖုန်းကိုလည်း အလစ်နဲ့ယူစစ်ထား ပြီးပြီ။ ကျောင်းက သူမသူငယ်ချင်း မဒ္ဒူနဲ့ သီသီဆီဆက်သော ဖုန်းမှတစ်ပါး တခြားမရှိ။ ပြောပြန်ရင်လည်း နင့်တူမက မျက်စေ့ အောက်နေပြီး မျက်လှည့်ပြနေသလားပဲလို့ စိန်စိန်က ပြန်ထုချေမှာ အငွေသိသည်။

''နင်သိတဲ့အတိုင်းပဲ အငွေ''

အဆက်အစပ်မရှိ ပြောချတဲ့ စိန်စိန်ကြောင့် အငွေက ကိုယ့်အတွေးကိုယ် ပြန်ရုပ်သိမ်းရသည်။

''တစ်ဖက်က ကောင်လေးက တပည့်တပန်းများမှများ၊ ပြီးတော့ လူငယ်တွေ၊ ဒီအရွယ်ဆိုတာ အဖေအမေထက် အပေါင်း အသင်းကို ပိုခင်တဲ့အရွယ်၊ အပေါင်းအသင်းအတွက် အကူအညီ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုပေးလိုက်ရရင်ပဲ တကယ့်ဟီးရိုးလို့ထင်တဲ့အရွယ်''

''အဲဒီတော့''

''ဟိုတစ်ခေါက် မြားကို ကျောင်းကြိုရင်း လမ်းပိတ်

တာလေ''

''အင်း…ငါမှတ်မိတယ်''

အငွေ့က စပျစ်သီးတစ်လုံး အညှာမှခြွေရင်း ပါးစပ်ထဲ

ထည့်ကာ ထောက်ခံသည်။

''တစ်ခါမှမဖြစ်ဖူးလို့ ထူးဆန်းတယ်လို့ငါထင်သား

ပြီးတော့ အဲဒီနေ့က မြားမျက်နှာကို ပြန်မြင်ယောင်ကြည့်စမ်း''

''ဘာဖြစ်လို့လဲ''

''ပြုံးစိစိဖြစ်နေတယ် မထင်ဘူးလား''

ဟုတ်သားပဲ။ ကိုယ်တွေရောက်သွားတော့လည်း မြားဟာ

စိတ်ညစ်နေတဲ့ပုံစံမဟုတ်ဘဲ မြူးမြူးကြွကြွနဲ့ ကားနားရောက်လာ

တာ။ စားသောက်ဆိုင်သွားတဲ့ လမ်းတစ်လျှောက်လုံးလည်း သူ့

စကားတွေဖောင်ဖောင်ကြဲ။

''အေးနော်…ငါ အဲဒါတော့ သတိထားမိတယ်''

စိန်စိန်က 'တွေ့တယ်မဟုတ်လား' ဆိုတဲ့ ပုံစံနဲ့ ခေါင်းညိတ်

ပြရင်း…





''အခု…မြားရော''

''ကားထဲမှာ သူဖတ်ချင်တဲ့ဝတ္ထု မေ့ခဲ့လို့တဲ့၊ အခုတင်

ထားသော့တောင်းပြီးသွားတာ''

''ကားပါကင်လား''

''အေးပေါ့''

စည့်ခန်းသဖွယ် ဆိုဖာတွေသိုင်းဝိုင်းချထားသည့် နေရာမှ

စိန်စိန် ဖျတ်ခနဲထသွားတာက တီဗီစကရင်တွေရှိရာ အခန်းတစ်ဖက်

ဆီ။ ရတနာသခင်ဟာ သုံးထပ်အဆောက်အဦးဖြစ်ပြီး မြေညီထပ်

က ရှေ့ထည်မျိုးစုံ။ ပထမထပ်က ကျောက်မျက်ရတနာအစုံနှင့်

အပေါ်ဆုံးထပ်က စိန်ထည်အမျိုးစုံကို အလှဆင်ဖွင့်ထားတာ။

စီစီတီဗီတွေကတော့ သုံးထပ်စလုံး နေရာအနှံ့မှာတပ်ထားပြီး

ဝိုယ့်ဝန်ထမ်းရဲ့ လှုပ်ရှားမှု၊ ကမ်စတမ်မာတွေရဲ့ ဝယ်လိုအား

အကုန်ကို ဒီရုံးခန်းထဲမှ ထိုင်ကြည့်နေရုံနှင့် မြင်ရတာမျိုး။ စိန်စိန်က

ခလုတ်တစ်ခုကို ဖျတ်ခနဲ နှိပ်ချလိုက်ရာ ဘေးဘက်အစွန်စကရင်

က မီးနီလေးတစ်ချက်လင်းလာပြီး ကားပါကင်ရဲ့မြင်ကွင်း ပေါ်လာ

ခဲ့သည်။

''စိန်စိန်…ဒါက''

''တနင်္ဂနွေပိတ်ရက်က တပ်ထားတာ၊ လိုအပ်တယ်ထင်



www.burmeseclassic.com

www.burmeseclassic.com



လို့''

''ငါတောင်မသိလိုက်ဘူး''

''ငါနဲ့တပ်ပေးတဲ့သူပဲသိတာ''

စားပွဲခွန်းကို တင်ပါးနဲ့ မှေးမှီရင်း စိန်စိန်က တီဗီစကရင်ကို မလွှတ်တမ်းကြည့်ကာပြော၏။ အငွေ့မှာသာ အစ်မဖြစ်သူရဲ့ လျှို့ဝှက်နိုင်မှုကို အံ့ဩဘနန်းဖြစ်ရင်း တီဗီဆီ အကြည့်အရောက်

''ဟော…ဟိုမှာ မြားမဟုတ်လား''

ညီအစ်မနှစ်ယောက်စလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ မြားဟာ ကားထဲကပြန်ထွက်လာရင်းက ပါကင်ဝင်းထဲမှာပဲ မိန်းကလေးတစ်ယောက်နှင့် ရယ်ကာမောကာ စကားတွေပြောနေ၏။ စိန်စိန်က ထိုမိန်းကလေးကိုကြည့်ပြီး ဆတ်ခနဲ မျက်မှောင်ကျုံ့ကာ စဉ်းစားသည်။ ဒီတစ်ယောက်ကို သူမ ရင်းရင်းနှီးနှီးသိနေခဲ့တာ။ ကြည့်နေဆဲမှာပင် မြားထက်အရပ်ပိုမြင့်ကာ ပိုထွားသော ကောင်မလေးက ဖုန်းကို တစ်နေရာသို့ ခေါ်နေဟန်ရှိသည်။ ဖုန်းခေါ်ပြီး မြားလက်ထဲထည့်ပေး၏။ စိန်စိန်နဲ့အငွေ့က တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး…

''ငါလိုက်သွားမယ်''

ထိုင်နေရာမှ ဖျတ်ခနဲထတာ အငွေ့။ ဒါ မရိုးသားဘူးဆို





တာ ထင်ရှားနေပြီ။

''နေဦး…အငွေ့ ထားလိုက်''

''ဟဲ့…ဟိုမှာက''

''ထားလိုက်ပါ၊ မြားကို တပ်လှန့်လိုက်သလိုဖြစ်သွားမယ်''

''ဒါဆို''

''သေချာတဲ့ အခြေအနေအထိ စောင့်ကြည့်တာပေါ့၊ သူ ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘာကိစ္စကြောင့် မြားဆီရောက်လာလဲဆိုတာ''

နားမလည်ခြင်းများစွာနဲ့ အငွေ့က စိန်စိန့်ကိုကြည့်သည်။ ဒါပေမဲ့ တစ်ပြိုင်တည်းမှာပဲ နားခံခြင်းများစွာနှင့် ဆိုဖာပေါ်ပြန်ထိုင်ချ၏။ စိန်စိန်ဟာ သူမတို့ကို ဦးဆောင်နိုင်သည်ဟု အငွေ့ ယုံကြည်ထားခဲ့တာကိုး။

''ဒေါက်…ဒေါက် မမ မေမီဝင်ခဲ့မယ်နော်၊ ကော်ဖီလာပို့မလို့''

အတွင်းရေးမှူးမလေးက တံခါးခေါက်ကာ ဝင်ခွင့်တောင်းသည်။

''ဝင်ခဲ့…မေမီ''



www.burmeseclassic.com

www.burmeseclassic.com



စိန်စိန် ခွင့်ပြုချက်ရမှ တံခါးဖွင့်ပြီးဝင်လာတော့ လူထက် အရင်ရောက်လာတာက ရနံ့ပြင်းသော ကော်ဖီအနံ့။ အခါတိုင်းဆို ကော်ဖီပြင်းရှရှလေး စွဲလမ်းတပ်မက်လွန်း၍ မေမီလာမပို့ခင် ကတည်းက…

"ကော်ဖီတိုင်း(မ်)ရောက်ပြီ မေမီ"

လို့ သတိပေးတတ်သော ညီအစ်မနှစ်ယောက်စလုံးက အခုတော့ ကော်ဖီခွက်ရှေ့ရောက်လာတာတောင် ယူသောက်ရန် စိတ်မအား။ လူမအား။

"ဒီမှာ ဆင်းဒဝစ်(ချ်)ပါထည့်လာတယ်၊ မြားအတွက် ပါလေ၊ နို့မို့ မြားကမိုက်ဆာတယ်ဆိုပြီး ဂျီကျတတ်လို့ မမငွေရဲ့"

အငွေ့ရှေ့စားပွဲမှာ ကော်ဖီဇွန်းချရင်း မေမီက အပြုံးနှင့် ပြောပေမယ့် အငွေက တီဗီစကာရင်ထဲ မြင်နေရသော ဖုန်းပြောနေသည့် မြားထံမှ မျက်လုံးမလွှဲဘဲ…

"ထားခဲ့ မေမီ၊ သင့်(ခ်)ယူ"

ပြီးစလွယ် ကျေးဇူးတင်သည်။ မေမီက တမူဆန်းနေသည့် သူမတော့စ်နှစ်ယောက်အား အံ့သြတကြီး ကြည့်ရင်း လှည့်ထွက်ရန် ပြင်သည်။ ဒါပေမယ့် ခြေထောက်တွေ ဆက်မလှမ်းနိုင်အောင် အကြည့်တွေက တီဗီစကရင်ဆီ ရောက်သွားတဲ့အခါ…





"အယ်…ဒါ Hip Hop အဆိုတော်လေ မမငွေရဲ့၊ ဟန်နီ ဆိုတာပေါ့"

"ဘာ…ဘယ်သူ"

ပြောတာ မမငွေကို။ ခေါင်းလှည့်ပြီးမေးတဲ့ မမစိန်က အလန့်တကြား။

"ဘယ်လို မေမီ၊ မေမီ သူ့ကိုသိလား"

စိန်စိန်ကမေးပြီး စကရင်ကို သေချာအောင်စိုက်ကြည့် သည်။ သူမ လူမလွဲနိုင်။ ဒီတစ်ယောက်ကို ဟိုတယ်တိုင်းလက် ထဲမှာ မြားနဲ့အတူတူတွေ့ဖူးသည်။ လက်ထပ်လက်စွပ်ပေးမည်ဟု ကြေငြာပြီးနောက် စံနစ်အား မတွေ့ရတော့သောအကြောင်းရင်းနဲ့ အတူ မြားလက်သူကြွယ်က ပလက်တီနမ်နှင့် ကွင်းထားသော စိန်ပွင့်တည်းစိန်လက်စွပ်။ တွေ့စကတော့ စိန်စိန်မေးမိသား။

"ရတနာသခင်ပိုင်ရှင်ကြီးရဲ့ တူမပဲ၊ ဒီလက်စွပ်ယူဝတ် တာ အဆန်းလား စိန်စိန်ရဲ့"

လို့ မြားဖြေတော့ ပေါ့ပေါ့တန်တန် သဘောထားခဲ့လေ သည်။

"သိတယ်လေ…သူက စင်ဂဲ(လ်)အယ်(လ်)ဘမ် မလုပ် သေးမယ့် စံနစ်ရဲ့ရှိုးပွဲတိုင်းပါနေကျ၊ စံနစ်လေ၊ သူ့ကိုတော့ မမစိန်



www.burmeseclassic.com

www.burmeseclassic.com



တို့သိမှာပါ၊ တကယ်စူပါစတားပဲဟာ''

''အင်း…ထားပါတော့၊ တို့သိချင်တာ သူ့အကြောင်း''

ကိုယ်သိချင်တာကို စိန်စိန်က ဖြောင်ဖြောင့်မေးသည်။

''သူက စံနစ်ရဲ့ငယ်သူငယ်ချင်း မမစိန်ရဲ့၊ UFL မှာ ဒုတိယနှစ်ကျောင်းသူ''

''ဘာ UFL''

''ဟုတ်တယ်၊ စံနစ်ဆို သူ့ဆီခဏခဏသွားလို့''

''စံနစ်က UFL ကို ခဏခဏဟုတ်လား''

အသက်ရှူမှားမတတ် အုလောတကြီးတွေ ဖြစ်လာတော့(စ်)နှစ်ယောက်အား မေမီက အလန့်လန့်အဖျပ်ဖျပ်နှင့် ခေါင်းညိတ်ပြရင်း

''ဟုတ်''

''ညည်း…ဘယ်ကသိလဲ မေမီ''

''ဟို…ဂျာနယ်ထဲက''

''အခု အဲဒီဂျာနယ်တွေရော''

''ရှိ…ရှိပါတယ် မမစိန်''

''ရှိသမျှအကုန်ယူခဲ့''

''မြန်မြန်လေး မေမီ''





''ဟုတ်…ဟုတ်ကဲ့''

ပြောပြီး ကိုယ့်စားပွဲဆီပြေးရတာ ခလုတ်တိုက်လဲမတတ်။ အပျင်းပြေဖတ်ရန်ဆိုပြီး အပတ်စဉ်ထွက်သမျှ ဝယ်စုထားသော ဂျာနယ်တွေက မမစိန်တို့ရှေ့ အထပ်လိုက်။ မမငွေက ထိုတစ်ထပ်ကြီးအား ဆွဲယူကာ အလူမီနီယံဗီရိုထဲ ထည့်သိမ်းရင်း…

''တို့…ဒီဂျာနယ်တွေဖတ်တယ်ဆိုတာ ဘယ်သူမှမသိစေနဲ့''

လို့ မှာသည်။ မမငွေရှေ့ ခေါင်းညိတ်ရပေမဲ့ အခန်းထဲကထွက်တော့ စိတ်ထဲမတင်မကျကြီးဖြစ်လို့။ လူတန်းစားမရွေး ဖတ်ခွင့်ရှိသော ဂျာနယ်တွေကိုမှ မမငွေတို့က ဘာကြောင့်များ…

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"ချက်ကင်ဝင်နေတာတော့သေချာတယ် ကိုရဲ့၊ သိသွားတဲ့နေ့မှာ စိန်စိန်တို့ ဘာလုပ်ကြမလဲဆိုတာ မပြောတတ်ဘူး"

"မြားက စိုးရိမ်နေတာလား၊ ကြောက်တာလား"

"နှစ်ခုစလုံးပဲ"

သူ့ရင်ခွင်ထဲ မှီနွဲ့ထားရင်းက ပါးတစ်ခြမ်းအပ်ရင်း မော့မော့လေးဖြေသည်။

"မြား ကြောက်တာ ကိုနဲ့ခွဲရမှာကိုပဲ"

ထပ်ပြောတော့ သူက ကြင်နာခြင်းများစွာနဲ့ မြားမျက်ခုံးလေးပေါ် ဖွဖွလေး အနမ်းခြွေတော့ မြားက ကြည်ဖြူစွာ မျက်ဝန်းတို့ကို မှေးမှိတ်ပေးထားသည်။ စံနစ်က မြားရဲ့မျက်တောင်ရှည်ရှည်





တွေကို မြတ်နိုးမဝစွာ ငုံ့မိုးကြည့်ရင်း…

"ကိုယ့်ကိုမယုံဘူးလား"

"ဘာကိုလဲဟင်"

"မြားနဲ့မဝေးအောင် စွမ်းဆောင်နိုင်မယ်ဆိုတာ"

"အဟင်း…ယုံပါတယ်"

"ဒါဆို ဘာကိုကြောက်နေသေးလဲ မြားရယ်"

"စိန်စိန်ကိုကြောက်တာပေါ့၊ စိန်စိန်က မြားတို့ကို မရအရ

"

"နေပါဦး မြားရဲ့"

ရင်ခွင်ထဲမှီနေတဲ့ မြားကို သူက ပခုံးနှစ်ဖက်က ဆွဲထူ မြားနဲ့သူက မျက်နှာချင်းဆိုင်။ နို့နှစ်ရောင် ညအိပ်ဂါဝန်ပခုံး ပေါ် ရင်ကွဲလက်ရှည်ဂါဝန်တစ်ထည် ထပ်ဝတ်ထားတာကြောင့် မျက်နှာလေးဟာ ညမီးရောင်အောက်မှာ နို့နှစ်ရောင်သန်းနေ မျက်ခုံးမျက်လုံးက ထင်းနေသလိုဖြစ်ကာ ပါးပြင်က နို့နှစ် င်အိနေတာ ပေါ်လွင်၏။ နစ်က မြားရဲ့မျက်နှာအစိတ်အပိုင်း ကို စေ့စေ့စပ်စပ်ကြည့်ရင်း မာနကြောင့် ခေါင်းမြူလာသော တွေဟာ ထင်တိုင်းမပေါက်တာကို ခံစားရသည်။

"ကို ဘာပြောမလို့လဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မေးမလို့ပါ"

မျက်နှာလွှဲပြီး သူဖြေတော့ မြားက သူ့မေးဖျားကို သူ့ဘက်ဆွဲလှည့်ကာ မျက်နှာချင်းဆိုင်စေပြီး...

"ကို မေးချင်တာမေးလေ၊ မြားနဲ့ကိုကြားမှာ မမြို့သိ ကြေး၊ မလျှို့ဝှက်ကြေးဆိုပြီး သူပဲပြောထားပြီးတော့"

အပြစ်ကင်းတဲ့ မြားမျက်နှာလေးကို မြင်ရပြန်တော့ ရင်ထဲ စနစ်တကျ အုံဖွဲ့ထားတဲ့ ဒေါသအစိတ်အပိုင်းတွေက တဝုန်းဝုန်း မြည်သံပေးကာ ပြုတ်ကျကုန်ပြန်သည်။ စံနှစ်က မြားခေါင်းလေးကို ဆွဲယူကာ သူ့ပခုံး၌မှီထားစေရင်း...

"ကိုယ်...စဉ်းစားမရတာပါ၊ မြားအခေါ်တွေ ဘာကြောင့် ခါးခါးသီးသီးဖြစ်ရလဲဆိုတာ၊ ကိုယ်က ဘီလျံနာတော့ မဟုတ်ဘူး ဒါပေမယ့် မြားဘဝကို လုံခြုံနွေးထွေးတဲ့ အရိပ်တစ်ခုရဖို့ ဖန်တီး ပေးနိုင်တာ သေချာတယ်"

"ဟင့်အင်း...စိန့်စိန့်တို့က ငွေကြောင့်မဟုတ်ဘူး ကို"

"ဒါဆို ဘာကြောင့်လဲ"

ဒီတစ်ခါတော့ သူဆွဲမထူရဘဲ မြားက သူ့ပခုံးမှခွာကာ မျက်နှာချင်းဆိုင်သည်။ အပြောခက်နေသလို သက်ပြင်းရှိုက်ကာ ရင်ဘတ်လေး မို့မောက်တက်လာတဲ့အထိ ပြီးမှ သူ့ကိုစိုက်ကြည့်





ရင်း...

"ကိုက အောင်မြင်တဲ့အနုပညာရှင် ဖြစ်လို့တဲ့"

"မဆိုင်လိုက်တာကွာ၊ ဒီမှာ မြား အနုပညာရှင်ဆိုတဲ့ ဘဝတစ်ခုရဖို့ မလွယ်ဘူး၊ ပိုဆိုးတာက အောင်မြင်ခြင်း၊ အဲဒီ အောင်မြင်ခြင်းကို ထိန်းထားရမဲ့ အရည်အချင်း၊ ဒါတွေက လွယ်လွယ်နဲ့ ဖြစ်လာတာမဟုတ်ဘူး၊ ဥဖွဆိုမန်းတိုင်း အနုပညာရှင် တစ်ယောက် ပေါ်ထွက်လာတာမဟုတ်ဘူး"

"မြား...နားလည်ပါတယ်၊ ဒါပေမယ့် စိန့်စိန့်တို့ အယူ အဆကျတော့"

"မဖြစ်နိုင်ဘူး သမီး၊ ဒီလောက် မိန်းကလေးတွေ သည်း သည်းလှုပ်ဖြစ်၊ ဟွန်း ကိုယ်တိုင်ကလည်း သူငယ်ချင်းလိုလို မိတ်ဆွေလိုလို တွဲပြတဲ့အထဲမှာ မြားကို နံပါတ်အချိတ်မခံနိုင်ဘူး"

"ဟုတ်တယ် မြား၊ သူ UFL ထဲ ရောက်တယ်ဆိုတာ အငွေတို့သိထားပြီးပြီ၊ မြားရောမသိဘူးလား"

အခေါ်နှစ်ယောက်က တစ်ယောက်တစ်ဖက်ဆီမှာ ထိုင်ရင်း ‌ေးတော့လည်း ဘေးကျပ်နံကျပ်။ မြားကတော့ နား၌ဆွဲထားသော နားဆွဲရှည်ရှည်လေးတွေ ယမ်းသွားအောင်ခေါင်းခါရင်း...

"UFL ကအကျယ်ကြီးကို မြား ဘယ်သိပါ့မလဲ"



www.burmeseclassic.com

www.burmeseclassic.com



လို့ပြင်းတုံး စိန်စိန်က စူးရှတဲ့မျက်ဝန်းတွေနဲ့ မြှားအား
စေ့စေ့ကြည့်ပြီးမှ···

"မသိဘူးဆိုလည်း ရှိစေတော့မြှား၊ ဒါပေမဲ့ မြှားသိထာ
ဖို့လိုတာက အချစ်တွေပေါများနေတဲ့လူဟာ ဘယ်တော့မှ အချစ်
တန်ဖိုးမထားတတ်ဘူးဆိုတာပဲ၊ ကြိုသတိပေးထားပါရဲ့၊ မြှား
အိမ်ထောင်ဖက်က စိန်စိန်တို့ချမှတ်ထားတဲ့ စံနှုန်းကိုက်တဲ့သူ"

"အဲ့တော့သဘောတူတဲ့သူပဲ ဖြစ်ရမယ်"

တစ်ချက်လွတ်အမိန့်တွေ၊ ရာဇသံတွေကို စာတွေ
ဖတ်ဖူး ကြားဖူးပေမယ့် တကယ်ခံစားရသည့်အခါ သိဖူးကြားဖူး
တာထက် ခံရခက်သောဝေဒနာက နှစ်ထပ်ကွမ်းနာကျင်ရတာမျိုး
စကားဆုံးတော့ ကိုက ခေါင်းမော့ကာ တဟက်ဟက်ရယ်သည်
ဒါပေမယ့် ရယ်သံရဲ့အဖျားခတ်ဟာ သာယာခြင်းမရှိဘဲ

"အင်း···သူတို့ပြောပုံအရဆို အဟွန်း အနုပညာသမာ
တွေမှာ အချစ်တောင်မရှိရတော့တဲ့ပုံမျိုး"

"သူတို့က မြှားကိုစိုးရိမ်တာပါ"

"ကိုယ့်လူကို စိုးရိမ်ပြီး တစ်ဖက်သားကို စော်ကားသင
ဖြစ်တာမျိုးတော့ မကောင်းဘူးလို့ထင်တာပဲ မြှားရယ်"

"ဘာပဲဖြစ်ဖြစ် မြှားကတော့ ကို့ကို အရမ်းချစ်တယ်"





သူ့ခါးကို သိုင်းဖက်ရင်း ရင်ခွင်ထဲတိုးဝင်လာတဲ့ မြှား
ဦးခေါင်းလေးမှာ သူ မေးဖျားထောက်ထားမိသည်။ တကယ်တမ်း
ဆို မြှားကို ချစ်ခြင်းအစဟာ မြတ်နိုးခြင်းကနေ ဖြစ်တည်လာတာ
မျိုး။ မြတ်နိုးလွန်း၍ အရိပ်တကြည့်ကြည့်နဲ့ ချစ်မဝတာမျိုး။

"ကိုယ်ဖြစ်စေချင်တာက မြှားကို အခုလိုတောင်
ချိန်းမတွေ့ချင်ဘူး"

လို့ပြောတုံးက မြှားက ငိုယိုပြီး သူ့အားထုရိုက်ခဲ့တာ
မှတ်မိသေးသည်။ မျက်ခမ်းစပ်လေးတွေ မျက်ဝန်းထောင့်တွေက
နီရဲပြီး····

"ရှင်က ဒီစကားမျိုးပြောပြီပေါ့၊ ရင်မခုန်ရင်လည်း
သွားတော့ ရတယ်"

တဲ့။ သူက မဟုတ်ဘူးမြှားရဲ့လို့ ရှင်းပြဖို့ အစချီတော့
လည်း···

"မရှင်းပါနဲ့၊ အရှင်းမတတ်ရင် မြှားပဲရင်ကွဲရမှာ"

ပြော၍ သူ့မှာ မနည်းကြီးပြန်ချော့ရင်း ရင်ခွင်ထဲ အတင်း
ဆွဲဖက်ကာ မြှားမရုန်းနိုင်တော့မှ···

"ကိုယ်ပြောတာ ညကြီးမင်းကြီး မြှားအိပ်ခန်းထဲမှာ
ချိန်းမတွေ့ချင်ဘူးပြောတာ၊ နေဦး စိတ်မကောက်နဲ့ ပြောတာနား



www.burmeseclassic.com

www.burmeseclassic.com



ထောင်၊ မြားအခေါ်တွေသာ သဘောတူထားရင် ဒီလိုချိန်းတွေ့စရာ မလိုဘူး၊ ဤမြေရှိရှိ ဝင်ထွက်သွားလာခွင့်ရမယ်၊ ကဲ နောက်ဆုံးကျွာ မီဒီယာကတစ်ဆင့် မြားက ကိုယ့်ချစ်သူဆိုပြီး ဖွင့်ချလိုက်ရင်ရော သူတို့မကျေနပ်နိုင်ဘူးလား၊ ကိုယ့်ကိုယ့်ကြည်မသွားနိုင်ဘူးလား သူတို့သဘောတူလာနိုင်အောင်ပြောတာပါ''

ဆွေးနွေးတုံးက မြားဟာ မျက်တောင်ဖျားတွေ စင်းနေအောင် စိုက်ချထားရင်း…

''ဟင့်အင်း…မတူနိုင်ပါဘူး၊ သူတို့ရဲ့ စံနှုန်းထဲမှာ မြားလက်ထပ်မဲ့လူက မြားထက်အသက်ကြီးရမယ်၊ ခိုင်မာတဲ့စီးပွားရေးသမားဖြစ်ရမယ်၊ အဆိုးဆုံးက အနုပညာသမား မဖြစ်ရဘူးတဲ့''

ဆွေးနွေးပွဲဟာ ဒီမှာတင် ကိစ္စပြတ်လေသည်။ စံနှစ်က သက်ပြင်းရှိုက်ရင်း မြားကိုယ်လေးကို တင်းနေအောင်ဖက်ထားကာ

''ကိုယ် နယ်ပွဲတွေသွားနေရင်လည်း အရင်အစီအစဉ်အတိုင်းပဲနော် မြား၊ အဆက်အသွယ်မပြတ်စေနဲ့၊ ပြီးတော့ လွမ်းလို့ဆိုပြီး ငိုမနေရဘူးနော်၊ အချိန်မှန်အိပ်၊ ကြားလား''

သူက ချစ်စနိုးနဲ့ မြားနှာခေါင်းချွန်ချွန်လေးအား သွားဖြင့်ဖွဖွကိုက်ရင်းမှာတော့…

''ကို မှာမှပဲ မြားက ကြိုလွမ်းချင်လာပြီ၊ ဒါပေမဲ့ သုံးရက်





ထဲပဲလို့ မြား အားတင်းထားမှာပေါ့၊ ကိုလည်းပြန်တော့လေ၊ မနက်သည်း ခရီးသွားရမှာ၊ အိပ်ရေးပျက်နေမှဖြင့်''

''ရတယ်၊ ကိုယ် လေယာဉ်ပေါ်အိပ်သွားမှာ''

''သုံးနာရီထိုးပြီ ကိုရဲ့''

သူ့လက်ထဲက မြားက ရုန်းထွက်ဟန်ပြင်တာကို စံနှစ်က လွှတ်ဘဲ…

''ဆယ့်ငါးမိနစ်ကွာ၊ ငြိမ်ငြိမ်နေ၊ ဖက်ထားချင်လို့''

တောင်းဆိုတော့ မြားက နာခံတတ်သော ကလေးငယ်လို ရင်ခွင်ထဲ ငြိမ်ငြိမ်လေးတိုးဝင်နေရာမှ…

''ဒေါက်…ဒေါက် မြား တံခါးဖွင့်စမ်း''

''မြား…ဖွင့်စမ်း၊ အခု ငါ စကားပြောသံတွေကြားနေတယ်၊ ဟဲ့ မြား''

သူ့ရင်ခွင်ထဲမှ ချက်ချင်း ခေါင်းထောင်သွားတာ ထိတ်လန့်တကြားနှင့်

''ကို စိန်စိန်တို့''

''ရှူး''

မြားနှုတ်ခမ်းလေးထံ သူက အနမ်းဖွဖွနှင့် နှုတ်ဆက်စဉ်

''အမေ…အခန်းသော့တွေပေးစမ်း၊ အေးမာ တစ်ခြမ်း



www.burmeseclassic.com

www.burmeseclassic.com



မီးတွေဖွင့်၊ ငါ့ခြံထဲ ငါမသိအောင်ခိုးဝင်တဲ့ဟာတွေ လက်ကျ
လက်ဖြတ်မယ်၊ ခြေကျူး ခြေဖြတ်မယ်၊ ပေးစမ်း သော့"

စိန်စိန်က သော့ကိုဆွဲယူ၍ သော့ပေါက်ထဲ ထိုးထည
သည်။ ဘာလုပ်ရမယ် စဉ်းစားချိန်မရဘဲ ခေါင်းထဲကြီးစိုးနေတာ
ဒေါသ။ ကိုယ်စောင့်ကြပ်နေသော ပန်းလေးအား ညှိုးနွမ်းသွား
စိုးတဲ့ သောကတွေနဲ့ စိန်စိန့်အသားတွေတောင် ဆတ်ဆတ်တုန်

◆ ◆ ◆



## အခန်း (၂၁)

"ဘယ်မှာလဲ…ဘယ်ရောက်သွားလဲ"

အခန်းတံခါး ဂုန်းဆိုပွင့်သွားတာနှင့် စိန်စိန်ဟာ ချောက လက်ရောင်ပေါ် ရွှေနားကွပ်ညဝတ်ဂါဝန်တဖားဖားဖြင့် အခန်းထဲ ရောက်လာတာဖြစ်သည်။ စိန်စိန်နောက်မှ အငွေ။ အေးမာနှင့် အလုံး။ ခြားက အိပ်ချင်မူးတူးဖြင့် ခုတင်ပေါ်မှ ငုတ်တုတ်ထထိုင်သည်။ စိန်စိန်ကတော့ အခန်းအလယ်တည့်တည့်၌ ခါးထောက်ရပ်ရင်း…

"ဟဲ့…ရှာကြစမ်း၊ အလုံး ဗီရိုတွေ၊ ရေချိုးခန်းတွေ အကုန်ဖွင့်ရှာ၊ အေးမာ"

"ဟုတ်…မကြီး"

"ခုတင်အောက်တွေ၊ အဝတ်လှန်းစင်တွေနောက် အကုန်



www.burmeseclassic.com

www.burmeseclassic.com



ရှာ''

အခန်းထဲ ဝရန်းသုန်းကားပြေးဝင်လာပြီး အသည်းအသန် ရှာဖွေနေပုံက စစ်မြေပြင်မှာ ရန်သူထောင်သွားတဲ့ မိုင်းဗုံးကို လှန်လှော ရှာဖွေတဲ့အတိုင်း မြားက ခုတင်ပေါ် ငုတ်တုတ်ထထိုင်ရင်းက မျက်လုံးကို လက်ဖြင့်စုံပွတ်ရင်း…

''ဘာ…ရှာကြတာလဲဟင်၊ စိန်စိန်တို့က''

''ငါတို့တွေ့ချင်တာရှာတာပေါ့၊ ပေးစမ်း ဖုန်း''

အငွေက ခုတင်ပေါ် ဒူးထောက်ထိုင်ချရင်း မြားခေါင်းအုံး ဘေးထားထားသော ဖုန်းကို ဖျတ်ခနဲဆွဲယူပြီး ခေါ်ထားသမျှ ဖုန်းကော(လ်)တွေ စစ်ပစ်တာ တရစပ်။ နောက်ဆုံးခေါ်ထားသော ဖုန်းနံပါတ်ကို ပြန်ခေါ်သည်။ စိန်စိန်က သူမလုပ်သမျှ လက်ပိုက်ပြီးအကဲခတ်သည်။ မြားကတော့ ဒူးပေါ်ပါးတစ်ခြမ်းအပ်ကာ မျက်နှာ ဘေးတစောင်းမှီထားပြီး…

''ဝါး…အိပ်ရေးပျက်လိုက်တာ၊ ရှာစရာရှိရင် အစောကြီးကတည်းက လာရှာတာမဟုတ်ဘူး''

လို့ ညည်းတွားပြောသေး။ ထိုအခိုက် တစ်ဖက်မှဖုန်းက တူခနဲအသံပေးပြီး ဝင်သွားကာ အိပ်ချင်မပြယ်သောအသံဖြင့်

''ဟဲလို''





အငွေ ဆတ်ခနဲ မျက်မှောင်ကျုံ့တော့ စိန်စိန်က အားမရဟန်ဖြင့် ဖုန်းကိုဆွဲလုသွားသည်။

''ဟဲလို…ကျစ် ဘယ်သူလဲ''

ကြားရသောအသံဟာ သူမတို့မျှော်လင့်ထားသော အသံမျိုးမဟုတ်။ စိန်စိန်က မသင်္ကာသောမျက်လုံးကြီးတဝင်းဝင်းနှင့် မြားထံလှမ်းကြည့်ရင်း…

''တို့ အောင်အောင်နဲ့ပြောချင်လို့''

အစ်အောက်လိုက်ခြင်းသာ။ တစ်ဖက်က မိန်းကလေးအသံရှင်က…

''အာ…စားတယ်ကွာ၊ ဘယ်ကအောင်အောင်လဲ၊ ဒါ အောင်အောင့်ဖုန်းမဟုတ်ဘူး''

''အောင်အောင်က ဒီနံပါတ်ပေးထားတာ''

''မှားနေပြီ၊ ဒါ မချူဖုန်း၊ မှတ်ထား ကျောင်းအစ်မရေ''

တဲ့။ ပြောပြီး ဖုန်းချသွားတာ ဆောင့်ဆောင့်အောင့်အောင့်။ စိန်စိန်က ဖုန်းစကရင်ပေါ် ပေါ်နေသည့်နံပါတ်ကိုကြည့်ရင်း…

''မချူတဲ့၊ နေပါဦး အခါတိုင်း မချူဖုန်းက ကိုးလုံးမဟုတ်လား၊ အခုမှ ဘယ်လိုဖြစ်တာလဲ မြား''

မေးတော့ မြားက အိပ်ရာပေါ် တစ်ကိုယ်လုံးပစ်လှဲရင်း



www.burmeseclassic.com

www.burmeseclassic.com



ပုန္နက်တုပ်ကွေးကွေးကာ…

"မဋ္ဌူဖုန်းပြောင်းလိုက်တာ"

ထိုအခိုက် ရှာဖွေရေးနှစ်ယောက်က ကမူးရှူးထိုးဖြင့် အနား ရောက်လာကာ…

"ဘာမှမတွေ့ပါဘူး မမကြီး"

"ဟုတ်တယ်၊ အေးမာဖြင့် ဗီရိုထဲအဝတ်တွေ ဖွရှာတာ ဘာမှမတွေ့ဘူး"

ညီအစ်မနှစ်ယောက်က ခံပြင်းခြင်းများစွာနှင့် အကြည့်ဆုံ သည်။ နှစ်ယောက်စလုံး အရှူးလုပ်ခံရတာ သေချာသွားပြီ။ တစ်ရေး နိုးမို့ မြားအခန်းရှေ့ လျှောက်လာတော့ စကားပြောသံတွေ အရင်ကြားရတာ အမှေ့။ ဘာတွေပြောမှန်းမသိ။ ဗလုံးဗထွေးအသံ တွေပေမဲ့ ကြားရသည့်အသံထဲ ယောကျ်ားလေးအသံဆိုတာ ကျိန်းသေသည်။ တစ်ယောက်တည်း ဘာလုပ်ရမှန်းမသိ။ အတုန် တုန်အလှုပ်လှုပ်ဖြစ်နေသော အမှေ့မှာ ရင်မဆိုင်ရဲသဖြင့် စိန်စိန့်အား သွားနှိုး၍ ဆွဲခေါ်ချလာတာ။ နှစ်ယောက်စလုံး အခန်းတံခါးနားကပ် ပြီး နားထောင်ကာ အတည်ပြုပြီးမှ စိန်စိန်က ပွဲကြမ်းတော့တာပင်။ အခု ဒီအခန်းထဲရောက်တော့ မြားက တကယ့်အိပ်နေသည့် ဘုမသိ ဘမသိစတိုင်(လ်)အပြည့်။ လူရှာတာမတွေ့ဘူးဆိုတော့ ဒီလူက





…ဖြိုးမိုးပျံသွားလို့လား။ ဇဝေဇဝါနှင့် အမှေ့က စိန်စိန်အား …ကြည့်သည်။ စိန်စိန်ကလည်း ဝေခွဲမရဖြစ်နေသည့်ဟန်။ ထိုအခိုက် …ထဲ တစ်ခန်းလုံး ကျိုးကန်းတောင်မှောက် လိုက်ကြည့်နေသော …လုံးက…

"ဟော…ပြတင်းပေါက်ကြီးပွင့်လို့ပါလား မြား"

ရင်ထဲ ဒိုင်းခနဲဆောင့်ခုန်သွားသည်။ အာခေါင်တွေ …တ်တရက်ခြောက်သလို ခံစားရပြီးမှ မြားက မထူးဆန်းသလို …တင်းပေါက်ဆီ လှမ်းကြည့်၏။ နားထဲတွင် ကိုစကားတွေ ပြန် …ကြားယောင်လာသည်။

"ဟန်ဆောင်တယ်ဆိုတဲ့နေရာမှာ ကြောက်စိတ်ကင်းနေဖို့ …ကပဲ မြား၊ လောကမှာ ပရိယာယ်ကြွယ်ဝသူတွေ အနိုင်ရကြ …ာ အဲဒီကြောက်စိတ်မရှိလို့ပဲ၊ သူတို့က လူတစ်ဖက်သားကို …အောင်ပြောတတ်တဲ့နေရာမှာ အပြုံးလေးနဲ့ ကမ္ဘာလုံးကို ကမ္ဘာ …ကြီးဖြစ်အောင် ပြောတတ်ကြတာ၊ အဲဒါ ဟန်ဆောင်ခြင်းအတတ် …ညာပဲ"

ကိုနဲ့ချိန်းတွေ့ပြီးတိုင်း မှုပျက်ချင်သော သူမအား ထိုသို့ …ပေးထားသည်ဆိုလျှင် မြားက နှုတ်ခမ်းတွေစေ့ကာ ပိပြင်အောင် …ရင်း…



www.burmeseclassic.com

www.burmeseclassic.com



"ပြတင်းပေါက်ပွင့်တာများ ကမ္ဘာပျက်တာကျနေတာ အလုံးရှယ်၊ မြား ဖွင့်ထားတာ"

"ဘာဖြစ်လို့ဖွင့်တာလဲ မြား"

အငွေက အကြည့်စူးစူးနဲ့မေးသည်။ စိန်စိန်က ပြတင်းပေါက်နားအထိ သွားရပ်ပြီး ခြံထဲမျှော်ကြည့်နေရာက…

"အိုက်လို့ဖွင့်တာလို့ မပြောနဲ့မြား၊ အခန်းထဲမှာ အဲကွန်းကြီးဖွင့်ထားတာပဲ"

ဖြေစရာစကားကမရှိတော့။ မြားက အိပ်နေရင်းမှ ပန်းစုံတွန့်ပစ်ရင်း…

"အဟွန်း…ဒီလိုပါပဲ၊ လေရဖို့တစ်ခုတည်းနဲ့ ပြတင်းပေါက်ဖွင့်ကြတာမှမဟုတ်တာ"

"ဒါဆို ညည်းက ဘာအတွက်ဖွင့်တာလဲ"

စိန်စိန့်အသံက နူးညံ့မှုမရှိတော့။ လေသံမာသလို မျက်နှာကြောကတင်းသည်။ မြားက တမင်တကာ အသံထွက်ရယ်ရင်း

"မွန်းကြပ်လွန်းလို့ ဖွင့်ထားတဲ့သဘောပါ၊ တစ်ခါတလေ စိတ်ကူးယဉ်တာပေါ့၊ အဲဒီပြတင်းပေါက်ကတစ်ဆင့် လှမ်းမြင်နေတဲ့ ကောင်းကင်ကြီးထဲ မြားက တောင်ပံခတ်ပြီး ပျံသန်းသွားတာမျိုး၊ သိပ်လွတ်လပ်ပြီး သိပ်အရသာရှိတဲ့ ဘဝထဲ ခဏဝင်ကြည့်တာ





မြား ခပ်ရွှဲရွှဲဖြေတာကိုသိ၍ အငွေက သက်ပြင်းရှိုက်ကာ ချက်နှာလွှဲသည်။ စိန်စိန်ကတော့ သူမခုတင်နားသို့ တစ်လှမ်းချင်း လျှောက်လာရင်း…

"ဘဝဆိုတာ လွတ်လပ်ဖို့၊ အရသာရှိဖို့မဟုတ်ဘူး မြား၊ လက်တွေ့ကျကျထူထောင်ဖို့ အဲဒါကို အမြဲခေါင်းထဲသွင်းထား"

စကားအဆုံးမှာ မျဉ်းဖြောင့်တစ်ကြောင်းလို တင်းခနဲဆွဲစေ့သည်။ စိန်စိန်ရဲ့ ထူအမ်းသော နှုတ်ခမ်းတွေကို မြားက စိုက်ကြည့်ရင်း ရင်ထဲခါးလာခဲ့၏။ စိန်စိန်ကတော့ ပြတင်းပေါက်ပိတ်ရင်း ဘေးက်နားမှာ ကျန်ရစ်သော အေးမာနဲ့အလုံးကို ငုံကြည့်ကာ…

"မနက်ဖြန်ည ဒီထဲကို ငါတို့မွေ့ယာကြီးရွှေ့ခဲ့၊ ပြီးတော့ အလုပ်ကိစ္စနဲ့ပတ်သက်တဲ့ စာရွက်စာတမ်းတွေပါယူခဲ့ အငွေ"

"ပြော…စိန်စိန်"

"နက်ဖြန်ညကစပြီး ငါတို့ မြားအခန်းမှာပဲ စုအိပ်ကြတာ ပေါ့"

တဲ့။ မြားက နှုတ်ခမ်းတွေကို ဟွန့်ခနဲ အသံမပေးဘဲ ရွဲ့ရင်း…

"ဒါ စိန်စိန့်ရဲ့လက်တွေ့ကျကျ ထူထောင်နည်းလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး မြား၊ လက်တွေ့ကျကျ တိုက်ဖျက်နည်း"

ပခုံးစွန်းနားအထိ မေးဖျားကပ်ပြီးပြောတော့ ရက်စက်မည့် မာန်မာနအပြုံးကို မြား လှမ်းတွေ့နေရသည်။ အဟွန်း မြားကလည်း လက်တွေ့ကျကျ ထိုးဖောက်နည်းကို သုံးမယ်။ စိန်စိန် အရှုံးမပေး ကြေး။ မြားအနိုင်ရတဲ့အခါ အချစ်စစ်က အင်အားကြီးမားပါလား လို့ ဝန်ခံပေးရင်ရပြီ။

◆ ◆ ◆



## အခန်း (၂၂)

"ဟဲလို…ဟား…ဟား မြား ကြည့်စမ်း ကိုယ်နဲ့မတွေ့ရ တာ (၂၄)နာရီမှမရှိသေးဘူး လွမ်းနေပြီမဟုတ်လား၊ ဒီမနက်ပဲ သေယာဉ်ဆိုက်တယ်ကွ၊ ဒီည ပွဲတာအိုမှာဆိုရမယ်၊ မနက်ဖြန် မြစ်ကြီးနား၊ ဟဲလို…ဟဲလို"

ပြောနေရင်းက ဖုန်းကျသွားတာမို့ စံနစ်က လိုင်းမမိ၍လား ဆင်ကာ ဝရန်တာဆီ ထွက်နားထောင်လည်း ကိုင်ထားသည့်ဖုန်း က မမြည်ဘဲ ဆောင်းဘီအိတ်ထဲ ထည့်ထားတဲ့ နောက်ဖုန်းတစ်လုံး က ထမြည်တော့ ဝရန်တာမှာ ဘီယာဝိုင်းဖွဲ့နေတဲ့ ဘိုဘိုက ဦးအောင်မဲ့ရှဲ့ပြီး…

"ဟွန်း…ပေါ်များလိုက်တဲ့ဘာဝ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းမကဲ့ရဲ့နဲ့၊ အဲဒါ ဖိုးငွေပေးတဲ့အိုက်ဒီယာ"

ဂျေကြီးက အသားတစ်ဖတ် တူနဲ့ကောက်ဝါးရင်း ဖိုး[illegible]

ဆီ မေးငေါ့သည်။ ဖိုးငွေက ရယ်ကျဲကျဲဖြင့်...

"အဲဒီလောက် နားဆူမယ်မှန်းမသိလို့ကွ"

"ဒါ အပြစ်ပေးလိုက်တယ်၊ ပတ်ဝန်းကျင်ရှုညံ့ခြင်းဆိုင်[illegible]

တော့"

"အခုက ပတ်ဝန်းကျင်ကို သန့်ရှင်းအောင် ကြိုးပမ်းနေ[illegible]

အချိန်နော်၊ ကျွတ်ကျွတ်အိတ်တွေတောင် ဖျက်သိမ်းပစ်တာ မငေ့[illegible]

ဘူးလား"

ကိုယ့်အသံနှင့်ကိုယ် တသောသောရယ်ပြီးမှ စံနှစ်ထံ အ[illegible]

ရောက်ရတာက အခုထိအော်မြည်နေသော ဖုန်းသံကြောင့်...

"ဟော့ကောင် ဖုန်းကသိုဏ်းရှုနေတာလား"

ဘိုဘိုက အသံအကျယ်ကြီးနဲ့ လှမ်းမေးသည်။ စံနှစ်[illegible]

ဘာမှမပြောဘဲ ဖုန်းဖွင့်ကာနားနားကပ်ပြီး...

"မြား...ပြောလေ"

"မင်း ဘယ်သူလဲ"

ခပ်သြသြ ခပ်တောင့်တောင့်အသံ။

"ကျစ်"





စံနှစ်က ဖုန်းကိုနားမှခွာပြီး ခေါင်းမော့ကာ ကျစ်ခနဲလုပ်မှ

[illegible]သုံးကောင်သတိထားမိသွားကာ

"ဘာဖြစ်တာလဲ ဟေ့ကောင်၊ ပတ္တမြားဆီ ရှော့(ခ်)ဝင်ပြီ

လား"

အားလုံး အလေသုံးဆယ်ထလာတဲ့အချိန်မှာ စံနှစ်က

[illegible]ဘောင်းဘီအိတ်ထဲ လက်တစ်ဖက်ထည့်ကာ ဖုန်းကို ပြန်နားထောင်

[illegible]ပြီဖြစ်၏။

"ခင်ဗျားကရော ဘယ်သူလဲ"

"ငါဘယ်သူလဲ မင်းသိစရာမလိုဘူး"

"ဒါဆို ကျုပ်နာမည်လည်း မပြောရဲပေါ့"

"ဟေ့...မင်း ရိုင်းလှချည်လား၊ ငါက မင်းအမေအရွယ်

[illegible]လောက်ရှိတယ်၊ စကားပြောတာ ဆင်ခြင်စမ်း"

"ဟာ...ဟ ဗလိုင်းကြီး အမိန့်တွေလာပေးနေပါလား"

စံနှစ်က တမင်ခေါင်းမော့ပြီး ရယ်ပေးလိုက်သည်။ မြား

[illegible]ကြောင့် ရှိသေရမည်ဆိုသော အစဉ်အလာတွေက ဟိုးခပ်

[illegible]ဝေးမှာ ကျန်ခဲ့လေပြီ။ လူကိုမြင်လျှင် ရွံသလိုရှာသလိုနှင့် မဲ့ရွဲ့

[illegible]သော မျက်နှာတွေကို သူ့မာနက ရိုကျိုးခွင့်မပြုလေသော

[illegible]



www.burmeseclassic.com

www.burmeseclassic.com



"အေး…အမိန့်ပေးရမယ်၊ မင်း နာခံတတ်အောင် ကြိုး
မနာခံတတ်လည်း ငါကတော့ သိပ်မအံ့ဩပါဘူး၊ မင်းက မိ
ဖမရှိနဲ့ဆိုတော့ မိမဆုံးမ ဖမဆုံးမဒီဇိုင်းလာမှာပဲ"

"ဟော့…ခင်ဗျား လူကြီးစကားပြောနော်၊ ဘယ်သူ
မိဘရှိမှ လူဖြစ်ခွင့်ရတာ"

"ဖြစ်တည်ခွင့်က ဟုတ်ပါတယ်၊ ဒါပေမဲ့ ရပ်တည်ချ
ချင်းမတူဘူး၊ မိဘမဲ့ အုပ်ထိန်းသူမဲ့တဲ့သူဟာ ဘယ်လ
လူယဉ်ကျေးဖြစ်မလာနိုင်ဘူး"

"ခင်ဗျား"

နားထဲမှာ စစ်ချီဗုံမောင်းသံတွေပဲ ကြားလာရသ
တစ်ကိုယ်လုံး လှည့်ပတ်စီးဆင်းနေသော သွေးတွေက ဖျိုးဖျိုးဖျပ်
မြည်ကာ အရေပြားဆီ ခုန်ပေါက်ထွက်တော့မလိုနှင့် ဒေါသတွေ
အားကောင်းစွာ လူတစ်ကိုယ်လုံးဆီ လှည့်ပတ်လောင်ကျွမ်း
ရင်ထဲ တသောသောပြုံဆင်းနေတာက မာနနှင့် အရင်းပြု
နှလုံးသားအစိတ်အပိုင်းတွေ ဖြစ်ခဲ့လျှက်

"ဒီမှာ မင်းသိအောင် တစ်ခါတည်းပြောပြလိုက်မ
ငါ့တူမက အခုမှ ဆယ်ကျော်သက်အရွယ်၊ ဘယ်ဟာအ
ဘယ်ဟာအမှား မခွဲခြားတတ်သေးဘူး၊ အေး အဲဒါကို အခွင့်ကော





ယူပြီး ညာဏ်နီညာဏ်နက်တွေနဲ့ ထပ်မဆက်သွယ်ပါနဲ့"

"ဒီမှာ ခင်ဗျားပြောတာတွေက ရယ်စရာတော်တော်ကောင်းနေပြီ၊ တစ်ယောက်နဲ့တစ်ယောက် မေတ္တာမျှတာ၊ ချစ်တာတွေကို ခင်ဗျားက ညာဏ်နီညာဏ်နက်လို့ ခေါင်းစဉ်တပ်တာပေါ့၊ ဒီနေ့အထိ မြားအပေါ် ကျုပ် ရိုးသားခဲ့တယ်၊ ဖြူစင်ခဲ့တယ်"

"တော်တော့ကောင်လေး မင်းသီချင်းထဲက စာသားတွေ ရွတ်မပြနဲ့၊ ငါက ချစ်တာတွေ မေတ္တာတွေ စိတ်မဝင်စားဘူး"

"သိပြီးသားပါ၊ ခင်ဗျား အမျိုးကြီးဖြစ်ရတဲ့အကြောင်းရင်းတွေလည်း လာမကြော်ငြာနဲ့၊ စိတ်မဝင်စားဘူး"

"မင်း…တိတ်စမ်း၊ ဒီနေ့ဒီအချိန်ကစပြီး ငါ့တူမကို ဆက်သွယ်လို့မရစေရဘူး၊ မင်း မဆက်သွယ်ပါနဲ့၊ ငါ ဒါပဲပြောချင်တယ်"

"ကိုယ့်တာကို ကိုယ်လုံခြုံအောင်ထိန်းစမ်းပါ၊ ကျုပ်ကို မပူနဲ့၊ ကျုပ်က ချစ်မိပြီဆိုရင် အရူးအမူးပဲ၊ မရအရဆက်သွယ်ပြီး ရအောင်အပိုင်သိမ်းမှာ၊ မယုံရင်စောင့်ကြည့်လိုက်"

"မင်း"

ဟိုတစ်ဖက်က ဖုန်းမချခင် စံနစ်က ဦးအောင်ဖုန်းပိတ်ပစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာတဲ့လဲဟာ့ကောင်...မင်းနဲ့မြားအကြောင်း ဘွားတော်တို့သိသွားပြီပေါ့ ဟုတ်လား"

သူခေါင်းညိတ်ပြတော့ သက်ပြင်းချသံ ကျယ်ကျယ်လောင်လောင်တွေကို ကြားရသည်။ မြူနှင်းတွေ အုံ့အုံ့ဆိုင်းဆိုင်းနှင့် ညှို့မှိုင်းနေသော ပတ်ဝန်းကျင်တစ်ခွင်ကို ဝရန်တာမှ လက်ထောက်ငေးရင်း ရင်ထဲ ပြင်းပြင်းပျပျ သတိရလာတာက ရန်ကုန်ခွဲကျန်ရစ်သော မြားထံ။

"ကိုက မြားဘဝမှာ ပထမဆုံးနဲ့ နောက်ဆုံးချစ်ရတဲ့သူ၊ ကို့ကို အောင်မြင်တဲ့ အနုပညာရှင်တစ်ယောက်အနေနဲ့ ရှုးသွပ်ပြီး ချစ်တယ်၊ ချစ်သူတစ်ယောက်အနေနဲ့ ယုံကြည်အားကိုးတယ်၊ သေချာတယ်၊ ကိုနဲ့သာဝေးရင် မြားတော့ ရှူးမှာပဲ"

ရင်ခွင်မှာ မျက်နှာအပ်ပြီး ပြောခဲ့တဲ့စကားတိုင်းဟာ လေဟာနယ်ထဲ ပျောက်ပျက်မသွားဘဲ ရင်တွင်းထောင့်တစ်နေရာမှာ စွဲမြဲနေခဲ့သည်။ ဒါဟာ ပြောတတ်တဲ့နှုတ်ခမ်းပါးလေးတွေ တော်လို့လား။ ခံယူသိမ်းဆည်းသူက အစွဲအလမ်းကြီးလို့လား။ မသေချာခြင်းတွေကြားထဲ ရေရာတာက ဒီညဟာ သူ့အတွက် အလွမ်းသီချင်းတွေ အဆိုကောင်းဦးမဲ့ ငိုချင်းချည။

◆ ◆ ◆



## အခန်း (၂၃)

"တွေတယ်မဟုတ်လားဟင်၊ ပြောသွားလိုက်တာ ပခုံးကြားထဲ ခေါင်းပေါက်လို့ လူခေါ်ရတာ၊ ပြောသမျှစကားတိုင်းက သုမပီသဘူး၊ ဟွန်း ကျွန်တော် မိမဆုံးမဖမဆုံးမသားပါဆိုပြီး သည်ပင်းစာတန်းချိတ်စရာမလိုဘူး၊ ဒီအပြောနဲ့တင် ယုံလို့ရပြီ၊ ဆလကားလူရမ်းကား"

စိန်စိန်က ညှော့ခန်းကို ဟိုမှဒီဖြတ်လျှောက်လိုက်၊ မြားရှေ့ခေါ်ကိုင်းပြီး ပြောချင်တာပြောလိုက်နှင့် အားမလိုအားမရဟန် အထင်းသား။ မြားကတော့ ဘာတစ်ခွန်းမှမပြော။ ပေကပ်ထိုင်နေပြီး ညကြည့်က စားပွဲပေါ်ချထားတဲ့ ဖုန်းသုံးလုံးဆီမှ တစ်ချက်ကလေး ရှေ့။ စိတ်ထဲမှာတော့ ပြောနေတာတွေအများကြီး။ သူများကို



www.burmeseclassic.com

www.burmeseclassic.com



လူရမ်းကားပြောပြီး ကိုယ်တိုင်ကကျတော့ လူကြီးလူကောင်းပီသ ကြလို့လား။ မြားကို အကြောင်းပြချက်နှင့် ပထုတ်တာ ညီအစ် နှစ်ယောက် တကျိတ်တည်းတညာဏ်တည်း။

"မြား…ခင်ရှုပါဆီသွားမေးစမ်း စိန်စိန်အပ်ထား ပိုးဝမ်းဆက်ရပြီလားလို့၊ ကြယ်သီးတွေသေချာစစ်နော်၊ ပိုးအပြော သားပေါ် အဲဒီကြယ်သီးတွေက ဒီဇိုင်းဖော်ပြီးထိုးထားလို့"

"နင့်ကို အဆောကြီးကတည်းက ပြောသားပဲ စိန်စိန်ရယ် စီးကွင့်(န်)ထိုးပါဆို"

"ငါ့စိတ်ထဲ စီးကွင့်(န်)က ရိုးနေသလားလို့"

ပြောသမျှစကားတွေက အကုန်သွေးရိုးသားရိုး။ မျက် တွေကလည်း ကြည်ကြည်လင်လင်မို့ သံသယမဝင်ခဲ့တာ မြ အမှားမဟုတ်ဘူးထင်သည်။ ဒါပေမဲ့ မြားက သတိကောင်းလွ တာမို့ အခန်းဆီ ခြေဦးလှည့်ရန်ပြင်တော့…

"ဘာလုပ်မလို့လဲ မြား"

အငွေက လက်ဆွဲပြီးမေးတာ။ မြားက အိမ်နေရင်းဝ ထားသော ဂျင်းဘောင်းဘီအတိုနှင့် ကြိုးတစ်ချောင်းတည်း ချိတ်ရုံအင်္ကျီခါးတိုလေးကို ငုံ့ကြည့်ရင်း…

"အင်္ကျီလဲမလို့လေ၊ စိန်စိန်သွားခိုင်းတာ ဒီဇိုင်နာခင်ရှု





ဆီမဟုတ်လား"

တကယ်တော့ အင်္ကျီလဲရင်းက ကိုပေးထားသောဖုန်းတွေ ယူပြီး လမ်းမှာဆက်ရန်အကြံနှင့်။ ဒါကိုပဲ အငွေက သဘောကျ သလို ဟက်ဟက်ပက်ပက်ရယ်ပြီး မြားပခုံးလေးကိုဖက်ကာ ဆွဲခေါ် လာတာက ပေါ်တီကိုအောက်ဆီ။

"အမလေးမြားရယ် ခင်ရှုပဆီသွားတာပဲ ဒီလူနဲ့ဒီလူ အကြောင်းသိချင်းတွေ အင်္ကျီလဲစရာမလိုပါဘူး၊ ဒီလိုလေးဝတ်ထား တော့လည်း တို့ရဲ့မြားက တကယ့်ကလေးလေးအတိုင်းပဲ၊ ကဲ သွား"

ဆိုပြီး ကားဆီတန်းလွှတ်တော့ ကားမောင်းသူနေရာမှာ အလုံးကထိုင်စောင့်ပြီးသား။ မြားက ကားတံခါးဆွဲဖွင့်ရင်း အငွေ့ထံ သမင်လည်ပြန်ငေးကာ…

"အငွေက မလိုက်ဘူးလား"

"မလိုက်တော့ဘူးမြားရေ၊ ဟိုမှာ အငွေ့ကိုချောဆွဲထား တယ်လေ၊ သူ့စာရင်းတွေကူစစ်ဖို့နဲ့ ယန်းတိမ်သမားလူစားသွင်းဖို့"

စိန်စိန်က ခြံထဲမှ မြားတို့အနားလျှောက်လာရင်း…

"မြားဖုန်းပေးခဲ့စမ်း၊ စိန်စိန်ဆက်တာမှန်း မသိစေချင်လို့" တဲ့။ မာယာတွေလိုက်မမှီသော မြားက ဖုန်းကို အသာ



www.burmeseclassic.com

www.burmeseclassic.com



တကြည်ထုတ်ပေးခဲ့မိသည်။ ဒါဟာ မြားရဲ့ ဆက်သွယ်မှုဇရိယာကို ကန့်သတ်ပစ်လိုက်တယ်ဆိုတာ မြားသိခွင့်မရှိသေး။ ခင်ရှုပဆီက ပြန်လာတော့မှပင် ညေ့ခန်းစားပွဲမှာ ကိုပေးထားခဲ့သော ဖုန်းသုံးလုံးကို အစီအရီချထားပြီး ဆိုဖာပေါ်ခြေချိတ်လက်ပိုက်၍ မိန့်မိန့်ကြီးထိုင်နေသော စိန်စိန်နှင့် အငွေ့ပုံစံက အောင်ပွဲရစစ်သူကြီးတွေနှယ်။

"ကဲ…ပြော ဒီဖုန်းတွေရဲ့ရာဇဝင်"

အစချီပြီး စိန်စိန်ကမေးတော့မှ မြားက ပေါက်ကွဲတော့တာပင်။

"စိန်စိန်တို့ စည်းမစောင့်ဘူး၊ မြားမရှိတုံး မြားအခန်းထဲဝင်ပြီး"

"ညည်းအန္တရာယ်သင့်မဲ့ကိစ္စမျိုးကို ငါတို့က လူကြီးလူကောင်းအရေခြုံပြီး စည်းမစောင့်နေနိုင်ဘူးမြား၊ ငါမေးတာပဲဖြေ ဒီဖုန်းတွေ ဘယ်ကဘယ်လိုရောက်လာတာလဲ"

"အဟွန်း…စိန်စိန်က တခြားအရာတွေသာ စိတ်ထင်တိုင်း စွက်ဖက်ခွင့်ရမှာ၊ မြားမပြောချင်တဲ့ အရာကိုတော့ စွက်ဖက်ခွင့်မရှိဘူးနော်၊ ဒါ မြားရဲ့သဘော"

မြားက တမင်ရွဲ့သည်။ စိတ်ထဲမှာကြည်းခံပြင်းနေတာက





ဒီဖုန်းတွေ တွေ့သွားလို့မဟုတ်မှန်း ကိုယ့်ဟာကိုယ်သိသည်။ အစိကမကျေနပ်တာ မြားကို မလိုမ့်တစ်ပတ်လုပ်၍။ စိန်စိန်က မြားပုံစံကိုကြည့်၍ ခေါင်းတဆတ်ဆတ်ညိတ်ကာ…

"ညည်းကဒီလိုလား…မြား ရတယ်၊ ညည်းမပြောချင်လည်း ငါသိချင်တဲ့အရာ သိအောင်လုပ်ခွင့်ရှိတယ်"

ဖုန်းတစ်လုံးကို ကောက်ကိုင်၍ မစ်(စ်)ကော(လ်)တွေပြန်ကြည့်သည်။ ဒီဖုန်းသုံးလုံးစလုံးနှင့် မြားခေါ်ဆိုခဲ့သော နံပါတ်က တစ်မျိုးထဲ။ ထိုတစ်မျိုးတည်း နံပါတ်ကို စိန်စိန်က တစ်ချက်ချင်းနှိပ်သည်။ ဖုန်းဝင်ဝင်ချင်းပင် ဟိုဘက်က ကိုဖုန်းထူးမည်ဆိုတာ မြားသိပြီးသား။ ဖုန်းဝင်ရဲ့သားနှင့် ကိုင်တာကြာလျှင် မြားကရစ်တတ်သည်ကိုး။

"ကိုယ် ရေချိုးခန်းဝင်နေလို့ပါ မြားရာ"

ဖြေရှင်းတော့

"ဖုန်းက ရေချိုးခန်းထဲသွင်းမရအောင် တံခါးဝမှာ တစ်များနေလို့လား ကို"

တစ်ခါလောက် စိတ်ကောက်တာနှင့် နောက်တစ်ခါဆိုကိုက အချိုးပြင်ပြီးသား။ ဘယ်သွားသွား ပါအောင်ယူရတာ ဖုန်းဖြစ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ပတ္တမြားနဲ့တွေ့မှ ဒီကောင် သူဖွန်းသူကိုင်ရမှန်း သိလာတာ၊ နို့မို့ဆို သူ့ပစ္စည်းတွေ ကိုင်ပေးရတဲ့ဒုက္ခက ကျွန်တော့်မှာ မလွှတ်ရဘူး"

တစ်ခါတလေ ဆုံကြလျှင် ကို့သူငယ်ချင်းတွေက ပြောတတ်သည်။ ထိုအခါ ကိုက သူမလက်ဖဝါးကို လှမ်းထွေးဆုပ်ရင်း...

"မရဘူးကွ၊ မြားက အမှားမခံနတ်ကြီးလေ၊ နည်းနည်းမှားတာနဲ့ လူကိုရစ်တော့တာပဲ"

တဲ့။ မြားက နာမ်စားအသစ်ကြောင့် ကို့ကို မျက်စောင်းရွယ်ရင်း

"ဘာ...ဘာပြောတာ ကိုနော် လူကိုဘာအမှားမခံနတ်ကြီးလဲ၊ ဖယ် လွှတ်"

ဆိုပြီး စိတ်ကောက်ပြလျှင် ကိုက လူရှေ့သူရှေ့မရှောင် မြားအနားနားကပ်ပြီး...

"အသဲယားအောင် မလုပ်နဲ့နော်၊ သူတို့ရှေ့လည်း ကိုယ်က မရှက်ဘူး၊ တစ်ခါတည်း ဖက်နမ်းပစ်မှာ"

ပြောတာကတိုးပေမယ့် မြားက ရှက်ရပါသည်။ ဒါ ရိပ်မိသော မဥ္ဇူတို့ဆို ပြောမဆုံး။





"သူတို့သမီးရည်းစားအတွဲကိုကြည့်ပြီး ငါဖြင့် ရည်းစားထားချင်စိတ်တောင် ပျောက်တယ်"

"အမယ် ဘာဖြစ်လို့"

သီသီက ပခုံးချင်းတိုက်ပြီးမေးတော့

"ကြောက်လို့လေ၊ စံနစ်ကိုကြည့်ပါလား စင်ပေါ်မှာလည်း သီချင်းဆိုတော့ ဝုန်းဝုန်းဒိုင်းဒိုင်း၊ သမီးရည်းစားဘဝမှာလည်း မြားအပေါ် ဝုန်းဝုန်းဒိုင်းဒိုင်း".

"ဟဲ့...ဘာဝုန်းဝုန်းဒိုင်းဒိုင်းလဲ"

မျက်နှာနီနီနှင့် မြားကထအော်မှ...

"အဟီး...နင့်အပေါ်ချစ်တာကိုပြောပါတယ်"

တဲ့လေ။ ကိုနဲ့ပတ်သက်လျှင် သူမအပေါ် ချစ်တတ်ကြောင်း လူအများ ပြောစမှတ်ဖြစ်အောင် ထင်ရှားပါလျက်နှင့် မနှစ်နက်တို့ကျမှ ဘာကြောင့်များ ကို့အချစ်အပေါ် သံသယဝင်ရပါသနည်း။

"မြား"

"ဟင်...ရှင်"

ကို့အကြောင်း တွေးရသမျှ အတိတ်တို့သည် ပစ္စုပ္ပန်ကို ဘယ်လည်းသတိမရချင်အောင် ဆွဲဆောင်အားပြင်းလှသည်။ အခုတော့



www.burmeseclassic.com

www.burmeseclassic.com



အခေါ်ခံရရုံမက လက်မောင်းဆီ ဖြန်းခနဲ အရိုက်ခံရမှုကြောင့်···

"အ···နာတယ် စိန်စိန်ရဲ့"

"အေး···နာမှ ညည်းသတိဝင်လာမှာလေ၊ ဒီမှာပြောတဲ့ လူက အမြုပ်တစီစီထွက်အောင်ပြောတယ်၊ ညည်းက ဒီလောက် တားမြစ်ထားတဲ့ကြားက"

"ကျန်တာတွေတားလို့ရပေမယ့် မြားစိတ်ကူး၊ မြားအတွေး တွေကို စိန်စိန်တို့တားမရတာ"

"တော်စမ်း"

သည်းမခံနိုင်၍ အငွေကပါ ထအော်သည်။ ရင်ဝယ်ထား ပေမဲ့ သားသမီးအရင်းအချာမဟုတ်သော ဓာတ်သွေးက ပြလာပြီ လား။ ရင်ထဲစူးခနဲအောင့်တက်လာတာက မေတ္တာတရားကြောင့် ဖြစ်သော ဒေါသဟာ ကရုဏာနွယ်ခဲ့သည်ဆိုလျှင်···

"ညည်း ဒီနေ့ကစပြီး ဒီအိမ်ကြီးထဲက တဖဝါးမှမခွာရ ဘူး၊ ဖုန်းမကိုင်ရဘူး၊ အင်တာနက် မကြည့်ရဘူး၊ ငါနဲ့အတူ တစ်လှည့်စီစောင့်မယ်၊ ဒါ အမိန့်"

စိန်စိန်က ရာဇသံတစ်ချက်လွှတ်သည်။ မြားက ဆတ်ခနဲ ထရပ်ရင်း···

"အဲဒီအမိန့်ဆိုတာ အချစ်နဲ့တွေ့ရင် မီးနဲ့ထိတဲ့ဖယောင်း ...ထဲ ပျော်ကျသွားမှာ သေချာတယ် စိန်စိန်"

"ဟဲ့···မြား"

အငွေ ဒါပဲအော်နိုင်သည်။ မျက်ဝန်းထဲ မြင်ယောင်လာ ...တာက နေ့စေ့လစေ့ကိုယ်ဝန်ကြီးနဲ့ မမငွေ။

"ငါ···သူ့ကိုပဲချစ်တယ်၊ ငါ့ဆီက ကြိုက်တဲ့အရာယူ ...ားစမ်းပါစေ ဂရုမစိုက်ဘူး၊ ချစ်နေရရင်ကျေနပ်ပြီ၊ အဲဒါကြောင့် ...ရင်သွေးကို ငါမွေးမှာ၊ ဒါ အချစ်ရဲ့ အနိုင်မာဆုံးသက်သေ"

တဲ့လေ။ အချစ်ဟာ အဲဒီလောက်အထိ ရူးဖို့သင့်ရဲ့လား။ ...ကြွယ်စရာကောင်းရဲ့လား။ အငွေကိုယ်တိုင်ရော အချစ်ဆိုတဲ့ ...ကြောင့် နှုတ်ခမ်းတွေရော မျက်ဝန်းတွေပါ တစ်ပြိုင်တည်း ...တ်တဲ့သူတစ်ယောက်ကို မြင်ရချိန်မှာ လူက ချောက်ကမ္ဘားထဲ ...တ်ကျွမ်းပြန်ကျသွားသလို အသည်းတလှပ်လှပ်၊ ရင်တဖိုဖိုကြား ... အတိတ်နှင့် လွတ်ကင်းသောသူ မရှိဘူးဆိုရင် အချစ်နဲ့ခွေမျိုး ...ာဘူးဆိုတာ အလကား။

◆ ◆ ◆





www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"ဘာ…မမရွှေ…မမရွှေ ဘာပြောတယ်"

နားကြားများလွဲသလား။ ဆူညံတဲ့ တီးဝိုင်းအသံ
ကြောင့် မကြားလိုက်တာလား။ စိန်စိန်ဟာ အစ်မဖြစ်သူရဲ့မျက်
ကို မှိန်ပျပျသာ ထွန်းထားသော မီးရောင်လေးတွေအောက်မှာ မ
ကြီးအားယူကြည့်မိသည်။ မမရွှေကတော့ မီးမှိန်မှိန်အောက်
တောက်ပနေတဲ့ မျက်ဝန်းတွေနှင့် စင်ပေါ်က သီချင်းဆိုနေသူ
မျက်နှာမလွှဲဘဲ…

"ဟုတ်တယ်၊ ငါ လက်ထပ်တော့မှာ"

"အဲဒီ သီချင်းဆိုနေတဲ့သူကိုပေါ့၊ ဟုတ်လား မမရွှေ

"အင်းလေ…သူက ငါ့ချစ်သူပဲကို၊ ငါ့ချစ်





…လက်ထပ်မှာ အံ့သြစရာကောင်းနေလို့လား စိန်စိန်"

"ဒါပေမဲ့ မမရာ"

ဘာဆက်ပြောရမှန်းမသိဘဲ စိန်စိန်က အဲဒီ့နေရာတင်ပဲ
…ားစရပ်သည်။ ဧည့်သည်တွေထိုင်ရန် ခင်းကျင်းထားသော
…လားထိုင်နောက်မှီပေါ် လက်တင်ထားရတာ လူက အားအင်
…တ်ယုတ်သွားသလို ခံစားရလို့။ စင်ပေါ်မှ ဂစ်တာကို ရင်ဘတ်
… ပွေ့ပိုက်ထားပြီး ဆံပင်ရှည်တွေ မျက်နှာပေါ်ဝဲကျနေအောင်
…ါင်းငုံ့ထားတဲ့လူကို လှမ်းကြည့်ပြီး…

"ဒါ…မမရွှေ ချစ်သူလား"

လို့ ထပ်မမေးရဲတော့။ အချစ်နှင့်ပတ်သက်၍ အပြောကြွယ်
…ာ မမရွှေစကားများအား အချစ်နှင့်စိမ်းသက်သော သူမ နားမ
…င်ရဲတာ မဆန်းပါ။ မိဘတွေမရှိတော့ကတည်းက မမရွှေအား
…အအဖေအစား ကိုယ်စားပြုအားကိုးခဲ့တာမို့ ဒီအစ်မပြောသမျှ
…ြင်းဆန်ရဲတာ ထုံးစံတစ်ခုလိုဖြစ်နေခဲ့ပြီ။ အားထားစရာ ဖြစ်အောင်
…ည်း မမရွှေက ကြိုးစားပြခဲ့သည်။ မိဘအမွေ အစဉ်အဆက်
…ိုင်ခဲ့သော ကျောက်တွင်းတွေကို ဦးစီးရန် ကျောက်အောင်
…အပေါ် အကျိုးအမြတ်ရခြင်းတစ်ခုတည်း မဟုတ်တော့ဘဲ
…ရွှေ လက်ထက်မှ အမြင်ကျယ်လာခဲ့တာက ဒီဇိုင်းဆွဲ၍ ရတ…



www.burmeseclassic.com

www.burmeseclassic.com



အထည်များ ပြုလုပ်ရန်။

"အစိကက ပန်းတိမ်သမားကောင်းကောင်းရှာရမယ်၊ ယုံကြည်စိတ်ချပြီး ကျွမ်းကျင်တဲ့သူပေါ့၊ ကိုယ်ဖြစ်ချင်တဲ့ ဒီဇိုင်းလေးတွေ အရင်စမ်းအပ်ကြည့်မယ်"

အစပြုခဲ့ရာမှ အဝယ်လိုက် လူကြိုက်များလာသောအခါ မမရွှေ ထပ်ပြီး ခြေလှမ်းကျဲခဲ့တာက ရန်ကုန်။ မန္တလေး၌ ဆိုင်ခန်းတွဲတွေဖွင့်ပြီး ရတနာသခင် စိန်တိုက်ကြီး ဖွင့်လှစ်ခဲ့ခြင်းပင်။ အသက်ကလည်း နှစ်ဆယ်ကျော်မှာ လုပ်သွားသမျှ လူတိုင်း ဟာခနဲဟင်ခနဲဖြစ်လောက်အောင် လျှမ်းလျှမ်းတောက် အောင်မြင်ခဲ့ပြီးမှ ယခုတစ်ခါ လူတိုင်းရင်ဘတ်ဖိလောက်အောင် လုပ်ပြပုံက ဒီတီးဝိုင်း၌ သီချင်းဆိုနေသူဟာ ချစ်သူပါတဲ့။ ရန်ကုန်ကနေ လှမ်းအကြောင်းကြားတုံးကတော့ တီးဝိုင်းတစ်ဝိုင်းငှားလာမည်။ ရတနာသခင်ရဲ့ အောင်မြင်ခြင်း အထိမ်းအမှတ်အတွက် ဒီမိုးကုတ်မှာ ဧည့်ခံပွဲတစ်ခုလုပ်ချင်သည်ဆို၍ စီစဉ်ထားသမျှဟာ ဒီလူတစ်ယောက်အတွက်တဲ့လား။ စရောက်တဲ့နေ့က မျက်နှာချင်းဆိုင် မိတ်ဆက်ပေးခဲ့တော့

"ထူးခြားတဲ့ သီချင်းအဆိုတက်မှာ ဝါသနာပါတဲ့ အဆိုရှင်ပေါ့၊ စီးရီးမထွက်ရသေးတော့ အဆိုတော်လို့ပြောမရဘူးပေါ့၊ နော်ကိုထူး"





ပခုံးချင်းပစ်တိုက်ပြီး မမရွှေ ခပ်နွဲ့နွဲ့ဆိုကတည်းက ဒါ ပုံမှန်ဆက်ဆံရေးမဟုတ်လို့ စိန်စိန်နှင့်အငွေ ခန့်မှန်းပြီးသား။

"အဆိုရှင်တဲ့…သူ့ရုပ်က ပုံမှန်မဟုတ်သလိုပဲ မျက်လုံးက အိပ်ချင်တဲ့မျက်လုံးနဲ့၊ လူက ပိန်ခြောက်ပြီးတော့"

"ဟုတ်ပါ့မလား အငွေရယ်၊ နင်ပြောပုံက အားလုံးကို ဝါးလုံးရှည်နဲ့သိမ်းရမ်းပစ်သလိုပဲ"

"သြော်…သိဘူးလေ၊ ငါလည်း ကြားတာကိုပြောတာပဲ"

"အခု မမရွှေရဲ့အဆိုတော်လူက အဲဒါလားမသိဘူး ကြည့်ပါလား၊ စီးကရက်ကို လက်ကမချဘူး"

အစ်မအကြီးဆုံးမို့ မဝေဖန်ရဲ။ မပြောရဲတာသာရှိမည်။ ဒီညီမနှစ်ယောက်က နှစ်နှစ်ပဲကွာတာမို့ အတင်းတော့အုပ်နေကျ။ အငွေ့စကားကြောင့် သူမတွေသွားစဉ်…

"ပြီးတော့ ဆေးသမားတွေက အပြောသိပ်ချိုတာတဲ့"

"ချို…မချိုတော့မသိဘူး၊ မမရွှေနဲ့သူက သိပ်စကားမပြောသလိုပဲ"

ဧည့်ခံပွဲပြီး၍ တီးဝိုင်းသမားတွေက ပြန်သွားပြီ။ ထူးခြားသာ ရတနာစံအိမ်မှာ ရှိနေခဲ့တာ။ မမရွှေနှင့်အတူ ရန်ကုန်ပြန်မည်



www.burmeseclassic.com

www.burmeseclassic.com



ဟု ကြားထားသောကြောင့် သူရှိနေသ၍ စိန်စိန်တို့ အကဲခတ်နေ သည်သာ။

"အငွေက လူကဲခတ်တော်လာပြီပဲ"

"ဟင်"

"အယ်…မမရွှေ"

အခန်းတံခါးဝမှာ ကိုယ်တစ်ခြမ်းစောင်းမှီ၍ ရပ်နေသူက မမရွှေ။ ကွယ်ရာမှာ အတင်းပြောနေသလို ဖြစ်သွားတာမို့ စိန်စိန် ရော အငွေပါ အိုးတိုးအမ်းတမ်း။ အဆိုးဆုံးက အငွေ။ သူတစ်ပါး ချစ်သူအား ဆေးသမားဘာသာနဲ့ ပြောမိ၍ မမရွှေ ဆူတော့မည် လား စိုးရိမ်စိတ်ဖြင့် ဇက်ကလေးပုထားတာ ခေါင်းပင်မဖော်နိုင်။ မမရွှေကတော့ သူမတို့အခန်းထဲ တစ်လှမ်းချင်းဝင်လာကာ ခုတင် အစွန်း၌ ဝင်ထိုင်ရင်း…

"အငွေပြောတာ မှန်တယ်"

"ဒါဆို သူက ဆေးသမားပေါ့၊ အဲဒီလိုလား မမရွှေ"

မမရွှေက စိန်စိန်မေးခွန်းကို ခေါင်းညိတ်ဖြေတာ မသဏ် မသာနှင့်ပါ။

"ဒါနဲ့များ မမရွှေရယ်"

"မမရွှေ ဆေးဖြတ်ပေးဖို့ ကြိုးစားပါသေးတယ်၊ ဒါပေ





သူ့အရမ်းခံစားတာ မကြည့်ရက်လို့"

မကြည့်ရက်တာနဲ့ မဖြတ်ပေးတော့ဘူးလားဆိုတဲ့ မေးခွန်း ကို မေးစရာမလိုလောက်အောင် မမရွှေစကားထဲမှာ အဖြေပါသွားပြီ။ မမရွှေက သူမတို့နှစ်ယောက်ရဲ့ လက်တစ်ဖက်စီကို ဆုပ်ကိုင်ရင်း

"လူတွေက တစ်ယောက်တစ်မျိုးစီ ရှုးနေကြတာပဲ၊ မမရွှေ စာတွေထဲဖတ်ဖူးတယ်"

"အမယ် အငွေကမရှုးပါဘူး"

အငယ်ဆုံးမို့ အသွက်ဆုံးအငွေက မမရွှေရဲ့ လက်မောင်း တစ်ဖက်မှာ ပါးအပ်ရင်း ပြောသည်။ မမရွှေက အငွေ့အား သိုင်းဖက်လိုက်ရင်း…

"ဘာ မရှုးတာလဲ၊ တစ်အိမ်လုံးမှာ ညည်းခါတ်ပုံတွေ ချည်းပဲ၊ တစ်ပုံချင်းစီမှာ အဝတ်အစားမထပ်အောင် ဘက်ဂရောင်း မထပ်အောင် ရိုက်တတ်တာညည်းပဲ"

"ဟွန်း…ပို့(စ်)မထုတ်တတ်ပါ"

စိန်စိန်က မျက်စောင်းထိုးရင်း ဝင်ပြောတော့ အငွေက အားကျမခံ။

"ဒါဆို နင်ကဗေဒင်ရှုး၊ ယတြာရှုး"

"ဟဲ့…ဒါက အိမ်စီးပွားရေးအတွက် အထောက်အကူ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်အောင်လုပ်တာ၊ အခု ငါ့မေဒင်ဆရာက ပေးတဲ့နာမည်အတိုင်း ဆိုင်နာမည်ပေးတော့ အကျိုးပေးတာ တစ်ဟုန်ထိုးပဲ မတွေ့ဘူးလား"

မေးငေါ့မျက်စပစ်ရင်းက တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့်...

"မမရွှေရဲ့လူကို မေဒင်လေးဘာလေး တွက်ကြည့်ပါလား ဇာတာစစ်တာမျိုးလေ"

"နေပါစေတော့ ညီမရယ်၊ သူက မကောင်းမှုမှာ ပျော်နေတော့ မကောင်းတဲ့ဟောကိန်းတွေကြားရရင် သက်သက်စိတ်ဆင်းရဲပါဦးမယ်၊ ရှိပါစေ၊ ဒီအတိုင်း ရန်ကုန်ရောက်ရင် မမရွှေ လက်ထပ်တော့မယ်"

"တကယ်"

နှမြောရိပ်သန်းသွားသော ညီမနှစ်ယောက်ကို မမရွှေ ပခုံးမှသိုင်းဖက်ထားလိုက်ပြီးမှ...

"ဘာပဲဖြစ်ဖြစ် စိန်စိန်နဲ့ အငွေ့ရှေ့မှာ မမရွှေ အမြဲရှိမယ် မမရွှေလက်ထပ်ပေမယ့် ဒီညီမနှစ်ယောက်အပေါ် ထိခိုက်ခြင်းမရှိတဲ့ လက်ထပ်မှုမျိုးပဲဖြစ်မှာပါ"

ဒါ ကတိစကားလား။ အားပေးစကားလား မသိပေ





သူမတို့နှစ်ယောက်စလုံးက ရင်ထဲအားရှိသွားတာတော့ အမှန်။ ဒီလိုနဲ့ မမရွှေ ရန်ကုန်ရောက်ပြီး လက်ထပ်တဲ့သတင်းကိုကြားတော့...

"ခမ်းခမ်းနားနားတော့ လုပ်ဦးမှပေါ့ မမရွှေရယ်၊ ကိုယ်က ရတနာသခင်ရဲ့ ပိုင်ရှင်ပဲဥစ္စာ"

"အင်းလေ...အငွေ့က မမရွှေတို့ညှော်ခံပွဲမှာ သတို့သမီးအရံလုပ်ပြီး ရှိုးပေးမယ်စီစဉ်ထားတာ"

ဖုန်းထဲမှ တစ်ယောက်တစ်ပေါက် ဝိုင်းပြောတော့ မမရွှေက ဟက်ဟက်ပက်ပက်ရယ်ရင်း...

"ရုံးတက်လက်မှတ်ထိုးလိုက်လည်း ပြီးတာပါပဲ၊ နှစ်ယောက်စလုံးက မိဘတွေမရှိကြတော့ ပွဲအကြီးကြီးတွေလုပ်ဖို့ ဆန္ဒမရှိတာ အတူတူဖြစ်နေတော့လေ၊ ညည်းလေးတို့ကျမှ မမရွှေတို့က မိဘနေရာကဦးစီးပြီး ခမ်းခမ်းနားနား လုပ်ပေးမယ်"

ဟု ဖုန်းထဲကြားရတုံးက အသံမြူးမြူးကြွကြွနဲ့မို့ ကိုယ့်အစ်မ စိတ်ချမ်းသာရင်ပြီးရောဆိုပြီး ထူးခြားဘာဖြစ်ဖြစ် ခေါင်းထဲထည့်မထားချင်တာ သူမတို့ အပြစ်ဖြစ်သည်ဆိုမလားပင်။ နောက်ပိုင်း မမရွှေထံမှ ဖုန်းအလာကျဲသွားပြီး အလုပ်ကိစ္စရှိမှ ပြောဖြစ်တော့သည်။ နေကောင်းလားမေးတော့ မမရွှေက ရှက်သံဝဲဝဲဖြင့်...



www.burmeseclassic.com

www.burmeseclassic.com



"အင်း…စိန်စိန့်တို့အတွက် အဖော်တစ်ယောက် မွေးပေးမလို့"

တဲ့လေ။ ကြားကြားချင်းနေ့ကဆို သူမနဲ့အငွေက အပျော်တွေလွန်ပြီး စိန်စိန်က ဗေဒင်ဆရာဆီပြေးသည်။ ဘယ်နေ့နံနဲ့ မမရွှေတို့နှင့် ကိုက်ညီမလဲ။ ဘယ်နေ့မွေးရင် ကောင်းမလဲဆိုပြီး မေး၏။ အငွေက ပျော်လွန်း၍ ဓာတ်ပုံဆရာအိမ်ခေါ်ပြီး ပို့(စ်)အမျိုးမျိုးနှင့် ဓာတ်ပုံတွေရိုက်ကာ…

"မှတ်တမ်းထားရတော့မယ်သိလား စိန်စိန်၊ ငါတို့ရဲ့နောင်လာနောင်သားလေးကို ပြဖို့လိုပြီ"

တဲ့။ ဒင်းပဲအပြောကောင်း။ ကိုယ့်အတွေးတွေနဲ့ ကိုယ်ပျော်နေကြတာများ အခါတိုင်း တစ်ပတ်တစ်ခါ ဆက်တတ်သော မမရွှေဖုန်းကိုတောင် မမျှော်မိတော့တဲ့အဖြစ်။ ဖြစ်ချင်တော့ ကြိုတင်အကြောင်းကြားခြင်းမရှိဘဲ မမရွှေက ရတနာစံအိမ်ကို ပြန်ရောက်လာခဲ့သည်။ ကိုယ်ဝန်အရင့်အမာကြီးနဲ့ မမရွှေဟာ တစ်လမ်းလုံးငိုထားပုံလည်းရ၏။ မျက်နှာတစ်ခုလုံး နီရဲနေပေမယ့် မျက်ဝန်းတွေက မျက်ရည်ကြားထဲ တစ်ချက်တစ်ချက် လက်ခနဲတောက်ပသွားတာကို ညီမနှစ်ယောက် တအံ့တသြကြည့်ရင်း

"မမရွှေ ကိုထူးခြားရော"





"ဟို…သူနဲ့မမရွှေ ရန်တွေဘာတွေဖြစ်လာတာလား ဟင်"

"ရန်ဖြစ်လည်း စိတ်လျှော့ပါမမရွှေရာ၊ သူ့ကလေး ကိုယ့်ဆီမှာရှိနေပြီပဲ၊ တကယ်တမ်းထိခိုက်ရင် မမရွှေနဲ့ကလေးလေးပဲ"

"သူ ထောင်ကျသွားပြီ"

"ရှင်"

ဆိုင်းမဆင့်ဗုံမဆင့် ပြောချပုံကြောင့် ဒီညီအစ်မနှစ်ယောက်က ပက်လက်လန်ကျလုမတတ် အံ့သြရပြန်သည်။ စိန်စိန်က နှုတ်ခမ်းတွေ တင်းတင်းစေ့ရင်း ဘာလှုပ်ရှားမှုမှမရှိဘဲ မျက်ရည်တွေသာ မျက်ဝန်းထဲ တစိမ့်စိမ့်အိုင်ဖွဲ့လာတဲ့ အစ်မဖြစ်သူအားငေးရင်း…

"ဆေးမှုနဲ့ပဲလား မမရွှေ၊ ဖမ်းမိသွားသေးလား"

"သတင်းပေးလိုက်တာ ငါပါ"

"ဟယ်"

"ဘယ်လို မမရွှေက"

မျက်ရည်တွေကြားထဲမှ ရအောင်ပြုံးဖို့ ကြိုးစားတဲ့ မမရွှေရဲ့ နှုတ်ခမ်းတွေက တဆတ်ဆတ်တုန်ယင်နေခဲ့ကြရာမှ



www.burmeseclassic.com

www.burmeseclassic.com



"သူ…သူက ပိုင်ဆိုင်ခွင့်အားလုံးကို ငါ့ဆီကတော
တယ် စိန်စိန်ရယ်၊ ငါ မပေးနိုင်ဘူး၊ ဒါ ငါ့ညီမတွေအတွ
ငါ့ကို အားကိုးအားထားတဲ့ ညီမလေးတွေအတွက် အချစ်ကိုစ
ပစ်ခဲ့ရတာ၊ ငါ သူ့ကို ရူးလောက်အောင်ချစ်ပေမဲ့ အဲဒီအချစ်ကြေ
ငါ မရူးသေးဘူးဆိုတာ သက်သေပြခဲ့တာပဲ၊ ဒါပေမဲ့ သူလွတ်
တဲ့နေ့အထိ ငါစောင့်မှာပါ၊ သူဟာ ငါ့ချစ်သူ၊ ငါ့ဘဝရဲ့ တ
တည်းသောအဖော်၊ ဒီမူးယစ်မှောက်မှားစေတဲ့ ဆေးအစွမ်းတွေ ပြ
သွားတဲ့အထိ ငါ သူ့ကိုစောင့်မှာပါ"

လို့ မျက်ရည်လည်ရွဲနဲ့ ပြောခဲ့သည်။ တကယ်
ချစ်တတ်တဲ့ နှလုံးသားတွေမှာ အသိအမြင်မကွယ်ခဲ့တဲ့ အ
အတွက် မမရွှေကို လေးစားသည်။ ပို၍အားထားသည်။
ဂရုစိုက်ဖေးမခဲ့ပေမယ့် ကံတရားက ထိုထက်ပို၍ လောက၌ နေ
ခွင့် မမရွှေကို မပေးခဲ့လေသောအခါ…

◆ ◆ ◆



## အခန်း (၂၅)

"ဒါ…ဒါဖြင့် မြားမှာ အဖေဆိုတာရှိသေးတယ်ပေါ့၊
တ်လား စိန်စိန်၊ မေမေက မြားကိုမွေးမွေးပြီးချင်း မီးတွင်းထဲ
းသွားတာပဲပါတယ်လေ၊ ဖေဖေကျတော့ရော မြားမှာအဖေ"

"သေပြီ"

အငွေက ဖျတ်ခနဲဝင်ပြောတော့ မြားက မျက်နက်လေး
ဆောင့်ကပ်ကြည့်ပြီး…

"မဟုတ်တာ အငွေကလည်း"

"ဟုတ်တယ် မြား၊ သူလည်း ဆေးဖြတ်ခဲ့ရတဲ့ဒဏ်ရယ်၊
ထောင်ထဲမှာ အပြစ်အတွက် ပေးတဲ့ဒဏ်ကလည်း မသက်သာတော့
ည်းအမေဆုံးပြီး သိပ်မကြာဘူး ဆုံးသွားတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



အတိတ်ကို ခြေရာပြန်ကောက်စဥ်က ကြေကွဲရိပ်သန်းနေသော စိန်စိန့်မျက်နှာက အခုတော့ အရင်အတိုင်း မပြောင်းမလဲရှိရကာ…

''ဒီအကြောင်းတွေပြောပြတာက ညည်းအဖေ ဘယ်သူဆိုလို့ ပြောပြချင်လို့မဟုတ်ဘူး မြား၊ မမရွှေရဲ့ အဖြစ်ကို နမူနာယူစေချင်လို့''

''အမှန်ဆို တစ်သက်လုံးထုတ်မပြောဘူးလို့ တို့ကတွေးထားခဲ့တာ၊ ဒါဟာ မအေပေါ် အရိုအသေတန်သွားမှာစိုးလို့''

''အရိုအသေမတန်ပါဘူး''

''ဘယ်လို''

ဆုံးမဩဝါဒပေးရန် အသင့်ထိုင်နေသော အငွေ့ကိုယ်လေးဆတ်ခနဲမတ်သွားသလို စိန်စိန်ကလည်း စားပွဲပေါ်လက်ထောက်ရင်း မြားကို စိုက်ကြည့်တာ စူးစူးရဲရဲ။ မြားက တမင်တကာပင် မေးဖျားလေးပင့်ပြီး

''အဟုတ်ပြောတာ၊ ပိုတောင်လေးစားသွားသေး''

''မြား''

ဘာဆက်ပြောမည်ကို သိ၍ စိန်စိန်က ပိတ်အော်ရင်း စားပွဲခုံကို ဖြန်းခနဲရိုက်ချသည်။ မြားက ဇက်ကလေးပုသွားပေမဲ့





ချက်ချင်း မျက်နှာပြန်မော့လာကာ…

''ဟုတ်တယ်လေ…လူ့ဘဝ ရတုံးရခိုက် ဖြစ်ချင်တာဖြစ်ပြီး ချစ်ချင်တဲ့သူကို ချစ်ရမှ လူဖြစ်ရကျိုးနပ်မှာပေါ့''

''မြား…နင့်ပါးစပ်ကိုပိတ်ထားစမ်း၊ ဘာချစ်ချင်တဲ့လူလဲ၊ ဘယ်သူ့မှမချစ်ရဘူး''

''ဟွန့်…စိန်စိန်တို့က မေမေ့ကိုမနိုင်တိုင်း မြားကိုကျမှ''

''ငါ ခေါက်ထည့်လိုက်တော့မယ်''

ခေါင်းပေါ်လက်ကြီးဝဲလာတော့ မြားက အရင်တုန်းကလို ခေါင်းတိမ်းရှောင်ဖယ်တာမျိုးမလုပ်ဘဲ တမင်ပေပြီး တောင့်တောင့်ကြီးနေသည်။ တကယ်မရှောင်တဲ့သူနဲ့ကျတော့ စိန်စိန်က မခေါက်ရက်တော့ဘဲ လက်ကိုပြန်ရုပ်ရင်း…

''ညည်းဘယ်လောက်ပဲ အဆိပ်တက်တက် ဘာတွေပဲစိတ်ကူးယဥ်ယဥ် အဲဒီအကောင် ဒီခြံဝင်းထဲ ခြေချဖို့မပြောနဲ့ အရိပ်တောင်ကျူးလို့မရဘူးမှတ်၊ ငါမနေ့တစ်နေ့ကမှ ဝယ်ထားတဲ့ ခွေးဆွကြ မည်းမည်းမြင်တာနဲ့ ဆွဲမှာပဲ''

တတ်လည်းတတ်နိုင်တဲ့ စိန်စိန်ပါ။ မြားကို အနားမခွာစောင့်ရှောက်ရုံနဲ့ အားမရဘဲ အယ်(လ်)ဇေးရှင်းကြီး နှစ်ကောင်ကိုကြောက်လည်းကြောက် နမြောလည်းနမြောစွာနှင့် ဝယ်ပြီး ခြံထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ညဆိုလွှတ်ထားခဲ့သည်။ ဘာတစ်ခွန်းမှ ချီးသည်ခါးသည် မပြောခဲ့သော အငွေ့က အဟမ်း…အဟွန်းနှင့် လည်ချောင်းတစ်ချက်ရှင်းရှင်း…

"စိန်စိန်"

"ပြော"

"သူတို့လည်း ခွေးမွေးထားတယ်"

"ဘာ"

လှည့်အော်လိုက်တာများ နားထဲအူထွက်သွားရသည်။ အငွေ့က မျက်လွှာပင့်ကာ သူမတို့နှစ်ယောက် ပြောစကားဆီ အာရုံစိုက်နေတဲ့မြားကြောင့် မျက်နှာကြောကို ချက်ချင်းပြန်တင်းပစ်ရင်းက

"ဒါပေမဲ့ ဂရုစိုက်စရာမလိုပါဘူး"

"ဘာဖြစ်လို့လဲ"

အလိုက်ကမ်းဆိုးမသိတဲ့ စိန်စိန်ကတမော့င့်။ အငွေ့မှာ မြားရှေ့မို့ ဟိုဘက်ကအနိုင်တစ်ကွက် ကျောထားတာကို ထုတ်မပြောဖြစ်တာ။ ကြည့်လေ ဒီဘက်ခြံက မြင့်မြင့်ထွားထွား အယ်(လ်)ဖေးရှင်းကြီးတွေ ဝယ်ပစ်တဲ့အခါကျတော့ ဒင်းကလည်း အကောင်အထည်ဖော်တာက အယ်(လ်)ဖေးရှင်းခွေးမလေး နှစ်ကောင်ဝယ်တဲ့အဖြစ်။ ဟိုဘက်ဒီဘက် ခြံဝင်းတွေက အုတ်တံတိုင်းခတ်ထားသည်



ဆိုပေမဲ့ နောက်ဖေးနားကျကျတွေမှာ ခြံစည်းရိုး ယိုယွင်းပျက်စီးနေတာမျိုးလည်းရှိသည်။ ထိုနေရာကနေ ခွေးမလေးနှစ်ကောင်ကတိုးဝှေ့ဝင်လာပုံရ၏။ သိန်းလေးဆယ်ကျော်ပေးပြီး မွေးထားရတဲ့အထီးနှစ်ကောင်ဟာ အမလည်းတွေ့ရော ဟောင်သံမပေးဘဲ အမြီးတနန့်နန့်နှင့် ပြေးလွှားဆော့ကစားနေသေး။ ဒါကိုမြင်၍ မီးဖိုဆောင်ထဲမှ အငွေ့က ကတိုက်ကရိုက်ဆင်းချသွားပြီး…

"ဟဲ့…ဒါ ဘယ်ကခွေးတွေလဲ၊ ချစ်တော့ချစ်စရာလေးမျိုးနွယ်ချင်းအတူတူပဲမဟုတ်လား"

လို့ ခွေးထိန်းရင်း ခွေးကျောင်းရန်ခေါ်ထားသော ကောင်လေးကို သွားမေးမိသည်။

"တူလည်း ပေးစားဖို့အစီအစဉ်မရှိဘူး"

ဒီအဖြေက တစ်ဖက်အုတ်တံတိုင်းပေါ်က ထွက်လာတာ။ အိမ်နေရင်းတီရှပ်ပွပွ၊ ဘောင်းဘီပွပွနှင့် ကွင်းထိုးဖိနပ်စီးထားသူဟာ အငွေ့တို့ရဲ့မေတ္တာတုံးကောင်။ အငွေ့က တွေ့တွေ့ချင်းပင် ဆတ်ခနဲခါးနှစ်ဖက်ပေါ် လက်ထောက်ရင်း…

"နင်…ဒါ ဘာတက်လုပ်နေတာလဲ"

ကိုယ့်အသံကမာသည်။ သင်းကလည်း အသံတူပင်။

"ကျူပ်ခွေးတွေကို ကြည့်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



“ဩော်…ဒါ နှင့်ခွေး၊ ဟဲ့ ကောင်လေး အခုမောင်းထုတ်

စမ်း၊ ဟဲ့…သွား…သွား…ရှူး…ရှူး”

ပြောရုံနှင့် အားမရဘဲ မောင်းထုတ်တော့ ခွေးမတွေ တစ်ဖက်ခြံစည်းရိုးအောက်မှ တိုးဝင်သွားကြသည်။ ဒါကို ကိုယ်မွေးထားတဲ့ခွေးကြီးတွေဟာ သူတို့ကိုယ်ကြီးတွေနဲ့လည် အပေါက်ကသေးတော့ မတိုးနိုင်၊ ခွေးတိုးပေါက်ကျဉ်းကျဉ်းလေး တအီအီအသံပြု၍ တစ်ဖက်ခြံကူးရန် ကြိုးစားနေသေး၏။ မေ တုံးကောင်လေးကတော့ ဒီမြင်ကွင်းကိုကြည့်လိုက်၊ ကျိတ်မနိုင်ခဲ ဒေါသတွေနှင့် လုံးထွေးနေရသော အငွေ့အား ကြည့်လိုက် မုန်းစရာကောင်းလောက်အောင် တအစ်အစ်ရယ်ရင်း…

“ငါ့သမီးတွေက အပျိုကြီးလုပ်မှာကွ၊ ရတာလည်းမ ချင် လိုချင်တာလည်းမရတဲ့အခါ လူကြားကောင်းအောင် အပူမ ချင်ပါဘူးလို့ ပြောတဲ့ အပျိုကြီးတွေလိုမျိုးပေါ့”

တဲ့လေ။ ယောကျ်ားတန်မဲ့ စောင်းချိတ်မဲ့ရွဲ့ပြီးပြောသွာ အား စိန်စိန်ကို အစအဆုံးပြန်ပြောပြလျှင် သွေးတက်သွားနိုင်လော ၏။ ထို့ကြောင့် စိန်စိန်မေးတာကိုမဖြေဘဲ…

“ဘာမှမဟုတ်ပါဘူး”

လို့ လိုးလွဲပြီးပြောတော့ စိန်စိန်က မျက်စောင်းကြီး ဒိုင်း





ထိုးပြီး…

“ဘာမှမဟုတ်တာများ စကားလုပ်ပြောနေရသေးတယ်”

တဲ့လေ။ မြားကတော့ ဟန်ပုံမရသော အဒေါ်နှစ်ယောက် အား ငေးခနဲကြည့်ရင်း ထိုင်နေရာမှ ဖျတ်ခနဲထရပ်ကာ…

“ဒီလိုပါပဲ…အချစ်စစ်ဆိုတာ ဖြောင့်ဖြူးခြင်းမရှိတဲ့ အခက်အခဲတွေကြားက မပြယ်တဲ့မေတ္တာကမှ တကယ်အချစ်စစ် ဆိုတော့လည်း”

ကိုယ့်ဟာကိုယ်ပဲ ရေရွတ်သလိုနဲ့ပြောပြီး ထသွားတဲ့ကျော ငြိမ်အား အငွေ့နဲ့စိန်စိန်က မျက်စိတစ်ဆုံးလိုက်ကြည့်ရင်း ဩော် တွေ့ပါပဲ ဒုက္ခကိုယ်တွေ တားဆီးနေတာက သူတို့အချစ်စစ်မစစ် တော်ကျော့ကတ်တင်ပေးနေတဲ့အတိုင်း။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၆)

"မမကြီး"

"အေး…ပြော"

ဂျာနယ်ကအကြည့်မလွှဲဘဲ အလုံးခေါ်တာကို ထူးပြီး…
နဂိုက အလုပ်နဲ့အိမ်ပဲ ပြေးလွှားနေခဲ့တာမို့ ခေတ်ကြီးနှင့် အ…
အသွယ်ပြတ်၍ ကိုယ့်တူမ ကွက်ကျော်ရိုက်မည့်အဖြစ်မှ ဒီဂျာ…
တွေက ကယ်တင်ပေးခဲ့တာ။ ထို့ကြောင့် ကယ်တင်ရှင်တွေအ…
ရော ခေတ်လူပ်ရှားမှုအတွက်ပါ မျက်ခြေမပြတ်အောင် ဂျာန…
မိုးလင်းတာနှင့် ကော်ဖီဝိုင်းမှာ ဖတ်တတ်တဲ့အကျင့်ကို လုပ်…
သည်။

"ဟော…အလုံး၊ ညှော်သည်တွေခေါ်လာတာလား။ …





…ယ်သူတွေလဲလို့ မဥ္ဇူတို့ပါလားဟော့"

ကိုယ်ကမော့မကြည့်ဘဲ မီးဖိုခန်းထဲက ထွက်လာသည့်
…အသံစာစာကြောင့် စိန်စိန်က ထမင်းစားခန်းအဝဆီ လှမ်းကြည့်
… တွေ့လိုက်ရတာက အလုံးနောက်ပါး၌ ခပ်ပြုံးပြုံးနှင့် ရပ်နေကြ
… ကောင်မလေးတွေက လေးငါးခြောက်ယောက်ရှိမည်။ စိန်စိန်
…မိလွယ်သော မျက်နှာတွေက မဥ္ဇူနှင့်သီသီသာ။

"အယ်…အန်တီစိန်က သီသီတို့ကို စိုက်ကြည့်နေတာ
… မမှတ်မိဘူးနဲ့တူတယ်"

"တွေ့လား…ငါပြောသားပဲ၊ အဆီချလိုက်တဲ့အကျိုး
…ကြောင့် နင့်ကို မြားမြင်ရင်တောင် မှတ်မိတော့မှာမဟုတ်ဘူးလို့"

"ဟီ…ဟီ အသားကမည်းပြီး ပိန်သွားတော့ ငါးကျည်း
…ခြောက်ကျပ်ကင်နဲ့တူသွားလို့"

"ဟယ်…ကောင်မစုတ်တွေနော်၊ ဒါ နင်တို့ညွှန်းတဲ့ SPA
…သွားပြီး အဆီချတာလေ၊ မလှဘူးလားဟဲ့"

သီသီက ခြေဆောင့်ပြီးအော်တော့…

"လှတယ်၊ လှတယ်၊ ဟဲ့ လှတယ်ပြောပေးလိုက်၊
…ကြာ သူမလှရင် ငါတို့အပြစ်ကျနေမယ်"

"ဟန်ဆောင်ပြီးမပြောနဲ့နော်၊ နင်တို့"

"တကယ်ပါ လှအိုးမဲ့ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့"

ရယ်သံတွေ ဟိုးဟိုးဟီဟီ ထွက်သွားပြန်သည်။ အောင်မာ ခေါ်လာတဲ့အလုံးကတောင် ရောယောင်ပြီး ရယ်နေ... စိန်စိန်နဲ့ အငွေက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်သည်။ အငွေက သူမရှေ့ခွက်ထဲသို့ ကော်ဖီငှဲ့ထည့်ရင်း...

"သူတို့ဘာမှမသိဘူးနဲ့တူတယ်"

"ဖြစ်နိုင်ပါ့မလား၊ ဒီလောက်ပေါင်းခဲ့တဲ့လူတွေ... ပြီးတော့ အုံနဲ့ကျင်းနဲ့ရောက်လာတာလေ"

"ဒါပေမဲ့ မြားပြဿနာပေါ်တာက ကျောင်းပိတ်မှမဟုတ်... လား"

သတိပေးပြောသော အငွေ့ကြောင့် စိန်စိန် နည်းနည်းတော... တွေသွားသည်။ ဟုတ်သားပဲ။ မြားကို ဒီပြဿနာပေါ်ပြီးကတည်... က ဖုန်းပြောခွင့်တွေရော၊ အပြင်ထွက်ခွင့်ပါ ပိတ်ပင်ထားခဲ့တာ... ဒါပေမယ့် ဘာပဲဖြစ်ဖြစ်စောင့်ကြည့်ရမည်။ သတိထားရမည်။ စိန်စိ... ရဲ့ အတွေးကို အငွေကလည်း ရိပ်မိပုံပေါ်သည်။ ညီအစ်မနှစ်ယောက်... အကြည့်ထဲက စကားတွေဖလှယ်ပြီးမှ ဒီဘက်ပြန်လှည့်တဲ့အခ... ဟိုအုပ်စုမှာ တဟီးဟီးတဟားဟားပွဲကျဆဲ။

"ဒါနဲ့...မဉ္ဇူတို့ကဘာကိစ္စ"

အသံမြှင့်၍ စိန်စိန်လှမ်းမေးမှ ရယ်သံတွေရပ်သည်။





...ဆောင် တီခနဲရပ်သွားတာမျိုးမဟုတ်သေးဘဲ ရယ်သံလက်စ... ...ကြ ဟိုမှဒီ တစ်စွန်းတစ်စထွက်နေပြီးမှ

"အဟင်း...အန်တီစိန်ကလည်း မနေ့ကအောင်စာရင်း... ...ထွက်တယ်လေ"

"ဩော်...မြား...အောင်တယ်မဟုတ်လား"

တည်ငြိမ်စွာ အငွေကဝင်မေးတော့ သီသီက

"ဟုတ်...အဲဒါ...မြားကိုညှင်းမလို့လာတာ"

"ဘယ်လိုညှင်းမှာလဲ၊ မြားကိုအပြင်ခေါ်ဖို့တော့ မဖြစ်... ...ဘူးနော်"

"သိပါတယ်...အန်တီငွေရဲ့ အန်တီငွေတူမကလေ နေ... ...ရောင်ဆိုသိပ်ကြောက်တာ၊ ဒီလိုနေပူကြီးထဲ အပြင်ထွက်ဖို့ခေါ်ကြည့်... ...ဖွန်း...အော်ပြပါလိမ့်မယ် အသံတွေပြာအောင်၊ သူက အသားမဲမှာ... သိပ်ကြောက်တာလေ"

"ဒါဆို...နှင်အသားမဲတာ နေရောင်တွေ တအားခံလို့... ...ပေါ့"

"မိနီနော်...လူကိုမစနဲ့၊ မြားဆီက ငါ မငှားပေးဘဲ... ...နေလိုက်မှာ"

အပြင်ခေါ်မသွားဘူးဆို၍ သက်ပြင်းချမယ်ရှိသေး သီသီ... ...ရဲ့အငှားအရမ်းကိစ္စကြောင့် ညီအစ်မနှစ်ယောက် ခေါင်းတွေ...



www.burmeseclassic.com

www.burmeseclassic.com



ထွက်ပြီး မျက်မှောင်တွေကျုံ့ကုန်ရ၏။ ခေတ်လူငယ်ဆိုတာက ကြီးတွေကို ကွက်ကျော်ဝိုက်ရန် အမြဲစဉ်းစားနေတတ်တာမျိုး ကိုယ့်ဘက်က သတိထားနိုင်မှ တော်ကာကျမည်လေ။ သီသီက ထောင်တော့မှ မိနီဆိုသူက တဟဲဟဲနှင့်သွားဖြဲပြရင်း…

"အေးပါဟဲ့…မပြောတော့ပါဘူး"

"မိနီတို့အမြင်မှန်ရသွားပြီ"

"ဟီဟိ…မဲမဲလေးလည်းကောင်းပါတယ်လို့"

ချီးမွမ်းမဆုံးခင် မိနီက တစ်ခါထဖောက်တာမို့ ရယ်သံ အုန်းခနဲထွက်သည့်ကြားမှ အငွေတို့တောင်ပြုံးစိစိ။

"သီသီတို့ မြားဆီက ဗီဒီယိုကင်မရာလေးငှားမလို့ အန် စိန်ရဲ့"

"ဩော်"

ဘဝင်ကျသွားသည့် ဩော်လုံးက သက်သက်သာသာ

"သီသီတို့အုပ်စု…စာမေးပွဲအောင်တဲ့အထိမ်းအမှတ်နဲ့ ချောင်းသာသွားမလို့လေ၊ အဲ့ဒါ…မှတ်တမ်းတင်ထားချင်လို့၊ ကဲ မြားဆီသွားတော့မယ်နော်"

ခေါင်းမညိတ် ခွင့်မပြုရသေးခင် တအုန်းအုန်း တဒိုင်းဒိုင်း နဲ့တက်သွားပုံက ကစားကွင်းရောက်နေတဲ့အတိုင်း။ အားလုံးပျောက် ကွယ်သွားတဲ့အထိ စိန်စိန်နဲ့အငွေက လည်ပင်းရှည်ကြည့်ပြီးမှ နှစ်





ဘက်သား ခေါင်းချင်းပြန်ဆိုင်တော့လည်း အတူတူ။

"ဘယ့်နှယ်လုပ်ကြမလဲ…စိန်စိန် သူတို့ပုံစံကတော့ တို့ရှိန်နေတာမျိုး၊ ရွံ့နေတာမျိုးလည်းမရှိဘူး၊ ပုံမှန်ပဲ၊ အခါတိုင်းဆို ည်း ဒီအိမ်က သူတို့ရဲ့ စားအိမ်သောက်အိမ်လေ"

စိန်စိန်က လက်ဖဝါးထဲ မေးဖျားထည့်ရင်းက…

"ငါလည်းစဉ်းစားနေတာ အဲဒါပဲ၊ ဒါပေမဲ့ ဘာမှမဖြစ် ဘက်ဘူးဆိုပြီး မျက်နှာလွှဲထားလို့မဖြစ်ဘူး၊ ဒီတော့"

ထမင်းစားခန်းအဝ၌ ယခုတိုင်ရပ်နေဆဲဖြစ်သော အလုံး စိန်စိန် အကြည့်ရောက်သွားပြီး…

"အလုံး"

"ရှင်…မကြီး"

"ရှင်ထားခဲ့…လူလာခဲ့၊ ဒီကို"

"ဟုတ်…မမကြီး"

ခန္ဓာကိုယ်ဝဝကြီးနှင့်မလိုက်အောင် အလုံးကလှစ်ခနဲ နားရောက်လာ၏။ စိန်စိန်က တစ်ခုမှာလိုက် အလုံးက ခေါင်း ညိတ်လိုက်၊ အငွေကဖြည့်စွက်ပြောလိုက် အလုံးကဟုတ်ကဲ့ လုပ် ရင်းက…

သမီးတစ်ကောင်…နွားတစ်ထောင်တဲ့။ ဆိုရိုးထဲ တစ်ထောင်မို့ပေလို့…။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၂၇)

"နင်ကလည်း အရစ်ရှည်နေတာပါ စိန်စိန်ရဲ့၊ သူ့တာဝန် ကျေသွားပဲဥစ္စာ၊ ပေးစရာရှိပေးလိုက်ပေါ့"

"ဟဲ့…အငွေ နင်နဲ့တော့ ငါရင်လေးတယ်သိလား"

"အမယ်"

အငွေကထအော်ရင်း မျက်စောင်းရွယ်သည်။

"ဟုတ်တယ်၊ နင်တို့က ငွေရဲ့တန်ဖိုးမသိတဲ့ဟာတွေ"

"ဩော်…ငါက ငွေတန်ဖိုးမသိလို့ ပြောတာမဟုတ်ဘူးလေ၊ သူ့တာဝန်သူကျေသွားပဲ၊ ဒီတစ်ပတ်အတွင်း ခွေးတွေကို ငါတို့နဲ့ ယဉ်ပါးအောင် လုပ်ပေးခိုင်းတယ်၊ ခွေးနှစ်ကောင်ရဲ့အမှိုင်း အကဲကိုသိအောင် ပြောပြသွားခိုင်းတယ်လေ၊ တော်ပြီပေါ့၊ ဒီလောက်





ဘာဝန်ကျေရင်"

"အမယ်လေး…အဲဒါ ဘာမှပင်ပန်းတာမဟုတ်ဘူး၊ ဒီမှာ"

ပြောရင်း အားမရတော့ပုံဖြင့် စိန်စိန်ကခြေချိတ်ထိုင်သည်။ ပြီးမှခါးကိုင်းကာ ရှေ့သို့တိုးရင်း

"အယ်(လ်)ဖေးရှင်းဆိုတာ အစောကြီးကတည်းက သိ လွယ်တတ်လွယ်တဲ့အမျိုးအစား၊ တစ်ခါသင်ရင်တစ်ခါမှတ်မိတာ၊ ဒီခွေးကျောင်းရတဲ့ကောင် ဘာမှမပင်ပန်းဘူး၊ မှတ်ထား၊ ကိုယ့်အိတ်ထဲက ငွေမထုတ်ရသေးခင်မှာ သူတို့ကို ပြောချင်တာဖြစ်ချင်တာတွေ ပိုစ်ပေးလို့ အကောင်းဆုံးပဲ"

"နင်ဟာကလည်းဟယ်… ငွေပြပြီးအမိန့်ပေးသလိုမျိုး၊ အေးလေ ဘာပဲဖြစ်ဖြစ် သူတို့လည်းလိုချင်တာရမယ်၊ ငါလည်း စိတ်ချမ်းသာရမယ်၊ ဒါနှစ်ဦးနှစ်ဖက်အတွက် အဆင်ပြေတာပဲကို"

အငွေက အတွေ့ရောင်တောက်နေသည့် အစ်မဖြစ်သူအား မဲ့ရွဲ့ပြီးကြည့်သည်။ ကိုယ်လည်း အသည်းမာတတ်အောင် ကျင့်ထားပေမဲ့ စိန်စိန်လောက် မတင်းဖြတ်နိုင်တာ ကိုယ့်ကိုကိုယ်အသိဆုံး။ လုပ်ခလေးတစ်ခါရှင်းပေးဖို့အရေး ခွေးထိန်းကောင်လေးအား ဆုံးမ သြဝါဒတွေ တသီကြီးခြွေတဲ့အထဲ ခွေးအိမ်ဆောက်ဖို့တောင် ဖိအား



www.burmeseclassic.com

www.burmeseclassic.com



ခေါ်လိုက်သေး။ စိန်စိန်တို့များ ငွေနည်းနည်းပေးပြီး အလုပ်များများခိုင်းဖို့ဆို သိပ်တွေးတတ်သည်လို့ စိတ်ထဲက ချီးမွမ်းနေတုန်း စိန်စိန်ကဖြင့် ခါးဆန့်ကာကိုယ်ကိုမတ်ပြီး

''မိုက်တောင်ဆာပြီဟော့၊ တစ်နာရီတောင်ထိုးပြီကိုး၊ ဟဲ့ မချူတို့ပြန်သွားတုန်းက နင်သေချာကြည့်လိုက်ရဲ့လား၊ ငါက ကောင်လေးနဲ့စကားပြောနေတုန်းမို့လို့''

''ဘာကိုကြည့်ရမှာလဲ''

''ဟဲ့…မြားပါ မပါပေါ့''

''အောင်မလေးဟယ်၊ ငါအဲဒီလောက်မနုံဘူး၊ သူတို့လာတုန်းကငါးယောက်၊ ပြန်သွားတော့လည်းငါးယောက်ပဲ တဟီးဟီးတဟားဟားနဲ့၊ သီသီကတောင် ငါ့ကိုမေးသွားသေးတယ်၊ နင့်မမေးရဲလို့တဲ့၊ မြားဘာဖြစ်နေလဲတဲ့''

''နင်ကဘာပြောလိုက်လဲ''

''ငါက…မြားမပြောပြဘူးလို့ ပြန်မေးတာပေါ့''

''အေး…အဲ့ဒါကောင်းတယ်၊ သူတို့ကိုမေးခွန်းများများသာထုတ်၊ အဲဒီတော့ သူတို့က ဘာပြောလဲ''

''မြားက ဘာမှမပြောဘူးတဲ့၊ စိတ်အရမ်းညစ်နေတယ်၊ ငါ အတွေးအခေါ်တွေနဲ့ အဆင်မပြေဘူးဆိုတာပဲပြောတာတဲ့၊ အဲဒါ





သူတို့ နင့်ကိုကြောက်လို့မမေးရဲပဲ…တော်သေးတယ်၊ နင် အဲဒီကောင်လေးနဲ့စကားပြောနေလို့ ငါ့ကိုကပ်မေးသွားတာဟဲ့၊ သိလား''

''အေး…ကောင်းတယ်''

စားပွဲပေါ်က စပျစ်သီးလေးတစ်လုံးကို ခြွေပြီး စိန်စိန်က ပါးစပ်ထဲထည့်သည်။ ခပ်မြုံ့မြုံ့စားရင်း အစေ့တွေကိုပြန်ထွေးထုတ်ကာ…

''မြားကြည့်ရတာ ဟိုအကောင်နဲ့ ဖာတ်လမ်းဖြစ်နေတာကို ဖွင့်ပြီးမပြောဘူး၊ အကူအညီလည်း သူငယ်ချင်းတွေကို မတောင်းဘူး ဆိုကတည်းက မြား စိတ်မထက်သန်တော့တာကိုပြနေတာမျိုး''

''ဒါဖြင့်…မြားက''

''ဟိုတစ်ယောက်ကို လက်လျှော့ထားလိုက်ပြီနဲ့တူတယ်၊ သူ့အပိတ်ခံထားရတာတောင် ဟိုအကောင်ဘက်က ဘာမှမလှုပ်ရှားတာ ကြည့်ပါလား၊ အစားမပျက်၊ အသွားမပျက်ပဲ''

''အေးနော်…ဒါဆိုဒီအချိန်မှာ မြားကို ပါးပါးနပ်နပ် ငါတို့ကိုင်တွယ်ဖို့အရေးကြီးတာပေါ့''

''ရိုက်(ထ်)''

လက်ဖျောက်တစ်ချက်တီးရင်း စိန်စိန်ကထောက်ခံသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါမြားကို ထမင်းစားဖို့သွားခေါ်မယ်"

"အေး···အေး···ငါတောင်အခုမှ ထမင်းပိုဆာလာသလိုပဲ"

"ရင်ပူတာတွေလျှော့သွားလို့"

အငွေကပြောပြီး ထိုင်ရာမှထသည်။ ညီအစ်မနှစ်ယောက်လှေခါးထိပ်မှာတင် လမ်းခွဲလျက်၊ စိန်စိန်က အပေါ်ထပ် မြားအိပ်ခန်းဆီတက်သည်။ အခါတိုင်း ဒီကျွန်းလှေခါး ဝေ့ဝေ့ဝိုက်ဝိုက်ကြီးတက်ရတာ မောသလိုရှိပေမဲ့ အခုများ စိတ်ဆောင်နေ၍လားမသိ၊ အခါတိုင်းလောက်မမောတော့သလို မြားရဲ့ အခန်းဝရောက်တာနဲ့ တံခါးလက်ကိုင်ဘုကို လှည့်ဖွင့်သည်။ မြားကို အခန်းတံခါးသော့မခတ်ဘဲ ပြတင်းပေါက်သံပန်းတွေကိုသာ သော့ခတ်ထားတာမို့ ဒီအခန်းကထွက်လည်း အပြင်သို့ရောက်ရန် အောက်ထပ်သို့ဆင်းမှသာ မှာ မြားသိသည်ဆိုသောကြောင့် သော့မခတ်ဘဲထားလည်း လုံခြုံ၏။

"ခေါက်···ခေါက်···ခေါက်"

တံခါးရွက်ကိုခေါက်ရင်း ခေါ်ကာ စိန်စိန်က အိပ်ခန်းထဲရောက်သွားပြီ။ မြားက ခုတင်ပေါ်မှာ စောင်ကြီးခေါင်းမြီးခြုံလျက်

"မြား···အိပ်မနေနဲ့တော့နော်လေ၊ ထ ထမင်းစားမယ်၊ အငွေ





ထမင်းပွဲပြင်နေပြီမြားရဲ့ ထ ထ"

ဟု ပါးစပ်ကလည်းပြော မွေ့ယာအစပ်၌ တင်ပါးလွှဲဝင်ထိုင်ရင်း မြားခြုံထားသော စောင်ကြီးကို ဆွဲခွာမိချိန်မှာတော့

"ဟင်···"

ထိတ်လန့်တကြား ဖြစ်သွားရသည်။ ထို့နောက်မြင်ရသောမြင်ကွင်းအား အံ့သြတကြီးစိုက်ကြည့်ရင်း စိန်စိန်က ခုတင်နှင့်ဝေးရာသို့ပြေးကာ···

"အား···"

သံကုန်ခြစ်အော်တဲ့အသံကြောင့် ရတနာ့စံအိမ်တစ်ခုလုံးလှုပ်လှုပ်ရှားရှား နိုးနိုးကြားကြားဖြစ်လျက်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၈)

"အရမ်းရယ်ရတယ် သိလားကို၊ ကို့သူငယ်ချင်း ကို

အဲ မိနီ မိနီပေါ့"

ပြောနေရင်းမေးဖျားနားကပ်ကာ လက်ဝါးနှစ်ဖက်

ပူး၍နေပုံက ပီဘိကလေးငယ်လို။ ဆိုးတာက ကလေးအကွက်

သုံးပြီး သူ့အားအချိန်ဆွဲနေခြင်းကို စံနစ်ရိပ်မိခြင်းပင်။ စံနစ်

ဆိုဖာပေါ်ခပ်လျောလျောထိုင်ပြီး နာရီလှမ်းကြည့်ကာ ညဆယ်

နာရီခွဲတော့မည်။ ဒီအစီအစဉ်အောင်မြင်အောင် စိတ်ပင်ပန်း။

ပန်းခံ၍ ကြိုးစားခဲ့ရခြင်းကြောင့် မြား သူ့ရင်ခွင်ထဲရောက်

တွင် စိတ်ချလက်ချအနားယူချင်ပြီ။ ခက်တာကမြားပင် အိပ်

ပြောနှင့်။ အိပ်ခန်းကိုကျောပေးလျှက်ထိုင်ကာ သူမရဲ့စွန့်စား





အကျယ်ချဲ့နေခြင်းက စံနစ်ရင်ခွင်ကိုရှောင်သည့် နည်းလမ်းတစ်ခု

သလား။

"မဠူတို့ အခန်းထဲ ရုတ်တရက်ကြီးဝင်လာတော့ မြား

တကယ်အံ့သြသွားတာ သိလား၊ ရောက်ရောက်ချင်း သီသီက

မြားလက်ထဲ စာထည့်ပေးလိုက်တော့ မြားမှာဘာမှမမေးရဘဲ

သဘောပေါက်သွားတာ"

"စာထဲမှာကိုယ်ရေးပေးတာလေ၊ မိနီနဲ့လူချင်းချိန်းလို့"

ပြောအားရှိအောင်လည်း စကားဝင်ထောက်ပေးရသေး

သည်။ သူမလေးက ဝမ်းသာအားရခေါင်းညိတ်ရင်း…

"အင်းလေ၊ ဒါပေမဲ့မြားက သဘောမပေါက်သေးဘူး၊

အဲဒီမှာ အလုံးကဝင်လာပြီး ဘာစားမလဲ ဘာလဲညာလဲနဲ့ ချက်ကင်

ထုပ်တာသိလား"

နေ့လယ်ခင်းက မြား တကယ့်ကို အူကြောင်ကြောင်ဖြစ်

တာအမှန်။ မဠူတို့ကိုတွေ့တာနှင့် ကို့လက်ရေးစာပါဖတ်ရတော့

ကိုနဲ့နီးဖို့ဆိုတာရိပ်မိပေမဲ့ အစီအစဉ်ဟာ ဖြူသလား မည်းသလား

သိရတဲ့ဘဝ။ သီသီကတော့ အိုက်တင်ကောင်းသည်။ အလုံးဝင်

လာတာနဲ့…

"ငါက လက်ဖက်သုပ်"

ဆိုပြီး အရင်ထအော်တော့ နောက်လူတွေကလည်း



www.burmeseclassic.com

www.burmeseclassic.com



တက်ညီလက်ညီ။

"ဟော့…ငါကကော်ဖီ"

"တို့ကို အောရိမ်(ချ်)ဂျူ(စ်)တစ်ခွက်"

"လုံးရေ…များက ကိတ်နဲ့ကော်ဖီ"

"ငါကတော့ ဗိုက်ဆာနေတာ၊ အလုံး ထမင်းကျွေ

လားဟင်"

မဥ္ဇူကမေးတော တစ်ယောက်တစ်မျိုးစီမှာတဲ့အစားအ

တွေကို မမှားအောင်မှတ်ရသည့် အလုံးမှာ ယောင်ကန်းကန်း

ခေါင်းညိတ်သည်။ ဒီတော့မှ မဥ္ဇူက

"အဲဒါဆိုရင် ထမင်းနဲ့ဟင်းပေး၊ ဘာဟင်းဖြစ်ဖြစ်

စားလို့ရရင်ပြီးတာပဲ၊ ဟဲ့မြား နင်ကရော"

တမင်မေးခြင်းမှန်း ဒီလောက်တော့ မြား သဘော

သည်။ တမင်မကူတာတွေမှာပြီး အလုံး ဒီအခန်းထဲတော်တော်

မရောက်အောင် အချိန်ဆွဲခြင်း။ မြားက ဆတ်ခနဲခေါင်းညိတ်

"ပေါင်မုန့်ကြက်ဥကြော်"

လို့ မှာတာနဲ့ အလုံးက အခန်းပြင်ပြေးထွက်သည်

တောင် သီသီက အတွန့်တက်ကာ

"အလုံးရေ…မြန်မြန်လေး"

လို့လှမ်းအော်သေး။ ပြီးမှ ဒီဘက်ပြန်လှည့်ကာ ကို





ရင်း…

"တမင်ကျုပ်ပေးတာ၊ မမြန်မှန်းသိလို့၊ ဒါမှ ငါတို့အစီ

အစဉ် အကောင်အထည်ဖော်လို့ရမှာ၊ ဟဲ့…မိတ်ဆက်ပေးရဦးမယ်၊

ဒါက ကိုရဲဦးတဲ့၊ ကိုစံနစ်ရဲ့ဘော်ဒါ"

ဒီတော့မှ မိန်းကလေးရှူးလောက်အောင်ပြင်ထားတဲ့ ကိုရဲဦး

က ဆံပင်တုကြီးကို ငယ်ထိပ်က ဆွဲမပြပြီး…

"စံနစ်ကျေးဇူးကြောင့် ကျွန်တော်တာဝပြောင်းလာတာပါ"

"လူချင်းလဲရမယ်ဆိုတော့…ဟို ကိုရဲနီက ဒီမှာနေခဲ့ရမှာ

ပေါ့"

"အေးပေါ့ဟဲ့၊ နင် ကိုစံနစ်နဲ့ လုံခြုံတဲ့တစ်နေရာ ရောက်တဲ့

အထိ နင့်နေရာမှာ လူတစ်ယောက်ရှိနေမှ ဖြစ်မှာ"

မဥ္ဇူက တိုးတိုးကပ်ရှင်းပြသည်။ မြားကတော့ စိုးရိမ်

တောင်းဖြစ်ကာ

"ဖြစ်ပါ့မလားဟင်၊ ကိုရဲနီကို မြားတို့နဲ့အကြံတူဆိုပြီး

မင်းသိန့်တို့ကလုပ်မှ အမှုပတ်နေပါဦးမယ်"

"ဟင့်အင်း…ကျွန်တော့်အတွက် မစိုးရိမ်ပါနဲ့၊ တကယ်

တမ်းပေါ်သွားရင် အမှုပတ်မှာက"

"ငါတို့ဟဲ့"

သီသီကဝင်ပြောပြီး သူမစလင်းဘက်အိတ်ထဲက ပလင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ပုလင်း ထုတ်ပြသည်။

''အဲဒါက''

လက်ညှိုးထိုးပြီး မြားကမေးတော့…

''မေ့ဆေးရည်၊ ကိုရဲ့နို့ကို မေ့အောင်လုပ်ပြီးထားခဲ့ ငါတို့လက်ချက်မှန်း အန်တီစိန်တို့သိတဲ့အချိန်မှာ ငါတို့က ချောင် ရောက်နေပြီ၊ ဟိုမှာနှစ်ပတ်စာနေဖို့ကို စံနှစ်က အပြည့်အစုံ စပွ ပေးထားတာ''

အလုံးစုံခင်းကျင်းပြသော အစီအစဉ်တွေကြောင့် မြ ဆက်လုပ်ရမလဲဆိုတာ တခဏချင်းသိသွားခဲ့သည်။ အစီ စတာက အလုံး အစားအသောက်တွေလာပို့ပြီး ပြန်ထွက်သွား ကိုရဲဦးထံမှ အဝတ်အစားတွေရော၊ ဆံပင်တုကြီးက မြားထံ သည်။ လာစဉ်တုံးကလို ကိုရဲဦးဆိုးထားသည့် နှုတ်ခမ်းနီရဲ ဆိုးပြီးချိန်မှာ မြားသည် ပဏ္ဍမြားမဟုတ်သော မိနီဖြစ်သွ ကိုရဲဦးကတော့ ကိုယ်တုံးလုံးကြီးမှာ အတွင်းခံဘောင်းဘီတို နှင့်သာ ကျန်ခဲ့လျက် မွေ့ယာပေါ် စောင်ကြီးဆွဲခြုံထားပြီး

''ကဲ…ငါ့ကိုအုပ်တော့လေ၊ မေ့ဆေးနဲ့''

ဆိုတော့ ဘယ်သူမှလက်မရဲ။

''အဟီး…သတိရနေတဲ့သူကို မေ့ဆေးနဲ့အုပ်ရမှာ ကြီးပဲ''





''ကိုရဲဦး…ဟို အသက်အန္တရာယ်တော့ မရှိလောက်ပါ ဘူးနော်''

ချီတုံချတုံဖြစ်နေသော သူမတို့အုပ်စုအား ကိုရဲဦးကစိတ် ပိုင်းမကျတော့ဘဲ

''အချိန်မရှိတော့ဘူး၊ စံနှစ်တို့စောင့်နေလောက်ပြီ၊ ပေး ပါဟာငါပဲ အုပ်တော့မယ်၊ သြော် ဒီစားထားပြီးသား ပန်းကန်တွေ ကို တစ်ခါတည်းရှင်းသွား၊ တော်ကြာ ငါသတိမေ့နေတုံး ဟိုမလုံး မြားကြီး ဝင်လာမှဖြင့်''

တဲ့လေ။ သတိမေ့နေတဲ့လူက ကြောက်ရသေးသည်။ ပြီးနောက် မေ့ဆေးဆွတ်ထားသော လက်ကိုင်ပဝါအား သူဟာသူ အုပ်ချပြီး ခဏအတွင်းမှာ မျက်ဖြူလန်ကာ သတိလစ်သွား၏။ မြားတို့က ကိုရဲဦးအား ခေါင်းနားအထိ စောင့်ဆွဲခြုံပေးရင်း ပန်းကန် တွေသိမ်းဆည်းပြီး အောက်ဆင်းလာတော့ စိန်စိန်က ခွေးကျောင်း ဘောင်လေးအား လက်ချာရိုက်နေလေသည်။

''အစ်မတို့နှစ်ယောက် မြားကိုခေါ်သွားတော့၊ သီသီနဲ့ မှုက ဒါတွေသွားထားရင်း အန်တီငွေကို အာရုံသွားလွှဲမယ်''

ပြောပြီး နောက်ချန်နေခဲ့သည်။ သူမကတော့ ရင်တထိတ် ထိတ်နှင့် ညည်းခန်းကိုဖြတ်ကျော်ခဲ့ပေမဲ့ အရာအားလုံး ချောချောမွေ့မွေ့ ပင်။ ရတနာစံအိမ်က ထွက်ခဲ့တော့လည်း အဆင်ပြေပြေ၊ လမ်းထိပ်



www.burmeseclassic.com

www.burmeseclassic.com



ရောက်ပြီး ကို စောင့်နေသောကားပေါ် တက်တော့လည်း အခ အခဲမရှိဘဲ ခဲယဉ်းနေတာက ဒီကွန်ဒိုထဲရောက်မှ ကိုနဲ့ သူ နှစ်ယောက်ထဲဆိုတဲ့ အသိကြောင့်···

"ဝါး···"

အားပါးတရ သမ်းဝေလိုက်သော ကိုကြောင့် မြား ဆတ်ခနဲဖြစ်သွားပြီး

"ကို အိပ်ချင်နေပြီလား"

"အင်း···ဆယ်နှစ်နာရီထိုးပြီလေ၊ မနက်အစောကြီးထ ဦးမှာ၊ တရားသူကြီးမလာခင် ကိုယ်တို့ ရယ်ဒီဖြစ်နေဖို့ အရေးကြီး တယ်လေ၊ ပြီးတော့ ခရီးဆက်သွားဦးမှာဆိုတော့"

ကိုက အိပ်ကြစို့လို မပြောရုံတာမယ်။ မြားကလည်း ထိုင်နေ ရာမှ တစ်လက်မတောင်မရွေ့၊ ကိုနဲ့ဝေးနေချိန်တုံးက အမြန်နီးချင် တာပဲ ရှိသည်။ နီးရာလိုက်လာတော့လည်း ကိုနဲ့နီးရမယ်ဆိုပြီ အပျော်စိတ်နဲ့ ရင်ခုန်ဖူးသည်။ သို့ပေမဲ့ နီးရာလိုက်ပြေးခြင်းရဲ့ ဘေးထွက်ဆိုးကျိုးကိုတော့ မြားကြိုမတွေးခဲ့။ ယခုတော့ ထိုဘေး ထွက်ဆိုးကျိုးနှင့် နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်ရင်းနှီးရသောအခါ မြား ထိုင်နေရာမှ ဆတ်ခနဲထ၍ လိုက်ကာအရှည်ကြီး ကာရံထားသော မှန်ပြတင်းမှ လမ်းပေါ်လှမ်းကြည့်သည်။ ဟိုဒီသွားလာနေသော ကားတွေတောင် ကျဲပါးသွားကာ ရန်ကုန်မြို့ကြီးရဲ့ စည်ကားခြင်





ကွာက ညသန်းခေါင်ယံလိုပင် တိတ်ဆိတ်ခြောက်သွေ့စပြုနေပြီ။

"မြား···အိပ်တော့လေ"

"ဟင်"

နောက်ဘက်က ကို့ရဲ့ထွက်သက်နွေးနွေးက အကာအ ကွယ်မဲ့သော မြားလည်ကုပ်စပ်ထံ ဖြည်းဖြည်းလေးလာထိခတ် သည်။ မြားက နောက်ဘက်သို့ ချက်ချင်းမလှည့်ရဲဘဲ ကျောခိုင်း ထားရက်နဲ့ပင် တည်ငြိမ်မှုကို ကြိုးစားတည်ဆောက်ကာ

"မြားအကျင့်က အဲ့ဒီလိုပဲကိုရဲ့၊ အသင်း ခရီးတစ်ခု ထွက်တော့မယ်ဆို တော်တော်နဲ့ အိပ်မပျော်တော့ဘူး၊ စိတ်လှုပ်ရှား ပြီးတော့လေ၊ အခုကပိုဆိုးတာပေါ့"

"အင်း···ပြောပါဦး"

မြားရဲ့ခါးကို နောက်ကနေ သိမ်းဖက်လိုက်သည်။ ပြီးတော့ နားရွက်နားမှာ ကို မေးဖျားလာမှေးမှိတ်ထားတော့ လူက စိတ်လှုပ်ရှားခြင်း၊ ဆတ်မခံနိုင်ခြင်းများဖြင့် ကြက်သီးဖြန်းခနဲထသည်။ ကို့ကိုသူမ ချစ်သည်။ ကို့ရင်ခွင်ထဲ ယုံကြည်အားကိုးစွာ ခိုဝင်ဖူးသည်။ သို့ပေ မဲ့ ထိုအကြောင်းတရားများက ဘဝရဲ့အချိုးအကွေ့တစ်ခုကို ရင်ဆိုင် ရန် အားမဖြစ်သေးတဲ့အခါ

"ကိုယ်ချစ်တဲ့သူနဲ့ ခရီးသွားရမှာလေ၊ ပြီးတော့နိုင်ငံခြား ခရီးစဉ်ကြီးဆိုတော့"



www.burmeseclassic.com

www.burmeseclassic.com



ဟန်နီးမွန်းအဖြစ် စံနစ်က ဘန်ကောက်နှင့် ဖူးခက်ကျွ
တွေဆီ စီစဉ်ထားခဲ့သည်။ တကယ်က မြန်မာနိုင်ငံတွင်နေလျှ
အခေါ်နှစ်ယောက်ရဲ့ရန်က စိတ်မချရသဖြင့် တစ်ခါတည်းဝေးရ
ဝေးကြောင်း ခရီးစဉ်ဆွဲထားရခြင်းမျိုး။ မြားကတော့ စံနစ် ဘာတွေ
သလဲ၊ လိုက်မတွေးဘဲ သူမခါးဆီသိုင်းဖက်ထားတဲ့ စံနစ်လက်တွေ
ကို ဖြည်ချ၊ ရင်ခွင်ထဲက ရုန်းထွက်လှည့်ရပ်ရင်း…

"ဟို…ကို အိပ်ချင်သွားအိပ်တော့လေ၊ မြားကတော့"

စကာမဆုံးလိုက် ရုတ်တရက် ဇွေ့ခနဲပွေ့ချီလိုက်တ
ကြောင့် မြားမှာ အထိတ်တလန့်ဖြစ်သွားပြီး

"အိုး…ကို လွှတ်ပါ၊ ဒါဘာလုပ်တာလဲ၊ မြားပြုတ်ကျ
လိမ့်မယ်"

ကြောက်လန့်တကြားအော်သေး။ ပြီးတော့ အစိုးရိမ်လွန်
စွာ သူ့လည်တိုင်အား လက်နှစ်ဖက်နှင့် ယီးလေးခိုထားတဲ့ မြား
ကြည့်ပြီး စံနစ်က သဲ့သဲ့ရယ်တော့

"ဘာရယ်တာလဲ…ဒါက"

မော့မော့လေးနေနေရာက ရန်တွေ့ရင်းမျက်စောင်းထိုး
က ကျွမ်းကျင်အဆင့်တစ်။ စံနစ်က သူမကို အိပ်ခန်းနားအထ
ပွေ့ချီရင်း…

"အိပ်တော့ မနက်ကျခေါင်းမကြည်ဘဲ ဖြစ်နေလိမ့်မယ်





ကို ညှော်ခန်းမှာ အိပ်မယ်"

"ဟင် ဒါဆိုမြားက ဒီအိပ်ခန်းထဲတစ်ယောက်တည်း"

"တစ်ယောက်တည်းမအိပ်ချင်တော့၊ ဘာလဲ ကိုယ်လာ
အိပ်ပေးရမှာလား"

ပြုံးစိစိနဲ့ နစ်ကမေးတော့ မျက်နှာလွှဲကာဖြေပုံက

"မြားတစ်ယောက်တည်း အိပ်တတ်ပါတယ်"

တဲ့။ ဘယ်လိုကောင်မလေးမှန်းမသိပေမဲ့ ရင်ထဲက မလွန်
ဆန်နိုင်အောင် ချစ်နေမိပြီမို့ ဘာဖြစ်ဖြစ် ချစ်သူသဘောကျ လိုက်
လျောပေးရန် သူကအဆင်သင့်။ ထို့ကြောင့် နှစ်ယောက်အိပ်မွေ့ယာ
ကြီးနှင့် သူငယ်ချင်းတွေ တခမ်းတနား ပြင်ဆင်ပေးသွားသော
ခုတင်ပေါ် သူမလေးကို ညင်သာစွာချပေးသည်။ ခုတင်ဘေး
စံနစ်က ဒူးထောက်ထိုင်ချရင်း စိုးရိမ်မကင်းသောမျက်နှာပေါ် ပန်းရင့်
ရောင်ဇာပဝါ လွှမ်းခြုံတင်ထားသလိုရှိတဲ့ မြားနှုတ်ခမ်းပြင်လေးအား
ဖွဖွလေးငုံနမ်းရင်း…

"ဂွတ်နိုက်…မြား၊ အိပ်ပျော်အောင် အိပ်တော့နော်၊ ကိုယ်
ညှော်ခန်းမှာရှိမယ်"

ပြောပြီးထရပ်တော့မှ

"ကို"

မြားက အိပ်နေရာမှ သူ့လက်ကောက်ဝတ်ကိုလှမ်းဆွဲရင်း



www.burmeseclassic.com

www.burmeseclassic.com



ခေါ်လည်းခေါ်သည်။ သူက ငုံ့မိုးပြီးကြည့်တော့

"ဟို…ဒီမှာပဲအိပ်ပါ၊ ခုတင်ကအကျယ်ကြီးကို"

တဲ့…မော့ကြည့်ပြီးပြောလိုက်သည့် မျက်ဝန်းတွေထဲမှာ ရှက်ရိပ် အပြည့်အသိပ်။ ပြောပြီး ရင်မဆိုင်ရဲသလို မျက်ဝန်းကို မှိတ်ချတော့ မျက်တောင်ဖျားတွေ တဆတ်ဆတ်ခါလျက် နှုတ်ခမ်းသားတွေ နီရဲလှုပ်ခတ်နေလေသည်။ စံနှစ်က သူမလေးအား မြတ်နိုးမဝစွာ ကြည့်ရင်း ခုတင်ဘေးမှာ ဝင်ထိုင်ကာ

"တစ်ညလုံး…ဖက်ရုံပဲဖက်ထားမယ်၊ အဲ့ဒါဆိုရမလား"

မြားက ခေါင်းညိတ်ပြ၏။ ပြုံးပြချင်တာကို ထိန်းပြီး စံနှစ်က အသံမထွက်ဘဲ သွားပေါ်အောင်ရယ်သည်။ ဒီအခွင့်အရေးရတာကိုပဲ စံနှစ်က ကျွမ်းထထိုးရမလား၊ ဝေးဝါးနဲ့အော်ပစ်ရမလား မသိတော့။ ဘာပဲဖြစ်ဖြစ် ရင်ခွင်ထဲ ထွေးဖက်ခွင့်ရတာကိုပဲ သူက တင်းတိမ်ပျော်ရွှင်လျက်။

မင်း…ကို…ထိုမျှအထိ ချစ်ရပါသည်။

◆ ◆ ◆



## အခန်း(၂၉)

"ဖုန်းလာနေတယ်လေ"

"သိတယ်"

"သိရင်ကိုင်ပေါ့"

"မကိုင်ပါဘူး"

"ဟာ…ဖုန်းသံကြီးဆူညံနေတာကို"

"ဆူဆူကွာ၊ ခေါ်မရရင် ပိတ်သွားလိမ့်မယ်၊ အဲဒါ ဟိုကောင်တွေ"

"ဘယ်ကောင်ပဲဖြစ်ဖြစ်ပေါ့၊ အရေးကြီးကိစ္စရှိနေရင် ဘယ်လိုလုပ်မလဲ"

"ဘယ်သူ့မှအရေးမကြီးဘူး၊ အရေးကြီးတဲ့သူက ကိုယ့်ရင်ခွင်ထဲမှာ"



www.burmeseclassic.com

www.burmeseclassic.com



မြားက ရန်းလိုက်၊ ကိုက အတင်းပြန်ဖက်ပြီး စောင်ခြုံ အောက်ထဲပြန်သွင်းလိုက်နှင့် အိပ်ရာထဲရှုပ်ယှက်ခတ်နေသလော ဖုန်းကလည်းဆူဆူညံညံ မနားစတမ်းအော်ဆဲ။

"ကို"

မြားက ဆောင့်အော်တော့ သူက မြားနှုတ်ခမ်းကို မေးဖျား မလှုပ်နိုင်အောင် ဖိကပ်ထားရင်းက နှုတ်ခမ်းမဖွင့်ဘဲ

"ဟင်"

ဟုထူးသည်။ မြားက သူ့ရင်ဘတ်ကို ဒုန်းခနဲထုရင်း

"ဖုန်းကိုင်ပါဆို၊ ဒီမှာ မြား နားညည်းလာပြီ"

"ဒါဆို…ကိုင်မယ်၊ ငြိမ်ငြိမ်နေ"

ဆိုပြီး ဖုန်းဖွင့်ကာ နားနားကပ်ရင်း

"ဟဲလို"

"ဟော့ကောင်…ဝဲစားလေး"

နှုတ်ဆက်ပုံသင်းသည်။ ဒါဆို မည်သူမည်ဝါခန့်မှန်း မလို။ ဒီလိုအခေါ်ရှိတာ သူ့အုပ်ထိန်းသူဘကြီးနှင့် ဦး နှစ်ယောက်တည်းမို့…

"ဟိုင်း…ဘကြီး"

"ငါ…မဟိုင်းသေးဘူးကွ၊ အလတ်ကြီးရှိသေး

"အင်း ဒါဆိုလည်းသွားရောင်းလေ၊ အလတ်





ဈေးကောင်းရတယ်တဲ့"

"ဟိတ်ကောင်…ပေါက်ကရတွေမပြောနဲ့ မင်းတော်တော် မွေးရကျိုးနပ်တဲ့ကောင်ပဲ၊ နှစ်ချီပြီးခွဲနေရတဲ့ ဦးလေးတွေလာမဲ့နေ့မှ င်းကမိန်းမခိုးပြေးရတယ်လို့"

"ကျွန်တော်မိန်းမခိုးမဲ့နေ့မှာ ဦးလေးတွေရောက်လာတာ တိုး"

စံနစ်က ဖုန်းတစ်ဖက်ပြောရင်းက ရင်ခွင်ထဲမှ အတင်းရုန်း သနေတဲ့မြားကို အတင်းဆွဲဖက်ထားရုံမက ခြေထောက်နဲ့ပါခွပြီး ချုပ်ထားတော့ မြားကရင်ခွင်ထဲမှနေ၍ မျက်လုံးပြူးကာ အံကြိတ်ပြ ၏။ စံနစ်က အဲ့ဒီပြူးပြသော မျက်ခွံလေးအား ဖျတ်ခနဲငုံ့နမ်းတော့ မြားက သူ့ဗိုက်ခေါက်ကိုလိမ်ဆွဲတော့သည်။ ရုတ်တရက် နာကျင် ခြင်းကြောင့် သတိလက်လွှတ်နှင့်

"အ…"

ခနဲအော်သံထွက်တော့ ဖုန်းထဲမှ ဘကြီး ဦးလေး နှစ်ယောက်သား လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး…

"ဟော့ကောင်….မင်းဘာလုပ်ရင်း ဖုန်းပြောနေတာလဲ"

"မင်းတို့ဘယ်မှာလဲ နှစ် ငါတို့လာခဲ့မယ်"

"မလာနဲ့…ဖိုးငွေတို့ကမပြောဘူးလား၊ ကျွန်တော်ရှိတဲ့ နေရာ မသိဘူးတဲ့၊ လိမ်မှန်းသိသားပဲ၊ အခုပဲမင်းရှိရာသွားတဲ့နေ့မှာ



www.burmeseclassic.com

ကားတစ်စီးစီနဲ့ အလျှိုလျှို''

''အဲ့ဒါဆိုလည်း အေးရာအေးကြောင်းနေလိုက်၊ အဲဒီ့
စားဖို့သောက်ဖို့ အားလုံးရယ်ဒီပဲကို''

''ခွေးသူခိုးလေး၊ ငါ့ကိုမစော်ကားနဲ့ မင်းကိုတွေ့ချင်
လာတာ''

''ဒါနဲ့မင်းခိုးသွားတဲ့ကောင်မလေးက ဟိုဘက်ခြံကနေ''

''အင်းလေ…ဘာဖြစ်လို့လဲ''

''အေးအေးဆေးဆေးပါပဲကွ၊ ဘာမှလှုပ်ရှားမှုမရှိ''

''ဘယ်ရှိမလဲ သူတို့က ကျွန်တော့်ကို ရွှေသမက်၊
သမက်ကိုလက်လွှတ်မခံနိုင်တာ''

''ကြည့်စမ်း…ရှင်က''

အံကြိတ်ရင်း မြား ဒုတိယအကြိမ် ဝိုက်ခေါက်လိ
တုံးမှာပဲ ဖုန်းထဲမှ သူ့ဘကြီးအသံက အထိတ်ထိတ်အပျာပျာ

''ဒါပဲ…စံနှစ်၊ နောက်မှပြန်ဆက်မယ်၊ ငါနဲ့နှုတ်အရေး
ကိစ္စပေါ်လာလို့''

ဖုန်းထဲမှာ ဝရုန်းသုန်းကားသံတွေပါ တစ်ခါတည်းကြား
သည်။ စံနှစ်က လိုင်းပြတ်သွားသောဖုန်းကို မျက်မှောင်ကျုံ့ကြည့်
ရင်း…

''မနေ့ကမှ ဒီနိုင်ငံပြန်ရောက်တဲ့သူတွေက ဘာအရေး





ကိစ္စရှိမှာလဲ''

လို့ရေရွတ်ပြီး ဖုန်းကို ရောက်တတ်ရာရာပစ်တင်သည်။
ထို့နောက် မြားကိုပြန်ဖက်ရင်း…

''အချိန်ရှိသေးတယ်၊ ဟိုကောင်တွေမလာခင်''

''ဟင်…ဘာအချိန်ရှိတာလဲ''

ရင်ခွင်ထဲမှာ ကြောက်လန့်တကြား ပြန်မေးပုံက ချစ်စဖွယ်
ပါ။ စံနှစ်က အဲဒီလိုအလန့်တကြားဖြစ်တတ်သည့် ဘိုမရုပ်ကလေး
ကိုကြည့်ရင်း သွားတွေပေါ်အောင်ရယ်ကာ သူ့မဆံပင်တွေကြား
မျက်နှာအပ်ထားရင်း

''မကြောက်ပါနဲ့…ကိုယ်ပြောတာ မျက်နှာသစ် ရေချိုးဖို့
အချိန်ကိုပြောတာ''

''ကြည့်စမ်း…ကို လူညစ်''

သူ့ရင်ဘတ်ကို လက်သီးနှင့် တဗုန်းဗုန်းထုရင်း မြားက
အော်သည်။ သူက မြားလက်တွေ ဖမ်းချုပ်ရင်း မျက်နှာအနှံ့လိုက်နမ်း
တော့ သူ့မမှာ လွှတ်အောင်ရှောင်နေမိတာက စိတ်ကူးထဲမှာပဲ ဖြစ်ပြီး
ဘကယ်တမ်းတော့ အချစ်ကြောင့်သက်ဆင်းသည့် အနမ်းချိုချိုကြား
မှာ မြားဟာ လဲပြိုခဲ့ရင်း သူ့အချစ်နှင့် မိုးလင်းခဲ့ရသော မြားနံနက်
ခင်းသည် သူ့အနမ်းကြားမှာ လတ်ဆတ်ငြိမ်းချမ်းစွာ။

◆ ◆ ◆

www.burmeseclassic.com

# အခန်း (၃၀)

"တီး...တောင်"

"ဟော...လာကြပြီ"

မြားက အိပ်ခန်းထဲမှ ပြေးထွက်ဟန်ပြင်သည်။ ခါ[illegible] စံနစ်က အမိအရလက်ဖျားလေးကို လှမ်းဆွဲရင်း...

"ကိုယ်...သွားဖွင့်ပေးမယ်"

"ကိုယ့်ဟာကိုယ်ပဲ အင်္ကျီပြီးအောင်ဝတ်လေ"

"လာဝတ်ပေး"

"ကြည့်"

မြားက ခေါင်းငုံ့ကာ ခြေစုံရပ်ရင်း ပြောသည်။ စံန[illegible] သူဆွဲထားသော လက်ကလေးကို အားထည့်ပြီး ဆွဲခေါ[illegible]





မြားဟာ သူ့ရင်ခွင်ထဲ အော်တိုမစ်တစ်ရောက်သွား၏။

"ကြယ်သီးတပ်ပေး"

စတစ်ကော်လံအဖြူနှင့် ယောပုဆိုးနီညိုရောင်၊ အဝတ်အစားနှင့်ဘာမှမဆိုင်သော ဆံပင်က အတိုအထောင်နှင့် နားတွင် နားကွင်းသေးသေးလေးတစ်ခု၊ စိန်ပွင့်ကြီးကြီးတစ်ပွင့်ပန်ထားသော Hip Hop အဆိုတော် မြားရဲ့သတို့သားလောင်းကို မြားက ခြေဆုံးခေါင်းဆုံးကြည့်ရင်း

"ကိုယ့်ဟာကိုယ်တပ်လည်း ရတဲ့ဥစ္စာ"

"မိန်းမပြုစုတာခံယူချင်လို့ပါ"

"တီး...တောင်...တီးတောင်...တီးတောင်"

အရှေ့မှ တရစပ်တီးနေသော လူခေါ်ခေါင်းလောင်းသံကြောင့် ကြယ်သီးတွေကို ခပ်မြန်မြန်တပ်ပေးပြီး

"ရပြီ...တံခါးသွားဖွင့်တော့"

တံခါးဖွင့်ခိုင်းပြီး အခန်းထဲက အရင်ထွက်ရန်ပြင်တာက မြား။ စံနစ်က မြားပခုံးလေးကို ဖက်ရင်း...

"အတူတူသွားမယ်"

ဟုဆိုကာ ဧည့်ခန်းဆီထွက်ခဲ့သည်။ ဒီနေ့က တရားသူကြီး ရှေ့မှောက်၌ လက်မှတ်ရေးထိုးကြမည်ဖြစ်၍ မြားက နို့နှစ်ရောင်



www.burmeseclassic.com

www.burmeseclassic.com



ပိုးထည်ကို ရင်ဘတ်အထက်က စာအဖြူစပ်ထားသည့်အင်္ကျီ မြန်မာဆန်ဆန်ခါးတင်လေးနှင့် ထမီအောက်ဖျားပိုင်းမှာ ခရုံ တယ်ခရမ်းရောင်လေးတွေနှင့် အလှဆင်ထားသည်။ အမြဲတ ချထားလေ့ရှိသော ဆံပင်အလိမ်လေးတွေအား ပိုနီတေးလိုမြင့်မြ လေးစုစည်းထားသောအခါ မင်္ဂလာရှိသော သတို့သမီးသွင်ပြ အပြည့်။ အိမ်ကထွက်လာကတည်းက မြားဟာ အဝတ်အထ ကိုယ်တစ်ခုနဲ့။ သူ့ရင်ငွေ့လုံ့သူလေးအတွက် ပြီးပြည့်စုံအောင် ဖန်တီ ပေးထားခဲ့တာက စံနစ်ရဲ့ချစ်ခြင်းပင်ဖြစ်ခဲ့လျှင်။

တံခါးဆွဲဖွင့်လိုက်တာနှင့် သံဘာဂျာရဲ့ အပြင်ဘက် မချိုမချဉ်မျက်နှာထားတွေနှင့် ရပ်နေသော ဖိုးငွေတို့အုပ်စု။

“ဘဲ(လ်)တီးလိုက်ရတာကွ၊ ကြာလိုက်တာ၊ ဘာတွေ လို့ တံခါးချက်ချင်းလာမဖွင့်ရတာလဲ”

“ဟဲ့…ဟဲ့…လုပ်စရာကမကုန်နိုင်တော့”

“တော်သေးတာပေါ့၊ ဒီအချိန့်အိပ်ရာနိုးတာ၊ ငါကြည့် တာ စံနစ်…တစ်ညတည်းနဲ့ မျက်ကွင်းချောင်သွားသလိုပဲ”

“ယောကောင်တွေ”

ကိုက သူမကို မလွှတ်တမ်းလက်ဆွဲထားရင်း ဟန့်သည် ထို့နောက် အထဲဝင်လာသော ဖိုးငွေနဲ့ဘိုဘိုကိုကြည့်ရင်း





“ရဲနီရော အေးအေးချမ်းချမ်းပဲလား”

“အေး…မနေ့က သူ့ဟာသူပြန်အုပ်တဲ့ မေ့ဆေးအရှိန်နဲ့ ဒီမနက်အထိ အိပ်ချင်တုံးပဲ”

ဆိုဖာမှာ ခြေပစ်လက်ပစ် ဝင်ထိုင်ရင်းက ဖိုးငွေကဖြေ သည်။ ဘိုဘိုက တီဗီဖွင့်ကာ ချန်နယ်(လ်)တွေပြောင်းကြည့်ရင်း

“ဒီကောင် သရုပ်ဆောင်တော့ အကောင်းသားကွ၊ တွေ့မြားအခေါ်တွေ ယုံအောင်ချွဲပြနိုင်တယ်၊ ဟိုကဘာမှမစစ်ဆေး ဘဲ ညနေစောင်းတော့ ပြန်လွှတ်လိုက်တယ်ကွ၊ ဒီမနက် သူ့အိမ်ကို ကျကြီးနဲ့အတူ ငါတို့ပါသွားတော့ အိပ်ချင်မူးတူးနဲ့လေ၊ အဲ့ဒါ… ကျကြီးက ရေခဲရေနဲ့ မျက်နှာသစ်ခိုင်းပြီး တရားသူကြီးခေါ်မဲ့နောက် ချာဆွဲသွားတာ”

“တော်သေးတာပေါ့၊ အားလုံးက အဆင်တခြေပြေဖြစ်သွား ပြီ”

စံနစ်က ဆိုဖာအလွတ်၌ မြားကို အရင်ထိုင်စေပြီးမှ ချင်းချိတ်မိအောင် ပူးပူးကပ်ကပ်ဝင်ထိုင်ချိန်မှာပဲ…

“တီးတောင်”

“အဲဒါ ကျကြီးနဲ့တူတယ်၊ ရှစ်နာရီထိုးပြီလေ၊ တရားသူ ကြီးကိုခေါ်ခိုင်းတာ ရှစ်နာရီပဲဥစ္စာ”



www.burmeseclassic.com

www.burmeseclassic.com



ဖိုးငွေက ပြောပြောဆိုဆို တံခါးနောက်လျှောက်သွား သည်။ တံခါးကိုဆွဲဖွင့်လိုက်ချိန်တွင် စောစောက မပိတ်ထား ခဲ့မိသော သံဘာဂျာတံခါးကို ကျော်လွန်၍ ဝင်လာသူနှစ်ဦး…

"ဖယ်စမ်း"

"ဟာ…မဟုတ်ဘူး အန်တီ၊…ဟို"

တားမြစ်ချိန်မရ။ အားပါသောလက်တစ်ခုနှင့် အတွန်း ရပြီးနောက်

"ပတ္တမြား"

"ဟင်…စိန်စိန်"

ဆိုဖာရှေ့ ဘွားဘွားကြီးပေါ်လာသူက စိန်စိန်နှင့်အ မြားကကြောက်လန့်တကြား ထရပ်တော့ စံနစ်က မြားရှေ့မှ ကွယ်ရပ်သည်။

"ဟော့…မင်းဖယ်စမ်း"

"မဖယ်ဘူး…မြားကကျွန်တော့်မိန်းမ"

"ဘာပြောတယ်၊ ဒီမှာအုပ်ထိန်းသူ ငါ ခွင့်မပြု"

"ခွင့်မပြုလည်း အရေးမကြီးဘူး၊ မြားက အသက်ပြ ပြီးသား"

"အသက်ပြည့်လည်း နင်နဲ့မပေးစားဘူး၊ သဘော





ဘူး၊ မြား လာခဲ့စမ်း"

ဒေါသရှေ့ဆောင်နေသဖြင့် ခြေလှမ်းကျဲကြီးများများမသုံး ိုက်ရ စံနစ်တို့ရှေ့သို့ ရောက်ချလာသည်။ စံနစ်နောက်၌ ကွယ်ရပ် နေသောမြားကို လှမ်းဆွဲယာန်ပြင်တော့ မြားက ကိုယ်ကိုရှိုရှောင်ရင်း နစ်ကျောပြင်၌ မျက်နှာအပ်ရင်း

"ဟင့်အင်း…စိန်စိန် မြားတို့ချစ်ခြင်းကို မခွဲပါနဲ့၊ မြား ို့နဲ့မခွဲနိုင်ဘူး၊ မြားတို့ ဒီအခြေအနေအထိရောက်မှတော့"

"သဘောမတူဘူး၊ ဘယ်အခြေအနေရောက်ရောက် ရမစိုက်ဘူး၊ နွားနို့နဲ့ ပြန်ဆေးမယ်၊ ရွှေရည်ငွေရည် လောင်း ယ်၊ ညည်းက အရင်လိုမဖြစ်ဘူးမပြောနဲ့ ဖြစ်အောင်လုပ်နိုင်တဲ့ ည်းတွေ အများကြီး၊ မြားလာခဲ့"

စံနစ်ကိုကျော်၍လှမ်းဆွဲသော ဒေါ်စိန်ထုပ်ရဲ့လက်ကို ူက ပုတ်ထုတ်ပစ်လိုက်သည်။ ထိုသောအခါ မီးလျှံကဲ့သို့ ရဲရဲ ောက်မျက်ဝန်းတွေက စံနစ်ထံဆိုက်ရောက်လာခဲ့ပြီး

"မင်းဝင်မပါနဲ့…ဒါမိသားစုအရေးအခင်း"

"ဒီလိုပြောကြစတမ်းဆို…မြားကကျွန်တော့်မိန်းမ၊ ျွန်တော်ပိုင်တယ်"

"မပိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ဆန္ဒရှိတဲ့အတိုင်းနေပါစေ"

"မထားခဲ့နိုင်ဘူး၊ ဒါ ငါတို့ကလေး၊ ပတ္တမြား…လာခဲ့"

"ဟင့်အင်း…စိန်စိန်၊ မြားတောင်းပန်ပါတယ်၊ မြားကို ကြိုက်တဲ့အပြစ်ပေးပါ၊ ဒါပေမဲ့ ကိုနဲ့ခွဲဖို့တော့"

"ဒီကောင်မလေးက…ပြောလေကဲလေ"

ဒေါ်စိန်ထုပ်က လွတ်လပ်စွာပေါ်နေသော မြား ပါးပြင်တစ်ဖက်အား အရှိန်နှင့်ရိုက်ချရန်ရွယ်စဉ်

"ခင်ဗျား…လက်မပါပါနဲ့"

မြားရှေ့ စံနစ်က ဖျတ်ခနဲကာပစ်သောအခါ

"အေးသူ့ကို မရိုက်ရရင် နင့်ကိုရိုက်မယ်၊ ကဲ‥ဟယ်"

အားကုန်သုံးရိုက်သော လက်ဝါးသည် စံနစ်ပါးပေါ် မရောက်သေးခင် လေဟာနယ်၌ ရပ်တန့်သွားရတာ တစ်စုံတစ်ယောက်ရဲ့ ထိန်းချုပ်မှုကြောင့်ဆိုလျှင်

"မလုပ်ပါနဲ့…စိန်စိန်၊ စံနစ်က ကိုယ်ရဲ့တစ်ဦးတည်းသောတူလေးပါ"

"ဟင်…ရှင်"

"ကိုနန္ဒ"

စိန်စိန် အံ့သြလို့မဆုံးခင်မှာပဲ အငွေ့ထဲမှ မှင်သက်သော





ခေါ်သံကြီးက ထွက်ပေါ်လာ၏။ စိန်စိန်က ကိုယ့်လက်အဆွဲခံထားတာလဲမေ့။ အငွေ့ဆီ ဖျတ်ခနဲ လည်ပြန်အောင်ကြည့်မိတော့ အငွေ့ကလည်း ကိုယ်လုံ့ပင်။ မှင်သက်မိကာ တွေဝေငေးမောနေချိန်။ အရုံတွေ တဖျပ်ဖျပ် ပြေးသွားသည်။ အတိတ်ပုံရိပ်တွေထဲမှာ နှင်းချီကားများ၊ ရှည်သွယ်သော လက်ချောင်းများကြားထဲ သူမ အိပ်ချင်သည့် ဘဝတစ်စိတ်တစ်ပိုင်းများနှင့်အတူ။

"စိန်စိန်"

"ဟင်"

ခေါ်သူက အငွေ့။ အခုချိန်ထိ ဆုပ်ကိုင်ထားခံရသော လက်ကို စိန်စိန်က ဆောင့်ခါရုန်းထွက်သည်။ တစ်ခါမှ မတွေ့ဖူးသော အစိမ်းရောင်ကောက်ကြောင်းများဖြင့် အငွေ့မျက်နှာဟာ အင်းမာရိုပ် ငွေ့ငွေ့သမ်းလျက်။

"မြားကို ရအောင်ပြန်ခေါ်တော့၊ ဒီသွေးနှောထားတဲ့လူနဲ့ မြားကို ပိုသဘောမတူနိုင်ဘူး"

အငွေ့ ပြတ်သားစွာပြောတော့ စံနစ်ဦးလေး ဦးနန္ဒက ဘုန်းလှုပ်ခြင်းမျက်နှာဖြင့် ခေါင်းငိုက်စိုက်ချကာ…

"အငွေ့…ကိုယ်တောင်းပန်ပါတယ်၊ ရှင်းပြတာနားထောင်ပါဦး၊ အဲဒီတုံးက အငွေ့တို့ညီအစ်မ ကိုယ်တို့အပေါ် အထင်လွဲ



www.burmeseclassic.com

www.burmeseclassic.com



ပြီး''

''တော်စမ်းပါ''

မြားအပါအဝင်အားလုံးဟာ ကိုယ့်အကြောင်းကိုယ်ချေ မသိမမှီသော အတိတ်ဇာတ်ကြောင်းရဲ့ ရှင်းတမ်းထဲ အားလုံးမေ ကုန်ကြသည်။ အငွေက လက်ကိုင်အိတ်ကို တခြားလက်တစ်ဖ နှ ပြောင်းချိတ်ရင်း နာနာကြည်းကြည်းပြုံး၏။

''ဒီမှာ ကျွန်မတို့ညီအစ်မ ဒီကိုရောက်လာခဲ့ကြတာ ရှင်း ရဲ့ တောင်းပန်စကားနားထောင်ဖို့ မဟုတ်ဘူး၊ တိုက်ဆိုင်ချင်တော ဒီလိုမျိုးဆက်နဲ့မှ ကျွန်မတူမက လာဆုံရတဲ့အဖြစ်ကို''

''မဟုတ်ပါဘူး အငွေရယ်၊ ကိုယ်တို့အတိတ်က''

''တော်ပါ…အတိတ်ကို ဒီနေ့အထိ ခံစားနေရလော အောင် ကျွန်မရင်ဘတ်က မရှူးသေးဘူး ဒီတော့''

အဓိပ္ပာယ်များစွာပါသော အကြည့်နှင့် စိန်စိန့်အား လှမ်း ကြည့်သည်။ စိန်စိန်က သူမရှေ့ရပ်နေဆဲဖြစ်သော ကိုသူရအား ဖျတ်ခနဲ အကြည့်ဝေ့ရင်း…

''ကျွန်မတူမကို ကျွန်မလက်ထဲပြန်အပ်ပါ''

''စိန်စိန်''

''ရှင်တို့ကျူးလွန်ခဲ့တဲ့ အပြစ်တွေအတွက် ဒါနဲ့ချေဖျက်သေ





ပါ''

ကိုသူရ ခေါင်းငိုက်စိုက်ကျသွားသည်။ ပြန်မော့လာတော့ ချက်ဝန်း၌ မျက်ရည်ကြည်တွေဝေ့ဝဲလျက်

''စံနစ်''

''အာ…ဘကြီးနော် အဓိပ္ပာယ်မရှိတာလာမပြောနဲ့၊ ဘျွန်တော်တို့ လက်ထပ်ခဲ့ပြီးသား''

''လက်ထပ်ပြီးရင်လည်း ဆိုင်ရာကရှင်းတော့၊ လာခဲ့ ပတ္တမြား''

အငိုက်မိသွားသည့်ခဏမှာပင် မြားဟာ အဒေါ်ဖြစ်သူ စိန်စိန့်လက်ထဲပါသွားပြီ။

''ကို''

မြားထံမှ ရှူးရှူးနင့်နင့်ခေါ်သံကြောင့် သူက လူ့ပ်လှုပ်ရှား ရှားဖြစ်သွားပေမဲ့ ဘကြီးက သူ့ရှေ့မှာပိတ်ကာရပ်ကာ…

''ရှိပါစေ စံနစ်၊ နောက်တစ်ကြိမ်ကြိုးစားခွင့် ရှိပါသေး တယ်''

''အာ…ဘကြီးရာ ဘာနောက်တစ်ကြိမ်လဲ၊ ကျွန်တော် မြားကို ခက်ခက်ခဲခဲခိုးထားရတာဗျ၊ နောက်တစ်ကြိမ်ဆိုတာ မရှိ တော့ဘူး၊ မြား…ဟေ့ မြား''



www.burmeseclassic.com

www.burmeseclassic.com



သူကလှမ်းခေါ် မြားက နောက်လှည့်တကြည့်ကြည့်နဲ့ ဆွဲခေါ်ရာပါသွားရသည်။

"တောက်...ဘာတွေလဲဗျာ"

ဒေါသနှင့် အနားရှိ ခုံပုလေးကို အားပါးတရ လွှဲကန်တော့ လေးလေးက လိုက်ထိန်းရင်း...

"အချစ်စစ်မှန်ရင် တစ်နေ့တော့နိုးမှာပါ"

တဲ့။ တောက်...နိုးပြီးမှဝေးသွားတာကျတော့ ဒီဦးလေး ညီနောင်ဝင်နှောက်လို့။ အဲဒါကြောင့် တချို့လူတွေကပြောတာ ဘဝမှာဆွေမျိုးဆိုတာ မရှိမကောင်း ရှိမကောင်းတဲ့။ အကူအညီနည်းနည်းပေးပြီး များများနှောင့်ယှက်ချင်တာ ဒီဆွေမျိုးက ထိပ်ဆုံးမှ။

◆ ◆ ◆



## အခန်း (၃၁)

"ဒါဖြင့် ဘကြီးသူရနဲ့ လေးလေးနန္ဒတို့က အဲဒီညီအစ်မနဲ့ ငယ်ကျွမ်းဆွေတွေပေါ့ အဲဒီလိုလား"

"အင်းပေါ့...အဲဒီလိုပြောလို့ရတယ်၊ ဒါပေမဲ့ ငါတို့ အဆက်အသွယ်ဖြတ်ပြီး ဝေးသွားခဲ့တာ တော်တော်ကြာပြီ"

ဦးသူရက အခုမှ အတိတ်ကို သတိရသလိုမျိုး ဆွေးဆွေးမြည့်မြည့်ပြောသည်။ စံနစ်ကတော့ အရာရာတိုင်းကို စိတ်ပျက်အားလျော့သည့်သူနှယ်။ ဆိုဖာတွင် ခပ်လျော့လျော့မှီထိုင်ကာ မျက်နှာကြက်ကို အဓိပ္ပာယ်မဲ့ငေးနေမိသည်။ ဒါပေမယ့် သူမြင်နေတာ မျက်နှာကြက်မဟုတ်။ နွေးထွေးချိုမြိန်တဲ့ နှုတ်ခမ်းလေးတွေ။ ချစ်စဖွယ်ပုံရိပ်တွေက မယုံနိုင်စရာကောင်းအောင် သူ့ရင်ခွင်မှ



www.burmeseclassic.com

www.burmeseclassic.com



ထွက်ပြေးသွားခဲ့ပြီး မျှော်လင့်ချက်နှင့် တက်ကြွခဲ့ရသော သူ့မနက်ခြ…
တိုင်းသည် အခုတော့…

"ဟူး"

လေပူမှုတ်ထုတ်တော့ လေးလေးက သူ့ဘေးနားဝင်ထိုင်
ကာ…

"အဲဒီလောက်အထိ မခံစားနဲ့ကွ၊ ဒါ မင်းဝဋ်လည်တယ်
သဘောထား"

"လေးလေး ဘာကိုပြောတာလဲ"

စိတ်ကမကြည်၍ မေးသောအသံက မာသည်။ လေးလေး
က သူ့ပခုံးတစ်ဖက်ကို ဖျစ်ညှစ်ဆုပ်ကိုင်ရင်း….

"တကယ်တော့ အဲဒီ့အသည်းကွဲဝေဒနာကို မင်းကြောင့်
ငါတို့အရင်ခံစားခဲ့ရတာ"

"ဘယ်လို"

ပဟေဠိများစွာနှင့် ဘကြီးမျက်နှာကို လှမ်းကြည့်သည်။
ဦးသူရကလည်း ညီဖြစ်သူစကားကို ထောက်ခံသလို တည်တည်ငြိမ်
ငြိမ်။

"အဲဒီတုံးက မင်းငါးနှစ်သားရှိပြီ၊ အစ်ကိုကြီးက ပန်းချီ
ဆွဲတာဝါသနာ၊ ငါက ဓာတ်ပုံဆရာ၊ ရှုခင်းပုံတွေ၊ အိမ်အိုအိမ်





ဟောင်းပုံတွေကို ငါက ဓာတ်ပုံရိုက်ပေးပြီး အစ်ကိုကြီးက ပန်းချီ
ပြန်ဆွဲတာမျိုး"

"ဩော်…လူပုံတွေရိုက်တာမဟုတ်ဘူးပေါ့"

ကျွန်ုပ်ကြီးအမေးကို ဦးနန္ဒက ခေါင်းညိတ်ဖြေသည်။ အဲဒီတုံး
က သူတို့မှာ အစ်ကိုလတ် ဦးသီဟရဲ့ရင်သွေးလေးကို ထိန်းကျောင်း
နေခဲ့ရတဲ့ကာလ။ ညီအစ်ကိုသုံးယောက်က ရှိသည်ထဲမှာ ဦးသီဟ
နှင့် သူ့ဇနီးက ကားအက်ဆီးဒင့်ဖြစ်၍ တစ်ပြိုင်တည်း ကွယ်လွန်
သွားသည့်အခါ တူဖြစ်သူရဲ့တာဝန်က သူတို့ပခုံးပေါ် လုံးလုံးလျား
လျား။ တူလေးကိုထိန်းကျောင်းရင်း ဝါသနာပါရာအလုပ်တစ်ခုစီ
နဲ့ ရပ်တည်ရင်းနှင့်ပင် ဒီညီအစ်မနှစ်ယောက်နှင့် ဆုံတွေ့ခဲ့ရတာ။

"ဒီအိမ်ကြီးက စုလစ်မွန်းချွန်းတွေနဲ့၊ ပြီးတော့ အဆောင်
ဆောင်အခန်းခန်းတွေနဲ့ကွ၊ ရှေးမြန်မာမင်းတွေရဲ့ နန်းတော်လိုကြီးကွ၊
သူ့ကိုတွေ့ရတဲ့အချိန်တိုင်း ကြီးကျယ်ခမ်းနားမှု၊ တော်ဝင်ဆန်မှုတွေ
တွေ့နေရသလိုပဲ"

ဒီအိမ်ကြီးရှေ့မှ ကားဖြတ်သွားတိုင်း အစ်ကိုကြီးက အဲဒီ
ပို ရေရွတ်တတ်သည်။ ထို့ကြောင့် သူက ဓာတ်ပုံရိုက်ပေးရမလား
မေးတော့ အစ်ကိုကြီးက ခေါင်းခါပြီး…

"ဒီအိမ်ကရတဲ့ ခံစားမှုကို ပန်းချီကားထဲမှာ တိုက်ရိုက်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်စေချင်တာကွ၊ မင်းခေတ်ပုံရိုက်ရင် ခံစားမှုကတစ်ဆင့်ခံဖြ
သွားဦးမယ်၊ နေပါစေ နင် ကျောင်းပိတ်ရက်ကျမှ ဒီကောင့်ကို
တစ်နေ့ကုန်အိမ်ထဲထားပြီး ငါ အောက်ဒိုးထွက်ဆွဲမယ်''

အစ်ကိုကြီးက အဲဒီလိုပြောခဲ့သည်။ နှစ် ကျောင်းဖွင့်ရက်
ဆို ညီအစ်ကိုနှစ်ယောက်က ကလေးကျောင်းကြီးကျောင်းပို့နှင့် မအား
လပ်ရအောင်ရှိသည့်ကြားထဲ နှစ်ဆိုးသမ္မ ကိုတိုက်သမ္မ ဖြည့်ဆည်း
ပေးရတာများသည်။ ဦးသူရက သူကြိမ်းဝါးထားသည့်အတိုင်း
အိမ်ကြီးရဲ့ နောက်နားကျကျမှာ တစ်ရက်တော့ နေရာယူကာ ပန်း
ဆွဲရန် ပြင်ဆင်သည်။ ပတ်ဝန်းကျင်က အေးချမ်းတိတ်ဆိတ်ပြီး
လေပြည်ထဲ၌ တောပန်းရနံ့လေးတွေပါ ပါလာတာကြောင့် အ
အထားက အနုပညာစျာန်ဝင်မှုအကောင်းဆုံး။ ထိုအခိုက်မှာ
အိမ်ကြီးဆီမှ မှန်ပြတင်းဆီ တစ်စုံတစ်ခုနှင့် ပစ်ပေါက်သံတွေ
ပြေးလွှားသံတွေနှင့် အော်ဟစ်သံဗလုံးဗထွေးတို့ကို သူ စတင်ကြား
ရတာဖြစ်သည်။ ရုတ်တရက်မို့ ကောက်ကြောင်းခြစ်နေသည့် ခဲ
ကိုင်လက်တို့ ရပ်တန့်သွားရသည်။ အနုပညာသမားလည်း ပု
ပေမို့ ခဲတံကို နားရွက်နောက်နားထိုးပြီး အသံကြားရာဆီ
တော့

''ဟော''





သူ အထိတ်တလန့်ဖြစ်သွား၏။ အိမ်ကြီးရဲ့နောက်ဖေး
ပေါက်မှ မိန်းမတစ်ယောက် ပြေးထွက်လာခဲ့သည်။ မကွာဝေးလှ
သော အနေအထားမို့ ထိုမိန်းမဟာ တစ်စုံတစ်ခုကို ကြောက်လန့်
ပြီး ပြေးထွက်လာမှန်းသိသာသည်။ အပြာရောင်မှိုင်းမှိုင်းကို
ထက်အောက်ဆင်တူဝတ်ထားသော ထိုအမျိုးသမီးဟာ ပခုံးတစ်ဖက်
တွင် လွယ်စောင်လိုတင်ထားတာလည်း အပြာရင့်ရောင်။ ထိုအခိုက်
အိမ်အတွင်းဘက်မှ လူရွယ်နှစ်ယောက်က ပြေးထွက်လာပြီး အမျိုး
သမီးရဲ့လက်ကို တစ်ဖက်စီချုပ်ကိုင်ကာ အိမ်အတွင်းသို့ ဆွဲခေါ်ရန်
ကြိုးစားစဉ်...

''လွှတ်...လွှတ်စမ်း အယောင်ဆောင်ဗေဒင်ဆရာ၊
အလကားတဏှာရူးကြီး၊ လွှတ်ဆို လွှတ်''

အော်သံဟစ်သံပါ ပီပီသသကြီး ကြားလိုက်ရတဲ့အချိန်မှာ
ဦးသူရက ဒီအတိုင်း မျက်နှာလွှဲနေရန်မဖြစ်တော့။ ထို့ကြောင့် ပုံဆွဲ
နေရာမှ ထလိုက်ရင်း...

''ဟေ့...ဒီမှာ''

အသံပြုကာ အကွယ်တစ်နေရာမှ ထွက်ရပ်၍ လှုလုံးပြ
လိုက်သည်။ ရုန်းကန်နေသူရော လှုပ်ရှားဆွဲခေါ်နေသူတွေပါ ရပ်တန့်
သွားသည့်အခါ ထိုအမျိုးသမီးကပဲ...



www.burmeseclassic.com

www.burmeseclassic.com



"ကူညီပါရှင်…ဒီထဲက ဗေဒင်ဆရာက ကျွန်မ
မတော်မတရားကြံစည်ဖို့ ကြိုးစားနေလို့ပါ၊ ကျွန်မ မိကောင်းဖခင်
သားသမီးပါ"

"နှင့်ပါးစပ်ကိုပိတ်စမ်း"

ချုပ်ထားသူက အော်သည်။

"မပိတ်ဘူး၊ မှန်ရာပြောတာပဲ၊ ဘာဖြစ်လဲ"

အမျိုးသမီးကလည်း ဆတ်ဆတ်ထိမခံပြန်အော်သည်။
ချုပ်ထားသူနှစ်ယောက်ကလည်း ရုတ်တရက်မို့ ဘာလုပ်ရမည်မသိ။
သူကလည်း ဘာလက်နက်မှမရှိ။ အဲဒီလူနှစ်ယောက်ကို အကြမ်း
ဖက်ရန်က မင်းသားမှမဟုတ်တာ။ သူခံသွားနိုင်ဖွယ်ရာရှိတာမို့…

"လွှတ်ပေးလိုက်ပါ၊ အမျိုးသမီးက သဘောမှမတူတာ
ပြီးတော့ ငါ့ပန်းချီအဖွဲ့က လူတွေလာရင် မင်းတို့ဒုက္ခရောက်ကုန်
လိမ့်မယ်၊ အထဲကဗေဒင်ဆရာဆိုသူ့ပါပေါ့"

အသံကျယ်ကျယ်နှင့် လှမ်းအော်ကာ ခြိမ်းခြောက်ပေး
လိုက်သည်။ ဒီတော့မှ အထဲအိမ်ကြီးထဲမှ အမိန့်ပေးသံ ထွက်လာပုံ
ရသည်။ လူလုံးမသည်းကွဲပေမဲ့ ချုပ်ကိုင်ထားသူနှစ်ယောက်က
အိမ်ကြီးဆီ နောက်လှည့်ကြည့်ကာ ခေါင်းညိတ်နာခံနေပုံရပြီးမှ
အမျိုးသမီးအား ဆောင့်တွန်းလွှတ်လိုက်တာ သူ့ရှိရာဆီ။ ခါးလယ်





ဘက်ရှိသော ကျစ်ဆံမြီးအား ပခုံးတစ်ဖက်မှ ကျော်ချထားသည့်
အမျိုးသမီးက သူ့ရှေ့သို့ရောက်လာပြီးမှ…

"ကျေးဇူးတင်ပါတယ်ရှင်"

"နောက်မှကျေးဇူးတင်၊ လာ အခုတော့ ဒီခြံနဲ့ဝေးရာသွား
မှဖြစ်မှာ"

"ဘာဖြစ်လို့လဲရှင့်"

"ဒီနေရာမှာ ကျွန်တော်တစ်ယောက်တည်းရှိတာကိုသိရင်
ဒီလူတွေ ရန်မမူဘူးမပြောနိုင်ဘူးဗျ၊ ကျွန်တော်က နှစ်ယောက်
တစ်ယောက်ဆိုရင် နိုင်ဖို့မသေချာဘူးလေ"

သူက ပစ္စည်းတွေကောက်သိမ်းရင်း ပြောတော့ ထိုအမျိုး
သမီးက

"ကျွန်မပါကူသယ်ပေးပါ့မယ်ရှင်၊ ဘာပဲဖြစ်ဖြစ် ရှင်က
ကျွန်မကျေးဇူးရှင်"

ပန်းချီဆွဲပစ္စည်းတွေ ဝိုင်းသယ်ရင်း ဒီခြံကြီးနဲ့ဝေးရာဆီ
သူများအကြောင်းစပ်စုရန် ဝါသနာမပါသည့်သူက လမ်းအတူ
လျှောက်လာရင်းနှင့် မေးခွန်းတော့ ထုတ်ဖြစ်အောင်ထုတ်လိုက်သေး
သည်။

"ခင်ဗျားက အဖော်မပါဘဲ အဲဒီအိမ်ကို တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တည်း ဘာသွားလုပ်တာလဲ"

"ယကြောသွားချေတာ"

"ဘာ"

"ဩော်...ဗေဒင်ယကြောလေ၊ သူက ယကြောမှာသိပ်ယုံ တယ်ဆိုတာနဲ့ အရင်အခေါက်တွေက ညီမပါတယ်လေ၊ ဒီမှာ သူ့ဓာတ်ပုံရိုက်စရာရှိလို့ဆိုတာနဲ့ ကျွန်မတစ်ယောက်တည်းသွား မှ"

"ဒီလူက အပိုင်ကြံတယ်ဆိုပါတော့"

"ဟုတ်ကဲ့"

"ခင်ဗျားညီမက ဓာတ်ပုံဆရာလား"

"မဟုတ်ဘူးရှင့်...မျက်နှာဖုံးတစ်ခုအတွက် ရိုက်ပေး နေတာ"

"ဩော်"

ဒီတော့မှ သူ လိပ်ပတ်လည်သွားသည်။ ကျေးဇူးရှင် အဖြစ် သတ်မှတ်သူက တစ်ဦးနှင့်တစ်ဦး မိတ်ဆက်ရင်း ကျေးဇူး ဆပ်ပွဲလုပ်ချင်သည်ဆိုတော့ သူရက မငြင်းခဲ့ပါ။ ထိုကျေးဇူးဆပ်ပွဲ၌ သူ့ဘက်မှ နန္ဒပါခဲ့သလို သူမဘက်မှ...

"ဒါ...ကျွန်မညီမ ငွေထုပ်တဲ့"

"ဒါ...ကျွန်တော့်ညီ နန္ဒပါ"

မိတ်ဆက်ပေးရုံရှိသေး အာသွက်ခရော နန္ဒက...

"ငွေထုပ်...ကျွန်တော်ကြားဖူးတယ်၊ တွေ့လည်းတွေ့ဖူး တယ်ဗျ၊ တက္ကသိုလ်လေ့လော်ရှက်တိုက်အသင်းက ပြက္ခဒိန်မှာ မြင်ဖူးတယ်မဟုတ်လား၊ အဲဒီပြက္ခဒိန်က အလင်းအမှောင်ယူတာ သိပ်ကောင်းတော့ ငွေထုပ်ရဲ့အလှက ပိုရှပ်လုံးကြွသွားတာမျိုး"

တစ်ယောက်က မြှောက်ပင့်မိတ်ဆက်သည်။ ကျန် တစ်ယောက်က သဘောခွေ့အပြုံးမျိုးနှင့်ပြုံးကာ...

"ဒါဖြင့် ဓာတ်ပုံဆရာတော်လို့ အငွေကလှတာပေါ့ အဲဒီ လိုလား"

"ဟား...ဟား မဟုတ်ပါဘူးဗျာ၊ အပြင်မှာလည်း ငွေထုပ်က ဓာတ်ပုံထဲကထက်လှပါတယ်"

ဆိုတာနဲ့တင် နောက်မှသိကျွမ်းကြသူတွေ ပိုရင်းနှီးသွား ဘဲ့အဖြစ်။ ထို့နောက် ဝါသနာတူသူချင်းက တတွဲတွဲဖြစ်သွားကြ တာ မဆန်းသည့်ကြားထဲမှာ အချိန်ကြာလာတော့ ရိုးသားမှုက အရောင်ပြောင်းချင်လာသည်။ ထိုအရောင်ပြောင်းမှုကို စိန်ထုပ်တို့ ညီအစ်မကလည်း ခေါင်းညိတ်လက်ခံခဲ့သည့် ချစ်ခရီးလမ်းက အနာဂတ်အတွက် သာယာကြည်နူးခြင်းအတိနှင့် ပြည့်စုံကာမှ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို…ဘာလို လေးလေးတို့ကွဲသွားကြတာလဲ၊ အ ကပြောတော့ ကျွန်တော့်ကြောင့်ဆို"

နစ်က စောစောက ကြားခဲ့သောစကားကို အစပြန်ကော သည်။ ဦးနန္ဒက ခေါင်းညိတ်ရင်း…

"လက်ထပ်မယ်လို့ပြောတဲ့အချိန်မှာ သူတို့ညီအစ်ေ တလေသံတည်းထွက်လာတာက သူတို့မှာ ကလေးတစ်ယော ပါမယ်တဲ့"

"ဟာ…အဲဒါ ပတ္တမြားပေါ့"

ဖိုးငွေက ချက်ချင်းထအော်သည်။ ဘိုဘိုကတော့ ခေါ် တယမ်းယမ်းနှင့်…

"အဲဒီကတည်းက တစ်ခါတည်းယူလိုက်ရင်ပြီးရော၊ အ လိုဖြစ်လာစရာတောင်မရှိဘူး"

"အခြေအနေက အဲဒီတုံးကတစ်မျိုးကိုကွ"

ဝင်ပြောသူက ဘကြီး။ ဘကြီးရော ဦးလေးရော့ကလည် တစ်ဖက်ခြံက အပျိုကြီး ညီအစ်မနဲ့တော့ လိုက်ဖက်ညီလှသည် ဒီနေ့ဒီအချိန်အထိ ဘကြီးဟာ လည်ကတုံးကို လက်ဖျားကြယ်သ ပါ အစုံတပ်ပြီး ပိုးတွဲလုံချည်နှင့် တွဲဖက်ဝတ်တတ်ပုံက နိုင်ငံရေ ခြားမှာ နှစ်ရှည်လများ နေပါသည်လို့ပြောက ယုံနိုင်ဖွယ်ရာ





လေးလေးကျတော့ ဟာဝေယံရှပ်ကို အရောင်နုနုတွေနှင့် ဘောင်းဘီ
ညဖဖ [illegible] ပြီး ဟေးလား
ါးလားနေတတ်တာတွေက ညီအစ်ကိုပေမဲ့ တစ်ယော တစ်ဘာသာစီ။

"အဲဒီတုန်းက နစ်ဟာ အင်မတန်ဆိုးတဲ့ ကလေးကွ၊ ဘမဲ့လေးလည်းဖြစ်တော့ ငါတို့ တအားအလိုလိုက်ထားတာလည်း ါတာပေါ့၊ ကလေးပါလာတဲ့သူတို့တွေနဲ့ဆို နစ်နဲ့ အဆင်ပြေပါ့ လားဆိုပြီး ငါတို့တွေဝေခဲ့ကြတာ"

"တကယ်က သူတို့မှာ ကလေးရှိခဲ့လည်း ငါတို့ထားတဲ့ သဘောထားက ပြောင်းလဲသွားမှာမဟုတ်ဘူး၊ ဒါပေမဲ့ သူတို့ထက် ဦးစားပေးအဆင့်ဖြစ်သွားတော့ လက်ထပ်ခွင့်တောင်းဖို့ကို ငါတို့ အရင်ကလောက် မထက်သန်ဘူးဖြစ်သွားခဲ့တယ်"

"အဲဒီတော့ ဒေါ်စိန်ထုပ်တို့ စိတ်ဆိုးသွားခဲ့တာပေါ့ ဟုတ်လား လေးလေး"

"အေးပေါ့ကွ…တို့တွေဝေနေတာကို ငါတို့ကလည်း ွင့်ပွင့်လင်းလင်းမပြောမိတာကစပြီး အထင်လွဲသွားခဲ့တာ၊ သူတို့ ဘက်ကတော့ ငါတို့ကို စမ်းသပ်ခဲ့တာတဲ့၊ ကလေးရှိပြီဆိုတာနဲ့ နောက်တွန့်သွားတဲ့အတွက် အဖြေတစ်ခုသိသွားတယ်ဆိုပြီး မိုးကုတ်



www.burmeseclassic.com

www.burmeseclassic.com



က ပြောင်းသွားခဲ့တာ''

''ပြန်တွေ့တာ ဒီနေ့မှ''

......ဘကြီးက အဆုံးသတ်ပေးရင်း...

''အဲဒါကြောင့်ပြောတာပေါ့၊ မင်းအရင် ငါတို့အသည်းကွဲခဲ့တာပါလို့''

''ကျစ်...မမိုက်ပါဘူးကွာ''

စံနစ်က ဆံပင်အထောင်တွေကို လက်ဆယ်ချောင်းနှင့် ထိုးဖွရင်း ဆိုဖာမှာထိုင်နေရာမှထသည်။ ထို့နောက် တစ်ဖက်ခြံအား စီးမိုးမြင်နေရသော ပြတင်းပေါက်နားသွားရပ်ရင်း...

''ကလေးဘဝက ကျွန်တော် အဲဒီလောက်အထိ မဆိုးပါဘူး၊ ရတုန်းယူထားလိုက်ရင် ပြီးတာပဲ၊ ဒါဆို မြားနဲ့ကျွန်တော် မဝေးရတော့ဘူးပေါ့''

တဲ့။ ဘကြီးနှင့် ဦးလေးနှစ်ယောက်က စံနစ်ကျောပြင်အား စိုက်ကြည့်ရင်း မဲ့သူကမဲ့။ ဟွန်းခနဲအသံပေးပြီး ရွဲ့သူကရွဲ့နဲ့ ကျွန်တော် အဲဒီလောက်မဆိုးပါဘူးတဲ့။ မင်းပဲ အပြောကောင်း။

◆ ◆ ◆



အခန်း (၃၂)

''မကောင်းတော့ဘူး စံနစ်၊ တကယ် မကောင်းတော့ဘူး''

အဖွားဖားယားနဲ့ ရေကြီးက အိမ်ထဲပြေးဝင်လာတာ ကမူးရှူးထိုး။ စံနစ်က တစ်ဖက်ခြံကို မှန်ဘီလူးနဲ့ ချောင်းနေရာမှ လည်ပင်းလိမ်ကြည့်သည်။ ချောင်းလည်း ခြေထောက်ညောင်းတာ မျက်ရိုးကိုက်တာပဲ အဖတ်တင်သည်။ မြားရဲ့အရိပ်တောင် တွေ့ခွင့်မရတဲ့ဘဝ။ သူထင်တာတော့ မြားကို တခြားအခန်းဆီ ပြောင်းရွှေ့ထားလိုက်ပြီထင်သည်။ ခန်းဆီးတွေ လိုက်ကာတွေကို ကျော်ဖြတ်မြင်နိုင်သော သူ့မှန်ဘီလူးက ဒီနေရာမှာတော့ အစွမ်းမထက်တော့။ မြားတို့အိမ် အဝင်အထွက်ကို မျက်ခြေမပြတ်စေရန် သူမှာ စောင့်ရသို



www.burmeseclassic.com

www.burmeseclassic.com



ဒိတ်ချိတ်တောင် ညဘက်မှ အသံသွင်းဖြစ်တော့သည်။ နေ့လည်နေ့ခင်းဆို မှန်ပြတင်းပေါက်တစ်ခုမှတစ်ခုပြောင်းရင် မှန်ဘီလူးတစ်လက်နှင့် အလုပ်ရှုပ်နေတာ ဒီနေ့ဆို တစ်လနီးပါး။ မြားကိုသူ့အနားက ခေါ်ထုတ်သွားတာလည်း တစ်လပြည့်တော့မည်ဆိုတော့။

"ဘာတွေမကောင်းတာလဲ ဂျေကြီး"

ကော်ဖီခွက်ကြီးကို သူ့အားကမ်းပေးပြီး ဖိုးငွေက မေးသည်။ အခုမှ ဘုရားဝတ်ပြုပြီးထလာတဲ့ ဘကြီးကတော့

"မင်းနှယ်ကွာ မထိတ်သာမလန့်သာရှိလိုက်တာ၊ ဘာလဲဘာတွေဖြစ်လာတာလဲ"

"ကျွန်တော်ပြောတဲ့သတင်းကို ဘကြီးတို့ကြားရင် ပိုပြီးမရှုနိုင်မကယ်နိုင် ဖြစ်ဦးမှာ နစ်"

ပြောလက်စနဲ့ အခေါ်ခံရတာကြောင့် စံနစ်က မျက်ခုံးပင့်ပြီးထူးသည်။

"မြားကို မနက်ဖြန် ညဇီမှာ ကျောင်းဆက်တက်ဖို့သွားပို့တော့မှာတဲ့"

"ဘာ"

အံ့သြခြင်းနဲ့အတူ ကော်ဖီခွက်ကို နီးရာစားပွဲပေါ် ဆောင့်ချ





ပစ်တော့ ကော်ဖီတွေကစဥ့်ကလျား ဖိတ်ကျကုန်တဲ့အထိ။ နစ်ကဂျေကြီးနားထိ မျက်နှာချင်းဆိုင်မိအောင် သွက်သွက်လျှောက်သွားကာ…

"သေချာရဲ့လား ဂျေကြီး၊ အဲဒီသတင်းက လုံးဝအမှန်လား"

"အေး…မှန်တာထက်တောင် တစ်ဖက်ကမ်းရောက်နေသေးတယ်၊ သူတို့အိမ်ထဲဝင်နေကျ ဟိုစိန့်ပွဲစားအဖွားကြီးက ပြောသွားတာ၊ ငါတောင် တစ်ခါက စိန်လက်စွပ်ဝယ်ဖူးတဲ့ ဘွားတော်လေ"

"ဒါဆို သတင်းကခိုင်လုံနေပြီ နစ်၊ အဲဒီဘွားတော် မနက်ကမှ သူတို့ခြံထဲ ကားဝင်သွားတာ ငါတွေ့လိုက်တယ်"

ဖိုးငွေက သက်သေလိုက်သည်။ နစ်က အကြံအိုက်သလိုခါးထောက်ရင်း ဟိုမှဒီ လမ်းလျှောက်လိုက်ရှိရာမှ…

"မနက်ဖြန် ဟုတ်လား"

"မနက်ပိုင်းဖလိုက်နဲ့ပဲတဲ့၊ သူတို့ဟာသူတို့ ကျိတ်ကြံနေတဲ့ ခွဲကွ၊ အခုမှ ပိုင်ပြီဆိုပြီး ဖွင့်ပြောတဲ့ပုံ၊ ကောင်မလေးကတော့ ဘွားတော်ကြီးရှေ့တင် မလိုက်ချင်ဘူးဆိုပြီး ဂျီကျတုံးတဲ့"

ဂျေကြီးပြောသမျှ နစ်က ခေါင်းတညိတ်ညိတ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



နားထောင်သည်။ အဆုံးသတ်ကျမှ လက်ခနဲနေအောင် ပြုံးတော့ သူ့အားဝိုင်းကြည့်နေသူတွေတောင် အူကြောင်ကြောင်တွေတောင် ဖြစ်သွားလေကာ…

"နစ်…မင်းကရယ်နေတယ်၊ ဒါ ရယ်ရမဲ့ကိစ္စမဟုတ်ဘူး လေ၊ မင်း စိတ်လှုပ်ရှားရမှာ"

ဘကြီးက ဝင်သတိပေးသည်။ သတိပေးကာမှ ပိုဆိုး၏။ နစ်က သွားတွေပေါ်အောင်ရယ်ရင်းက ပခုံးတွေလှုပ်အောင် ဟက်ဟက်ပက်ပက် ရယ်မောခြင်းတွေဖြစ်ကာ…

"လှုပ်ရှားမှာပါ၊ တစ်ခုခုဖြစ်ဖို့ပေါ့"

တဲ့လေ။ ဒီကောင့်မှာ ဘာတွေးထားတာရှိလဲလို့ အကဲဖမ်းတာတောင် မရအောင် စံနစ်ပုံစံက မြူးကြွခြင်းတွေနဲ့။ သေချာတာက ဒီပွဲမှာ စံနစ်အတွက် ဂုက်ဖဲတစ်ချပ်တော့ ရှိပြီးသားလိုပင်။

◆ ◆ ◆



## အခန်း (၃၃)

အလန်းဇယားများနဲ့ အိုအူအိုးအူအိုး×××ငါတို့လမ်းသလား ရင့် အိုအူအိုအူအို ဒီလိုသီချင်းတွေ

သီချင်းသံကြီးက အကျယ်ကြီး။ ရုတ်တရက်ထဖွင့်တဲ့ အသံကျယ်ကြီးကြောင့်

"အမလေး"

အေးမာက လန့်အော်ရင်း ခလုတ်တိုက်ပြီး ထမင်းစား စားပွဲဆီရောက်လာ၏။ စိန်စိန်က

"ဟဲ့…ဟဲ့ ပလုတ်တုတ်"

ဆို၏။ ကိုင်လက်စဇွန်းခက်ရင်းတွေ ပြုတ်ကျသည်။

"ငြိမ့်ငြိမ့်ငြိမ့်…ဂေါ်လီလေးလို တလိမ့်လိမ့်လိမ့်"



www.burmeseclassic.com

www.burmeseclassic.com



ကြားရတာက အဲဗားဂေါ်လီသီချင်း။ အကျယ်ကြီးမှ အကျယ်ကြီးမို့ [illegible] ဝှဝှ ချက်ချင်းနားနှစ်ဖက်ကိုပိတ်ရင်း

"အလုံး"

အသံမြင့်အော်တော့ အလုံးကလည်း အသံမြှင့်ပြီးထူးသည်။

"ရှင်...မမကြီး"

"သွားစမ်း...ဒါ ဘယ်ကအသံလဲ"

"အဲဒါ စံနစ် သီချင်းဆိုတာ"

"ဘာ"

အေးမာက ဝင်ဖြေခိုက် အလုံးက ထမင်းစားခန်းပြတင်းပေါက်မှ တစ်ဖက်ခြံသို့ မမြင်ရတော့ အိမ်အပေါ်ထပ် ဝရန်တာဆီ ပြေးတက်ကြည့်သည်။ ပြီးမှ အောက်ကိုတဒိုင်းဒိုင်း ပြေးဆင်းလာ၏။ မြားကတော့ မနက်ဖြန် ဒီအိမ်က အပြီးတိုင်ထွက်သွားရမည့် အစီအစဉ်ကို သိ၍များ မြားကို ဘာပြောချင်တာလဲလို့ အတွေးပေါက်လာတာနဲ့တစ်ပြိုင်နက် ရှေ့မှထမင်းကို စားချင်စိတ်မရှိတော့။ အကြောင်းမဲ့ ထမင်းတွေအား ပိုဒီမွှေရင်း အကျယ်ကြီးကြားနေရသော သီချင်းသံအား နားစွင့်နေသည်။ ကြားနေရတာတော့ ယခုအထိ အဲဗားဂေါ်လီရဲ့ ဖျူးချားရင်းအပိုဒ်ကိုပဲ ထပ်ခါထပ်ခါ ကျော





နေတာမျိုး။

"အလန်းဇယားများနဲ့"

"ဟုတ်တယ် မမကြီး"

"ဟဲ့...ဘာဟုတ်တာလဲ၊ ဒီမှာ နားတွေကိုပူထူနေပြီ"

"စံနစ်လေ...ခြံထဲမှာ စက်အကြီးကြီးတွေချပြီး ဟိုဘီးကုပ်တပ်ထားတဲ့လူတွေနဲ့ မိုက်(ခ်)ကြီးကိုင်ပြီး သီချင်းဆိုနေတာ မမကြီးရဲ့"

"ဘယ်ဘီးကုပ်တပ်တာလဲ"

"သြော်...အငွေ့ရယ် ဟိုဟာပွတ်တာကို သူပြောတာ"

"အေး...အေး သိပြီ၊ ဒါဆိုလည်း တစ်ခုခုလုပ်လေ စိန်စိန်၊ ငါနားတွေအူနေပြီ"

"အေး...လုပ်မယ်ဟေ့၊ ဒီအကောင် ဘာညာဏ်နီညာဏ်နက်တွေသုံးပြီး ဘာတွေမြူဆွယ်ဦးမလဲမသိ"

စိန်စိန်က မဲ့ရွဲ့ပြီးပြောတော့ အငွေ့က သူမထံ ဒိုင်းခနဲလှည့်ကြည့်သောအကြည့်က မီးပွင့်မတတ်။ မြားက မှင်သေသေနှင့် ထမင်းစားပြမှ အကြည့်တွေလွှဲဖယ်သွားတာတောင် စကားတွေက စောင်းချိတ်ချိတ်ပြောတုံး။

"ဟွန်း...မြူဆွယ်လည်းမရဘူး စိန်စိန်၊ ဒီမှာ ငါတို့ရှိနေမှာ ဒီတစ်ညပဲ"



www.burmeseclassic.com

www.burmeseclassic.com



တဲ့။ မြားကတော့ မစားချင်သော ထမင်းကို ဖွတ်အတင်း ကျိတ်မှိတ်မျိုချရင်း အာရုံက သီချင်းဆီမှာ။ ကြားရပါပြီ စံနှစ် အသံ။

တီလုံးက အုန်းဒိုင်း အုန်းဒိုင်း''
အခန်းထဲမှာ ဖုန်းလိုက် ဖုန်းလိုက်
ရင်ထဲက ဖုတ်လိုက် ဖုတ်လိုက်
ထွက်မသွားနဲ့ နေခဲ့လိုက်…

မြား ဆတ်ခနဲမျက်မှောင်ကျုံ့သွားသည်။ ဒါ ပုံမှန်စာသား မဟုတ်။

မြူးဇစ်နဲ့ တယ်ရီတိုရီ အတိုင်းအဆမဲ့ သတိရဆဲ။

အရင်တစ်ခါ နည်းနည်းရိုးပြီး နောက်တစ်ခါ ဆန်းပြားစွာ နိုးမဲ့

ဆန်းပြားစွာခိုးမဲ့။ ဘုရားရေ ဒါ နောက်တစ်ကြိမ်သူမကို ခိုးမယ်ဆိုတဲ့ သတိပေးချက်လား။ ရင်ထဲကဆုန်ပေါက်လာတာက နှလုံးသားခြေသံတွေက ဝုန်းဒိုင်းကြဲ။

ဒီလိုနဲ့နေ့ရက်များစွာ ကိုယ်နဲ့ပြေးပြီ စာရေးထား
မနက်ကနေညအထိ စိတ်ဓာတ်ကလွှမ်းနေဆဲ
အပေါင်းအသင်းတွေ အားလုံးရယ်ဒီ
ကူညီဖို့ အသင့်ပြင်ထား





ငါတို့မတီးလည်းကမယ် တီးလည်းကမယ်
သူတို့မရှိတဲ့အခါ ဒီအချိန်မှာ
အလန်းဇယားများနဲ့ အိုအူအိုးအူအို
ဒီလိုလမ်းသလားရင်းနဲ့ အို…အို
သီချင်းတွေ မင်းဆီကို တငြိမ့်ငြိမ့် ငြိမ့်
ဂေါ်လီလေးလို ငါကတလိမ့်လိမ့် လိမ့်
အဲဗားဂေါ်လီ ဂေါ်လီ
ရေး…ရေး

မြား သဘောပေါက်သွားပြီ။ ကိုဆိုလိုရင်းက သီချင်းထဲမှာပါနေတာကို သူက ထပ်ခါထပ်ခါဆိုလေလေ မြားက သဘောကျလေလေ။ ကြည့်စမ်း ဖြတ်ထိုးဉာဏ်ကောင်းလွန်းတဲ့ ငါ့ချစ်သူလေးလို့ စိတ်ထဲက ကောင်းချီးပေးရင်း မြားက ထမင်းစားခြင်းကို လက်စသတ်သည်။ စိန်စိန်နဲ့ အငွေ့ကတော့ မြားကို မျက်စေ့အောက်ကလည်း အပျောက်မခံနိုင်။ နားဆူနေသည့်ဒဏ်လည်း မခံနိုင်ဘဲ ဖုန်းတစ်ယောက်တစ်လုံးစီနဲ့ ယောက်ယက်ခတ်နေတာ။

''ငါတော့ ဝမ်းနိုင်းနိုင်းကိုတိုင်လိုက်ပြီ''

''အေး…ကောင်းတယ်၊ ငါလည်း မြို့နယ်ရဲစခန်းရှေ့ ရပ်ကွက်ရုံးပါ ဖုန်းဆက်ပြီးခေါ်ထားတယ်၊ ဒါမှ တစ်ပြုံကြီးပါသွား



www.burmeseclassic.com

www.burmeseclassic.com



လည်း နားရောမျက်စိပါအေးရော''

ညီအစ်မနှစ်ယောက် တက်ညီလက်ညီပြောပြီး မြားထံ လှမ်းကြည့်တာက ကြပ်ကြပ်သတိထားဆိုတဲ့ သတိပေးမျက်ဝန်းတွေနဲ့။ မကြာခင် ရဲကားတွေရော ရပ်ကွက်လူကြီးတွေရောနဲ့ တစ်ဖက်ခြံမှာ စည်ကားသွားပြီး ကို ဦးလေးတွေ ဘကြီးတွေက တောင်းပန်၍ ပြေလည်သွားပုံရသည်။ သီချင်းသံလည်း တိတ်ကျသွား၏။ ဒီတော့မှ စိန်စိန်တို့ညီအစ်မမှာ ပြုံးနိုင်ရယ်နိုင်ဖြစ်သွားကာ…

''ဟင်း…ဒီနိုင်ငံကထွက်သွားကာနီးမှာ အမှတ်တရဖြစ်အောင်လုပ်ပေးလိုက်တာ''

တဲ့လေ။ မြားကတော့ ပျင်းကြောဆန့်ပြီး ဝါးခနဲသမ်းဝေကာ အိပ်ခန်းဆီ တက်ဟန်ပြင်တော့ အဒေါ်နှစ်ယောက်ကလည်း ပြိုင်တူထပြီး လိုက်ဟန်ပြင်သည်။ မြားက အဒေါ်တွေဖြစ်အင်အားကျောခိုင်းပြုံးရင်း….

သံကွန်ချာ ခုနစ်ထပ်နဲ့ အုပ်ဆိုင်းကာရံထားရင်တောင် ထိန်းချုပ်ထားလို့မရတဲ့ လွတ်မြောက်ချင်စိတ်အကြောင်း တစ်ချိန်ချိန်တော့ ပြောပြချင်ပါသည်။

◆ ◆ ◆

## အခန်း (၃၄)

''စိန်စိန်ရေ…စိန်စိန်''

အာခေါင်ခြစ်၍ အော်သံကြောင့် ဘုရားဝတ်ပြုနေရာမှ စိန်စိန် လန့်သွားသည်။

''ကိုယ်ကျိုးတွေ နည်းကုန်ပါပေါ့လား စိန်စိန်ရဲ့၊ ဒီမှာ ဒီမှာ မြားမရှိတော့ဘူးဟဲ့''

''ဟင်…မြား မရှိတော့ဘူး''

ဇောအဟုန်ကြောင့် ဝုန်းခနဲထတော့ ပခုံးတစ်ဖက်ပေါ် တင်ထားတဲ့ ယောဂီသဘက်က လျှောခနဲပြုတ်ကျသည်။ ဒါကို နေရာတကျ ပခုံးပေါ်ပြန်မတင်နိုင်တော့ လက်ကစုလုံးကိုင်ပြီး မြားအခန်းဆီ ပြေးလာတော့ အခန်းဝမှာ စာရွက်တစ်ရွက်ကိုင်ပြီး ရပ်နေ

www.burmeseclassic.com

www.burmeseclassic.com



သည့် အငွေ။

“ဘာလဲ…ဘာတဲ့လဲ အငွေ”

“ဖတ်ကြည့်၊ ရော့…ဟီး…ဟီး…ဟီး”

စာရွက်ကိုထိုးပေးရင်း အငွေက တအိအိနှင့် စဝ်တော့သည်။ စိန်စိန်မှာ ညီမဖြစ်သူ ငိုနေတာကို မချော့အားဘဲ စာရွက်ကို အမြန်ယူ၍ဖတ်ကြည့်တော့

ခွင့်လွှတ်ပါ စိန်စိန်နဲ့ အငွေ

မြား ချစ်သူနဲ့မခွဲနိုင်လို့ သူနောက်လိုက်သွားပါပြီ

မြားကို လိုက်မရှာပါနဲ့တော့။

ချစ်တဲ့မ

ပတ္တမြား

“ဟင်…ဒါ…ဒါဆို”

“အေး…ပါသွားပြီ စိန်စိန်ရဲ့၊ ဒီနေ့ နိုင်ငံခြားထွက်မဲ့

စဉ်လည်းပျက်ပြီ၊ သေချင်တော့တာပဲ မြားရဲ့၊ အဟင်း…ဟင်

“ဟာ…နေစမ်းပါဦး၊ ဟိုအကောင်ရဲ့ ဦးလေးတွေ

ဖုန်းဆက်မေးရမှာပေါ့၊ ဒင်းတို့ဆီက သဲလွန်စရချင်ရမှာ”

“ဟယ်…ဒါဆိုဆက်လေ စိန်စိန်ရဲ့၊ အချိန်မီနိုင်

တယ်”





“လေယာဉ်က နေ့လည်မှပဲ၊ ရသလောက်လိုက်ရမယ် အငွေ၊ နင် ရင်ထုပြီးငိုနေလို့ ထူးမှာမှမဟုတ်တာ”

“အေး…အေး ဒါဆို”

စကားမဆုံးသေး အိမ်အပေါ်ထပ်ဆီ အပြေးအလွှားတက်လာကြသော အေးမာနဲ့အလုံး။ လက်ထဲမှာ ဟင်း(န်)ဖုန်းကိုယ်စီနှင့်

“မမကြီး ဦးသူရတဲ့”

“မမလေး ဦးနန္ဒတဲ့”

ဒီအချိန်မှာ ရန်တွေ့ဖို့ ရန်ထောင်ဖို့ သတိမရတော့ဘဲ ညီအစ်မနှစ်ယောက်စလုံး ဖုန်းကိုပြိုင်တူယူပြီး နားနားကပ်ပြီးနောက် တစ်ဖက်သတင်းပေးချက်ကြောင့် ဖုန်းတွေပိတ်ပြီး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ…

“ဘူတာကြီးကို သူ့သူငယ်ချင်းက ပို့ပေးရတယ်တဲ့”

“ငါ့ကို ကိုနန္ဒကပြောတော့ လေဆိပ်တဲ့”

ရထားသောနေရာက နှစ်ခုမို့ တခြားအတွေးတွေ ခေါင်းထဲ ဝင်နိုင်ဘဲ ခုနေခါမှာ မြားကိုပြန်မိရန်ကအဓိက။

“နင်ကရော စိန်စိန်”

“ငါက အလုံးနဲ့ဘူတာကို”

ပြောပြီးတာနှင့် တာလွှတ်လိုက်တဲ့ မာရသွန်အပြေးသမား



www.burmeseclassic.com

www.burmeseclassic.com



တွေလို ဒုန်းစိုင်းပြီး အိမ်သော့တွေပြေးဖွင့်၊ တံခါးကို အပြင်ကမြန် ပိတ်ပြီး ကားတစ်စီးစီးနဲ့ ကားမောင်းထွက်တာ တစ်ယောက် တစ်လမ်းစီ။ မကြာပါ သူမတို့ထွက်သွားပြီးနောက် ရတနာ့စံအိမ် ထဲမှ ဖုန်းမြည်လာခြင်း။ အိမ်ထဲရှိ တစ်ယောက်ယောက်က ဖုန်းကိုင် ပြီးနောက် အတားအဆီးမဲ့သော စံအိမ်ကြီးထဲမှ ရွှေရောင်ဆံပင်တွေ လွင့်နေအောင် ပြေးထွက်လာသော မိန်းကလေးဟာ သူမရှေ့ အသင့်ထိုးရပ်လာသော ဒယ်ဘယ်ကပ်(ပ်)ပေါ် ပြေးတက်သွားလေ သည်။ ထိုမိန်းကလေးဟာ ဒေါ်စိန်ထုပ်၊ ဒေါ်ငွေထုပ်တို့ ရှာဖွေ နေသော တစ်ဦးတည်းသောတူမချော ပတ္တမြားဖြစ်သည်ဆိုလျှင်…

ကဲ…သံကွန်ချာ ခုနစ်ထပ်အုပ်လည်း နောက်ဆုံးတော့…

◆ ◆ ◆



နောက် ခုနစ်နှစ်ခန့်ကြာသော်



www.burmeseclassic.com

www.burmeseclassic.com

"မောနင်းဗျာ…တခြားအနုပညာရှင်တွေလို အိပ်ရာဝေ
က မနိုးတ်ဆက်တဲ့အတွက် ပရိသတ်ကြီး ခွင့်လွှတ်ပါ၊ ဒီနေ့က
ကျွန်တော် နိုင်ငံခြားဖျော်ဖြေရေးပွဲ သွားရမယ့်နေ့ဆိုတော့ လေဆိပ်ကို
အချိန်မီဆင်းရမှာမို့ပါ၊ ဒါ ကျွန်တော့်အမျိုးသမီး ပဍ္စမြားပါ"

နစ်က သူ့အား နက်(ခ)တိုင်စည်းပေးနေသော ယောယော
ယောပေးနေသော် မြားပခုံးအား ဆွဲဖက်၍ ကင်မရာဘက်လှည့်ပြ
တော့ မြားက ရှက်ရှက်နှင့် ပြုံးပြ ရလေသည်။ ဒီနေ့က ကိုရဲ့
တစ်နေ့တာအစီအစဉ်တွေကို ရိုက်မည့်နေ့ ရုပ်သံအစီအစဉ်တွေက
နေ ပရိသတ်တွေဆီ လွှင့်ပေးတဲ့ ပုံမှန် ယောဖျော်ဖြေရေး ကဏ္ဍ
တစ်ခု။ ဒီရက်ကို ရိုက်ရန်ချိန်းသူက ယောကို။ မြားကတော့
တခြားရက်စောပြီး ရိုက်စေချင်သည်။ ဒီနေ့က ခရီးထွက်ရ





မည့်ရက်။ ပြီးတော့ တိုက်တိုက်ဆိုင်ဆိုင်။

"ဒီနေ့က ကျွန်တော်တို့ရဲ့ အိမ်ထောင်သက် ခုနစ်နှစ်ပြည့်
တဲ့နေ့ဖြစ်ပါတယ်၊ ဒီလိုနေ့မျိုးမှာ ကျွန်တော်တို့ဇနီးမောင်နှံ အမြဲ
တမ်း သတိတရတွေးဖြစ်တာက"

ကိုက သူမလက်ကိုဆွဲခေါ်သွားတာက ခုတင်နားအထိ။
ဗီဒီယိုကင်မရာကြီးကလည်း တချိန်ချိန်။ မှန်တွေမီးတွေထိုးထား
သဖြင့် အနေကျပ်ရသည့်ကြားထဲ ကို ပြောမည့်အကြောင်းအရာတွေ
ကို မြားက သိထားတာမျိုးမို့ လူက စိတ်ကျဉ်းကျပ်ပြီး ဇောချွေး
တွေတောင် ပျံလာရတဲ့အထိ။ ကိုကတော့ ကင်မရာမင်း(န်)တွေ
ဘက်လှည့်ရင်း…

"ဒီခုတင်ကြီးအကြောင်းပါပဲ၊ ပရိသတ်က ထူးဆန်းရင်
ထူးဆန်းမယ်ဗျ၊ ခုတင်အကြောင်းများ ဘာသတိရစရာရှိလဲလို့၊
ကျွန်တော်တို့နှစ်ယောက် ဒီလိုဆုံဆည်းဖို့အတွက် ခုတင်ကြီးက
အကာအကွယ်ပေးခဲ့တာမျိုးပါ၊ မြားကို ကျွန်တော် နှစ်ခါတိတိခိုး
ရတယ်၊ ဒါပေမယ့် အခေါက်ခိုးရတာ အလွယ်ဆုံးပဲ"

"ကဲ…ကိုရယ် တော်ပါတော့"

မြားက ခပ်ကျိတ်ကျိတ် ဝင်ဟန့်တာကိုများ သူက ရယ်



www.burmeseclassic.com

www.burmeseclassic.com



စရာထင်လို့လားမသိ။ အသံချိုချိုနဲ့ရယ်ပြီး မြားပခုံးပေါ် လက်တင်ကာ

"ရှက်မနေပါနဲ့ မြားရဲ့၊ ကိုယ့်ပရိသတ်အတွက် life အစစ်ကို ချပြမယ်လို့ ကိုယ်ပြောထားသားပဲ၊ ဒုတိယအခေါက်မှာ မြားရဲ့အုပ်ထိန်းသူတွေက မြားကို နိုင်ငံခြားပို့ဖို့ စီစဉ်ထားပြီးသား၊ အဆက်အသွယ်လည်း လုပ်လို့မရတဲ့အချိန်မို့ ကျွန်တော်မှာ ဟိုဘက်ခြံကနေ သီချင်းတွေ အကျယ်ကြီးအော်ဆိုပြီး အထဲမှာ ကိုယ်ပြောချင်တဲ့စကားတွေ ကြားညှပ်ပြောခဲ့ရတာမျိုး၊ သူ့ကိုချိန်းတဲ့စကားတွေပါ၊ အဲဒီကမှ သူကအထာသိပြီး ကဲ မြားအလှည့်"

မြားမှာ ရှက်ရှက်နဲ့ ကင်မရာကို လှမ်းကြည့်ပြီး…

"အင်း…သူပြောသလိုပါပဲ၊ မြားက သူနဲ့လိုက်သွားပြီဆိုပြီး စာရေးထားပြီး ဒီခုတင်အောက်ထဲ ဝင်ပုန်းနေခဲ့တာပါ"

"ဟင်…ကြည့်စမ်း"

အခန်းဝက ချောင်းနားထောင်နေတဲ့ အပျိုကြီးညီအစ်မဆတ်ခနဲကိုယ်တွေမတ်သွားပြီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိတော့ ဒေါသအမျက်ချောင်းချောင်းထွက်တဲ့ ပုံစံတွေနဲ့…

"မြားအဒေါ်တွေက သူ့နောက်လိုက်သွားတယ်ထင်ပြီး





ငိုကြတဲ့ကြားထဲ သူ့ဦးလေးတွေက ဘယ်နေရာမှတွေ့တယ်လို့ သတင်းပေးတော့ အဒေါ်တွေက လူခွဲပြီးလိုက်ကြတာလေ၊ အဲဒီကျမှ အိမ်သော့ဖွင့်ရတာကိုမေ့ပြီး မြားဘယ်တံခါးက ထွက်သလဲ မစဉ်းစားဘဲ အိမ်ထဲကထွက်သွားတော့မှ"

"သူ့ကိုဖုန်းဆက်ခေါ်ပြီး ခြံဝကလာစောင့်နေရတာမျိုးဗျ၊ အဲဒါကြောင့် ကျွန်တော်ပြောပါတယ် ဒုတိယအခေါက်က ပိုလွယ်တာပါလို့"

"ဒီလို့ဖွက်ချက်ကို ဒီနေ့အထိ မြားအဒေါ်တွေ ဖုံးကွယ်ထားခဲ့တာမျိုးပါ၊ အခု ပရိသတ်ကြီးနဲ့ အတူတူသိခွင့်ပေးတာမျိုးပါ၊ မြားအဒေါ်တွေ ဒီအစီအစဉ်ကိုကြည့်ပြီး စိတ်မဆိုးပါစေနဲ့လို့ ဒီကနေတစ်ဆင့် တောင်းပန်လိုက်ပါတယ်"

"အောင်မာ…ကြည့်စမ်း…ကြည့်စမ်း သင်းကလုပ်ချင်ရာ လုပ်ပြီးမှ"

"ဟုတ်ပတော်…အခုမှ စိတ်မဆိုးပါနဲ့ဘာနဲ့နဲ့၊ ဟွန်းငါ့နှယ် ဗီဒီယိုရိုက်တဲ့လူတွေသာမရှိရင် ဒီအခန်းထဲဝင်ပြီး ဒင်းကိုထုပစ်တယ်အငွေ့ရဲ့ သိလား"

အခန်းဝမှာ ခေါင်းလေးတွေ အထဲသို့ ပြူကြည့်ပြီး ဒေါသ



www.burmeseclassic.com

www.burmeseclassic.com



နသသပွားနေတဲ့ ထိုနှစ်ယောက်ဟာ နောက်ဖက်ဆီ အာရုံမရောက်နိုင်တုံးမှာပဲ…

"ဘွားဘွားစိန်"

"ဟိတ်…ဘွားငွေ"

တကုန်းကုန်းလုပ်နေတဲ့ တင်ပါးတွေကို ဖျတ်ခနဲ အပုတ်ခံရတာကြောင့်

"ဟဲ့…ဟဲ့ အို ငါ့မြေးလေးနှစ်ယောက်၊ အိပ်ရာကနိုးလာပြီလား"

"အောက်ထပ်မှာ ဘရိတ်ဖတ်(စ်)သွားစားလေ မြေးမရဲ့"

လေးနှစ်အရွယ် ကလေးနှစ်ယောက်စလုံးဟာ အသားဖြူဖြူ၊ မျက်နှာပြည့်ပြည့်လေးတွေမှာ မျက်ခုံးစိမ်းတွေက ထူပြီးတန်းနေတာမို့ ရုတ်တရက်ကြည့်မိလျှင် မျက်ခုံးထူရယ်၊ ပါးဖောင်းဖောင်းနှင့် ထောင့်ချိုးညီနှုတ်ခမ်းထော်ထော်လေးတွေက ပိုချစ်စဖွယ်ကောင်းလေသည်။ နဖူးတိ ဆံပင်လေးတွေနှင့် နှစ်ယောက်စလုံး ဆင်တူဆိုပေမယ့် မြေးမက မိန်းကလေးမို့ ဆံပင်က ပခုံးထိအောင်ရှည်သည်။ အငွေက မြေးမကို ခါးကနေသိုင်းဖက်ရင်း မြေးမရင်ဘတ်၌ ပါးကပ်ကာ…





"မောနင်း…မြေးမလေးရေ၊ တစ်ခုခုစားပြီးမှ တက်လာတာမဟုတ်ဘူး"

"ဟင်…ဟို ဘိုးဘိုးတွေနဲ့ အဆင်မပြေဘူး"

"အမယ်"

ပြောတာက တကယ့်လူကြီးလေးလို။ သားလေးကတော့ စိန်စိန့်ကို လက်ဆွဲထားရင်း မော့ကြည့်ကာ…

"ဒီနေ့ ဖေဖေနဲ့မေမေက ခရီးသွားမှာဆို၊ အဲဒါ သားသား အရုပ်မှာမလို့"

ပြောရင်း အခန်းထဲ စွတ်ခနဲဝင်ဟန်ပြင်တဲ့ သားသားကြောင့် စိန်စိန်က အသည်းအသန်လှမ်းဆွဲကာ

"ဟဲ့…သားလေးရယ် ဝင်လို့မရဘူး၊ လူကြီးတွေက အထဲမှာ အလုပ်ရှုပ်နေတယ်၊ လာ လာ ဘွားစိန်နဲ့ မုန့်သွားစားမယ်၊ လာ အငွေရေ သမီးလေးပါခေါ်ခဲ့"

"အေး…အေး လာ သမီး လာ"

ကလေးနှစ်ယောက်ကို လက်ဆွဲပြီး အောက်ထပ်သို့အဆင်းလှေကားတစ်ဝက်အရောက်မှာပင် အငယ်ဆုံးသမီးလေးအား ချီ၍ အပေါ်ထပ်တက်လာသော ကိုသူရနှင့် တန်းတိုးသည်။

"ဟယ်…သမီးငယ်လေး နိုးပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"နိုးပြီ၊ အဲဒါ နို့တိုက်ဖို့ စိန်စိန်ဆီ"

"ဘာရှင့်"

ဒေါနှင့်မောနှင့် ခါးထောက်တော့မှ ကိုသူရက သဘော ပေါက်သွားပြီး

"မဟုတ်ဘူး စိန်စိန်ရဲ့၊ နို့ပဲတိုက်မှာလား၊ တခြားဘာကျွေး မှာလဲ အဲဒါမေးမလို့"

"အို…အဲဒါ အေးမာသိတာပဲကို၊ အေးမာကိုမေး၊ ပေး သမီးငယ်လေး ဒီကို"

စိန်စိန်က ကလေးကို ပြောင်းချီတော့ အငွေက အကြီး နှစ်ကောင်ကို လက်ဆွဲခေါ်ပြီး ထမင်းစားခန်းဝင်ခဲ့တော့။

"အာ…ဘိုးဘိုးနန္ဒကလည်း အဲဒါကြီးမစားချင်ဘူးဆို"

"ဂျုံတိုက်စမ်းနဲ့ မန်းအေးရာ၊ ဒါ မင်းဘွားငွေ စီစဉ်ပေး ထားတာ၊ စားစမ်းပါကွ၊ ကောင်းပါတယ်"

"မကောင်းဘူး၊ ညှီတယ်၊ ပြီးတော့ တုန့်စိစိနဲ့"

"ဟ…ဟဲ့ကောင်ရ ဒါ ပုတင်းကွ၊ ဒီလောက်တော့ရှိ မှာပေါ့"

"မစားချင်ဘူးဗျာ၊ အလုံး"

ရှေ့ကပန်းကန်ကို တွန်းလည်းရွှေ့၊ အလုံးကိုလည်း





တစ်ဆက်တည်းလှမ်းခေါ်တာကြောင့် မြေးဖြစ်သူမန်းအေး ဘာလုပ် မလဲဆိုတာ အငွေက တန်းသိသည်။ ထို့ကြောင့် ထမင်းစားခန်းထဲ တန်းဝင်သည်။

"ကိုမန်းအေးကြီး ဒါ ဘာတွေဂျီကျတာတုံး၊ မနက်တိုင်း ဒီဟာစားနေကျကို"

"မစားချင်ဘူး ဘွားငွေရ၊ မုန့်ဟင်းခါး ချဉ်ငန်စပ်လေး"

"အောင်မာ…ဘာချဉ်ငန်စပ်လဲ"

နောက်ပါးက ကလေးချီလျက် ဝင်လာသော စိန်စိန်က ဆီးအော်တော့ ထမင်းစားခန်းတောင် သိမ့်သိမ့်တုန်သွားတဲ့အထိ။

"ဟဲ့…စိန်စိန် တိုးတိုးလုပ်ပါဟဲ့၊ အပေါ်ထပ်မှာ"

အငွေ့သတိပေးစကားတင် မဆုံးသေးဘဲ လှေကားဆီမှ ဆင်းလာသော ခြေသံနှင့် စကားပြောသံတွေကို ကြားရပြီးနောက် ထမင်းစားခန်းထဲ လူအုပ်ကြီးရောက်လာကာ…

"မိတ်ဆက်ပေးရဦးမယ်"

စံနစ်က ပြောပြီးတာနှင့် ဗီဒီယိုကင်မရာကြီးက ထမင်းစား ခန်းဆီ ဝင်းခနဲရောက်လာ၍ တီဗီထဲပါမှာစိုးသော စိန်စိန်က ရှေခဲ့ သေတ္တာဘေး။ အငွေက အခန်းထောင့်ဆီး ပြေးဝင်ကပ်တာ တစ်ပြိုင်တည်း။ ဒါကို မြင်ဖြစ်အောင် စံနစ်က မြင်တော့ ရယ်က



www.burmeseclassic.com

www.burmeseclassic.com



ပြုံးစိစိဖြစ်သွားကာ

"သားကြီး"

"ဗျာ"

"ဒါ ကျွန်တော့်သားကြီး ခြောက်နှစ်ရှိပြီ၊ နာမည်က မန်းဒေးတဲ့၊ ဒါက သားလတ်နဲ့ သမီးလတ်၊ လေးနှစ်လေ၊ သူတို့က အမွှာတွေ၊ သောကြာနေ့မွေးလို့ ဖရိုက်ဒေး(ဝမ်း)နဲ့ ဖရိုက်ဒေး(တူး) ဟော ဒါက သမီးအငယ်ဆုံးလေ"

ကလေးကို ကိုသူရလက်ထဲ ထိုးထည့်သွားသဖြင့် မြားက ယူ၍ချီကာ

"သမီးလေးက အင်္ဂါသမီး ကျူ့(စ်)ဒေးလေ"

"အဟား...ဟား နာမည်တွေက ရှယ်ပဲဗျို့၊ ကလေးတွေကလည်း ချစ်စရာလေးတွေ၊ ဧကန္တ ကိုစံနစ်က နေ့နံကိုက်အောင် ပေးထားပုံရတော့ ဆဲဗင်းဒေးပြည့်အောင် မွေးဖို့များ အစီအစဉ်ရှိလား"

ခင်မင်နေသော ဒါရိုက်တာက ဝင်နောက်တော့ ရယ်သံတွေ အုန်းခနဲ။ စံနစ်က ထမင်းစားခန်းထဲ၌ ထောင့်ကပ်၍ ပုန်းနေသော အဒေါ်တွေထံ လှမ်းကြည့်ရင်း ကလေးတွေနှင့် မြားကိုပါ သိမ်းဖက်ထားကာ...





"အင်း...ရှိတယ်ဗျ၊ နဂိုက ကလေးတွေဆက်တိုက်ယူတာ မြားနဲ့ကျွန်တော့်ကို မခွဲနိုင်အောင်လို့၊ အခုထပ်မွေးရင်တော့ ကိုယ့်အတွက် မဟုတ်တော့ဘူး"

"ဘယ်သူ့အတွက်လဲ"

ဒါရိုက်တာက ဝင်နောက်ပြန်သည်။

"ကျွန်တော့်ဦးလေးတွေ အတွက်လေ၊ ကျွန်တော့်ကလေးတွေထိန်းရင်း သူတို့ငယ်ချစ်ဦးတွေနဲ့ နီးစပ်အောင်"

"ဟင်...ကာလနာလေး၊ ငါတို့ကိုများ"

"ကြည့်စမ်း...ကလေးလည်းထိန်းပေးရသေး၊ လင်ပါ ပေးစားဖို့ကြံနေတာ"

"နင့်ဦးလေးကို ငါ ဒီတစ်သက်စိတ်မကူးဘူးဟဲ့"

"အို...ငါလည်း ဒီအတိုင်းပဲ"

လူလုံးတော့ ထွက်မပြဘဲ အကွယ်ထောင့်တစ်နေရာက လေလုံးတွေသာ ထွားပြတဲ့ အပျိုကြီးညီအစ်မကြောင့် ရယ်သံတွေက ရတနာစံအိမ်ထဲမှာ အုန်းအုန်းဒိုင်းဒိုင်း ပေါ်ထွက်လို့။

အချစ်ကြောင့် ငြိမ်းချမ်းရေးရသွားသော ဒီမိသားစုနှစ်စုထဲမှာ ချိုသာသောရယ်သံတွေက အမြဲမပြတ် ရှိပါစေသားလို့ ဆုတောင်းရင်း ဥပေက္ခာပြု ကင်းကွာမရတဲ့ အရာတွေထဲမှာ မိသားစု



www.burmeseclassic.com

www.burmeseclassic.com



ဘဝက အရာရာထက် အရေးပါဆုံး။ ဒီဘဝကိုရဖို့ စံနစ်နဲ့ ပတ္တမြား တို့က ရင်ခုန်သံကို အရင်းပြု၍ ဖန်တီးတည်ဆောက်ခဲ့သည်ဟုဆို ပါလျှင် ထိုတည်ဆောက်ခဲ့သောအရာသည်…

"ချစ်သူလေးရဲ့…နန်းတော်"

တစ်ခုသာ ဖြစ်ရတော့မည် မဟုတ်ပါလား။

ရင်ခုန်သံမရပ်သရွေ့ အမြဲချစ်တတ်နေမယ်.

ရှင်မြတ်နိုး

ထိုး : မိုး : ၈၁၆၅

www.burmeseclassic.com